ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

ဖုန်းဆိုးကျန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုန်းခိုးကုန်း



# သက်မင်းဂျူလိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သက်မင်းဂျူလိုင်
# ဖုန်းဆိုးကုန်း

**စီစဉ်သူ** ဦးအောင်မိုး(ဆော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၈၆၀၁၀၉

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၆၄၀၂၀၉

ထုတ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်း။

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၀၉၊ မတ်လ။

အုပ်ရေ/ တန်ဖိုး - ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး-ခုနစ်စဉ်ကြယ်စာပေ

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း- ၃၈၉၄၄၀

၈၉၅ . ၈၃

သက်မင်းဂျူလိုင်

ဖုန်းဆိုးကုန်း / သက်မင်းဂျူလိုင် - ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၀၉ ။

၃၂၀ - စာ ၊ ၁၈ X ၁၂ စင်တီ။

(၁) ဖုန်းဆိုးကုန်း

image art work

## ပါဝင်သော အခန်းစဉ်စာစုများ

စာစု (၁) ချောက်ချောက်ချားချားနိဒါန်း

စာစု (၂) အသက်နှင့်ရင်းရသည့် မြွေဖမ်းပွဲ

စာစု (၃) အိပ်မက်နွံမှ ရုန်းထွက်နိုးထခြင်း

စာစု (၄) ဖုန်းဆိုးကုန်းမှ ထူးခြားဆန်းကြယ်ဖြစ်ရပ်ဆန်းများ

စာစု (၅) မအောင်ဖြူ၏ လက်ဖွဲ့ရိုးတစ်ချောင်း

စာစု (၆) သံသေဒဇတို့မွေးဖွားရာ သို့မဟုတ်...

စာစု (၇) နေရစ်တော့ ဖုန်းဆိုးကုန်းသူ မအောင်ဖြူ

စာစု (၈) တစ်ခါတုန်းက ရှင်မအောင်ဖြူ

စာစု (၉) နှစ်ဘဝကျိန်စာသင့်သူ မအောင်ဖြူ

စာစု (၁၀) ရှင်မအောင်ဖြူ၏သင်္ချိုင်းဂူ သို့မဟုတ်...

စာစု (၁၁) စစ်၏အနိဋ္ဌာရုံများအောက်မှ မအောင်ဖြူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


စာစု (၁၂) မအောင်ဖြူ သို့မဟုတ် ...

စာစု (၁၃) အိပ်မက်တောမှ မောလျှအိမ်အပြန်

စာစု (၁၄) ဖုန်းဆိုးကုန်းသူ မအောင်ဖြူနှင့် တွေ့ဆုံခြင်း

စာစု (၁၅) ဖုန်းဆိုးမြေမှာ တစ်ညတာအိပ်စက်ခြင်း

စာစု (၁၆) မိစ္ဆာလော...မအောင်ဖြူလော...

စာစု (၁၇) နတ်ရဲကုန်းသို့ ဂျပန်များ ရောက်ရှိလာကြခြင်း

စာစု (၁၈) ကျောင်းပျက်ကြီးအတွင်းမှ ထူးဆန်းသောကယ်တင်ရှင်

စာစု (၁၉) မအောင်ဖြူနှင့် ဒုတိယအကြိမ်တွေ့ဆုံခြင်း

စာစု (၂၀) ရှင်မအောင်ဖြူသည်ချိုင်းဂူကြီး၏ လပြည့်ညလှို့ဝှက်ချက်

စာစု (၂၁) ဖုန်းဆိုးကုန်း၏ ရန်သူတော်များ

စာစု (၂၂) မြေခွေးတစ်ကောင်၏ အကြံအစည်

စာစု (၂၃) ရှင်မအောင်ဖြူသည်ချိုင်းဂူမှ လပြည့်ညသံသရာ

စာစု (၂၄) ဖုန်းဆိုးကုန်းမှ နောက်ဆုံးနေ့များ

စာစု (၂၅) ဖုန်းဆိုးကုန်းသူ ရှင်မအောင်ဖြူ




## စာစု (၁)

## ချောက်ချောက်ချားချားနိဒါန်း

BURMESE CLASSIC .com

လ,ပျောက်နေသည့် နှင်းမြူမှုန်ကြားမှ သန်းခေါင်ယံညဉ့်တစ်ည ...။

လမိုက်ညဖြစ်သဖြင့် နတ်ရဲကုန်းတစ်ရွာလုံး မှောင်မည်းညစ်ထေးနေသည့် အနက်ရောင်ခြုံလွှာကြီးအောက်တွင် တိတ်ဆိတ်ငြိမ်သက်စွာနှင့် အိပ်မောကျနေကြသည်။

ရံဖန်ရံခါ ဟိုသည်ဝှေ့ယမ်းတိုက်ခတ်နေသည့် သန်းခေါင်ယံညဉ့်လေရူးကြောင့် သစ်ပင်ချုံနွယ်ကြီးများ ယိမ်းထိုးလှုပ်ယမ်းနေကြသည်မှာ မကောင်းဆိုးဝါး နာနာဘာဝကောင်ကြီးများ သက်ဝင်ညည်းညူနေသည်သို့ ...။

ညဉ့်ကောင်းကင်ထက်မှာတော့ မိုတ်တုတ်မိုတ်တုတ်နှင့် လင်းလက်တတ်သော ငွေကြယ်လေးများပင် တိမ်မည်းညိုအကြို



www.burmeseclassic.com

www.burmeseclassic.com



အကြားတွင် ငုပ်လျှိုးပျောက်ကွယ်နေကြသည်မို့ အမှောင်ထုကြီးက ပိုမို၍ နက်ရှိုင်းမင်းမှုနေပါတော့သည်။

သစ်ကိုင်းသစ်ခက်များကြားမှ လေတိုးသံ၊ ညဉ့်ပိုးပုရစ်ကောင်ငယ်လေးများ အော်မြည်သံ၊ တစ်ခါတစ်ရံ ဂီးခနဲဂီးခနဲ အော်မြည်လိုက်သည့် သားစားညဉ့်ငှက်တို့၏ ဟစ်အော်သံများနှင့် နှင်းမိုးစက်တို့၏ လွင့်စဉ်ကြွေသက်ကျသံများမှအပ ညဉ့်ကမ္ဘာတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါလေ၏။

အဆုံးမှာတော့ နတ်ရဲကုန်းရွာ၏ညဉ့်သည် တစ်စတစ်စ ပိုမို၍ နက်ရှိုင်းရင့်ရော်လာပါတော့သည်။ ထိုစဉ် …

'အူး ‥ ဝူး ‥ ဝူး ‥ ဝူး ‥ အူ ‥ ဝူး ‥ ဝူး'

ရွာထိပ်ဘက်ဆီမှ ဆွဲဆွဲငင်ငင်အူလိုက်သည့် ရှည်လျားသောခွေးအူသံကြီးကြောင့် ရင်မောင်တစ်ယောက် အိပ်မောကျနေရာမှ ဖျတ်ခနဲ လန့်နိုးလာခဲ့သည်။

"တောက် … ခွေးအူသံကြီးကလည်း ညကြီး အချိန်မတော် ကျက်သရေမရှိလိုက်တာကွာ"

ထိုအခိုက်မှာပင် သုတ်ခနဲတိုက်ခတ်လာသော ညဉ့်လေရူးကြောင့် ရင်မောင် ချမ်းစိမ့်စိမ့်ဖြစ်သွားသည်မို့ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်သည်။





ပွင့်ဟနေသည့် ပြတင်းပေါက်တစ်ခြမ်းမှ တိုးဝှေ့ဖြတ်တိုက်လာသော ဆောင်းလေရူးက တစ္ဆေတစ်ကောင်၏လက်အေးကြီးနှင့် ဆွဲယူလိုက်သလို ခံစားလိုက်ရသဖြင့် ရင်မောင်တစ်ယောက် ခုတင်ထက်မှထကာ ပြတင်းတံခါးဆီသို့ လျှောက်လာပါ၏။

"မဟုတ်သေးပါဘူး၊ အိပ်ရာဝင်ကာနီးမှာ ဒီပြတင်းပေါက်ကို ငါကိုယ်တိုင် သေသေချာချာပိတ်ခဲ့တာပါ၊ အခု ဘယ်လိုဖြစ်ပြီး ပြန်ပွင့်နေတာပါလိမ့်"

ရင်မောင်မှာ ဇဝေဇဝါအတွေးများဖြင့် စဉ်းစားရင်း ပွင့်ဟနေသည့် ပြတင်းတံခါးချပ်ကို ပြန်၍ပိတ်ရန် ပြင်နေစဉ်မှာပင် …

"အီး ဟီး ဟီး ‥ ဟင်း ဟင်း ဟင်း"

ညည်းညူသံလိုလို ရယ်မောသံလိုလိုနှင့် ချောက်ချားဖွယ်အသံကြီးတစ်ခုကို ခြံဝဆီမှ ကြားလိုက်ရသဖြင့် ရင်မောင် ကြက်သီးများပင် ဖြန်းခနဲထသွားပါ၏။

"ဘာ … ဘာလဲ … ဘာသံကြီးလဲ"

ရုတ်တရက် ခြံဝအမှောင်ရိပ်ဆီမှ ညည်းညူသံကြီးလိုလို ကြားသိလိုက်ရသဖြင့် ရင်မောင် အမှောင်ထုကြီးထဲသို့ ရှူး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်စိုက် ကြည့်လိုက်သည်တွင် ...

"ဟာ ... ဗုဒ္ဓေါ ... မြတ်စွာဘုရား ဘာ ... ဘာ ဘာကောင်ကြီးပါလိမ့်၊ ငါ ... ငါ့ဆီကို တည့်တည့်ကြီးလာ လာနေပါလား ... ဘုရား ... ဘုရား"

ဟုတ်သည်။ သာမန်လူသားတစ်ဦးထက် ကိုယ်လုံးကိုယ် ထည်ရော အရပ်အမောင်းပါ နှစ်ဆခန့်မြင့်သည့် အရိပ်မည်း ကောင်ကြီးတစ်ကောင်က သူ့ဆီသို့ တည့်တည့်ကြီး တိုးဝင်လာ သည်ကို အံ့ဩမှင်တက်စွာ ငေးမောကြည့်နေမိသည်။

"ဟင်း .. အင်း ဟင်း .. ကျွိ ကျွိ .. ဟင်း"

မကြာမီ ညည်းညူသံ၊ အံကြိတ်သံကြီးများကိုပါ ကြား ရ ပြန်ပြီး ညှီစို့စို့ပုပ်အဲ့အဲ့အနံ့ဆိုးကြီးက ရင်မောင်၏နှာခေါင်းထဲ သို့ အလုအယက် တိုးဝင်လာကြသည်။ အော်ဂလီဆန်လွှန်းလှ သော အနံ့ဆိုးကြီးများနှင့်အတူ ပြတင်းပေါက်အနီးသို့ ဖြုန်းခနဲ ရောက်ရှိလာသည့် အရိပ်မည်းတစ္ဆေကောင်ကြီးကြောင့် ရင်မောင် ထိတ်လန့်တကြားဖြင့် နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်သွားပါ လေ၏။

ထိုအခိုက်မှာပင် အရိပ်မည်းတစ္ဆေကောင်ကြီးက ပွင့်ဟ နေသည့် ပြတင်းပေါက်ပေါင်ပေါ်သို့ ပိုင်စိုးပိုင်နင်း ဝင်ရောက်





ထိုင်လိုက်ကာ ...

"ဟင်း ... အင်း ... ဟဲ့ကောင် ... ငါ့ရဲ့လက်ဖျံရိုးကို ပြန်ပေးလှည့်ဦးလေ"

အသံအောအောကြီးကို လေးတွဲ့တွဲ့ပြောကာ ရင်မောင့် ထံမှ တစ်စုံတစ်ရာကို ပြန်တောင်းနေသည့်နှယ် ပြောကြားလိုက် သံကြီးကြောင့် ရင်မောင်တစ်ယောက် ခြေဖျားလက်ဖျားများပင် အေးစက်သွားလေသည်သို့။

ရုတ်တရက် ထိတ်လန့် အံ့ဩ မှင်တက်နေမှုတို့ကြောင့် ပြတင်းပေါက်ပေါင်ပေါ်တွင် ငုတ်တုတ်ကြီးထိုင်နေသည့် အရိပ် မည်းကောင်ကြီးကို အဖြေပေးရန် သတိမရ၊ မျက်လုံးအပြူးသား နှင့်သာ ကြောင်ငေးကြည့်နေမိပါလေ၏။

"ဟဲ့ ... ဟဲ့ ... ဒီမှာရင်မောင် ... ငါပြောနေတာ မကြားဘူးလားဟဲ့၊ နင်ယူသွားတဲ့ ညာဘက်လက်ဖျံရိုးတစ်ချောင်း ကို ပြန်ပြီးပို့ပေးလို့ ပြောနေတယ်လေ၊ အေး ... ငါ့လက်ဖျံရိုးကို နင်ပြန်မပေးရင်တော့ နင့်ကို တစ်ခါတည်း ဝိညာဉ်နှုတ်ယူသွား မှာနော်၊ ဟင်း ... ငါ့နာမည်က မအောင်ဖြူတဲ့၊ ဟို ... မုန်းဆိုး ကုန်းမှာနေတယ်လေ .. ဟင်း ဟင်း ဟင်း"

ခက်ထန်မာကျောစွာဖြင့် သူလိုချင်သည့်အရာကိုတွင်



www.burmeseclassic.com

www.burmeseclassic.com



တွင်ကြီးတောင်းနေသည့် ဖုန်းဆိုးကုန်းသူ မအောင်ဖြူဆိုသည့် အရိပ်မည်းကောင်ကြီးက ပြတင်းပေါက်ပေါင်ပေါ်မှ အိပ်ခန်းတွင်းသို့ ဆင်းလာတော့မည်ကဲ့သို့ ဟန်ပြင်လျက်ရှိပါချေပြီကော။

မအောင်ဖြူ . . .။

ဖုန်းဆိုးကုန်းသူ မအောင်ဖြူ . . . တဲ့။

သည်လိုနာမည်မျိုး ရင်မောင် တစ်ကြိမ်တစ်ခါမျှ မကြားဖူးပါ။ ထိုမအောင်ဖြူဆိုသော အရိပ်မည်းကောင်ကြီးနှင့်လည်း ရင်မောင် လုံးဝမပတ်သက်ခဲ့ဖူးပါ။

သို့သော် သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး၊ မတွေ့ဖူးသော ဖုန်းဆိုးကုန်းသူ မအောင်ဖြူကတော့မူ သူ၏ ညာဘက်လက်ဖျံရိုးတစ်ချောင်းကိုသာ သဲသဲမဲမဲ တောင်းခံနေပါချေပြီကော။

ထိုစဉ်မှာပင် . . . သန်းခေါင်ယံညဥ့်လေရူးက တရှဲရှဲ တဟဲဟဲနှင့် ဝှေ့ယမ်းတိုက်ခတ်လာပြန်ပါ၏။ တစ်ချက်တစ်ချက် လေသင့်ရာတွင် ဝဲနိုလွင့်ပျံလာသည့် ညှီစို့စို့ပုပ်အဲ့အဲ့အနံ့ဆိုးကြီးများနှင့် ညဥ့်ငှက်ကောင်ကြီးများ၏ အစာလု မာန်ဖီသံကြီးများက တိတ်ဆိတ်နေသည့် သန်းခေါင်ယံညဥ့်ကို ဗိုမို၍ သွေးပျက်ချောက်ချားစေသည်သို့။

ရင်မောင်မှာ အဖြေရှာမရသည့် ပုစ္ဆာတစ်ပုဒ်နှင့် သူ





လုံးဝမသိမမြင်ဖူးသော အရိပ်မည်းနာနာဘာဝကောင်ကြီးကြောင့် နောက်သို့ မသိမသာဆုတ်သွားပါ၏။ ရင်မောင်၏ အရိပ်အခြည်ကို မျက်ခြည်မပြတ်ကြည့်နေသည့် အရိပ်မည်းကောင်ကြီးက စိတ်မရှည်နိုင်တော့ပြီထင့်။ ပြတင်းပေါက်ပေါင်ထက်မှ သူ၏ ကြီးမားလှသော ခန္ဓာကိုယ်မည်းမည်းကြီးကို ယိမ်းထိုးလှုပ်ယမ်းကာ . . .

"ကိုင်း . . . ဘယ်လိုလဲဟေ့ . . . နင် အဖြေမပေးသေးဘူးလား၊ အို . . . ရှုပ်ပါတယ်ဟာ၊ ငါကိုယ်တိုင် နင့်ကို တစ်လက်စတည်း စာရင်းရှင်းလိုက်တာ ကောင်းပါတယ် . . . ကိုင်း . . ."

'ဝုန်း . . ဘရော'

တစ်ချိန်တည်းမှာပင် ရင်မောင်၏ ခန္ဓာကိုယ်ပေါ်သို့ မအောင်ဖြူ အရိပ်မည်းတစ္ဆေကောင်ကြီးက ဝုန်းခနဲခုန်၍အုပ်လိုက်သဖြင့် ရင်မောင်မှာ ကြောက်လန့်တကြား ဟစ်အော်လိုက်ပါတော့သည်။

"အား . . အ . . အား . ."

ရင်မောင်တစ်ယောက် သွေးပျက်ချောက်ချားစွာ ဟစ်အော်ရင်း သူ၏ကိုယ်ပေါ်မှ အရိပ်မည်းတစ္ဆေကောင်ကြီးကို တွန်းထုတ်လိုက်သည့် ခဏမှာပင် ညဥ့်လယ်အိပ်မက်မှ လန့်နိုးလာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အား ..."

'ဘုန်း ..'

'ညောင် .. ညောင် ..'

သွေးပျက်ထိတ်လန့်စွာဖြင့် ရင်မောင် အိပ်မက်မှနိုးထလာသောအခါမှာတော့ သူကိုယ်တိုင် ကြောက်လန့်တကြား တွန်းထုတ်လိုက်သူမှာ အရိပ်မည်းကောင်ကြီး မအောင်ဖြူမဟုတ်ဘဲ ကြောင်နက်ကြီးတစ်ကောင် ဖြစ်နေသည်ကို ထူးဆန်းအံ့ဩစွာ မြင်လိုက်ရပါချေပြီတည်း။

'ညောင် .. ညောင် ..'

'ဝုန်း ..'

ရင်မောင် သွေးပျက်စွာ တွန်းထုတ်လိုက်သည့် ကြောင်နက်ကြီးမှာ သူ့ကို ရူးရူးဝါးဝါးစိုက်ကြည့်ကာ အိမ်ထုပ်တန်းပေါ်သို့ ခုန်တက်ပျောက်ကွယ်သွားပါချေတော့သည်။

## အသက်နှင့်ရင်းရသည့် မြွေဖမ်းပွဲ

အချိန်ကား ၁၉၄၉ ခုနှစ်။

ကျူးကျော်နယ်ချဲ့ခဲ့ကြသော ဖက်ဆစ်ဂျပန်များ မြန်မာ့မြေပေါ်မှ စတင်၍ ဆုတ်ခွာနေကြချိန်။

နတ်ရဲကုန်းရွာ ...။

ရွာနာမည်လေးက ထူးဆန်းသလို ထိုရွာအနီးတစ်ဝိုက်ရှိ ရွာငယ်လေးများက အမည်နာမများကလည်း ရှေးမြန်မာစကားအသုံးအနှုန်းများဖြင့် တစ်မျိုးတစ်ဖုံ ဆန်းသစ်နေပါလေ၏။ နတ်ရဲကုန်း၊ ရွှေလှောင်ကုန်း၊ ငွေယားကုန်း၊ သိမ်ကြီးကုန်းနှင့် ဖုန်းဆိုးကုန်းဟူသော ကုန်းငါးကုန်းနှင့် တည်ထားကြသည့် ရွာစဉ်ငယ်များဖြစ်ကြသည်။

ထိုကုန်းငါးကုန်းရွာစဉ်တစ်လျှောက်သည် တောရိပ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ရိုးများ ကောင်းမွန်ခြင်း၊ ပဲခူးရိုးမနှင့်လည်း ဆက်နွယ်နေခြင်းတို့ကြောင့် အင်္ဂလိပ်–ဂျပန်ခေတ်ကာလ နှစ်ဆက်တိုင်တိုင် စစ်လမ်းကြောင်းကျခဲ့ရာ နယ်မြေများဖြစ်ခဲ့ကြသည်။ တစ်နည်း ဆိုရပါလျှင် စစ်ဆုတ်ခွာရာလမ်းကြောင်းဖြစ်ခဲ့သဖြင့် ရွာစဉ်ရွာငယ်များတစ်လျှောက် ပြည်သူတို့အထိနာကာ ထောင်းလမောင်းကြေခဲ့ရသည် မဟုတ်ပါလား။

ထိုကုန်းငါးကုန်း ရွာစဉ်များထဲမှ ယခုဆိုလျှင် ရွာသိမ်ရွာပျက်ကြီးတစ်ခု ဖြစ်သွားကာ တောဖုံးသည်အထိ အကျည်းတန်စွာ ခံစားလိုက်ရသည့် ရွာကတော့ 'ဖုန်းဆိုးကုန်း'ဆိုသည့် ရွာကြီးပင် ဖြစ်ပါချေတော့သည်။

'နေ့ပူလို့ညချမ်း တပေါင်းလသရမ်း'ဟူသော စာဆိုနှင့်အညီ တပေါင်းလဆန်းပိုင်းသည် နေ့အခါ၌ ပူပြင်းခြောက်သွေ့သလောက် ညဘက်များတွင် မြောက်လေရူးနှင့်အတူ ချမ်းစိမ့်မှုတို့ကလည်း အဖော်အဖြစ် တိုက်ခတ်လျက်ရှိနေဆဲပါတည်း။ တစ်ဖန် နွေဦးအစ တပေါင်းလဟု ဆိုကြသကဲ့သို့လည်း နေမွန်းတိမ်းကျော်စမှာပင် အပူရှိန်က သိသိသာသာပင် အစွမ်းပြလာပါချေ၏။

အညာအတာကင်းမဲ့စွာ တိုက်ခတ်လာသော မြောက်ပြန်





လေသည် ညှာရွက်ညောင်းနေသည့် ရွက်ဝါတချို့ကို မြေသို့ကြွေသက်ကျစေခဲ့သည်။ ရှိရှိသမျှ ပင်အိုပင်ပျိုများကလည်း ရိုးတံကျဲကျဲဖြင့် နွေသရုပ်ကို လှစ်ဟဖော်ကျူးပြသနေသည့်သို့။

ထိုအကာအကွယ်ကင်းမဲ့နေသည့် သူရိန်နေမင်းအောက်တွင် အဘထော်နှင့် ရင်မောင်တို့နှစ်ယောက် မြွေပေါ်သည့် နတ်ရဲကုန်းတောနှင့် ရွှေလှောင်ကုန်းတောတစ်ပိုက်သို့ ရောက်ရှိနေကြပါသည်။

အချိန်က နာရီပြန်တစ်ချက်ထိုးခန့် ရှိပါပြီ။ မွန်းတိမ်းနေ၏ အပူဒဏ်ကြောင့် အဘထော်၏ဦးခေါင်းတွင် ပတ်ထားသည့်ပုဆိုးသည်ပင် ကျွမ်းလုလုဖြစ်လာသည်ထင့်။ ထိုအပူဒဏ်ကို မမှုအား၊ ခွထောက်တစ်ချောင်းကို ပခုံးတွင်ထမ်းလျက် ခေါင်းတရှုံ့ရှုံ့လုပ်ကာ မြွေနံ့ခံလျက်ရှိသည်။

ရင်မောင်ကမူ ထုံးစံအတိုင်း မြွေထည့်သည့် ပခြုပ်ပြား ခံလုံးကိုထမ်းပြီး ခွထောက်တစ်ချောင်းကိုကိုင်ကာ အဘထော်နောက်မှ ကပ်၍လိုက်ပါလာခဲ့ပါ၏၊ ခွထောက်ဆိုသည်မှာ အရှည်တစ်လံခန့်ရှိသော ပျဉ်းကတိုးသား တုတ်တစ်ချောင်းဖြစ်သည်။ အဖျားပိုင်းထိပ်ဘက်တွင် ခွတုတ် (ခက်ရင်းသဏ္ဌာန်) ခွကလေးတစ်ခုနှင့် မြွေ၏လည်ကုပ်ကို ဖမ်း၍ထောက်သည့် တုတ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းဖြစ်ပါသည်။ ထိုစဉ် ...

"မြွေနံ့ရတယ် ... သတိထား ရင်မောင်၊ ငန်းမြွေတစ်ကောင်ရဲ့ အနံ့ပဲဟေ့"

အဘထော်၏သတိပေးစကား ကြားလိုက်ရသည်နှင့် ချက်ဆို နားခွက်က မီးတောက်ပြီးသားဖြစ်သည့် ရင်မောင်က ထမ်းလာသည့် ပခြုပ်နှစ်လုံးကို အသာချကာ လက်ထဲမှခွတုတ်ကို အသင့်အနေအထားသို့ ပြင်ဆင်ထားလိုက်သည်။

လေသည် အနောက်ဘက် ရွှေလှောင်ကုန်းတောစပ်ဘက်မှ တိုက်ခတ်နေသည်။ အဘထော်၏ ရှုးရှသောမျက်လုံးအစုံကလည်း ထိုရွှေလှောင်ကုန်းတောစပ်သို့သာ စူးစူးနစ်နစ်ကြည့်နေပါချေ၏။ ထိုအခိုက်မှာပင် ရွှေလှောင်ကုန်းတောကြီးထဲမှ တရှီးရှီးတဝေါဝေါနှင့် တောတိုးသံကြီးတစ်ခုက ဝေးရာမှ နီးကပ်လာသည်သို့ ...။

'ရှီး ..ရှီး ..ရှီး ..'

'ဝေါ ..ဝေါ ..ဝေါ ..ဖျောင်း ..ဖရော ..'

"လူကလေး ... လာနေပြီနော် ... သတိထား၊ ငါ့ကို ခွထောက်အကြီး ပေးစမ်း ...ရော့"

အဘထော်က သူ၏လက်ထဲမှ ခွထောက်အသေးကို





ရင်မောင့်ထံကမ်းပေးလိုက်ပြီး ခွထောက်အကြီးကို တောင်းယူလိုက်သည်။

တရှီရှီနှင့် မြွေတွန်သံ၊ တဝေါဝေါနှင့် တောတိုးလာသံကြီးများကြောင့် ချထားသည့် ထမ်းပိုးနှင့် တွဲချည်ထားသည့် ခွတုတ်ကြီးကိုယူကာ အဘထော်အား လှမ်းပေးလိုက်ပြီး သူကိုယ်တိုင်ကလည်း ခွတုတ်တစ်ချောင်းနှင့် အဆင်သင့်စောင့်နေပါ၏။

"လူကလေးရေ ... လူချင်းခွဲ၊ ဘယ်ဘက်ကိုထွက်စမ်း"

အဘထော်၏ အမိန့်စကားကြောင့် ခွတုတ်ကိုင်၍ရပ်နေသော ရင်မောင်မှာ အဘထော်၏ ဘယ်ဘက်နံဘေးသို့ ခပ်လှမ်းလှမ်း ခုန်၍ဆုတ်လိုက်သည်။ တစ်ယောက်နှင့်တစ်ယောက် ပေနှစ်ဆယ်ခန့် ကွာဝေးသွားသည်။ ထိုခဏမှာပင် ...

'ရှီး ..ရှီး ..'

ခြေကျင်းဝတ်ခန့်တုတ်၍ ဆယ့်သုံးပေခန့်ရှိမည့် ငန်းမြွေကြီးတစ်ကောင်က တရှီရှီအသံပေးကာ ပါးပျဉ်းကြီးကိုခွက်ကာ ရင်မောင်တို့ထံသို့ တဖျောဖျောနှင့် ပြေးဝင်လာနေသည်ကို တွေ့မြင်လိုက်ကြရသည်။

"ငန်းမြွေကြီးဟေ့ ... သတိထား"



www.burmeseclassic.com

www.burmeseclassic.com



အဘထော်သတိပေးနေစဉ်မှာပင် ငန်းမြွေကြီးက မည်းနက်နေသည့် လျှာနှစ်ခွကို ပြူတစ်ပြူတစ်လုပ်ကာ ကောက်ကျစ်စဉ်းလဲသော မျက်လုံးအစုံဖြင့် ဦးခေါင်းကို ဘယ်ညာယမ်းခါလျက် သူ့ရင်ဆိုင်တိုက်ခိုက်ရမည့် လူသားနှစ်ဦးကို မာန်စောင်ကာ ကြည့်နေပါ၏။

ငန်းမြွေဆိုသည့်အမျိုးမှာ လူကိုမြင်လျှင် တန်း၍လိုက်တတ်သော အကျင့်ရှိသည်။ လူ၏နောက်ကို လျှော၍လွန့်၍ သဲသဲမဲမဲလိုက်တတ်ပြီး မမြင်ရတော့လျှင် အမြီးကောက်ကာ ခေါင်းထောင်၍ လိုက်လံရှာဖွေတတ်သည်။ ရန်လိုသလောက် ဒေါသအမျက်စောင်မာန် ကြီးလွန်းလှသည်။ ရင်ဆိုင်တိုက်ခိုက်ပြီဆိုလျှင်လည်း သဲသဲမဲမဲနှင့် ဖွဲ့နှပဲကြီးစွာ တိုက်ခိုက်လေ့ရှိပါ၏။

ယခု ထိုထိုသော ဂုဏ်အင်္ဂါရပ်အပေါင်းတို့နှင့် ပြည့်စုံသော ငန်းမြွေကြီးတစ်ကောင်နှင့် အဘထော်တို့မြေးအဘိုး ထိပ်တိုက်ရင်ဆိုင်တွေ့ကြပေပြီ။ တစ်နည်းဆိုရသော် မြွေမုဆိုးတို့နှင့် ငန်းမြွေဘုရင်တို့ နတ်ရဲကုန်းတောတွင်း ရင်ဆိုင်တွေ့ကြပါပြီ။

'ရှူး ..ရှစ် ..'

ထုံးစံအတိုင်း မည်းမည်းမြင်ရာ ပြဿနာရှာတတ်သည့် ငန်းမြွေကြီးကပင် အမျက်စောင်မာန်ကြီးစွာဖြင့် သူ့ရှေ့တည့်တည့်





မှ အဘထော်အား ဝိုးခနဲပေါက်ချလိုက်သည်။ မြွေနှင့် လူသားအပြိုင်အဆိုင်ပင် ရိပ်ခနဲလှုပ်ရှားသွားကြသည်။ အသက်အရွယ်နှင့်မလျှော်အောင် အဘထော်က မြန်ဆန်လွန်းလှသည်။

ဖျတ်ခနဲ ဘယ်ညာခြေအစုံကို ပူးကပ်လိုက်ပြီး ညာဘက်သို့ လွှားခနဲခုန်ရှောင်ထွက်သွားပါလေ၏။

'ဝှစ် ..ဝှစ် ..ဖတ် ..'

ညာဒူးကွေး၊ ခြေဖျားထောက်၊ ဘယ်ခြေက ဒူးထောက်လိုက်ပြီး အလျားလိုက် မြေပေါ်တွင်ခင်း၍ အဘထော် စမ်မြူလိုက်သည်။ သို့သော် ဘယ်ညာလက်အစုံကမူ ခွတုတ်ကြီးအား ကိုင်ထားပြီး ဝင်လာလျှင် ခုခံရန်အသင့်ဟု ပြောဆိုနေသကဲ့သို့။ ထိုစဉ် ...

'ရွှီး ..ရွှီး ..'

'ဝှစ် ..'

'ဖရူး ..ဖျော ..ဖတ် ..'

ရက်စက်ယုတ်မာသလောက် ကောက်ကျစ်စဉ်းလဲမှုအတိပြီးသော ငန်းမြွေကြီးက ရုတ်တရက် ရင်မောင့်ထံသို့ တိုက်ကွက်ပြောင်းကာ လျှပ်ပြက်သလို ပေါက်ချလိုက်ပြန်သည်။

"ဟေး ...သတိထား လူကလေး"



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းထဲကျပ်ထဲသို့ရောက်လျှင် မည်သို့မည်ပုံ ပြုလုပ်ရမည်ကို အဘထော်က လေ့ကျင့်သင်ကြားပြီးသားမို့ ရင်မောင်က နဂါးလိမ်လှည့်ကွက်ဖြင့် ခွတုတ်ကိုကာ၍ ညာဘက်သို့ လွှားခနဲ ခုန်ရှောင်ထွက်သွားသည်။

"ဟေး"

ရင်မောင်ပြန်အကျတွင် ခွတုတ်ကိုခင်း၍ မုဆိုးဒူးထောက် အနေအထားဖြင့် အသင့်။

လူသားနှစ်ယောက် ငန်းမြွေကြီးတစ်ကောင် ...။

နေရာက နတ်ရဲကုန်းတောနှင့် ရွှေလျောင်ကုန်းတော အစပ်ရှိ မြက်ခင်းပြင်တစ်ခု။ သတ်ကွင်းကောင်းကောင်း။ ဖွဲ့ဝီရိယ ကောင်းကောင်း၊ သက်လုံကောင်းကောင်းနှင့် တိုက်ပွဲဝင်နေကြသော သတ္တဝါသုံးဦး၏ အသက်လုပွဲကြီးတစ်ခု။

'ရွှီး ..ရွှီး ..ရွှီး ..'

'ဟေး ..ဟိုင်း ..'

'ဝှစ် ..ဝှစ် ..ဖတ် ..'

ငန်းမြွေကြီးက သူ့ထက်ဉာဏ်ပညာကြီးသော လူသားနှစ်ဦးကို တစ်ပြိုင်တည်း တိုက်ခိုက်၍မရ၊ ထို့ကြောင့် နေရာခွဲကာ သူ့အား မရှုံ့မကြောက် ယှဉ်ပြိုင်သတ်ပုတ်နေကြသည့်





လူသားနှစ်ယောက်ထံ ပြေးချည်၊ ဝင်ချည်၊ ဆုတ်ချည်၊ တက်ချည်နှင့် တစ်ရှိန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်နှင့် တရကြမ်း မနားတမ်း ယှဉ်ပြိုင်တိုက်ခိုက်နေပါတော့သည်။

အသက်လုယှဉ်ပြိုင်တိုက်ခိုက်ရသော တိုက်ပွဲတစ်ခုက အချိန်ကြာလာသည်နှင့်အမျှ အဖြေတစ်ခုက ပေါ်ထွက်လာရသည်။ တစ်ကောင်တည်းသော ငန်းမြွေကြီးမှာ စစ်မျက်နှာနှစ်ဖက်ကြားတွင် ကြာရှည်မခံနိုင်တော့ဘဲ အမောဖောက်စပြုလာခဲ့ပါပြီ။

ဉာဏ်ပညာအရည်အချင်း၊ ကျွမ်းကျင်ပါးနပ်မှု၊ စိတ်ရှည်လျင်မြန်မှုတို့က မြွေမုဆိုးနှစ်ယောက်နှင့် ငန်းမြွေကြီးတို့တိုက်ပွဲကို အဆုံးအဖြတ်ပေးပေတော့မည်။

"ဟေး"

အဘထော်က ဟေးခနဲ သံပြိုင်တစ်ချက် အော်ဟစ်လိုက်ပြီး အမောဖောက်ကာ ခေါင်းပင်မထောင်နိုင်တော့သည့် ငန်းမြွေကြီးရှေ့သို့ သူ၏ခေါင်းတွင်ရစ်ပတ်ထားသည့် ပုဆိုးကို ဖြည်ကာ ပစ်ပေါက်ချပေးလိုက်သည်။

'ရွှီး ..ရွှီး ..'

မြန်လိုက်သည့်ဖြစ်ခြင်း။ ငန်းမြွေကြီးက သူ့ရှေ့သို့ပစ်



www.burmeseclassic.com

www.burmeseclassic.com



ကျလာသည့် ပုဆိုးစုတ်ကို လျှပ်ပြက်သလို တန်းခနဲ ပေါက်ချလိုက်ပါ၏။

"ဟေး"

တစ်ချိန်တည်းမှာပင် မိုးကြိုးပစ်သည့်နှယ် ပြင်းထန်သွက်လက်လျင်မြန်လှသည့် အဘထော်၏ ခွတုတ်ကြီးက ပုဆိုးစုတ်နှင့် လုံးထွေးနေသည့် ငန်းမြွေကြီး၏ကုပ်ပေါ်သို့ ဖျတ်ခနဲ ဖိထောက်လိုက်ပါတော့သည်။

'ဝှစ် ‥ ဖျန်း ‥'

'ဖရော ‥'

ထိုစဉ်မှာပင် တွန့်လိပ်ရစ်ခွေ၍ အဘထော်၏ခွတုတ်ကို ဆွဲလိမ်ရစ်ပတ်ရန် ကြိုးစားနေသည့် ငန်းမြွေကြီး၏ ကိုယ်လုံးတုတ်တုတ်ကြီးကိုမူ ရင်မောင်၏ခွတုတ်က ဆတ်ခနဲ ဖိထောက်ထားလိုက်ပြန်ပါချေပြီကော။

အဖြစ်အပျက်အားလုံးမှာ မိနစ်နှစ်ဆယ်မျှပင် မကြာလိုက်။ အချိန်ကိုက် ဇာတ်တိုက်ထားကြသည့်နှယ် သွက်လက်မြန်ဆန်လှသည့် မြေးအဘိုးနှစ်ယောက်၏ ခွတုတ်များအောက်တွင် ဒေါသအငိုးအဆိပ်တို့ ပြည့်နှက်နေသော ငန်းမြွေကြီးမှာ မာန်လျှော့အားပျော့သွားပါချေပြီတည်း။





အဘထော်မှာ ခွတုတ်ကြီးကို အသာမ၍ မောပန်းနွမ်းနွေနေပြီဖြစ်သည့် ငန်းမြွေကြီး၏ခေါင်းကို ညာလက်နှင့်အုပ်ကိုင်ကာ ဘယ်လက်ဖြင့် မြွေကြီး၏လည်မျိုကို ညှစ်လိုက်သည်။ ရင်မောင်က ငန်းမြွေကြီး၏ ကိုယ်လုံးရှည်ကြီးကိုထမ်းကာ ပခြုပ်ထဲသို့ထည့်လိုက်ပါ၏။ အဘထော်က ယခုတစ်ကြိမ် ငန်းမြွေကြီးကိုဖမ်းယူရာတွင် ခွတုတ်အကြီးနှင့်အသေး နှစ်မျိုးခွဲကိုင်သွားကြောင်း ရင်မောင် သိလိုက်ရသည်။

ဟုတ်မည်။ မည်သည့်နေရာမဆို ရှူးနေရာရှူး၊ ဆောက်နေရာဆောက် သုံးမှသာ ဖြစ်ပါ၏။ ကြက်ချည်သည့်ကြိုးသည် ဆင်ချည်ရာတွင် အသုံးမဝင်သကဲ့သို့ ဆင်ချည်သည့်ကြိုးကလည်း ကြက်ချည်ရာတွင် အလုပ်မဖြစ်နိုင်ပါ။

"အဟေး ‥ဟေး …အတော်ပဲပေါ့မြေးရေ၊ မြွေအလမ္မာယ် ဆရာရှိန်းက ငန်းကြီးကြီးတစ်ကောင်ရရင် ကြိုက်ဈေးပေးမယ်ဆိုတော့ ဒီအကောင်ကြီးလောက်ဆိုရင်တော့ ဆရာရှိန်း သဘောတွေ့နေမှာ မြင်ယောင်မိသေးတယ်"

ဤသို့ဖြင့် မြေးအဘိုးနှစ်ယောက်တို့ နေမညိုခင် နတ်ရဲကုန်းတောမှထွက်ခွာရန် ပြင်ကြသည်။ ရင်မောင်က ယနေ့ဖမ်းမိထားသည့် ငန်းမြွေကြီးကို ပခြုပ်တွင်ထည့်ကာ ထမ်းပိုးကွာ



www.burmeseclassic.com

www.burmeseclassic.com



အောင်ထမ်း၍ အဘထော်နောက်မှ လိုက်လာခဲ့ပါတော့၏။

အမှန်တော့ အဘထော်တို့မြေးအဘိုးနှစ်ယောက်မှာ မြွေဖမ်းကာ ရောင်းချစားသောက်ရသည့် မြွေမှုဆိုးမြေးအဘိုး ဖြစ်ကြပါ၏။ ဝမ်းသမုဒ္ဒရာ အူဂါအတွက် ငယ်စဉ်ကပင် ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည့် မြွေဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေရခြင်း ဖြစ်သည်။

ရံဖန်ရံခါ ငွေစကြေးစများလည်း မြိုးမြိုးမြက်မြက်ရတတ်သည်မို့ မြေးဖြစ်သူ ရင်မောင် လူပျိုပေါက်အရွယ်သို့ ရောက်ရှိလာသည့်တိုင် သည်လုပ်ငန်းကို မစွန့်လွှတ်နိုင်သေး။ တစ်ဦးတည်းသော မိဘမဲ့မြေးငယ် ရင်မောင်အတွက်လည်း ဤမြွေဖမ်းပညာကို သင်ကြားပေးရင်း အဘထော်တစ်ယောက် မြွေအလမ္ပာယ်ဆရာများနှင့် မြွေဖြင့်စီးပွားရှာသူများကြားတွင် လုံးချာလည်လျက် ရှိနေခဲ့ပါသည်။

ယခုလည်း မြွေအလမ္ပာယ်ဆရာများအဖွဲ့မှ မြွေမျိုးစုံ (မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကြားနှင့် ငန်းမြွေမျိုးကြီး)များကို အကောင်အရေအတွက် များစွာလိုချင်နေသဖြင့် နေရင်းဒေသမှ ယာယီစွန့်ခွာကာ မြွေများပေါများလှသည့် ပဲခူးရိုးမတောင်ခြေအနီးမှ နတ်ရဲကုန်းသို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပါ၏။





နတ်ရဲကုန်းတွင် အဘထော်၏ညီ မှဆိုးကြီးဦးရဲထိထံတွင် တည်းခိုကြရင်း မြွေရှာပုံတော်ဖွင့်ခဲ့ကြခြင်းပင် ဖြစ်ပါ၏။

ထိုအချိန်တွင် ရှေ့ဆုံးမှ ခပ်သွက်သွက်လှမ်းနေသည့် အဘထော်မှာ ဝါးရုံတောတစ်ခုသို့ ဖြတ်သန်းနေချိန်တွင် ရုတ်တရက် ရပ်တန့်သွားသည်မို့ ရင်မောင်၏ ခြေလှမ်းများကလည်း ရပ်သွားကြသည်။ အဘထော်မှာ သူ၏နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ရင်း လေညာအောက်မှ အနံ့ခံနေရှာသည်ထင့်။ မြွေနံ့ကို မည်သို့သောအနံ့မှန်း မည်သူမျှမသိကြ။ မြွေနှင့်လက်ပွန်းတတီးနေထိုင်ဖူးသူမှ မြွေနံ့မြွေစော်ကို သိနိုင်လိမ့်မည် မဟုတ်ပါလား။

ထိုစဉ် ဝါးရုံပင်ကြီးတစ်ခု၏ ခြေရင်းမှ လက်မောင်းလုံးခန့်ရှိသော မြွေပွေးကြီးတစ်ကောင်က တရွေ့ရွေ့နှင့် သူတို့ရှိရာသို့ ဦးတည်၍ လျှောတိုက်လာနေပါလေ၏။ ရင်မောင်မှာမူ မြွေပွေးကြီး၏ ထူးခြားသောအပြုအမူကြောင့် နေရာတွင်ပင်ရပ်ကာ ငေးမောကြည့်ရှုနေပါသည်။

ဟုတ်သည်။ မြွေပွေးကြီးသည် ဘေးဘီသို့ လုံးဝမကြည့်။ ကျရောက်လာသည့် အန္တရာယ်ကိုလည်း ဂရုမစိုက်။ တဖြည်းဖြည်း တရွေ့ရွေ့မျှသာ ရွေ့လျားနေသည့် မြွေပွေးကြီးကြောင့် လက်ထဲမှခွတုတ်ကို အသင့်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့ လူကလေး"

အဘထော်ကလည်း ခါတိုင်းကဲ့သို့ပင် အမိန့်ပေးစေခိုင်းခြင်း မပြုသည့်အပြင် လေသံတိုးတိုးဖြင့် နောက်သို့ဆုတ်ပေးရန်ပင် ပြောကြားနေသဖြင့် ရင်မောင်မှာ ဘုမသိဘမသိဖြင့် နောက်ဘက်သို့ ခြေလေးငါးလှမ်းခန့်မျှ ဆုတ်ပေးလိုက်သည်။

မြွေပွေးကြီးမှာ အကောင်ကြီးပြီး တို့၍တုတ်သည်။ သို့သော် ထူးခြားနေသည်မှာ မြွေပွေးကြီး၏ဝမ်းဗိုက်မှာ လွန်စွာမှ ဖောင်းကားနေခြင်းပင်တည်း။ ရင်မောင်မှာမူ မြွေပွေးကြီးကို ကြည့်ကာ တစ်ကောင်ကောင်ကို မျိုထားသည်ဟု ထင်မြင်နေမိပါ၏။

ထို့ထက်ပို၍ထူးခြားသည်မှာ အဘထော်ပင်ဖြစ်သည်။ မြွေပွေးကြီးကိုဖမ်းဆီးရန် ခွတုတ်ကိုပင်မကိုင်ဘဲ ပခုံးပေါ်တွင်သာ ထမ်းထားလျက် မြွေပွေးကြီးကိုသာ ရီဝေစွာကြည့်နေသည်ကို မြင်တွေ့လိုက်ရသည်။

"ရော် ... ဘာဖြစ်လို့ ခုချိန်ထိ မြွေကြီးကိုမဖမ်းသေးဘဲ ငေးကြည့်နေတာပါလိမ့်၊ ဒီတစ်ခါ ငါ့အဘိုး ဘယ်လိုဖြစ်နေတာပါလိမ့်"

ရင်မောင်၏အတွေး မဆုံးလိုက်ပါ။ အဘထော်နှင့် သုံးလေးတောင်မျှအကွာသို့ အရောက်တွင် မြွေပွေးကြီးမှာ ဆတ်ခနဲ ဘွန်းကာ မြေကြီးပေါ်တွင် လူးလိမ့်နေသည်ကို ရင်မောင် အံ့ဩစွာ တွေ့မြင်လိုက်ရပါတော့သည်။

"ဟင် ... ဘယ် ... ဘယ်လိုဖြစ်သွားတာလဲ၊ မြွေပွေးကြီး ဘာ ... ဘာဖြစ်သွားတာလဲဟင် အဘိုး"

ရင်မောင်၏ အမေးစကားကို အဘထော် မဖြေကြားခင်မှာပင် ထူးဆန်းအံ့ဩဖွယ်မြင်ကွင်းတစ်ခုကို ထိတ်လန့်ချောက်ချားစွာ မြင်တွေ့လိုက်ရပါချေပြီကော။

ငါးဖယ်တစ်ကောင် လူးလွန့်နေသလို လူးလိမ့်နေသည့် မြွေပွေးကြီး၏ ဖောင်းကားနေသော ဝမ်းဗိုက်အတွင်းမှ နီနီရဲရဲနှင့် ပင်အပ်အရွယ်ခန့်ရှိ အကောင်ငယ်ရှစ်လေးများက မြွေပွေးကြီး၏ဝမ်းဗိုက်ကို ထိုးဖောက်ကာ ထွက်လာကြပါချေပြီကော။

"ဟာ"

"ဟုတ်တယ် ရင်မောင် ... အဲဒါ မြွေမပွေးမကြီး သားပေါက်နေတာလေ၊ ဒါကြောင့် လူလေးကို နောက်ဆုတ်နေလို့ အဘိုးပြောတာပေါ့"

ဟုတ်သည်။ ရာပေါင်းများစွာသော နီရဲရှစ်နေသည့် မြွေပွေးသားပေါက်လေးများ၏ ဖောက်ထွင်းထွက်လာမှုကြောင့်







www.burmeseclassic.com

www.burmeseclassic.com



မြွေပွေးမကြီးမှာ စောစောပိုင်းကလို မလှုးလွန့်တော့ဘဲ ပက်လက်ကြီးလန်ကာ အမြီးဖျားကသာ တွန့်လိမ်ခါယမ်းနေပါတော့သည်။ မြွေပွေးကြီးမှာ ဝေဒနာကို ကြိတ်မှိတ်ခံစားနေရဟန်တူပါ၏။

ဝမ်းဗိုက်ပွင့်၍ အသားကို လောက်ထိုးသည့်သဖွယ် ထွက်လာသည့် နီရဲရဲရာပေါင်းများစွာသော မြွေပွေးပေါက်သားငယ်လေးများက ခြေဦးတည့်ရာသို့ ကစဉ့်ကလျား ပြေးလွှားသွားနေကြသည်ကိုလည်း အံ့ဩစွာ တွေ့မြင်နေပါသည်။

ထိုအသည်းယားဖွယ်မြင်ကွင်းကိုကြည့်ကာ ရင်မောင်ခမျာ ကျောရိုးများပင် စိမ့်သွားပါသေ၏။

စင်စစ် တောအုပ်ထဲမှ မြွေပွေးသားပေါက်သည့်ပွဲပင် ဖြစ်သည်။ မြွေပွေးသည် အခြားသောမြွေများကဲ့သို့ ဥမှပေါက်ခြင်းမဟုတ်။ အကောင်လိုက်မွေးဖွားခြင်း ဖြစ်သည်။ ထိုမြွေပွေးသားပေါက်နီတာရဲလေးများက မိခင်မြွေမကြီး၏ဝမ်းဗိုက်ကို ဖောက်ထွင်း၍ ထွက်လာခြင်းပင်တည်း။

မိခင်မြွေပွေးမကြီးမှာ မည်မျှနာကျင်စွာ ခံစားရပါမည်နည်း။ စောစောပိုင်းက နာကျင်မှု ဝေဒနာဆိုးကြီးကြောင့် ဘယ်ညာလူးလိမ့်နေရရှာသည့် မြွေပွေးမကြီးမှာ သူ လူးလွန့်လှုပ်





ရှားလိုက်လျှင် သူ၏သားငယ်လေးများ ပိပြား၍ သေဆုံးကုန်မည်စိုးရှာသဖြင့် ဝေဒနာကို ကြိတ်မှိတ်ခံစားကာ ပက်လက်လှန်၍ ငြိမ်သက်နေခြင်းလေလား ဟု။

အံ့မခန်းသော မိခင်မေတ္တာပေးဆပ်ပွဲကြီးကြောင့် ရင်မောင်၏ နှလုံးသွေးတို့သည်ပင် ဆူဝေပွက်လျှံလာကြလေသည်ထင့်။

မကြာမီ သားပေါက်ပြီးသွားပြီဖြစ်သည့် မြွေပွေးမကြီးမှာ ဗိုက်ကြီးပွင့်၍ သွေးစက်လက်ဖြင့် အသေဆိုးနှင့် သေဆုံးခဲ့ပါချေပြီကော။ သူ၏အသက်ကို အသေခံကာ မွေးဖွားပေးလိုက်သည့် နီတာရဲမြွေပွေးသားပေါက်လေးများကမူ အသက်ပျောက်နေရှာပြီဖြစ်သည့် မိခင်မြွေပွေးမကြီးအနီးတွင် တစ်ကောင်တစ်မြည်းမျှ မရှိပါလေတော့။

"သွားကြစို့ မြေးရေ . . . ဒါဟာ တောနေသဘာဝ တိရစ္ဆာန်တွေရဲ့ သဘာဝတရားက မွေးဖွားပေးလိုက်တဲ့ လောကဓံတရား တစ်ခုပဲကွယ့်"

သူ၏ပခုံးပေါ်သို့ ဖွဖွလေးတင်ကာ ဖက်တွယ်ခေါ်ငင်နေသည့် အဘိုးဖြစ်သူ အဘထော်၏စကားများကို ရင်မောင် မကြားတစ်ချက် ကြားတစ်ချက်ဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အမြင်အာရုံထဲမှာတော့ ဗိုက်ကြီးပွင့်ကာ သေဆုံးနေသည့် မြွေပွေးမကြီးကို မြင်ယောင်နေမိရင်းမှ သူ့ဘဝတွင် မရှိရှာတော့သည့် မိခင်ကြီးကိုသာ တမ်းတမြင်ယောင်နေမိပါတော့သည်။

## ဟ ရ (၃)

## အိပ်မက်နှံ့မှ ရုန်းထွက်နိုးထခြင်း

''ဟဲ့ အကောင် ...ရင်မောင် ...ငါ နင့်ကိုပြောနေတာ ကြားရဲ့လား ...နင်ယူသွားတဲ့ ငါ့ရဲ့လက်ဖျံရိုးကို ပြန်ပေးဖို့ ပြောနေတယ်လေ၊ အေး ...ငါ့လက်ဖျံရိုးကို ပြန်မပေးဘူးဆိုရင်တော့ နင့်ကို တစ်ခါတည်း ဝိညာဉ်နှုတ်ပြီး ခေါ်သွားမှာနော်၊ မောင်း ...ငါ့နာမည်က မအောင်ဖြူတဲ့''

သွေးပျက်ချောက်ချားဖွယ် အသံနက်ကြီးကို နီးကပ်စွာ ကြားလိုက်ရသဖြင့် ဖြုန်းခနဲ ရင်မောင်မှာ ကြောက်လန့်တကြားနှင့် ထထိုင်လိုက်သည်။ မျက်စိနှစ်လုံးက ကျိုးကန်းတောင်းမှောက်ရှာဖွေကြည့်လိုက်သည်နှင့် ပြတင်းပေါက်ပေါင်ပေါ်တွင် ကျကျနနကြီး ငုတ်တုတ်ထိုင်နေသည့် အရိပ်မည်းတစ္ဆေကောင်ကြီးကို အံ့သြထိတ်လန့်စွာ တွေ့မြင်လိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှ လရောင်မှုန်ဝါးဝါးနှင့် မသဲမကွဲမြင်တွေ့ လိုက်ရသည့် မအောင်ဖြူဆိုသည့် အရိပ်မည်းကောင်ကြီးကိုကြည့် ရင်း ရင်မောင် အပြေးအလွှား စဉ်းစားနေပါလေ၏။

မအောင်ဖြူ ...။

ဖုန်းဆိုးကုန်းသူ မအောင်ဖြူ ... တဲ့။

သည်နာမည်ကို သူ မကြားဖူးပါ။ သို့သော် ထိုမအောင် ဖြူဆိုသော ဖုန်းဆိုးကုန်းသူကမူ သူ၏ လက်ဖျံရိုးကို သဲသဲမဲ ဖွဲ့နပဲကြီးစွာဖြင့် လာရောက်တောင်းနေသည်မှာ ရက်တစ်ပတ်ခ ရှိခဲ့ပါပြီ။

"ကိုင်း ...ငါ့လက်ဖျံရိုးကို ပြန်ပေးမလား, မပေးဘူ လား ...ခပ်ရှင်းရှင်းပဲပြောစမ်း ရင်မောင်"

အရိပ်မည်းကောင်ကြီးက ရင်မောင်ရှိရာသို့ ခန္ဓာကိုယ် ကြီးကိုကိုင်းကာ တိုးဝင်လာသည်နှင့် ...

"ဟာ ...မသိဘူး ...မသိဘူး ...ဘာလက်ဖျံရိုး ကျုပ် မသိဘူး ...သွား ...သွား ...ထွက်သွား"

ရင်မောင်မှာ ကြောက်လန့်တကြားဟစ်အော်ရင်း သူ့ သို့ ဖွတ်တိုးဝင်လာသည့် အရိပ်မည်းကောင်ကြီးကို တွန်းထု လိုက်စဉ်မှာပင် အိပ်မက်မှ လန့်နိုးလာခဲ့ပါတော့သည်။





"အ ..အား ..အား"

ရင်မောင်တစ်ယောက် အိပ်မက်ဆိုးများ မက်ပြီး ခန္ဓာကိုယ်တစ်ခုလုံး ချွေးစေးများပြန်နေပါပြီ။ ဆီးကင်းခန့်ရှိသော ချွေးသီးများကို လက်ခုံနှင့် သုတ်ဖယ်ပစ်လိုက်ပြီး အိပ်ရာထက်မှ ထလိုက်သည်။

မှုန်ဝါးဝါးလရောင်က အခန်းတွင်းသို့ ခပ်ပါးပါးမျှ အလင်းပြန်ပေးထားပါ၏။ အခန်းထောင့်ရှိ သောက်ရေအိုးစင်မှ သောက်ရေတစ်ခွက်ခပ်ကာ သောက်လိုက်သည်။ အေးစက်စက် သောက်ရေတစ်ခွက်က လည်ချောင်းတစ်လျှောက် ဖြတ်ကျော်စီး ဝင်သွားသည့်တိုင် ရင်မောင့်ရင်တွင်းမှ တုန်ယင်ချောက်ချားမှု သောကအပူမီးကိုမူ မငြိမ်းသတ်နိုင်ပါ။

"ဘုရား ...ဘုရား ...ဒီလိုအိပ်မက်မျိုးတွေချည်း ထပ်ခါတလဲလဲ ငါမြင်မက်နေတာ တစ်ပတ်လောက်တောင် ရှိ သွားပြီ၊ ဖုန်းဆိုးကုန်းသူ မအောင်ဖြူဆိုတာလည်း ကြားလည်း မကြားဖူးဘူး၊ သိလည်း မသိခဲ့ဘူး၊ ဘယ့်နှယ့် ငါ့ဆီကို လာ လာပြီး ဘယ်ကလက်ဖျံရိုးကို တောင်းနေရတာလဲမသိဘူး"

ဟုတ်ပါသည်။ ဖုန်းဆိုးကုန်းသူ မအောင်ဖြူဆိုသူသည် အိပ်မက်ထဲတွင် မကြာခဏဆိုသလို ရောက်ရောက်လာပြီး သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် မက်နေသည်မှာ ရက်အတန်ကြာခဲ့ပါပြီ။

အိပ်မက် ကလည်း စိတ်ပျက်ပါတယ်၊ ဘာတွေမက်နေမှန်းလည်း မသိဘူး။ မတွေ့ဖူးတဲ့ လက်ဖျံရိုးကို ဘယ်လိုလုပ်ပြီး သူ့ကိုပြန်ပေးရမှာလဲ အဘိုးကို ဒီကိစ္စတွေပြောရင်ရော ယုံပါ့မလားမသိဘူး''

ရင်မောင်မှာ စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း အိပ်ရာထက်သို့ ပြန်၍လှဲလိုက်ပါ၏။ ချောက်ချားဖွယ်ညည့်ခရီးရှည်ကြီးသည် တိတ်ဆိတ်စွာဖြင့် ခရီးနှင်နေဆဲ။

နောက်တစ်နေ့နံနက် နေခြည်အလင်းတန်းနှင့်အတူ ရင်မောင်တစ်ယောက် အိပ်ရာမှ နိုးထလာတော့ ဆွမ်းခံပြန်ချိန်ပင်ရောက်ရှိနေပါပြီ။ မအောင်ဖြူ၏ လက်ဖျံရိုးတစ်ချောင်း နှိပ်စက်မှုကြောင့် အိပ်ပျက်ညများက များပြားလာခဲ့သည်မို့ ရင်မောင်မှာ ရက်ပိုင်းအတွင်းမှာပင် ယူပစ်လိုက်သလို ချုံးကျသွားပါလေ၏။

''လူလေး . . . မင်းကိုကြည့်ရတာ ဒီရက်ပိုင်းအတွင်းမှာ မလန်းဆန်းဘူးဖြစ်နေတယ်၊ တောထဲတောင်ထဲမှာ မြွေဖမ်းရက်တွေများ ဆက်နေလို့ ပင်ပန်းသွားပြီလားကွဲ့၊ နေလို့ရော ကောင်းရဲ့လား . . . ဟင်၊ အဘိုးပြန်ရောက်လာကတည်းက ငါ့မြေးကို ကြည့်ရတာ တယ်ပြီးအားမရလှဘူး''





''ကောင်း . . . ကောင်းပါတယ် အဘိုးရယ်၊ ဟို . . . ညညတွေမှာ အိပ်ရေးပျက်လို့လား မသိပါဘူး အဘိုးရယ်''

ညီဖြစ်သူဦးရဲထိန်နှင့်အတူ တစ်ပတ်အတွင်း ဖမ်းဆီးရမိခဲ့သည့် မြွေများကို မြို့သို့သွားရောက်ပို့ဆောင်ရာမှ ပြန်ရောက်လာသည့် အဘထော်က ရင်မောင်၏ ဖြူဖျော့ဖျော့မျက်နှာကို ကြည့်ကာ စိုးရိမ်စိတ်ဖြင့် မေးမြန်းနေခြင်းဖြစ်ပါ၏ တ. .

''ဘာကွဲ့ . . . လူလေးက ဘာဖြစ်လို့ ညဘက်တွေမှာ အိပ်ရေးပျက်ရတာလဲ''

''ဪ . . . နေထိုင်မကောင်းလို့ဖြစ်မှာပေါ့ ကိုထော်ရယ်၊ ရွာအနောက်ခြမ်းက ဗိန္ဒောဆရာဦးရောကို ခေါ်ပြီးပြကြည့်လိုက်မယ်၊ ဆေးလေးဘာလေးသောက်လိုက်ရင် ကောင်းသွားမှာပါ''

ဤသို့ဖြင့် ညနေဘက်တွင် ဦးကြီးရဲထိမှာ ဗိန္ဒောဆရာကြီးဦးရောကို နေအိမ်သို့ ပင့်လာခဲ့သည်။ ဗိန္ဒောဆရာကြီး ဦးရောနှင့်အတူ ရွာဦးကျောင်းမှ ကပ္ပိယကြီးဦးသူတော်လည်း လမ်းကြုံရင်း လိုက်ပါလာခဲ့ပါသည်။ ဗိန္ဒောဆရာကြီးဦးရောက ဖြူဖြူဖျော့ဖျော့မျက်နှာနှင့် ဝေါင်စင်းစင်းဖြစ်နေသည့် ရင်မောင်ကို ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုနေလဲ မောင်ရင်မောင် … မင်းကိုကြည့်ရတာ ငူငူငေါင်ငေါင်နဲ့၊ မှန်းစမ်း … ကိုယ်တွေဘာတွေများ ပူနေသလားကွဲ့”

ဦးရောမှာ ရင်မောင်၏နဖူးပြင်နှင့် ခြေဖျားလက်ဖျားများကို စမ်းသပ်ကြည့်ရှုနေပါ၏။ အတန်ကြာ စမ်းသပ်စစ်ဆေးကြည့်ပြီးမှ ․

“အင်း ကိုယ်လည်းသိပ်မပူပါဘူး၊ ခြေဖျားလက်ဖျားတွေကလည်း အကောင်းပဲ၊ အင်း … အိပ်ရေးပျက်တယ်ဆိုတော့ နန်းတွင်းဆေးတစ်ဖုံလောက်တော့ ပေးခဲ့မယ်၊ လောလောဆယ် ဆေးတစ်ခွက်လောက် သောက်ထားလိုက်ပေါ့ကွယ်”

ရင်မောင်မှာ ကြောင်စီစီမျက်နှာဖြင့် ဦးရောတိုက်သည့် ဆေးတစ်ခွက်ကို သောက်နေပါ၏။ ဆေးသောက်နေသည့် ရင်မောင်၏မျက်လုံးများ ဂနာမငြိမ်ဖြစ်နေသည်ကို ဦးသူတော်က တွေ့ရှိသွားသဖြင့် ဦးရောကို မျက်ရိပ်ပြလိုက်သည်။ သူတို့စိတ်အထင်တွင် ရင်မောင်သည် သာမန်နေထိုင်မကောင်းခြင်း မဟုတ်နိုင်။ တစ်စုံတစ်ခုသော အမှောင့်ပယောဂတစ်ခုခုများ ကပ်ငြိနေလေသလား … ဟု။

“အင်း … ဒီရက်တွေမှာ ညဘက်ညဘက် ရွာထဲက





ခွေးတွေ တော်တော်အူကြတာပဲ၊ ပြီးရင် အဲဒီခွေးအူသံကြီးကဟိုး … ဖုန်းဆိုးကုန်းဘက်က သချိုင်းပျက်ဟောင်းကြီးဘက်ကို ရောက်သွားကြတယ် ထင်တာပဲဟေ့”

“ဟုတ်တယ် ဦးသူတော် … ကျုပ်လည်း သတိထားမိတယ်၊ ဒါဟာ ရွာအတွက် သိပ်တော့မကောင်းဘူးဗျ၊ ဒီလိုအရိပ်လက္ခဏာမျိုးဟာ ဟိုးလွန်ခဲ့တဲ့ လေးငါးနှစ်ကလည်း တစ်ခါဖြစ်ဖူးသေးတယ်၊ ရွာထဲကို မကောင်းဆိုးဝါး မိစ္ဆာသရဲတွေ ဝင်လာတဲ့သဘောပဲ၊ အင်း … ရွာထဲမှာလည်း ဒီအကြောင်းပဲ ပြောနေကြတာဗျို့”

ဦးသူတော်နှင့် ဦးရောတို့ အချီအချပြောနေကြစဉ် ဦးရဲထိမှာ ရေနွေးကရားအိုး တစ်ဖက်၊ ဆတ်သားခြောက်ဖုတ်ပန်းကန် တစ်ဖက်နှင့် အခန်းထဲသို့ ဝင်ရောက်လာပါ၏။

“ဘယ်လိုလဲ ဆရာကြီးရဲ့ … ကျုပ်တူတော်မောင်အအိပ်ပျက်, အစားပျက်ဖြစ်နေတဲ့ ရောဂါကို သိရပြီလား၊ ကျုပ်တို့ညီအစ်ကိုကလည်း မနေ့ကမှ မြို့ကပြန်ရောက်ကြတာဆိုတော့ ဒီကောင့်ကိစ္စကို ဘာမှ ကောင်းကောင်းမသိရသေးဘူး၊ ဒါနဲ့ စောစောက ဆရာကြီးပြောသံ သဲ့သဲ့ကြားလိုက်ရပါတယ်၊ ရွာထဲကို မိစ္ဆာသရဲတွေဝင်လာတယ်ဆိုလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုရဲထိရေ၊ ခင်ဗျားတို့ မြို့တက်သွားကြတုန်း ရွာထဲမှာ ညဘက်ညဘက်တွေဆို ခွေးတွေအူလိုက်ကြတာဗျာ ... တော်တော်နဲ့ကို မပြီးနိုင်ဘူး၊ နားကို ငြီးကရောပဲဗျို့"

ဦးရောက ထိုကဲ့သို့ပြောဆိုနေရင်းမှ ရင်မောင်၏အရိပ်အခြည်ကို မသိမသာ အကဲခတ်နေပါ၏။ ထိုစဉ်မှာပင် ကြောင်ငေးငေးနှင့် ပယောဂမှီနေသကဲ့သို့ဖြစ်နေသည့် ရင်မောင်၏ပါးစပ်မှ စကားတချို့က အမှတ်မထင် ထွက်ကျလာခဲ့ပါချေပြီကော။

"ဟုတ် ... ဟုတ်ပါတယ် ဆရာကြီးရယ်၊ အဲ ... အဲ ... အဲဒီ အဲဒီခွေးအူသံကြီးတွေ အူပြီးသွားရင်လေ ဟို ... ဟို မည်းမည်းကောင်ကြီး ရောက် ... ရောက်လာတတ်တယ် ဆရာကြီးရဲ့"

"ဟေ"

"ဘာ ... ဘာပြောတယ် ... မည်းမည်းကောင်ကြီး ... ဟုတ်လား၊ ဘယ်က မည်းမည်းကောင်ကြီးလဲ မောင်ရင်မောင်"

ဦးသူတော်နှင့် ဦးရောတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့သြမှင်တက်သွားကြသလို အိပ်ခန်းထဲသို့ ဝင်လာသည့် အဘထော်မှာလည်း ကြားလိုက်ရသည့်စကား





ကြောင့် ခြေလှမ်းများပင် တန့်သွားပါလေ၏။

"ဟုတ် ... ဟုတ်ပါတယ် ဆရာကြီး၊ မည်းမည်းကောင်ကြီးတစ်ကောင် ကျွန်တော့်ဆီကို ည ည ... သန်းခေါင်ကျော်တာနဲ့ ဟို ... ဟို ... ခွေးအူသံကြီးတွေနဲ့အတူ ရောက်ရောက်လာတတ်တယ်၊ ပြီးရင် ကျွန်တော် ဘာမှမသိတဲ့ သူ့ရဲ့လက်ဖျံရိုးတစ်ချောင်းကို သဲကြီးမဲကြီးတောင်းနေတာ ကြာပြီဆရာကြီးရယ်"

ဗိန္ဒောဆရာကြီးဦးရောနှင့် ကပ္ပိယကြီးဦးသူတော်တို့မှာ ရင်မောင်၏စကားကို စိတ်ဝင်တစား နားထောင်နေကြရာမှ လက်ဖျံရိုးတစ်ချောင်းကို လာတောင်းနေသည့် မည်းမည်းကောင်ကြီး ဆိုသည်ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဘာကွဲ့ ... လက်ဖျံရိုးတစ်ချောင်း လာတောင်းတယ် ... ဟုတ်လား၊ နေပါဦး ... ဘယ်သူ့ရဲ့လက်ဖျံရိုးမို့လို့ မင်းဆီကို လာလာပြီးတောင်းနေရတာတဲ့လဲ ... ဟင်"

"မ ... မ ... မအောင်ဖြူ ... မအောင်ဖြူတဲ့၊ ဟုတ်တယ် ... ဟို ... ဟို ... ဖုန်းဆိုးကုန်းမှာ နေတယ်ဆိုလားပဲ ဆရာကြီးရယ်၊ ကျွန်တော်လည်း မ ... မသိပါဘူး"

"ဘာကွယ့် ... မအောင်ဖြူ ... ဟုတ်လား၊ ဖုန်းဆိုး



www.burmeseclassic.com

www.burmeseclassic.com



ကုန်းသူ မအောင်ဖြူတဲ့လား''

ကပ္ပိယကြီးဦးသူတော်မှာ သောက်လက်စရေနွေးကြမ်းများပင် သီးသွားလုခမန်း မအောင်ဖြူဆိုသောနာမည်ကို ကြားလိုက်ရသည်နှင့် မျက်လုံးများပင် ပြူးကျယ်သွားပါလေ၏။

''ဟုတ် ...ဟုတ်ပါတယ်၊ သူ့ကိုယ်သူ ငါ့နာမည်က မအောင်ဖြူ၊ ဟိုးက ဖုန်းဆိုးကုန်းမှာနေတာလို့ ပြော ...ပြောသွားပါတယ် ဆ ...ဆရာကြီး၊ ဆရာကြီးတို့ သိ ...သိလို့လား''

ရင်မောင့်ထံမှ အဖြေစကားကို ကြားလိုက်ရသည်နှင့် ဗိန္ဓောဆရာကြီးဦးရောနှင့် ကပ္ပိယကြီးဦးသူတော်တို့မှာ ခေါင်းတညိတ်ညိတ်ဖြစ်သွားကြသည်။

''အင်း ...ထင်တော့ထင်သား၊ ရောက်စကတည်းက မောင်ရင်မောင်ကို ကျုပ်တို့ အကဲခတ်နေကြတာ၊ သာမန်နေမကောင်းရုံလောက်တော့ မဟုတ်နိုင်ပါဘူးလို့လေ''

''ဟုတ်တယ် ဦးသူတော် ...မျက်လုံးကလည်း ဂနာမငြိမ်ဘူး၊ ပုံသဏ္ဌာန်ကြည့်ရတာကလည်း တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေတဲ့ပုံနဲ့၊ စိတ်ကလည်း ဂနာမငြိမ်တော့ အင်း ...မဟုတ်မှ လွဲရော ...အမှောင့်ပယောဂတစ်ခုခု နှောင့်ယှက်ခံ





ထားရတာလို့ ကျုပ်တွက်ထားတာဗျ''

''ဘုရား ...ဘုရား ...မထိတ်သာမလန့်သာ ရှိလိုက်တာ လူကလေးရယ်၊ အဘတို့ မြို့ကိုသွားနေတုန်း လူကလေး ဘယ်နေရာတွေများ သွားမိသေးလဲ ...ပြောစမ်း''

အဘထော်မှာ ယခုမှ အကြောင်းစုံသိလိုက်ရသည် ထင့်။ ရင်မောင့်အတွက် စိုးရိမ်ပူပန်စိတ်တို့က ဆူဝေပွက်လျှံလာပါလေ၏။

''ရော် ...ဒီကောင် ဖုန်းဆိုးကုန်းဘက်ကိုများ မြွေဖမ်းရင်း ရောက်သွားတယ်ထင်တယ် ...ဟုတ်လား ရင်မောင်''

မှဆိုးကြီးဦးရဲထိက အပိုင်မေးခွန်းတစ်ခု ထုတ်လိုက်သည့်အောက်တွင် ရင်မောင်မှာ ခေါင်းကြီးငုံ့ကာ ငြိမ်သက်စွာဖြင့် ခံနေသည့်အလား။ မျက်လုံးအစုံကမူ စောစောကလောက် မျက်ကလဲဆန်ပျာမဖြစ်တော့။

''အင်း ...သေချာတယ် ကိုရဲထိ၊ ဒီကောင်လေး ခင်ဗျားတို့မရှိတုန်း မြွေဖမ်းရင်းနဲ့ ဖုန်းဆိုးကုန်းဘက်ကို နယ်ကျွံရောက်သွားရင်းက မအောင်ဖြူသချိုင်းပျက်ဆီကို ရောက်သွားတာဖြစ်မယ်၊ မောင်ရင်မောင်က ဒီနယ်ကိုရောက်လာတာ မကြာသေးတော့ ဖုန်းဆိုးကုန်းနဲ့ မအောင်ဖြူသချိုင်းပျက်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သိနိုင်ပါဦးမလဲလေ”

ဗိန္ဓောဆရာကြီးဦးရောမှာ ယခုမှပင် ရင်မောင်၏ ရောဂါအခြေအနေနှင့် ဇာစ်မြစ်ကို ခပ်ရေးရေးမျှပင် သိလာခဲ့ရပါပြီ။

“ဟုတ်တယ် ဦးရော၊ ကျုပ်လည်း သူတို့ကို ဖုန်းဆိုးကုန်းနဲ့ပတ်သက်ပြီး ပြောမပြရသေးဘူး၊ ရောက်တာကလည်း သိပ်မကြာသေးတာရယ်, ကျုပ်ကိုယ်တိုင်ကလည်း တောတက်နေတာ များတော့ သတိမပေးဖြစ်ခဲ့တာပါ …”။

ဒီလို ကိုထော်ရဲ့ …ကျုပ်တို့နယ်မြေဟာ ကုန်းငါးကုန်းနဲ့တည်ထားတဲ့ ရွာနယ်စဉ်လေးတွေဗျ၊ ကျုပ်တို့နေတဲ့ နတ်ရဲကုန်းက အလယ်ကောင်က၊ ဟိုဘက်အစမှာ သိမ်ကြီးကုန်းတို့ ငွေယားကုန်းတို့ဆိုတာ ရှိတယ်၊ နတ်ရဲကုန်းနဲ့ ဒီဘက်ဆက်လျက်က ရွှေလှောင်ကုန်း၊ ဟိုဘက် ဝေါ်ရာတောင်ခြေနဲ့ ထိစပ်နေတာကတော့ နာမည်ကျော် ဖုန်းဆိုးကုန်းဆိုတဲ့ ရွာပျက်ကြီးတစ်ခုပဲ ရှိတော့တယ် …။

အင်း …အဲဒီဖုန်းဆိုးကုန်းဆိုတာ ဒုတိယကမ္ဘာစစ်မတိုင်ခင်အထိကတော့ တော်တော်စည်ကားတဲ့ ရွာကြီးတစ်ရွာပေါ့၊ အခုတော့ နယ်ချဲ့တွေရဲ့ စစ်ဘေးစစ်ဒဏ်တွေနဲ့ ကပ်ရောဂါဆိုးကြီးကြောင့် တစ်ရွာလုံးအထိနာ သေကျေပျက်စီးခဲ့ကြရာက





နောက်ဆုံး ရွာပျက်ကြီးတစ်ခုလို ဖြစ်သွားပြီး တောဖုံးသွားခဲ့တယ်လေ၊ အဲဒီဖုန်းဆိုးကုန်းရွာပျက်ကြီးရဲ့ သချိုင်းပျက်နေရာကို တူတော်မောင်ရောက်သွားတာ ဖြစ်မယ် ကိုထော်ရဲ့၊ ဒီမှာရင်မောင် …မင်း ဦးကြီးကို မှန်မှန်ပြောစမ်း …ဖုန်းဆိုးကုန်းသချိုင်းပျက်ကြီးထဲက လူရိုးတွေ့ဘာတွေများ မင်း ယောင်မှားပြီး ယူခဲ့မိတာမျိုး ရှိလား …ဟင်”

“ဟာ …ပေါက်ပေါက်ရှာရှာ ဦးကြီးရယ်၊ ကျွန်တော်က သချိုင်းကလူရိုးတွေကို ဘာဖြစ်လို့ ယူလာရမှာလဲဗျ၊ ဒါပေမဲ့ ဦးကြီးပြောတဲ့ ဖုန်းဆိုးကုန်းလား, ဘာလားတော့ မသိဘူး၊ ဦးကြီးတို့ မြို့တက်သွားတဲ့ နောက်တစ်နေ့ ကျွန်တော် မြွေဖမ်းထွက်ရင်း တောအုပ်ထူထူကြီးတစ်ခုထဲကို နယ်ကျွံပြီး ရောက်သွားခဲ့တယ်”

ဦးကြီးရဲထိ၏ စကားဆုံးသည်နှင့် ရင်မောင်က လူရိုးကိစ္စကို ငြင်းဆန်ခဲ့သော်လည်း ဖုန်းဆိုးကုန်းဖြစ်ဟန်တူသည့် ရွာပျက်တောနက်ကြီးတစ်ခုထဲသို့ သူ နယ်ကျွံ၍ ရောက်ရှိသွားခဲ့ခြင်းကိုမူ ဝန်ခံလိုက်ပါတော့သည်။

“အင်း …ထင်တော့ထင်သား၊ ရောက်မယ့်ရောက်တော့လည်း ဘယ်မှဆိုးမှတောင် ခြေဦးမလှည့်ရဲတဲ့ ဖုန်းဆိုးကုန်းထဲကို ရောက်သွားတော့တာပဲကိုး၊ ဒါပေမဲ့ အဲဒီဖုန်းဆိုးကုန်းက



www.burmeseclassic.com

www.burmeseclassic.com



နေပြီး မင်း တစ်ခုခုတော့ ယူလာလိမ့်မယ်ထင်တယ်၊ ဟိုလေကွာ မင်း မရည်ရွယ်ဘဲနဲ့ဖြစ်စေ, မသိလို့ဖြစ်စေ သင်္ချိုင်းပျက်ကြီးထဲ ကနေ မင်း တစ်ခုခုယူလာခဲ့လို့သာ ညတိုင်း မင်းဆီကိုလိုက်လာ ပြီး သဲကြီးမဲကြီးတောင်းနေတာပဲ ဖြစ်ရမယ်၊ အဲဒီတော့ မင်း သေသေချာချာ စဉ်းစားပါဦး မောင်ရင်မောင်''

ကပ္ပိယကြီးဦးသူတော်ကပါ သေချာပေါက်ပြောဆိုနေ သဖြင့် ရင်မောင်မှာ လွန်ခဲ့သည့်တစ်ပတ်လောက်က တောနက် ကြီးတစ်ခုထဲဝယ် သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်၍စဉ်းစားနေမိရင်း သတိရသလောက် ကပ္ပိယကြီးဦးသူတော် တို့လူစုအား ပြန်လည်၍ ပြောပြနေပါတော့သည်။

## စာ ၅ (၄)

## ဖုန်းဆိုးကုန်းမှ ထူးခြားဆန်းကြယ်ဖြစ်ရပ်ဆန်းများ

စင်စစ် ထိုနေ့က ရင်မောင်တစ်ယောက် နေ့ခင်းကြောင် တောင် တောခြောက်ခံရသည်လား၊ သရဲခြောက်ခံရသည်လား တစ်ခုခုတော့ ခြောက်လှန့်ခြင်း ခံလိုက်ရသည်ကတော့ အမှန် ဘကယ်ပင်ဖြစ်ပါ၏။

အမှန်ဆိုလျှင် အဘိုးနှင့် ဦးကြီးရဲထီတို့နှစ်ယောက်စလုံး မရှိကြသည့်အတွက်လည်း ရင်မောင် မြွေဖမ်းရင်း တောလည် ထွက်ခဲ့ခြင်းဖြစ်သည်။ ပျင်းပျင်းရှိသည်နှင့် အိမ်ထဲမှာ အောင်း နေမည့်အစား မြွေရှာထွက်ခြင်းက သင့်တော်သည်ဟုလည်း ယူဆမိသဖြင့် ထုံးစံအတိုင်း ပခြုပ်နှစ်လုံးကိုထမ်းလျက် ခွ ထောက်တစ်ချောင်းနှင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ဖြစ်ချင်တော့ ထိုနေ့က မြွေတစ်ကောင်တစ်မြီး



www.burmeseclassic.com

www.burmeseclassic.com



မှ မတွေ့ရသည့်အပြင် ထူးထူးခြားခြား မြွေနံ့ပင်မရခဲ့ဘဲ နတ်ရဲ ကုန်းတောကြီးကို ကျော်လွန်လာခဲ့သည်။ အဆင်သင့်ပါလာသည့် ခေါ်ပုပ်သုံးချပ်နှင့် သောက်ရေအနည်းငယ်ကို လမ်းသွားရင်းမှာပင် စားသောက်ပစ်လိုက်သည်။ မွန်းတည့်နေကိုကျော်လွန်လာတော့ ချုံနွယ်များစိတ်လာပြီး တောအုပ်က ထူထပ်လာခဲ့သည်။

"အင်း . . . ချုံနွယ်တွေ ပိတ်ဖုံးလာပြီး လမ်းတောင်ပျောက်လုလုဖြစ်နေပြီ၊ အနေအထားကတော့ မြွေသတ္တဝါတွေ အကြိုက်ပဲ၊ ထွက်လာတဲ့နောက်တော့ မြွေတစ်ကောင်နှစ်ကောင်လောက်တော့ ရအောင်ဖမ်းသွားမှဖြစ်မယ်"

ရင်မောင်တစ်ယောက် မြွေဖမ်းယူလိုသည့်ဇောဖြင့် နက်ရှိုင်းသောတောကို တိုးဝင်လာခဲ့သည်။ တစ်နေရာတွင် ကျွန်းတိုင်လုံးကြီးများနှင့် ကျောင်းပျက်ကြီးလိုလို ဇရပ်ပျက်ကြီးလိုလို အဆောက်အအုံပျက်ကြီးတစ်ခုက ချုံနွယ်များဖြင့် ရစ်ပတ်ပိတ်ဖုံးလျက် တွေ့မြင်လိုက်ရသည်။

"အလို . . . ဘယ်လိုဖြစ်တာလဲ၊ တောကြီးမျက်မည်းထဲမှာ ဒီလိုအဆောက်အအုံပျက်ကြီးတစ်ခု ရှိနေတာကတော့ အံ့ဩစရာပဲ၊ ဒါ . . . ဒါ . . . ဘယ်နေရာပါလိမ့်၊ ရွှေ . . . ရွှေလှောင်ကုန်းတောကြီးကို ငါကျော်လာခဲ့ပြီထင်တယ်"





ရင်မောင်မှာ မျက်စိရှေ့တွင် တွေ့မြင်နေရသော သစ် င်ချုံနွယ်များဖြင့် ပိတ်ဖုံးလျက်ရှိသော အဆောက်အအုံပျက်ကြီး ကို ထူးဆန်းအံ့ဩစွာ ငေးမောကြည့်နေမိပါ၏။ ဟုတ်သည်။ ကြီးမားလှသော ကျွန်းတိုင်လုံးကြီးများက တချို့ မြေတွင်လဲ လျောင်းလျက်၊ တချို့ကမူ မြေကြီးထဲတွင် တစ်ဝက်ခန့် နစ်မြုပ် က်ရှိသည်ကိုလည်း တွေ့မြင်လိုက်ရသည်။

"ဘုရား . . . ဘုရား . . . ငါ ဘယ်နေရာကို ရောက်နေ ာပါလိမ့်၊ ဒါ ဇရပ်ပျက်ကြီးလား, ကျောင်းပျက်ကြီးလား သိဘူး၊ ဘယ်လိုဖြစ်ပြီး ဒီနေရာမှာ ရှိနေရတာလဲ"

ရင်မောင်တစ်ယောက် ထူးဆန်းလှသောမြင်ကွင်း ကြောင့် မြွေဖမ်းရန်ပင် သတိမရပါလေတော့။ တရွေ့ရွေ့နှင့် ပ်ကျောင်းပျက်ကြီးအား လှည့်ပတ်လေ့လာရင်း ကျောင်းပျက် ကြီး၏မြောက်ဘက်တွင် သချိုင်းအုတ်ဂူပျက်ကြီးများလိုလို မှတ် င်အပျက်အစီးများနှင့် အုတ်ဂူပျက်တချို့ကိုပါ မြင်တွေ့လိုက်ရ သည်။

"ဟာ . . . ဒါ . . . ဒါ . . . သင်း . . . သချိုင်းပျက်ကြီး ပဲလား၊ အုတ် . . . အုတ်ဂူပျက်တွေ, မှတ် . . . မှတ်တိုင်တွေနဲ့ ုရား . . . ဘုရား . . . ငါ . . . ငါ နေရာမှားတာလား, တော



www.burmeseclassic.com

www.burmeseclassic.com



... တောချောက်တာလားမသိဘူး''

ရင်မောင်တစ်ယောက်တည်း မျက်လုံးပြူး မျက်ဆန်ပြူး နှင့် ထိတ်လန့်ချောက်ချားနေစဉ် သူ၏ခြေထောက်တစ်ဖက် နင်း ထားသည့် မြေစိုင်မြေခဲတချို့က အောက်သို့ တဝေါဝေါနှင့် ပြုတ်ကျသွားပါလေ၏။

''ဟာ ... ဘာ ... ဘာဖြစ်တာလဲ''

ကြောက်လန့်တကြား ခုန်ဆုတ်လိုက်ပြီး မြေပြိုကျ နေရာကို ရင်မောင် လှမ်းကြည့်လိုက်တော့ ချုံပုတ်ကြီးတစ်ခုအ မှ မြေများပြိုအက်ကျနေသည့် မြေတွင်းကြီးတစ်တွင်းကိုပါ ထပ် ၍ တွေ့မြင်လိုက်ရသည်။

''ဟော ... မြေ ... မြေတွင်းကြီးတစ်တွင်းပါလား''

ရင်မောင်မှ ထိုမြေတွင်းကြီးအနီးသို့ တိုးကပ်ကာကြည့် လိုက်သည်။ တွင်းကြီးထဲတွင် မြေအောက်သို့ဆင်းသွားသည့် ကျောက်လှေကားထစ်များကို တွေ့ရှိလိုက်ပါ၏။ တချို့နေရာများ တွင် မြေစိုင်မြေခဲများ ဖုံးလွှမ်းနေသည်မှလွဲ၍ မြေအောက်သို့ဆင်း သည့် ကျောက်လှေကားကြီးကို တအံ့တသြ တွေ့မြင်နေရသည်

''ဟင် ... အောက်ကိုဆင်းတဲ့ ကျောက်လှေကားကြီး လည်း အဆင်သင့်ပါလား၊ အင်း ... ငါဆင်းကြည့်ရင် ကောင်း





မလားပဲ ငါတစ်ယောက်တည်းဆိုတော့ အန္တရာယ်ရှိရင် ဘယ်လို လုပ်မလဲ''

ရင်မောင် မြေတွင်းကြီးထဲသို့ ဆင်းသင့်မဆင်းသင့် ချိန်ဆနေပါ၏။ မိုက်မိုက်မဲမဲနှင့် ဆင်းမည်ဆိုလျှင်လည်း သူ့ထံ တွင် မြွေဖမ်းသည့် ခွတုတ်တစ်ချောင်းနှင့် လိုရမယ်ရဆောင်ထား သည့် ဓားမြှောင်တိုတစ်ချောင်းသာ ပါရှိခဲ့သည်။ အကယ်၍ မြေတွင်းကြီးထဲတွင် သတ္တဝါကြီးတစ်ကောင်ကောင်နှင့်သာ ရင် ဆိုင်တိုးခဲ့လျှင် ...။

ထိုစဉ် ရင်မောင်၏နောက်ကျောသို့ တစ်စုံတစ်ခုက တိုး ဝင်ထိတွေ့နေသလို ခံစားလိုက်ရသဖြင့် ဖျတ်ခနဲ နောက်သို့ လှည့်ကြည့်လိုက်သည်တွင် ...

''ဟာ ... ဘာ ... ဘာ ... ဘာကောင်တွေလဲ''

သူ၏နောက်ဘက်ရှိ ချုံနွယ်များပေါ်မှ တလှုပ်လှုပ်နှင့် လှုပ်ယမ်းနေသည့် နွယ်စိမ်းရှည်ရှည်လေးများက ရင်မောင်၏ နောက်ကျောသို့ တို့ထိဆော့ကစားနေကြခြင်းဖြစ်သည်။

''ဒီ ... ဒီ ... နွယ်ပင်တန်းတွေက လေလည်းမတိုက်၊ ဘာမတိုက်နဲ့ ဘာဖြစ်လို့များ လှုပ်ယမ်းနေကြတာပါလိမ့်၊ ဘုရား ... ဘုရား ... ငါ ဒီနေ့ တွေ့ကြုံနေရတာတွေအားလုံး အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းတွေချည်းပါလား၊ ကျွန်တော့် တစ်ခုခုလွဲနေပြီထင် တယ်''

ရင်မောင်မှာ မသင်္ကာဖြစ်လာသဖြင့် အနီးကပ် သေချာ ကြည့်လိုက်မိသည်တွင် ...

''ဟာ ...''

သူ၏ကျောပြင်အား တို့ထိနေသည့် နွယ်ပင်မှာ ရိုးရိုး သာမန်နွယ်ပင် မဟုတ်။ နှစ်ထွာခန့်ရှိသည့် နွယ်ပင်ရှည်၏ သုံးပုံနှစ်ပုံခန့်မှာ သက်ဝင်လှုပ်ရှားနေသည့် မြွေတစ်ကောင်ဖြစ်နေ သည်ကို ထူးခြားအံ့သြစွာ တွေ့မြင်လိုက်ရပါချေပြီတည်း။

ထိုသို့ လှုပ်ရှားနေကြသည့် နွယ်ပင် သို့မဟုတ် မြွေစိမ်း လေးများက အထွေးလိုက်ရှိပြီး တစ်ကောင်နှင့်တစ်ကောင် ရစ် ထွေးပြီး ခေါင်းထောင်ကာ လူးလွန့်နေကြသည်ကို နီးကပ်စွာ တွေ့မြင်လိုက်ရသည်နှင့် ...

''ဟာ ... အမယ်လေး ... မြွေ ... မြွေတွေ ... တစ္ဆေမြွေတွေ''

ရင်မောင် ကြောက်လန့်တကြားဖြင့် နောက်ဘက်သို့ ခုန်ဆုတ်လိုက်သည်တွင် ပွင့်ဟနေသော မြေတွင်းကြီးထဲသို့ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားပါလေတော့သည်။





''ဟာ ... အမယ်လေး ... အား''

'ဝုန်း ..ဖရော ..ဖျော ..ဖရော'

ကံအားလျော်စွာ ရင်မောင်ခမျာ ကျောက်လှေကားထစ် ထောင့်ချိုးတစ်နေရာတွင် ရပ်တန့်သွားပါ၏။ မြွေပခြုပ်ခြင်းနှစ် လုံးက ခန္ဓာကိုယ်တွင် ရစ်ပတ်ကာ ကျောကုန်းအောက်တွင် ခုပေးသကဲ့သို့ဖြစ်နေ၍ အကျမနာခဲ့။ သို့သော် ခွတုတ်ကမူ လက်ထဲမှလွတ်ကာ မြေတွင်းအောက်ခြေထိတိုင် လွင့်စဉ်ကျသွား ခဲ့သည်။

အား ... ကျွတ် ... ကျွတ် ...

နာကျင်နေသည့်ကြားမှ ရင်မောင်တစ်ယောက် မြေတွင်း ကြီးထဲမှ ကပျာကယာပြေး၍ တက်လာခဲ့သည်။ မြေတွင်းပေါ် ရောက်လာတော့ သူထွက်မည့်လမ်းကြောင်းတွင် မြွေစိမ်းတစ္ဆေ ကောင်များက မာန်တပြင်းပြင်းနှင့် ပိတ်ဆို့ထားလျက်ရှိသည်ကို ထိတ်လန့်တကြား တွေ့မြင်လိုက်ရပါတော့သည်။

''ဟာ ... မြွေ ... မြွေစိမ်းတစ္ဆေကောင်တွေ အများ ကြီး ဖြစ်နေပါရောလား''

ဟုတ်သည်။ စောစောပိုင်းက ချုံနွယ်ကြီးတစ်ခုဟု ထင် မှတ်နေရသည့် အရွက်ဖားဖားနှင့် ချုံနွယ်များသည် ယခု အ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းရင့်ရောင်နွယ်ကြိုးများ တစ်ကြိုးနှင့်တစ်ကြိုး ရစ်ပတ်လိမ်ခွေကာ တစ်စုတစ်စ မြွေစိမ်းမြီးခြောက်ကောင်များသဖွယ် မာန်တပြင်ပြင် ခေါင်းတထောင်ထောင်နှင့်။

ထိုမြွေစိမ်းကောင်များကို ဖြတ်ကျော်နိုင်ရန် ရင်မောင့်တွင် တိုက်ခိုက်ရန် လက်နက်မရှိတော့။ ခွတုတ်နှင့် ထမ်းပိုးက မြေတွင်းကြီးထဲတွင် ကျန်ရစ်ခဲ့ပြီ မဟုတ်ပါလား။ လက်နက်တစ်ခုခု ရလိုရငြား ရင်မောင်မှာ နံဘေးနံဘီသို့ ဝေ့ကြည့်လိုက်သည်။

"ဟော ...ဟို ...ဟိုမှာ ...တုတ် ...တုတ်တိုတစ်ချောင်း"

ရင်မောင် ကံကောင်းသွားသည် ထင့်။ ကုန်းမို့မို့တစ်ခုအနီးတွင် ချေးညှိများတက်နေသည့် တစ်တောင်သာသာခန့် တုတ်တိုတစ်ချောင်းကို တွေ့လိုက်ရသဖြင့် ...

ကပျာကယာ ကောက်ယူလိုက်သည်။ ထို့နောက်မှာတော့ သူသွားမည့်လမ်းတွင် ပိတ်ဆို့နေကြသည့် နွယ်ပင်တစ်ဖြစ်လဲ မြွေစိမ်းကောင်များ၏ မာန်ဝင့်နေသည့် ဦးခေါင်းများကို လွှဲ၍ ရိုက်ဖယ်ကာ ထိုနေရာမှ တစ်ရှိန်ထိုးထွက်ပြေးလာခဲ့ပါတော့သည်။

"ကိုင်းဟာ ...သေစမ်းကွာ ...သေစမ်း"

---

☆ ခု နစ် ဝဉ် ကြယ် တ ပေ ☆



'ရှီ ..ရှီ ..ရှီ ..ရှီ ..ရှီ'

"ဟေး ဟေး ဟီး ဟီး ဟီး ဟိုး ဟိုး ဟိုး"

တစ်ချိန်တည်းမှာပင် နောက်ပိုင်းတွင်ကျန်ရစ်ခဲ့သော မြေတွင်းကြီးထဲမှလိုလို၊ နွယ်စိမ်းများနှင့် မြွေစိမ်းမြီးခြောက်ကောင်များ လုံးထွေးရစ်ပတ်နေသည့် မြေနွယ်ခွေရှင်ကြီးများထံမှလိုလို ဘဟီးဟီးတဟားဟားနှင့် ဟစ်အော်ညည်းညူရယ်မောသံကြီးများက နာနာဘာဝ မကောင်းဆိုးဝါးတောကြီးထဲဝယ် ပဲ့တင်ညံလျက် ကျန်ရစ်ခဲ့ပါတော့သတည်း။

www.burmeseclassic.com

စာစု (၅)

## မအောင်ဖြူ၏ လက်ဖျံရိုးတစ်ချောင်း

တောရိပ်တောင်ရိပ်များ ဖုံးလွှမ်းနေသည့် နတ်ရဲကုန်း ရွာကြီး၏ အမှောင်ရိပ်များက တောင်စွယ်နေမကွယ်ခင်လေးမှာ ပင် စောစီးစွာ ကျရောက်လာပါ၏။ မှဆိုးကြီးဦးရဲထိမှာ အိမ်ခန် အတွင်းရှိ ဆီမီးတိုင်နှစ်တိုင်ကို ထွန်းညှိလိုက်သဖြင့် အိမ်ခန်းတ ခုလုံး လင်းထိန်သွားပါ၏။

ရင်မောင်၏ ဖုန်းဆိုးကုန်းမှာတစ်နေ့တာ ဇာတ်လမ်းကို စိတ်ဝင်တစား နားထောင်နေကြသည့် ဆရာကြီးဦးရောတို့လူ မှာ ဇာတ်လမ်းပြီးဆုံးသွားသည့်တိုင် စကားမပြန်နိုင်ကြသေး ထူးခြားသော ဖြစ်ရပ်များနှင့် ရောပွမ်းနေသည့် ရင်မောင် ကြ တွေ့ခဲ့ရသည့် အဖြစ်အပျက်ကြီးထဲတွင် စီးမျောနစ်ဝင်နေကြလေ သည်လား။ အတန်ကြာမှ ကပ္ပိယကြီးဦးသူတော်က သက်ပြင်း





ရှည်ကြီးတစ်ခုချကာ ...

"အင်း ... ကြည့်ရတာ မင်းပြောသလိုသာဆိုရင် ဖုန်း ဆိုးကုန်းရွာပျက်ကြီးနဲ့ သချိုင်းပျက်ကြီးနားအထိ ရောက်ခဲ့ပုံ ရတယ်၊ ဒါပေမဲ့ ကျောက်လှေကားထစ်တွေရှိတဲ့ မြေတွင်းကြီး ဆိုတာတော့ တစ်ခါမှ မကြားဖူးသေးဘူးကွဲ့၊ ကိုင်း ... နေပါဦး ကွဲ့ ... ဟို ... မင်းယူလာခဲ့တဲ့ မြေစိမ်းတွေကိုရိုက်ခဲ့တဲ့ တုတ် တိုလေးဆိုတာရော ... ဘယ်မှာလဲ"

"အေး ... ဟုတ်တယ် မောင်ရင်မောင်၊ ဟိုမြေတွင်း နံဘေး ကုန်းမို့မို့ပေါ်က မင်းယူလာခဲ့တယ်ဆိုတဲ့ တုတ်တိုပိုင်းလေး ကို ပြောနေတာလေ၊ အဲ ... အဲဒါကို မင်း ဘယ်နေရာမှာ ထားခဲ့သလဲ ဆိုတာ"

ကပ္ပိယကြီးဦးသူတော်နှင့် ဗိန္ဒောဆရာကြီးဦးရောတို့က ကုန်းမို့မို့ပေါ်မှ ရင်မောင်ယူလာခဲ့သည်ဆိုသော ရေညှိများဖုံးလွှမ်း နေသည့် တုတ်တိုပိုင်းလေးကို မေးမြန်းစုံစမ်းနေပါချေပြီကော။ သို့သော် ထိုမေးခွန်းကိုမူ ရင်မောင် ချက်ချင်းမဖြေကြားနိုင်။ မျက်စိစုံမှိတ်၍ အတန်ကြာမျှ စဉ်းစားနေပါသေး၏။

ရင်မောင့်ထံမှ အဖြေစကားကို အဘထော်နှင့် ဦးရဲထိ တို့ကလည်း စိတ်ဝင်တစားနှင့် ငံ့လင့်စောင့်စားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ဟုတ်တယ် ... ကျွန်တော့်လက်ထဲက တုတ်တိုပိုင်းနဲ့ မြွေစိမ်းတွေကိုရှင်းပြီး ပြေးထွက်လာခဲ့တာဆိုတော့ အဲဒီတုတ်တိုပိုင်းဟာ ပါကိုပါလာရမှာပေါ့၊ အင်း ... တုတ်တိုပိုင်း လေး ... တုတ်တို ... ဟာ ... သတိရပြီ ... သတိရပြီ၊ တုတ်တိုပိုင်းလေးထားတဲ့နေရာကို ကျွန် ... ကျွန်တော် မှတ် ... မှတ်မိပြီ ဆရာကြီး"

"အေး ... ဟုတ်ပြီ ... ဒါဆိုရင် ဘယ်မှာလဲ၊ ဘယ် နေရာမှာ ထားမိလဲ မောင်ရင်မောင်"

"ဟို ... ဟို ... ဟို ... ဦး ... ဦးကြီးရဲ့ထီရဲ့ ခြံအဝင် ဝက ထင်း ... ထင်းပုံကြီးပေါ်ကို ပစ်တင်လိုက်တယ်လို့ ထင် တယ်ခင်ဗျ၊ အင်း ... ဟုတ်တယ် ... မှတ်မိပြီ ... မှတ်မိပြီ၊ အဲဒီခြံဝကထင်းပုံပေါ်မှာ ရှိကိုရှိရမယ် ဆရာကြီး"

ဤသို့ဖြင့် ကပ္ပိယကြီးဦးသူတော်နှင့် ဆရာကြီးဦးရော တို့ကိုယ်တိုင် လိုက်ပါ၍ ခြံဝရှိ ထင်းပုံပေါ်မှ ထူးဆန်းသော တုတ်တိုတစ်ချောင်း သို့မဟုတ် လက်ဖျံရိုးတစ်ချောင်းကို ရှာဖွေ ကြည့်ကြပါတော့သည်။ ဦးကြီးရဲ့ထီက ဆီမီးတိုင်နှစ်တိုင်ဖြင့် အလင်းအားပေးထားလိုက်ပြီး ထင်းပုံပေါ်သို့ ရင်မောင့်ကိုတက် နိုင်းကာ ရှာဖွေစေပါ၏။





"ရှာပေ့ ... တွေ့အောင်ကို ရှာမှဖြစ်မယ်၊ ငါ့အတွေး သာ မှန်ခဲ့ရင် မင်းယူလာခဲ့တဲ့ တုတ်တိုပိုင်းဟာ သေချာပေါက် မအောင်ဖြူရဲ့ လက်ဖျံရိုးတစ်ချောင်းပဲဖြစ်ရမယ်၊ အေး ... အဲဒီ လက်ဖျံရိုးကိုသာ တွေ့ရရင်တော့ မင်းရဲ့အိပ်မက်ထဲကို သန်း ခေါင်ကျော်တာနဲ့ ရောက်လာလေ့ရှိတဲ့ မအောင်ဖြူ အရိပ်မည်း ကောင်ကြီးဟာ နောက်နောင် ဘယ်တော့မှ ရောက်လာနိုင်စရာ မရှိတော့ဘူးကွယ့်"

မကြာပါ ... ထင်းပုံပေါ်သို့တိုင် တက်ရောက်ရှာဖွေနေ သည့် ရင်မောင့်ထံမှ ရူးရှသောအော်ဟစ်သံတစ်ခုက ထွက်ပေါ် လာခဲ့သည်။

"ဟောဒီမှာ တွေ့ပြီဆရာကြီးရေ ... တွေ့ပြီ၊ လက်ဖျံ ရိုးလား, ဝါးဆစ်ပိတ်တုတ်လားဆိုတာတော့ မသိဘူး, ကျွန် တော်ယူလာခဲ့တာကတော့ အဲဒီတုတ်ပိုင်းလေးပဲ ဆရာကြီး"

ရင်မောင် လှမ်း၍ပေးလိုက်သည့် ပစ္စည်းကို ဆရာကြီး ဦးရော မီးရောင်တွင် သေချာစွာ စစ်ဆေးကြည့်ရှုနေပါ၏။ တုတ် ပိုင်းလေးက ထိပ်နှစ်ဖက်တွင် ဝါးဆစ်ပိတ်လိုလို ဘုနှစ်ခုနှင့် အလယ်တွင် အတန်ငယ်သိမ်နေသည်ကို တွေ့ရသဖြင့် ဦးရဲ့ထီ ာ သေချာစေရန် ဓားတစ်ချောင်းနှင့်ယူ၍ အပေါ်ယံကပ်ညိနေ

www.burmeseclassic.com

သော ရေညှိများကို ခြစ်ထုတ်ပစ်လိုက်သည်။

မကြာမီ ရေညှိရေမှော် အညစ်အကြေးများ ကင်းစ
သွားသည်နှင့် လူတစ်ယောက်၏ လက်ဖျံရိုးကြီးတစ်ချောင်း ဖြ
နေသည်ကို အံ့ဩဖွယ်ရာ မြင်တွေ့လိုက်ကြရပါတော့သည်။

"ဟာ . . . ဒါ . . . ဒါ . . . လူ . . . လူတစ်ယောက်
လက်ဖျံရိုးကြီးပါလား"

"ဟုတ်တယ် အဘထော်ရေ၊ ဒါဟာ မအောင်ဖြူ . . .
မအောင်ဖြူဆိုတဲ့ အရိပ်မည်းကောင်ကြီးရဲ့ လက်ဖျံရိုးကြီးပဲ ဖြစ်
မယ်"

ဦးရဲထိလက်ထဲမှ လက်ဖျံရိုးကြီးကိုကြည့်ကာ အဘ
ထော်တစ်ယောက် မျက်လုံးများပင် ပြူးကျယ်သွားပါလေ
တစ်ဆက်တည်းမှာပင် နေရာတကာ စပ်စပ်စုစုနှင့် လူငယ်
တစ်ဖွတ်ထိုးတဖောက်ကန်း လုပ်တတ်လေ့ရှိသော သူ၏မြေးဖြ
သူ ရင်မောင်ကိုလည်း တအံ့တဩ ကြည့်နေမိပါတော့သည်

"ဟုတ်မယ် ဦးသူတော် . . . ကျုပ်ရဲ့တူတော်မောင်က
ကြောက်ကြောက်လန့်လန့်နဲ့ ဆွဲယူလိုက်တဲ့ တုတ်တိုပိုင်းဟာ
လက်ဖျံရိုးကြီးတစ်ချောင်း ဖြစ်နေတာကို မသိလိုက်လို့ အခု
အိပ်မက်ဆိုးတွေမက်ပြီး စိတ်တွေ ကယောင်ချောက်ချား ဖြစ်





ာကိုး"

"အင်း . . . ဒါကြောင့် လက်ဖျံရိုးပိုင်ရှင် မအောင်ဖြူက
ရဲ့လက်ဖျံရိုးကို အိပ်မက်ထဲမှာထိလိုက်ပြီး သဲသဲမဲမဲတောင်းနေ
ာကိုး။ အင်း . . . ကံကောင်းလို့ အသိဦးပေလို့ပေါ့ကွယ်၊ ကိုင်း
. . ကိုင်း . . . မနက်မိုးလင်းတာနဲ့ အဲဒီလက်ဖျံရိုးကို ဖုန်းဆိုးကုန်း
 သူနေရာမှာ သွားပြီးပြန်ထားလိုက်ပေတော့ မောင်ရင်မောင်
 . . ဟင်း ဟင်း ဟင်း"

ယခုမှပင် အားလုံး သက်ပြင်းကိုယ်စီ ချနိုင်ခဲ့ကြပါပြီ။
မဟုတ်ပါက ရင်မောင်၏ အိပ်မက်ဆိုးသံသရာရှည်ကြီးထဲ
 သူတို့ပါရော၍ မျောပါနေရပါချိမ့်မည်။ သို့တိုင်အောင်
ပွဲယကြီးဦးသူတော်က ရင်မောင့်ကို စိတ်မချနိုင်ရှာသည်ထင့်။
ပ်မံ၍ တိုးတိုးကျိတ်ကျိတ် မှာကြားပြောဆိုနေပါသေးသည်။

"ဒီမှာ မောင်ရင်မောင် . . . ဖုန်းဆိုးကုန်းက သင်္ချိုင်း
ကို ရောက်ခဲ့ရင် မအောင်ဖြူရေ ခင်ဗျားရဲ့ညာလက်ဖျံရိုး
စ်ချောင်းကို ကျုပ်လာပြီးပို့ပေးခဲ့ပြီ၊ နောက်နောင် ကျုပ်နဲ့
ာဒီက နတ်ရဲကုန်းရွာကြီးကို လုံးဝမနှောင့်ယှက်ပါနဲ့တော့လို့
ပြောဆိုပြီး အမျှအတန်းလေးဘာလေး ပေးဝေခဲ့လိုက်ပေါ့ကွယ်"

ဤသို့ဖြင့် ဆေးဆရာကြီးဦးရောနှင့် ကပ္ပိယကြီးဦးသူ



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ပြန်သွားကြပါလေ၏။ အဘထော်နှင့် ဦးရဲထိတို့မှာ ရင်မောင်၏အခြေအနေကို စောင့်ကြည့်နေကြရင်း တော်တော်နှင့် မအိပ်စက်နိုင်ကြ။ သို့သော် သန်းခေါင်ယံကျော်လွန်လာခဲ့သည် အထိ ဘာမျှထူးခြားမှုမရှိသဖြင့် အားလုံး အိပ်ရာဝင်ခဲ့ကြပါ သည်။

ထိုနေ့ညက ကာယကံရှင်ရင်မောင်မှာလည်း တောင် တောင်အီအီတွေးရင်း အိပ်မပျော်နိုင်ခဲ့။ မိုးလင်းလုခါနီးအချိန် မှသာ မှေးခနဲအိပ်ပျော်သွားခဲ့ပါလေတော့သည်။

သို့သော် ထိုညက မည်သည့်အနှောင့်အယှက်မှ ပေါ် မလာတော့ဘဲ မိုးသာ စင်စင်လင်းသွားပါတော့သတည်း။

---

## စာစု (၆)

## သံသေဒဇတို့မွေးဖွားရာ . . . သို့မဟုတ်

ဤနေရာ ဤဒေသ ဤနယ်မြေသည် လွန်ခဲ့သည့် လေးငါးရက်ကျော်လောက်ကမှ သူရောက်ရှိခဲ့ဖူးသည်။ သို့သော် ယခုကဲ့သို့ တောရှင်း၍မူ မသွားရ။ လမ်းများ မှားနေရော့သလား ဟု ရင်မောင်တွေးမိသည်။ မဖြစ်နိုင်။ သူ၏ရှေ့ဆီမှ သစ်ပင်၏ ပင်စည်တွင် သူကိုယ်တိုင် ဓားမြှောင်နှင့် ခုတ်ထစ်ခဲ့သည့် လမ်း ပြမှားခြစ်ရာသုံးခြစ်က လမ်းကြောင်းအမှန်ဖြစ်ကြောင်း သက်သေ ပြနေပါ၏။

သို့တိုင်အောင် လမ်းကြောင်းပျောက်နေခြင်းကို ရင်မောင် တစ်ယောက် မကျေမနပ်ဖြစ်နေသည်ကတော့ အမှန်ပင်။ ပုံမှန် မဟုတ်သောလမ်းမှားခြင်း သို့မဟုတ် လမ်းပျောက်ခြင်း စသည် တို့ကို ရင်မောင် ခံစားနေရသဖြင့် မျက်စိမျက်နှာများပင်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ယွင်းလျက်ရှိပါချေပြီကော။

"ဘယ်လိုလဲ ရင်မောင် ... မင်းဉစ္စာ မဟုတ်သေးပါဘူး၊ ဒီနားတစ်ဝိုက်မှာပဲ တဝဲလည်လည်ဖြစ်နေပြီနော်၊ ထုံးစံအတိုင်း အမှတ်အသားတွေ ဘာတွေ မလုပ်ခဲ့ဘူးလားကွ"

မုဆိုးကြီးဦးရဲထိက ဤနေရာတစ်ဝိုက်တွင်သာ တဝဲလယ်လယ်ဖြစ်နေသည့် ရင်မောင့်ကိုကြည့်ကာ ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ဟာ ... ဦးကြီးကလည်း ... ဟိုမှာ ကျွန်တော်မှတ်ထားခဲ့တဲ့ စားခြစ်ရာသုံးခြစ်ကို မတွေ့ဘူးလား၊ သေသေချာချာကြည့်ပါဦး"

"အင်း ... စားခြစ်လမ်းညွှန်တွေလည်း ဟုတ်နေရဲ့သားနဲ့၊ မင်းပြောတဲ့မြေတွင်းကြီးကို မတွေ့ရဘူးဆိုရင်တော့ တစ်ခုခုတော့ လွဲချော်နေပြီနဲ့တူတယ်"

"ဟုတ်တယ် ရဲထိ၊ ချုံတွေရှင်း သစ်ကိုင်းတွေထွင်သွားနေရကတည်းက ငါ ရိပ်စားမိနေပြီ၊ ကေန္ဒတော့ ငါတို့ကို ကွယ်လိုက်ပြီထင်တယ်၊ အမှန်တော့ လူကလေးရောက်ခဲ့တဲ့နေရာဟာ ဟောဒီနေရာတစ်ဝိုက်မှာပဲ ဖြစ်မယ်၊ အေး ... ဒါပေမဲ့ ငါတို့တစ်တွေ မတွေ့သင့်၊မတွေ့ထိုက်လို့ မတွေ့ကြရတာပဲ





ကလေး"

"ကျွန်တော်ကတော့ နေရာကို သေသေချာချာမှတ်သားကျက်နဲ့ ရှာလို့မတွေ့တာကိုပဲ ဒေါသဖြစ်မိတယ် အဘိုးရာ၊ ... နွယ် ... နွယ်စိမ်းမြွေတွေကိုလည်း မတွေ့ရဘူးဖြစ်နေ ... ဟာ ... ဟို ... ဟိုမှာ အဘိုး ... ဟို ... ဟိုမှာ"

ရင်မောင်ညွှန်ပြရာသို့ အဘထော်လှမ်းကြည့်လိုက်တော့ ...းတက်နေသည့် အရွက်ဖားဖားသစ်ပင်ကြီးအား နွယ်တက်နေသော အစိမ်းရောင်ရင့်ရင့် နွယ်ကြိုးများ ရစ်ပတ်လိမ်ခွေနေသည့် ...ယ်ရုံကြီးတစ်ရုံကို မြင်တွေ့လိုက်ရပါသည်။ သို့သော် ထိုနွယ် ...းပင်ရှည်များမှာ သာမန်နွယ်ပင်များ မဟုတ်ကြပါ။

"ဟာ ... ဟုတ်တယ်ဟေ့ ... နွယ်ပင်တွေက မြွေစိမ်း ...လို တလှုပ်လှုပ်နဲ့ လှုပ်ယမ်းနေကြပါလား"

"အဲ ... ဒါပြောတာပေါ့ အဘိုးရဲ့ ... မြွေတစ္ဆေကောင် ...ဆိုတာ၊ အဲဒီမြွေတစ္ဆေကောင်တွေနားမှာပဲ ဟို ဟိုမြေတွင်း ...ကို တွေ့ရတာလေ၊ ဒါ ... ဒါပေမဲ့ အခုတော့ အဲဒီမြေတွင်း ...နဲ့ ကျောက်ပျက်ကြီးက ထူးထူးဆန်းဆန်းပျောက်နေပြီ"

ရင်မောင်၏စကားကြောင့် အဘိုးဖြစ်သူအဘထော်မှာ ...တပွင့်ပြုံးလိုက်ရင်း နွယ်ပင်မှဖြစ်လာသည့် မြွေစိမ်းဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ချွန်ချွန်လေးများကို မကြောက်မရွံ့ပင် အနီးကပ်ကြည့်ရှုနေပါသည်။ အတန်ကြာမှ ...

"ဩော် ... လူကလေးရယ် ... ဘယ်ကလာ မြေတစ္ဆေခြောက်ရမှာလဲ၊ အဲဒီနွယ်ပင်စိမ်းစိမ်းလေးက သံသေဒဖတွေကွယ့်"

"ဟင် ... အဘိုး ဘာပြောလိုက်တယ် ... သံသေဒဖ ... ဟုတ်လားအဘိုး"

အဘထော်၏စကားကြောင့် ရင်မောင်သာမက မုန်ဆိုးကြီးရဲထိပါ မျက်လုံးပြူးသွားကြပါ၏။

"ဟုတ်တယ်ကွယ့်၊ ဒီကောင်တွေဟာ လူလေးထင်သလို မြေတစ္ဆေတွေ ခြောက်လှန့်နေတာ မဟုတ်ပါဘူးကွယ်၊ နွယ်ပင်နွယ်သီးတွေကဖြစ်တဲ့ သံသေဒဖတွေပဲ၊ အဘပြောတာ မယုံရင် လူလေးရော ရဲထိပါ အနားကိုတိုးကပ်ပြီး ကြည့်ပါလား တချို့က မြေမဖြစ်သေးဘူး ... ဖြစ်ခါနီးအဆင့်ပဲ ရှိသေးတယ် ဒီမှာကြည့်လိုက်"

အဘထော်၏စကားကြောင့် လူးလူးလွန့်လွန့် လှုပ်ရှားနေကြသည့် နွယ်ပင်စိမ်းစိမ်းများကို သေချာစွာ အနီးကပ်ကြည့်လိုက်သည်။ ဟုတ်ပါသည်။ အဘိုးပြောသကဲ့သို့ပင် တစ်ထွာ





ကျော်ခန့်ရှိသည့် နွယ်သီး၏ သုံးပုံတစ်ပုံခန့်က တကယ်ပင် လှုပ်ရှားသက်ဝင်နေသည့် မြွေစိမ်းတစ်ကောင်ဖြစ်နေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရပါချေပြီတည်း။

ကျန်ရစ်ခဲ့သည့် အညှာတစ်ပုံခန့်က ပီပီ နွယ်သီးပင် ရှိနေပါသေး၏။ မကြာမီ တစ်ကိုယ်လုံး မြွေစိမ်းဖြစ်သွားပြီး နွယ်ပင် (အညှာ) မှ ဆင်းသက်သွားတော့မည့်နွယ်ပါတည်း။ ထိုမြွေတစ်ပိုင်း နွယ်သီးတစ်ပိုင်းဖြစ်နေကြသော နွယ်ပင်စိမ်းစိမ်းများက ဟိုသည်လူးလွန့်လျက်။ တစ်ကောင်နှင့်တစ်ကောင် ရစ်ပတ်ကာ ဦးမော့ခေါင်းထောင်နေကြသည်မှာ ပီပီ အသည်းယားဖွယ် မြင်ကွင်းတစ်ခု ဖြစ်နေပါတော့သည်။

"ဘုရား ... ဘုရား ... ထူးဆန်းလိုက်တာ၊ ဒီလိုမျိုး သက်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးသေးဘူးဟေ့၊ ငါ့တူတော်မောင် ရှာရှာဖွေဖွေယူလာခဲ့တဲ့ မအောင်ဖြူရဲ့လက်ဖွဲ့ရိုးကြောင့် ဒီခုလို သံသေဒဖမြွေတွေကို တွေ့ရတာဟေ့ .. ဟင်း .. ဟင်း"

"အေး ... အခု နင်တို့တွေ့ရတဲ့ နွယ်ပင်တွေဟာ ဖြည်းဖြည်း မြွေစိမ်းဖြစ်တော့မယ့် နောက်ဆုံးအဆင့်ကို ရောက်နေကြပြီ၊ တစ်ပတ်လောက်ကြာရင် နွယ်သီးရဲ့အရင်းပိုင်းက ခွာက်သွားပြီး ဟိုဘက်ကအပိုင်းက မြွေစိမ်းဘဝကို ကူးပြောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြီပေါ့ကွယ်''

''ဒါ့ထက် ကျွန်တော် မသိလို့မေးပါရစေ အဘိုးရယ်၊ သံသေဒဖဆိုတာ ဘာကိုခေါ်တာလဲဟင်၊ ဘယ်ကနေ ပေါက်ဖွား လာတာလဲ အဘိုး''

အဘထော်သည် သူ အလွန်နှစ်သက်သော ဆေးပေါ့ လိပ်ကိုဖွာရန် လွယ်အိတ်ညိုကြီးထဲမှ ဆွဲထုတ်လိုက်သည်။ မီးညှိ ရန်အတွက် သစ်သားမီးခြစ်ကို ဆွဲထုတ်လိုက်ပြီး ဆေးပေါ့လိပ် ကြီးကို ပါးစပ်တွင်တပ်လိုက်သည်။ သို့သော် မီးညှိခါနီးမှ ဘာကို သတိရသွားသည် မသိ။ ပါးစပ်မှ ဆေးပေါ့လိပ်ကြီးကို ဆတ်ခနဲ ပြန်ဖြုတ်လိုက်ပြီး မီးခြစ်ကိုပါ လွယ်အိတ်ကြီးထဲသို့ ပြန်၍ထည့် လိုက်ပါတော့၏။ ပြီးမှ လေသံတိုးတိုးနှင့် . . .

''ဟင်း . . . သောက်လို့မဖြစ်သေးပါဘူးလေ''

ဟုတ်သည်။ သည်လို တောစိမ်းတောင်စိမ်း နယ်မြေစိမ်း စိမ်းတွင် မီးခိုးနံ့၊ ဆေးလိပ်နံ့များကို စည်းမဲ့ကမ်းမဲ့ဖြင့် လက် လွတ်စပယ် လွှတ်၍ မဖြစ်သေးပါ။ ဦးရဲထိကတော့ ချုံနွယ်များနှင့် ရောယှက်နေသည့် မြေတစ်ပိုင်းနွယ်တစ်ပိုင်း သံသေဒဖသေ့ ဝါကောင်လေးများကို စိတ်ဝင်တစားနှင့် ကြည့်နေပါ၏။

''အင်း . . . လူလေးသိချင်တဲ့ သံသေဒဖဆိုတာ ဟ





သန္ဓေတစ်မျိုးပဲကွယ့်၊ ရှင်းပြရရင် အရှည်ကြီးပဲ၊ အတိုချုံးပြီးပြော ရရင် သံသေဒဖပဋိသန္ဓေဆိုတာ မိဘမရှိဘဲ အလိုလို ဖြစ်ပေါ် သန္ဓေတည်လာတဲ့ အရာကိုခေါ်တာကွယ့်၊ ရေ မြေ လေ မီး ဓာတ်ကြီးလေးပါးနဲ့ အကြောင်းညီညွတ်ပြီး သက်ရှိတွေဖြစ်ပေါ် လာတာဟာ တကယ်တော့ ဆန်းကြယ်မှုတွေပဲ၊ ငါတို့ကမ္ဘာကြီး မှာ အစ ကနဦးက ဘယ်သက်ရှိသတ္တဝါမှ ရှိကြတာမဟုတ်ဘူး။ သံသေဒဖတွေဟာ နေလအပူဓာတ်တို့ရဲ့ အစွမ်းသတ္တိကြောင့် သက်ရှိအဖြစ်နဲ့ ဒီကမ္ဘာကြီးထဲကို ရောက်ရှိလာခဲ့ကြတယ်''

ပင်အောက်ခြေရှင်း၍ အရိပ်ကောင်းသော သစ်ပင်ရိပ် တစ်ပင်အောက်တွင် အဘထော်နှင့် ရင်မောင်တို့ ထိုင်၍ ခဏနား လိုက်ကြသည်။ ဦးရဲထိမှာ နွယ်ပင်များကို ရှုပ်ပွလူးလွန့်နေသည့် သံသေဒဖမြွေများကို အတန်ကြာမျှကြည့်နေပြီးမှ သူ့အစ်ကိုတော် နှင့် တူတော်မောင်တို့ထိုင်နေသည့် သစ်ပင်ရိပ်အောက်သို့ ဝင် ရောက်ထိုင်လိုက်ပါ၏။

''အင်း . . . ထပ်ပြီးပြောပြရရင် ပဋိသန္ဓေလေးပါးရှိတယ် ကွယ့်၊ အခု မင်းတို့မြင်တွေ့နေရတဲ့ သံသေဒဖပဋိသန္ဓေရယ်, အဏ္ဍဇပဋိသန္ဓေ (၁) ဇလာဗုဇပဋိသန္ဓေနဲ့ ဂဗ္ဘသေယျကပဋိ သန္ဓေရယ်, ဩပပါတိကပဋိသန္ဓေဆိုတာရယ်တွေပဲကွယ့် . . .။



www.burmeseclassic.com

www.burmeseclassic.com

သံသေဒဇပဋိသန္ဓေဆိုတာ ကမ္ဘာဦးလူသားတွေ, ဧ စင်နဲ့ အညှိအဟောက်နေရာတွေက ပေါက်ဖွားလာတဲ့ ပိုးမွှား ကောင်တွေ, ဥပမာ ကြာဝတ်စုံမှာ သန္ဓေတည်တဲ့ ပဒုမဝတီမိ ရား၊ လမုသီးမှာသန္ဓေတည်တဲ့ မယ်လမု၊ မန်ကျည်းပင်မှာသန္ဓေ တည်တဲ့ စိဥ္စမာဏဝိက၊ ဝါးလုံးမှာသန္ဓေတည်တဲ့ ဝေဠုဝတီမိ ရား၊ အဲဒါတွေက သံသေဒဇပဋိသန္ဓေယူပြီး တည်ကြတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေပဲ ...။

နောက်ပြီး အဏ္ဍဇပဋိသန္ဓေဆိုတာကတော့ ဥကနေ သန္ဓေယူကြတဲ့ ကြက်, ဘဲ, ငှက်, ငါးတွေနဲ့ မြွေတွေပဲ လူက လေး၊ ဥပမာ ... ဘဲနဲ့ ဖျိုင်းကိုကြည့်၊ ဘဲဟာ အထီးနဲ့မလိုက်ဘဲ မယ့် ဥဥတယ်၊ ဒါပေမဲ့ အထီးနဲ့လိုက်မှ အကောင်ပေါက်တယ် လေ၊ အဲဒါဟာ ဘာလဲဆိုတော့ လေထဲမှာရှိနေတဲ့ သံသေဒ တွေကို လက်ခံနိုင်တဲ့ စွမ်းအားရှိလို့ အထီးမလိုဘဲ ဘဲဥဥတာ ဒါပေမဲ့ သူ့ရဲ့လက်ခံနိုင်တဲ့စွမ်းအားဟာ အဲဒီလောက်ပဲရှိတယ် အထီးမပါရင် အကောင်မဖြစ်ဘူးကွယ့်၊ အင်း ... ဖျိုင်းကျတော့ အဲဒီလိုမဟုတ်ပြန်ဘူး လူလေးရေ''

''ဟင် ... ဖျိုင်းက ဘယ်လိုအကောင်ပေါက်တာလဲဟင် အဘိုး''





''ဖျိုင်းတွေဟာ တောင်လေလာတဲ့အခါ သူတို့ရဲ့အမြီး ပိုင်းကို လေလာတဲ့ဘက်ကို လှည့်ထားလေ့ရှိတယ်ကွယ့်၊ လေထဲ က သံသေဒဇကို သူလက်ခံနိုင်တဲ့စွမ်းအင် ရှိတယ်လေ၊ အဲဒီ လေထဲက သံသေဒဇကိုလက်ခံပြီး ဥဥတယ်၊ အေး ... ဒါပေမဲ့ ဘဲလိုတော့ အထီးနဲ့လိုက်စရာမလိုဘူးပေါ့၊ အဲဒီလေဥကနေ အကောင်ပေါက်တယ်။ ဒါကြောင့် ဖျိုင်းမှာ အထီးမရှိဘူး။ သူတို့ရဲ့ စွမ်းအားဟာ သံသေဒဇကို လက်ခံနိုင်တယ် လူကလေးရေ''

''ဩော် ... ဒီလိုကျတော့လည်း ဖျိုင်းတွေက ဟန် အကျသား အဘိုးရေ .. ဟင်း ဟင်း''

''ဒီထက်ပိုပြီးဆန်းကြယ်တာ ရှိသေးတယ် လူကလေး ရေ၊ တချို့ငါးတွေကနေ သံသဒအဖြစ် လူသားကို မွေးဖွား တာလည်းရှိသေးတယ် လူကလေးရေ၊ ဥပမာ ငါးကနေမွေးလိုက် တဲ့ 'မစ္ဆဒေဝီ'လို လူသားမလေးမျိုးပေါ့၊ ငါးရဲ့ဗိုက်ကိုခွဲလိုက် တော့ ကလေးလေးကိုတွေ့ရတယ်၊ အဲဒီကလေးလေးကို ဘုရင်က ကောက်ယူပြီးမွေးစားလိုက်တော့ သမီးတော်လေး မစ္ဆဒေဝီရယ် လို့ဖြစ်လာတာ၊ ရာဇဝင်တွေမှာ အနိုင်အမာ တင်ပြထားတာတွေ ရှိသကွယ့် ...။

နောက်ပြီး အင်မတန် လူသိနည်းတဲ့ သံသေဒဇတွေ


www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးတယ်၊ နက်ရှိုင်းသီခေါင်လှတဲ့ တောနက်ကြီးတွေထဲက ရေအိုင်ကြီးတွေမှာလည်း ငါးကနေပေါက်ဖွားတဲ့ 'ရေလူ'ဆိုတာ ရှိသေးတယ်၊ အဲဒီ'ရေလူ'ဟာ ကုန်းပေါ်ကိုရောက်တာနဲ့သေတာပဲ၊ သူတို့ဟာ နက်ရှိုင်းလှတဲ့ ရေအိုင်ကြီးတွေထဲမှာ ငါးတွေနဲ့အတူတကွ နေထိုင်လေ့ရှိတယ်၊ လူသူကင်းရှင်းတဲ့အချိန်ကျမှ ရေမျက်နှာပြင်ပေါ်မှာ ကူးခတ်ရင်း အသက်ရှူလေ့ရှိတယ်လို့ ကြားခဲ့ဖူးတယ်၊ နေဦးကွဲ့ . . . မင်းကိုနားလည်အောင် ရှင်းပြရင်းနဲ့ ပဋိသန္ဓေလေးပါးထဲက နှစ်ပါးကျန်သေးတာ သတိသွားရတယ် . . . ။

အေး . . . ဇလာဗုဇပဋိသန္ဓေဆိုတာကတော့ အဏ္ဍဇပဋိသန္ဓေကနေ ခွဲထွက်လာခဲ့တာကွဲ့၊ သူကတော့ သန္ဓေတည်ပြီးမွေးဖွားတဲ့ ခွေး, နွား, ဆင်, မြင်းစတဲ့ သတ္တဝါတွေနဲ့ ဂဗ္ဘသေယျကပဋိသန္ဓေဆိုတာကတော့ မိခင်ဝမ်းဗိုက်မှာ သန္ဓေတည်ပြီးမွေးဖွားတဲ့ လူစတဲ့ အဆင့်မြင့်သတ္တဝါတွေကို ဆိုလိုတာကွဲ့၊ နောက်ဆုံး 'ဩပပါတိကပဋိသန္ဓေ'ဆိုတဲ့ ဘဝဟောင်းက စုတေပြီး ဘဝသစ်မှာ ခန္ဓာကိုယ်အတ္တဘော အပြည့်အစုံပေါ်ပေါက်လာတဲ့ နတ်, ဗြဟ္မာ, ပြိတ္တာတို့, ငရဲသားတို့ဆိုတာမျိုးတွေပေါ့ကွယ်''

''ဒီလိုဆိုတော့ အခု ကျွန်တော်တို့တွေ နေရတဲ့ ဒီမြွေစိမ်း





လေးတွေက ဘယ်လိုသံသေဒဇ ဖြစ်လာတာလဲ အဘိုး''

''မှတ်ထား လူကလေးရေ . . . မင်းကြားဖူးမှာပေါ့ . . . ပဲပုစွန်ပင်ဆိုတာ စိုက်မိရင် ဘယ်တော့မှမသေဘူး၊ ဆင်တုံးမနွယ်လိုပဲ သိပ်ပြီးအသက်ပြင်းတယ်၊ ဒါပေမဲ့ ပဲပုစွန်ပင်စိုက်သူတွေက ပဲပုစွန်ရုံကြီးတွေကို သုံးနှစ်ထက်ပိုပြီး မထားကြဘူး၊ သည့်ထက်ပိုပြီးကြာသွားခဲ့ရင် အခုလိုပဲ သံသေဒဇမြွေတွေ ဖြစ်သွားတတ်လို့ပဲ၊ အဲဒါကြောင့် အခု လူကလေးမြင်တွေ့နေရတဲ့ မြွေစိမ်းကောင်းတွေဟာ ပဲပုစွန်ပင်ကဖြစ်တဲ့ သံသေဒဇမြွေတွေပဲပေါ့''

အဘထော် ရှင်းပြလိုက်တော့မှပင် ရင်မောင်၏ သံသယစိတ်တို့ ရှင်းသွားပါလေ၏။ သို့တိုင်အောင် မြွေရုံကြီးတစ်ရုံနှယ် အသည်းယားစဖွယ် တစ်ကောင်နှင့်တစ်ကောင် တွန့်လိမ်နေပတ်လျက် မကြာမီ မြွေလားမြောက်တော့မည့် သံသေဒဇပုစွန်မြွေများကိုကြည့်ကာ ရင်မောင်တစ်ယောက် ကျောချမ်းသောသဖြင့် မျက်နှာလွှဲလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## နေရစ်တော့ ဖုန်းဆိုးကုန်းသူ မအောင်ဖြူ

နေမွန်းလွဲသွားပြီဖြစ်သဖြင့် နေရောင်က သစ်ရွက်သ
ခက်များကြားမှ ထိုးဖောက်ကာ ဇွေဇွေစောင်းစောင်း ဖြန့်ကျ
ကျဆင်းနေပါ၏။ တပေါင်းနေဖြစ်သော်လည်း ဖုန်းဆိုးကုန်းေ
ကြီးက သစ်ပင်ဝါးပင်ကြီးများနှင့် ချုံနွယ်များက ထူထပ်သ
သည်းစွာ နေရာယူထားကြသဖြင့် သိပ်မပူပြင်းလှပါ။

အနက်နှင့် အဝါရောင် ပေါင်းစပ်ထားသည့် လင်းသ
ခေါ် ရှဉ့်ပေါကြီးများက တကြုတ်ကြုတ်နှင့် အော်မြည်ရ
တစ်ကိုင်းမှတစ်ကိုင်းသို့ ခုန်လွှားပျံကူးကာ တောသံပေးနေကြ
၏။ ရင်မောင်ပင် မျက်စိရှုန်း၍လေလား၊ အဘထော်ပြောသ
ပင် တောမှောက်၍ နုတ်ဝှက်ထားသည်လေလား မပြောတ
အကြိမ်ကြိမ်ရှာဖွေနေသည့် ဇရပ်ပျက်ကြီးကို နေ့ခင်းမွန်းလွဲ





နာရီထိုးခါနီးမှ ထိုအနီးအနားတစ်ဝိုက်မှာပင် တွေ့ရှိလိုက်ကြပါလေ၏။

"ဟော . . . ဟိုမှာ ကျွန်းတိုင်လုံးကြီး ချုံတွေကြားမှာ လဲနေတာ . . . တွေ့လား ဦးကြီး၊ ဒါ . . . ဒါဆိုရင် ကျောင်းပျက်ကြီးကိုတော့ တွေ့ရပြီ၊ ကျောင်းပျက်ကြီးရဲ့ မြောက်ဘက်လောက်မှာ မြေကျင်းကြီးကို တွေ့ရတာပဲ"

ရင်မောင်ပြောသကဲ့သို့ ကျောင်းပျက်ကြီးကို တွေ့မြင်လိုက်ရပြီဖြစ်သဖြင့် အဘထော်တို့ အားတက်သွားကြပါ၏။ ဟုတ်သည်။ ချုံနွယ်များရစ်ပတ်ဖုံးအုပ်နေဖြင့် ခပ်လှမ်းလှမ်းမှကြည့်လျှင် ကျောင်းပျက်ကြီးကိုမမြင်ရဘဲ ချုံနွယ်ရုံကြီးတစ်ရုံဟုသာ ထင်မြင်မိမှာ သေချာလှသည်။ ဤသို့ဆိုလျှင် ဖုန်းဆိုးကုန်းသည် ရွာပျက်ကြီးတစ်ခုဟု ပြောဆိုခဲ့ကြသည်မှာ မှန်ကန်နေခဲ့ပါလေပြီ။

သို့တိုင်အောင် ကျောက်လှေကားထစ်များနှင့် မြေတွင်းကြီးကမူ ထူးဆန်းစွာ ပျောက်ကွယ်နေပါချေပြီတည်း။ ကျောင်းပျက်ကြီးတစ်ဝိုက်တွင် လှည့်ပတ်၍ ဂရုတစိုက်ရှာဖွေကြသည့်တိုင် ထိုမြေတွင်းကြီးက ထူးဆန်းစွာပင်ပျောက်ချက်သားကောင်းနေ၏။

"အခုမှ ခက်ပြီ အဘိုးရေ . . . အဲဒီမြေတွင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရှာမတွေ့ခဲ့ရင် ဟောဒီလက်ဖွဲ့ရိုးက ဘယ်မှာသွားပြီးထားခဲ့ရမလဲ၊ ဒီလက်ဖွဲ့ရိုးယူစဉ်က မြေတွင်းကြီးရဲ့နံဘေးမှာရှိနေတဲ့ မြေပုံမို့မို့ပေါ်ကနေ ယူလာခဲ့တာဆိုတော့''

''ခဏလေး ငါ့တူ . . . ခဏလေး။ အခုမှ ဦးကြီးသတိရတယ်၊ ဦးကြီးတို့ တစ်ခုခုလွဲချော်နေတာပဲ ဖြစ်ရမယ်၊ အဲဒီတော့ ဦးကြီး တောဝင်တဲ့အခါတိုင်း လုပ်သလို ထမင်းဦးပေါင်းဖြစ်ဖြစ်၊ ကွမ်းယာနဲ့ ငှက်ပျောသီး စတာ‌တွေနဲ့ပဲဖြစ်ဖြစ် ဖုန်းဆိုးကုန်းက အစောင့်အရှောက်ပုဂ္ဂိုလ်တွေ၊ တောပိုင်တောင်ပိုင်၊ ကွင်းပိုင်တွေကို မင်းကိုယ်တိုင်ပူဇော်ပသပြီး မေးမြန်းကြည့်ရင်တော့ အဲဒီမြေတွင်းကြီးကို တွေ့ရလိမ့်မယ်ထင်တယ်''

''ဦးကြီးပြောတာတွေက ဟုတ်ပါပြီ၊ ထမင်းထုပ်မှ ပါမလာကြတာ . . . ဘာနဲ့သွားပြီး တင်မြှောက်ရမှာလဲ''

''မပူနဲ့ . . . ငါ့မှာ ကွမ်းရွက် ဆေး ထုံးနဲ့ ငါစားနေကျကွမ်းဘူးပါတယ်၊ အစ်ကိုတော့်ဆီမှာ ငှက်ပျောသီးကျန်ဦးမယ်ထင်တယ်၊ အဲဒါနဲ့တင်မြှောက်ပြီး တိုင်တည်ကြည့်လိုက်ပေါ့ကွာ''

ယင်းကိစ္စကို အဘထော်ကပါ သဘောကျသဖြင့် ငှက်ပျောသီးနှစ်လုံး အခွံနွှာ၍ ကွမ်းယာတစ်ယာနှင့် ဖက်ရွက်တစ်ခုပေါ်သို့တင်ကာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရင်မောင်ကိုယ်





တိုင် တင်မြှောက်ပူဇော်ပသပါလေ၏။

''ဤဖုန်းဆိုးကုန်းနယ်မြေအား စောင့်ရှောက်ကြကုန်သော တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်ကြီးများနှင့် အစောင့်အရှောက်ပုဂ္ဂိုလ်များခင်ဗျား . . . ဖုန်းဆိုးကုန်းသချိုင်းပျက်ကြီးမှ လက်ဖွဲ့ရိုးတစ်ချောင်းကို မသိမိုက်မှားစွာဖြင့် ယူငင်လာခဲ့မိပါသည်၊ ယခုအခါတွင် ထိုလက်ဖွဲ့ရိုးပိုင်ရှင် မအောင်ဖြူသည် သူ၏လက်ဖွဲ့ရိုးအား ပြန်လည်၍တောင်းယူနေသဖြင့် မူလနေရာသို့ ပြန်လည်ပို့ဆောင်ပေးရပါမည်၊ ထို့ကြောင့် ပုဂ္ဂိုလ်ကြီးများမှ ဝိုင်းဝန်းကူညီပြသပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်၊ ကွမ်းယာနှင့် စားဖွယ်များကိုလည်း မပျက်မကွက် ဆက်သပါသည်''

ကသုတ်ကယက်တိုက်ခတ်နေသည့် တပေါင်းလေရူးတွင် ရင်မောင်၏ ရွတ်ဆိုနေသံလေးများက စီးမျောပဲ့တဖ်လျက်။ အဘထော်နှင့် ဦးကြီးရဲထိတို့က ရင်မောင် တင်မြှောက်ပူဇော်ပသနေသည်ကို နားထောင်ရင်း စောင့်ဆိုင်းနေကြသည်။

ရွတ်ဖတ်ပူဇော်ပြီးသည်နှင့် လူတစ်ရပ်ခန့်ရှိသော သစ်ပင်ခွဆုံတွင် ဖက်ရွက်ခံ၍ထည့်ထားသည့် ကွမ်းယာနှင့် ငှက်ပျောသီးတို့ကို တရိုတသေတင်ထားလိုက်ပါ၏။ ပြီးစီးသွားသည်နှင့် ကျောင်းပျက်ကြီး၏မြောက်ဘက်သို့ ရင်မောင် တန်းတန်းမတ်



www.burmeseclassic.com

www.burmeseclassic.com



မတ်လျှောက်သွားပါ၏။ ကျောင်းပျက်ကြီး၏မြောက်ဘက်တွင် ချုံနွယ်ပိတ်ပေါင်းများမှလွဲ၍ ဘာတစ်ခုမျှ ထွေထွေထူးထူးမရှိလှပါ။

"ဟူး ... ဘယ်လိုမှလည်း ရှာလို့မတွေ့ပါလား"

ရင်မောင်မှာ လက်ဖျံရိုးကြီးကိုကိုင်လျက် စိတ်ဓာတ်ကျစပြုနေပါပြီ။ နောက်ထပ်တစ်နာရီခန့်သာ အချိန်ရတော့မည်။ မကြာမီ ဆည်းဆာနေညိုချိန်သို့ ကျရောက်တော့မည်မဟုတ်ပါလား။ ထိုစဉ်မှာပင် ဝေါခနဲတိုက်ခတ်လိုက်သည့် လေတိုးအရှိန်ကြောင့် ချုံနွယ်သစ်ပင်များ ယိမ်းယိုင်နွဲ့ယမ်းသွားသည်နှင့် ...

"ဟင် ..."

"ဟာ ... ဒါ ... ဒါ ... ဘာကြီးလဲ"

လေတိုက်၍ သစ်ပင်ချုံနွယ်များ ဟိုယိမ်းသည်ယိမ်းဖြစ်သွားသည်နှင့် ချုံနွယ်နောက်ဘက်မှ မြေတွင်းကြီးတစ်တွင်းက ဘွားခနဲ ပေါ်လာခဲ့ပါပြီကော။ ယခု မမျှော်လင့်ဘဲ မြေတွင်းကြီးကို ပြန်တွေ့လိုက်ရတော့ ရင်မောင် ဒိန်းခနဲပင် ရင်ခုန်သွားရပါတော့သည်။

တစ်ဆက်တည်းမှာပင် မြေတွင်းကြီးအနီးမှ သူ လက်ဖျံရိုးယူလာခဲ့သည့် ကုန်းကမူမို့မို့လေးကိုလည်း အပ်ကျမတ်ကျ





တွေ့မြင်လိုက်ကြရပါတော့သတည်း။

"ဟုတ်တယ် အဘိုး၊ ဟို ... ဟိုမှာ ကျွန်တော်ပြောတဲ့မြေ ... မြေတွင်းကြီးကို တွေ့ရပြီ"

"အင်း ... ထူးတော့ထူးဆန်းနေပြီဟေ့၊ ငါတို့ တစ်နေကုန်နီးပါး ဒီနားတစ်ဝိုက်မှာ ခြေရာထပ်လုခမန်း ရှာနေတုန်းကတော့ မတွေ့ရဘဲ ဆိုင်ရာပိုင်ရာတွေကို တင်မြှောက်ပူဇော်ပသလိုက်မှ တွေ့ရတာဆိုတော့ အင်း ... လူကလေးနဲ့ မအောင်ဖြူတို့က ပဋ္ဌာန်းဆက်တွေ ရှိပုံပေါ်တယ်"

"ဟာ ... အဘိုးကလည်း ဒီ ... ဒီ ... လက်ဖျံရိုးကြီးနဲ့ကတော့ ပဋ္ဌာန်းဆက်မရှိချင်ပါဘူး အဘိုးရာ၊ အခုကို တော်တော်လေး ဒုက္ခရောက်နေပြီ"

"ဟား ဟား ဟား ... ကိုယ်တော်ပြောလည်း ပြောစရာဖြစ်နေပြီဟေ့၊ ငါ့တစ်သက်လုံး နတ်ရဲကုန်းမှာနေလာခဲ့တာ၊ ဘာမအောင်ဖြူမှ မတွေ့ခဲ့ရဘူး၊ ငါ့တူတော်မောင်လေး ငါးရက်လောက်ပဲရှိသေးတယ် ... မအောင်ဖြူက အိပ်မက်ထဲထိတောင်လိုက်လာတယ်ဟော့ ... ဟင်း ဟင်း ဟင်း"

ဦးရဲထိတို့ညီအစ်ကိုနှစ်ယောက်မှာ ရင်မောင့်ကို နောက်ပြောင်စကြရင်း မြေတွင်းကြီးရှိရာသို့ လျှောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မောင်ကမူ . . . မသိနိုးနားစွာ ယူငင်လာခဲ့မိသော မအောင်ဖြူ၏ လက်ဖျံရိုးကြီးကို မူလတွေ့ရှိခဲ့ရာ ကုန်းမြေမို့မို့လေးပေါ်တွင် သေချာစွာတင်လိုက်ပါ၏။

ထို့နောက် လက်ဖျံရိုးပိုင်ရှင် မအောင်ဖြူဆိုသူအား ရည်ရူးကာ စိတ်မှရည်မှန်း၍ ပြောဆိုလိုက်ပါသည်။

"မအောင်ဖြူဆိုတဲ့ လက်ဖျံရိုးပိုင်ရှင် အရိပ်မည်းကြီးရေ . . . ခင်ဗျားရဲ့တောင်းဆိုချက်အတိုင်း ညာလက်ဖျံရိုးကြီးကို ခင်ဗျားနေထိုင်တဲ့ မူလနေရာမှာပဲ ကျူပ် ပြန်လာပြီးပို့ပေးခဲ့ပါပြီ၊ ဒီနေ့ ဒီအချိန်ကစပြီး ကျူပ်ကို လုံးဝလာပြီး မနှောင့်ယှက်ပါနဲ့တော့ မအောင်ဖြူ ရောက်ရာဘုံဘဝမှာ မအောင်ဖြူတစ်ယောက် ငြိမ်းချမ်းစွာ နေထိုင်နိုင်ပါစေ"

"ဒါထက် နင်တို့တစ်တွေ ဒီမှာ မြေတွင်းကြီးနဲ့ ကျောက်လှေကားရှိတဲ့ မြေအောက်လိုဏ်ဂူကြီးတစ်ခုရှိနေမှန်း မသိကြဘူးလားဟင်"

"ဟာ . . . ကိုထော်ကလည်း . . . ဒီကုန်းငါးကုန်းမှာ ရှိတဲ့သူတွေ အားလုံး ဟောဒီဖုန်းဆိုးကုန်းကို အတတ်နိုင်ဆုံး ရှောင်ကြတယ်၊ ဘယ်သူမှ အသွားအလာ မလုပ်ကြဘူးလေ၊ အားကြီးသရဲခြောက်တာပဲလို့ ပြောကြတယ်၊ နေ့ခင်းကြောင်





တောင်ကြီးတောင်မှ ဒီ ဖုန်းဆိုးကုန်းကနေ ထွက်ပြေးလာကြတဲ့သူတွေ အများကြီးပဲ၊ အခုတောင် မဖြစ်မနေ လက်ဖျံရိုးတစ်ချောင်း ပြန်ပို့ရမှာမို့လို့ လိုက်လာခဲ့တာ၊ ဒီ မအောင်ဖြူကုန်းက သည်းကြီးပဲ ကိုထော်ရ"

ဦးကြီးရဲ့ထိစကားကြောင့် ရင်မောင်ပင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် ဖုန်းဆိုးကုန်းတောကြီးကို လှည့်ပတ်ဝေ့ဝဲ၍ ကြည့်နေမိသည်။ ဟုတ်လည်း ဟုတ်သည်။

ဖုန်းဆိုးကုန်းတောကြီးက မည်သည့်တောနှင့်မျှ မတူ။ ငြင့်မားသော သစ်ပင်အုပ်ကြီးများ၊ ဝါးရုံပင်ကြီးများနှင့် ပိန်းပိတ်မတတ် ထူထပ်နက်ရှိုင်းသော တောကြီးဖြစ်နေပါ၏။

မြေရိုင်းလို့ လူရှောင်၊ လူရှောင်၍ မြေရိုင်းဆိုသကဲ့သို့ လူခုတ်လှဲသူမဲ့နေသဖြင့် ကြီးထွားချင်တိုင်း ကြီးထွားနေခဲ့သည် င်ပါ၏။

"ဟာ . . . နင်ကလည်း မှဆိုးတစ်ယောက်လုပ်နေပြီး လို အယူအဆတွေ၊ အတွေးတွေ ရှိနေသေးလား ကောင်ရယ်၊ င်း ဟင်း ဟင်း . . . တခြားတစ်ယောက်ပြောတယ်ဆိုရင် လက်ခံချင်ခံဦးမှာ၊ အခုပဲ ဒီမှာကြည့် . . . စိတ်ဝင်စားစရာကောင်းတဲ့ မြေအောက်ဥမင်ဂူကြီးတစ်ခုကို တွေ့နေရပြီ၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ငါတို့ မြေအောက်ဂူထဲ ဆင်းပြီးကြည့်ကြမယ်"

ဦးကြီးရဲထီမှာ အစ်ကိုဖြစ်သူအား ငယ်ကြောက်ပီပီ ပြန်မပြောနိုင်ဘဲ မြေအောက်လိုဏ်ဂူကြီးကိုသာ လေ့လာစူးစမ်းနေပါ၏။

မြေတွင်းကြီးထဲတွင် မြေအောက်သို့ဆင်းသွားသော ကျောက်လှေကားထစ်များကို အံ့သြစွာ တွေ့မြင်နေရသည်။ သို့သော် အချို့သောကျောက်လှေကားထစ်များမှာ ဆွေးမြည့်ပဲ့ကျနေဟန်ရှိသည်။

ဤသို့ဖြင့် သုံးယောက်သား မြေတွင်းလိုဏ်ဂူကြီးထဲသို့ သတိနှင့်ဆင်းလာခဲ့ကြသည်။

မှဆိုးကြီးဦးရဲထီကမူ မှဆိုးပီပီ ဒူးလေးကြီးကို အသင့်ကိုင်လျက် နောက်ဆုံးမှ လိုက်လာခဲ့ပါ၏။

"သတိထား လူကလေး ...တချို့ကျောက်လှေကားတွေက ဆွေးမြည့်နေကြပြီ၊ လူလေးပြုတ်ကျခဲ့တဲ့နေရာဟာ ဒီမြေတွင်းကြီးဆိုရင်တော့ မင်းကျခဲ့တဲ့ ခွတုတ်နဲ့ ထမ်းပိုးကိုတော့ ပြန်တွေ့ရဖို့ များတယ်"

ကိုးထစ်မြောက် ကျောက်လှေကားမှနေ၍ တစ်ဖက်သို့ ထောင့်ချိုးကွေ့ကာ ဆင်းသွားသည်တွင် ရင်မောင် ပြုတ်ကျလွ





စဉ်ခဲ့သော ခွတုတ်ကြီးနှင့် ပခြုပ်ထမ်းတံပိုးတို့ကို ဟိုတစ်ချောင်း သည်တစ်ချောင်း တွေ့လိုက်ရသည်။

"ဟော ...ဟို ...ဟိုမှာ ခွတုတ်နဲ့ ထမ်းပိုး"

ရင်မောင်က ကျောက်လှေကားထစ်အဆုံးတွင် ကျနေသည့် သူ၏ခွတုတ်နှင့် ထမ်းပိုးတို့ကို ကောက်ယူလိုက်သည်။ အံ့သြဖွယ်ကောင်းသည်မှာ ကျောက်လှေကားထစ်များနှင့် ဆက်နွယ်နေသော မြေအောက်လိုဏ်ခေါင်းကြီးမှာ ကွေ့ကောက်နေဟန်ရှိသော်လည်း အတွင်းတွင်မှောင်မည်း၍မနေဘဲ အလင်းရောင်ရရှိနေခြင်းပင် ဖြစ်ပါ၏။

"ဒီတောထဲမှာ ဒီကျောက်လှေကားထစ်တွေနဲ့ မြေအောက်လိုဏ်ခေါင်းရှိတယ်ဆိုတာ လုံးဝမသိခဲ့ဘူး၊ တစ်ခါမှလည်း မကြားခဲ့ဖူးဘူး၊ ကျုပ် ...ကျုပ်အထင်တော့ တောခြောက်ခံနေရတာလား၊ သရဲခြောက်ခံရတာလားဆိုတာ အခုချိန်ထိ မဝေခွဲနိုင်သေးဘူး ကိုထော်ရေ"

"ဟ ...ရဲထီရဲ ...နင်ဟာ မုဆိုးလုပ်နေပြီး တစ်ခါလာလည်း သရဲချောက်, တစ်ခါလာလည်း တောခြောက်နဲ့ ...နင်မလိုက်ရဲရင် ဒီမှာတင် နေခဲ့ပေတော့"

"မ ...မ ...မဟုတ်ပါဘူး ကိုထော်ရယ်၊ ကျုပ် ဒီ



www.burmeseclassic.com

www.burmeseclassic.com



မှာနေလာခဲ့တာကြာပြီ၊ တစ်ခါမှ ဒီဖုန်းဆိုးကုန်းတောကြီးထဲကို မရောက်ဖူးဘူး၊ ကျုပ်လိုပဲ ဘယ်မုဆိုး ဘယ်သစ်ခုတ်သမားတွေမှ ဟောဒီဖုန်းဆိုးကုန်းတောကြီးထဲကို မဝင်ကြဘူး၊ တောကြမ်းမြေကြမ်းနဲ့ အို . . . မပြောတော့ပါဘူး၊ ကိုထော်မှ အယုံအကြည်မရှိတာ၊ ရွာပြန်ရောက်မှ ကပ္ပိယကြီးဦးသူတော်တို့ကိုသာ ဖုန်းဆိုးကုန်းအကြောင်းကို မေးကြည့်ပေတော့"

အဘထော်က ဘာမှဆက်မပြောတော့ဘဲ လိုဏ်ဂူကြီးအတွင်းသို့သာ သတိနှင့် တိုးဝင်လာခဲ့သည်။ လိုဏ်ဂူကြီးထဲတွင် လင်းနို့ချေးများက လှိုင်နေပါ၏။ လိုဏ်ဂူကြီး၏ ညာဘက်ခြမ်းတွင် အက်ကြောင်းရာကြီးများက တော်တော်များများ ရှိနေကြသည်။ ထိုကျောက်ပက်ကြားအက်များမှ အလင်းရောင်တချို့ လိုဏ်ဂူထဲသို့ ဖြန့်ကျက်ကျဆင်းနေသဖြင့် အလင်းရောင်များ လုံလောက်စွာရရှိခြင်း ဖြစ်ပေလိမ့်မည်။

"အင်း . . . လိုဏ်ခေါင်းကြီးကတော့ စိတ်ဝင်စားစရာပဲ လူကလေးရေ၊ ကောက်ကောက်ကွေ့ကွေ့နဲ့ ဘယ်အထိအောင် ရှည်လျားသလဲတော့မသိဘူး၊ ဒါပေမဲ့ မြင်တွေ့နေရတဲ့ လိုဏ်ဂူရဲ့နံရံတွေနဲ့ မျက်နှာကြက်တွေဆီက အက်ကြောင်းရာတွေကတော့ စိုးရိမ်စရာပဲ၊ အချိန်မရွေး လိုဏ်ဂူကြီး ပြိုကျနိုင်တယ်ဆို





တာကို ပြနေတာကွယ့်"

ကျောက်လိုဏ်ခေါင်းကြီး၏ အကွေ့အကောက်များအတိုင်း အဘထော်တို့ ဝင်လာခဲ့ကြရာ တစ်နေရာတွင် ကျောက်သားရေတ်ဆုံကြီးတစ်လုံးနှင့် ကျောက်သားကျည်ပွေ့တစ်ခု၊ ကြီးမားလှသည့် ကျောက်ပြင်ကြီးတစ်ခုနှင့် ကျောက်သနပ်ခါးတုံးကြီးများကိုလည်း ထူးဆန်းစွာ တွေ့မြင်လိုက်ရပါသည်။

"အင်း . . ဒီမြေအောက်လိုဏ်ခေါင်းထဲမှာ တစ်ယောက်ယောက် ဒါမှမဟုတ် တစ်ဖွဲ့ဖွဲ့တော့ နေဖြစ်ခဲ့ကြပုံရတယ်၊ ဟောဒီကျောက်ရေတ်ဆုံတွေ၊ ဆေးကျောက်ပြင်ကြီးတွေဟာ အဲဒီခေတ်ကလူတွေ သုံးစွဲခဲ့ကြပုံရတယ်"

"တော်တော်ထူးဆန်းတဲ့ မြေအောက်လိုဏ်ဂူကြီးတစ်ခုပဲနော် အဘိုး၊ ကြည့်ရတာ ဒီလိုဏ်ခေါင်းထဲမှာ ဝိဇ္ဇာဓော်ကြို တပသီတွေများ နေခဲ့ကြသလားမသိပါဘူး၊ ဆေးကြိတ်တဲ့ ကျောက်ပြင်ကြီးတွေ၊ ဆေးထောင်းတဲ့ ရေတ်ဆုံကြီးတွေနဲ့ဆိုတော့ ဖြစ်နိုင်ဖို့များတယ် အဘိုးရေ"

"အင်း . . . ရင်မောင် . . . တောထဲတောင်ထဲ ပေါက်ကရတွေ လျှောက်မပြောစမ်းနဲ့၊ ဒီကောင်လေးဟာ အကြောက်အလန့်ကိုမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲထိက ထင်ရာမြင်ရာစွတ်ရွတ်ပြောနေသည့် တူ တော်မောင် ရင်မောင်ကို ဟန့်တားလိုက်ရင်း ထူးဆန်းလှသော ကျောက်လိုဏ်ခေါင်းကြီးအတွင်းသို့ စေ့စေ့စပ်စပ်ကြည့်နေမိ၏

ယခုအချိန်ထိတော့ ဤမြေအောက်လိုဏ်ခေါင်းကြီးထဲ ဝယ် အန္တရာယ်၏အရိပ်အယောင်ဟူ၍ မတွေ့မြင်ရသေးပါ။

ထိုအချိန်တွင် …

"ဟာ ဟို … ဟို … ဟိုမှာ အဘိုး … လူ … လူ … လူသေ … အခေါင်း … အခေါင်းကြီး"

ရင်မောင်၏ ထိတ်လန့်တကြား အော်ဟစ်ညွှန်ပြသံ ကြောင့် အဘထော်တို့ညီနောင် လှည့်၍ကြည့်လိုက်ကြသည်။

"ဟာ"

"အိုး … ကျောက် … ကျောက်ခေါင်းတလားကြီးပါ လား"

ဟုတ်သည်။

လိုဏ်ခေါင်းကြီး၏ ကျယ်ဝန်းသောနေရာတွင် ကျောက် သားစင်မြင့်တစ်ခုကို တွေ့လိုက်ရပြီး ထိုစင်မြင့်ပေါ်မှ ကြီးမား ရှည်လျားလှသော ခေါင်းတလားအနက်ကြီးတစ်ခုကို အဘထော် တို့ တွေ့မြင်လိုက်ရပါတော့သည်။





တစ်ဆက်တည်းမှာပင် ကျောက်ခေါင်းတလားကြီး၏ ခေါင်းရင်းဘက် ကျောက်ကလပ်တစ်ခုပေါ်တွင် တင်ထားသည့် ကမ္ဗဝါအရွယ်အစားခန့်ရှိ ကြေးပုရပိုက်ချပ်ကြီးများကိုပါ တွေ့ရှိ လိုက်ရသည်။

"ဘုရား … ဘုရား … လူသေခေါင်းတလားကြီးတွေ ရော၊ ပုရပိုက်ချပ်တွေရော ဘာတွေတွေ့နေရတာလဲ မသိဘူး။ ကိုထော်ရေ ပြန် … ပြန်ထွက်ကြရင်ကောင်းမယ်ထင်တယ်"

ဦးကြီးရဲထိက ကြောက်လန့်နေသည့်တိုင် အဘထော်က လူသေခေါင်းကြီးနှင့် ကြေးပုရပိုက်များကို စိတ်ဝင်စားနေလေ သည်ထင့်။ ရှေ့သို့တိုးဝင်၍ စူးစမ်းလေ့လာရန် ဟန်ပြင်လိုက် သည်နှင့် ကျောက်လိုဏ်ခေါင်းကြီးတစ်ခုလုံး ယိမ်းထိုးလှုပ်ယမ်း လာကြပြီး အက်ကြောင်းများပေါ်မှ မြေမှုန့်မြေစ ကျောက်စများ က တဖွားဖွားနှင့် လွင့်စဉ်ကျလာကြသည်။

တစ်ချိန်တည်းမှာပင် ကျောက်ခေါင်းတလားကြီးတစ် ဖက်မှ ရှူးခနဲနာမှုတ်သံကြီးနှင့်အတူ ကြီးမားလှသော ပါးပျဉ်း ကြီးကိုခါယမ်းလျက် ဒေါသတကြီး နိုးထလာသည့် ငန်းမြွေနက် ကြီးတစ်ကောင်က အဘထော်တို့အား ရန်လိုတိုက်ခိုက်ဟန်ဖြင့် ကျောက်သား စင်မြင့်ထက်မှ မာန်ဆောင်လျက်ရှိသည်ကို ထိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်တကြား တွေ့မြင်လိုက်ရသဖြင့် ...

"ဟာ ... ဟော့ ... ဟော့ ... မြွေ ... မြွေ ... ငန်း မြွေနက်ကြီးဟော့"

'ရှူး .. ရှူး .. ရှူး'


"ဆုတ် ... ဆုတ်ဟော့ လူကလေး၊ လိုဏ်ဂူကြီးက လှုပ်ယမ်းရင်း မြေမှုန့်ကျောက်စတွေ လွင့်ကျလာကြတယ်၊ အန္တရာယ် ရှိနိုင်တယ် ... အမြန်နောက်ဆုတ်ကြစမ်း"

"ရင်မောင် ... ဘာငေးနေတာလဲ၊ ဆုတ် ... ဆုတ် ... မြန်မြန်ဆုတ်"

ထိုနောက်မှာတော့ ဘာကြောင့်ရယ် မသိ။ တဝေါဝေါ အော်မြည်လှုပ်ရှားနေသည့် မြေအောက်လိုဏ်ခေါင်းကြီးထဲမှ အဘထော်တို့လူစု ထိတ်ထိတ်လန့်လန့်ဖြင့် နောက်ကြောင်းသို့ ပြန်လှည့်လာခဲ့ကြပါတော့သည်။

ကျောက်စမြေမှုန့်များ တဖွားဖွားကျလျက် ထူးဆန်းသော မြေအောက်လိုဏ်ခေါင်းကြီးကတော့ အဘထော်တို့လူစု နောက်တွင် ကမ္ဘာပျက်သည့်နယ် ဟစ်အော်၍ ကျန်ရစ်ခဲ့ပါတော့ သတည်း။။

❀ ❀ ❀



## အခန်း (၈)

## တစ်ခါတုန်းက ရှင်မအောင်ဖြူ

တပေါင်းလပြည့်ကျော်လာသည်နှင့် ညဥ့်လေပြည်တွင် အအေးဓာတ်တို့ လျော့နည်းလာကြသည့်ထင့်။ မှဆိုးကြီးဦးရဲထိ၏ ခြံဝင်းထဲရှိ ဝါးကွပ်ပျစ်တွင် ယနေ့ည လူစုံလက်စုံ ရောက်ရှိနေ ကြသည်။ ကွပ်ပျစ်အလယ်ရှိ လက်ဖက်ရည်ကြမ်းဝိုင်းကလည်း အမယ်က စုံညီလှပါ၏။ ပေါက်ပေါက်ဆုပ် တစ်ပန်းကန်၊ အညာ ...ကြီးလှော်ရှုရှုလေးနှင့် ဆတ်သားခြောက်ဖုတ်ပန်းကန်တို့က ...ကားဝိုင်းအလယ်တွင် နေရာယူထားကြသကဲ့သို့ ...။

"အင်း ... ကျုပ်အထင်ပြောရရင်တော့ ခင်ဗျားတို့ ရောက်ခဲ့တယ်ဆိုတဲ့ မြေအောက်လိုဏ်ဂူကြီးဟာ ရှင်မအောင်ဖြူ ...ကြီးပဲ ဖြစ်ရမယ်"

"ဘာပြောတယ် ကပ္ပိယကြီး ... ရှင်မအောင်ဖြူ ...ကြီး



www.burmeseclassic.com

www.burmeseclassic.com



. . . ဟုတ်လား"

"ဟုတ်တယ် . . . ရှင်မအောင်ဖြူကျောက်ဂူကြီးပဲ ဖြစ်မယ်၊ ရှင်မအောင်ဖြူဘီလူးမဟာ သူ့ရဲ့ချစ်လင် ပညာဗလအမတ်နဲ့ အဲဒီကျောက်လိုဏ်ဂူကြီးထဲမှာ ပေါင်းသင်းနေထိုင်ခဲ့ကြတာ သားတစ်ယောက်တောင် ရခဲ့ကြတာကလား၊ အင်း . . . ရှင်မအောင်ဖြူဘီလူးမ သေဆုံးသွားတော့လည်း ဒီကျောက်ဂူကြီးထဲမှာပဲ သားအဖနှစ်ယောက်က ပြန်ပြီးသင်္ဂြိုဟ်ပေးခဲ့ကြတယ်လေ"

ကပ္ပိယကြီးဦးသူတော်က ယနေ့ညနေ ဖုန်းဆိုးကုန်း မှ ပြန်ရောက်လာခဲ့ကြသော အဘထော်တို့လူစုအား ဖုန်းဆိုးကုန်းနှင့် ရှင်မအောင်ဖြူကျောက်ဂူအကြောင်းတို့ကို ပြောပြနေခြင်းဖြစ်ပါ၏။

"ဟင် . . . ဒါ . . . ဒါဆိုရင် ဟိုရာဇဝင်ထဲက မျာလိပ်နတ်ဆိုပြီး သတင်းကြီးခဲ့တဲ့ မအောင်ဖြူဆိုတာ ဒီ ရှင်မအောင်ဖြူဘီလူးမနဲ့ အတူတူပဲလား ဦးသူတော်"

ဗိန္ဓောဆရာကြီး ဦးရေွှနှင့်ပါလာသည့် ကာလသားခေါင်း ကျောက်ခဲက စိတ်ဝင်စားစွာနှင့် မေးမြန်းလိုက်ခြင်း ဖြစ်ပါ၏။ စင်စစ် ယနေ့ည ဦးရဲထိ၏နေအိမ်တွင် လူစည်ကားနေရသည့် အကြောင်းရင်းမှာ ဖုန်းဆိုးကုန်းသင်္ချိုင်းပျက်တွင် မအောင်ဖြူ၏





သေက်ဖျံရိုးကို ပြန်လည်၍ထားရှိသည့်အကြောင်းကို သိရှိလိုက်ကြ၍ ရောက်ရှိနေကြခြင်းဖြစ်သည်။

ယနေ့ ဖုန်းဆိုးကုန်းတွင် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် မြေအောက်လိုဏ်ဂူကြီးနှင့် ထူးဆန်းသေသာဖြစ်ရပ်များကို အဘထော်နှင့် ဦးရဲထိတို့က ပြန်လည်၍ ဖောက်သည်ချကာ ပြောလိုက်သဖြင့် ကပ္ပိယကြီးဦးသူတော်က ထိုကျောက်လိုဏ်ဂူကြီးအကြောင်းကို ရှင်းပြနေခြင်းဖြစ်ပါ၏။

"အင်း . . . ဖုန်းဆိုးကုန်းက မအောင်ဖြူအကြောင်းကို ပြောမယ်ဆိုရင် ဟိုးရာဇဝင်ထဲက ရှင်မအောင်ဖြူရဲ့ သမိုင်းကြောင်းအစစ်ကို သိမှဖြစ်မယ်၊ မင်းတို့ သိပ်ပြီးသိချင်တယ်ဆိုရင်တော့ ရှင်မအောင်ဖြူရဲ့ သမိုင်းကြောင်းကို အတိုချုပ်လောက်တော့ ပြောပြမယ်၊ ဟုတ်တယ် ကျောက်ခဲ . . . မင်းပြောသလို မျာလိပ်နတ်ဆိုပြီး သတင်းကြီးခဲ့တဲ့ မအောင်ဖြူဟာ ရှင်မအောင်ဖြူဘီလူးမနဲ့ အတူတူပဲကွယ့်၊ လူ့ဘဝတုန်းက မအောင်ဖြူနဲ့ ဘဝခြားသွားတာပဲရှိတယ်"

ဤသို့ဖြင့် ညတစ်ည လမင်းမသာ့တသာတွင် လွမ်းမောဆွတ်ပျံ့ဖွယ်၊ သတိသံဝေဂယူဖွယ်၊ နှစ်ဘဝပြောင်းခဲ့ရရှာသည့် မအောင်ဖြူဆိုသော မိန်းမပျိုလေးတစ်ဦး၏ စံနမူနာယူ



www.burmeseclassic.com

www.burmeseclassic.com



စရာ၊ ချစ်မေတ္တာသင်္ကေတ သပိုင်းဖာတ်လမ်းလေးက မြောက်ပြန် လေတွင် ကမ္ဘည်းရေးထိုးနိုင်ရန်အတွက် ဝေ့ဝဲစီးမျောသွားပါတော့ သည်။

အချိန်ကာလက သက္ကရာဇ် (၉၉၆-၆၁၂) ခုနှစ်အတွင်း နန်းစံသည့် ကျွစွာမင်းကြီးလက်ထက်ကာလ ဖြစ်သည်။ အောက် မြန်မာပြည် မြို့သုံးမြို့ကိုအပိုင်စားရသော သုံးမြို့ရှင်ဘုရင်ခံသည် သာယာဝတီမြို့သစ် နန်းစိုက်တည်ထောင်နေဆဲအချိန်လည်း ဖြစ်ပါလေ၏။

ထိုအချိန်တွင် သုံးမြို့ရှင်၏တူတော် ပညာဗလအမတ် သည် ကျပယ်ရွာသူကြီး၏သမီးချော မအောင်ဖြူနှင့် ချစ်ခင်စုံ မက်နေကြပါသည်။ အချစ်သည် နဖူးစာပါမှ တစ်ယောက်နှင့် တစ်ယောက်၊ တစ်မိသားနှင့်တစ်မိသား ချစ်ခင်နှစ်သက်ကြ သည်။ ထိုနဖူးစာသည် ရွာလည်သွားသောအခါမှာတော့ မင်းမျိုး မင်းနွယ် ပညာဗလအမတ်ငယ်နှင့် တစ်ရွာသူ သူကြီးသမီး





မအောင်ဖြူတို့ အဆင့်အတန်းမတူမျှကြဘဲ နှစ်သက်ကြည်ဖြူ သွားကြပါလေတော့သည်။

အကာယ်စင်စစ်မှာမူ သုံးမြို့ရှင်ကိုယ်တိုင်ပင် ဉာဏ်ပညာ အရာ၌ ထူးချွန်ထက်မြက်သော တူတော်မောင် ပညာဗလအမတ် ငယ်ကို လက်ရုံးတစ်ဆူနှယ် အားကိုးသမှုရှိလှပါ၏။ ထို့ကြောင့် ပညာဗလအမတ်နှင့် သင့်တော်မည့် ဇနီးကညာကို ရွေးချယ်ကြ ရာတွင် မြို့ဝန်မင်းသောအိုး၏သမီး မြကြာဖြူကို တွေ့ရှိသွား ကြပါသည်။ ထို့ကြောင့် ပညာဗလအမတ်ငယ်နှင့် မြကြာဖြူတို့ အား ထိမ်းမြားလက်ထပ်ပေးကြရန် ဝိုင်းဝန်း၍ စီစဉ်ကြသည်။

"ဟဲ့ ... တူတော်မောင် ပညာဗလငယ် ... သင့်လို လုံးရည်ထက်မြက်တဲ့ ပညာရှိအမတ်ဆိုတဲ့ ကြီးမြင့်တဲ့ဂုဏ် ကြွာနဲ့ လိုက်ဖက်နိုင်မယ့် အိမ်ထောင်ရှင်ဇနီးကောင်းဟာ မြို့ဝန်သောအိုးရဲ့ သမီးချော မြကြာဖြူနဲ့သာ လိုက်ဖက်လှတာ ငါကိုယ်တိုင် တောင်းရမ်းပြီး ထိမ်းမြားလက်ထပ်ပေးပါ့မယ်၊ ဒါ သင်းရဲ့သဘောထားကို သိချင်လို့ ကိုယ်တော်တိုင် မေးမြန်း တာ"

"မှန်ပါ ဦးရီးတော် ... ဦးရီးတော်ရဲ့အကြံအစည်မှာ ပင်အတွက် ဂုဏ်တက်စေမယ့် ကောင်းမြတ်တဲ့အစီအစဉ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ပေမယ့် နှလုံးသားရေးရာမှာတော့ နှစ်ဦးစလုံး သဘောထားက ယခုအချိန်ထိ အဖြူစင်ဆုံးပဲရှိကြပါသေးတယ်

ပညာဗလအမတ်ငယ်က ထိုကိစ္စကို ဥပါယ်တံမျဉ်း ဆင်ခြေရှန်ရှောင် စကားပြောလိုက်ပြီး သူကြီးသမီး မအောင်ဖြူ နှင့် နှစ်ဦးသဘောညီမျှနေကြောင်းကိုပါ တစ်ဆက်တည်း တင် လျှောက်လိုက်သည်။

"တင်ပါသည် ဦးရီးတော်အရှင်မြတ်၊ တူတော်မောင် ဟာ ကျပယ်ရွာသူကြီးရဲ့သမီး မအောင်ဖြူဆိုတဲ့ ရွာသူတ ယောက်နဲ့ ချစ်ခင်စုံမက်နေတာမို့ လက်ဆက်ထိမ်းမြားဖို့ ခွင့် ပေးတော်မူပါဘုရား"

ပညာဗလအမတ်၏ လျှောက်တင်စကားကို ကြားလိုက် ရသည်နှင့် သုံးမြို့ရှင်မှာ ခဏမျှ တွေဝေစဉ်းစားနေပါ၏။ သူ အဓိကရည်ရွယ်ချက်မှာ တူတော်မောင်ပညာဗလအမတ်အတွက် အိမ်ထောင်ဘက် စီစဉ်ပေးခြင်းမျှသာ။ ကျပယ်ရွာသူကြီးမှာလည်း သုံးမြို့ရှင်အားထားရသည့် ရွာသူကြီးကောင်းကြီးတစ်ဦးမို့ ပည ဗလ၏ တင်လျှောက်ချက်ကို လက်ခံသဘောတူလိုက်ပါလေ

ဤသို့ဖြင့် ပညာဗလအမတ်ငယ်နှင့် မအောင်ဖြူတို့ မင်္ဂလာပွဲက ကျပယ်ရွာတွင် ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက်မြိုက်





ကျင်းပပြီးစီးသွားခဲ့ပါတော့သည်။ ပညာဗလနှင့် မအောင်ဖြူတို့ ချစ်သူနှစ်ဦး ပျော်ရွှင်စွာ ကြည်နူးနေကြချိန်မှာတော့ မြို့ဝန်သော အိုးမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ရှိပါလေ၏။

"တောက် ... မိုက်ရိုင်းလိုက်လေ ပညာဗလရယ်၊ ငါလို မြို့ဝန်ရဲ့သမီးကို ကျော်လွန်ပြီး ကျပယ်သူကြီးရဲ့သမီးကိုမှ လက် ဆက်ရမယ်လို့၊ ဒါ ... ငါ့ကို သက်သက်မဲ့ အရှက်ခွဲတာ၊ ဟွန်း ... တွေ့ကြသေးတာပေါ့ ပညာဗလရယ်"

မြို့ဝန်သောအိုးမှာ ပညာဗလအမတ်ငယ်၏ လုပ်ရပ် ကြောင့် အရှက်ရသည်ဟုယူဆကာ ပညာဗလအမတ်အား အခွင့် သင့်လျှင် ဒုက္ခပေးရန်သာ ကြံစည်နေပါလေတော့သည်။ သို့ သော် ပညာဗလ၏ဇနီးဖြစ်သူ မအောင်ဖြူမှာ ဘုရားတရားကို ယုံကြည်စွာကိုးကွယ်ခြင်း၊ ဇနီးကောင်းတို့အင်္ဂါရပ်များနှင့် ပြည့်စုံ ခြင်း၊ ပင်ကိုအရည်အသွေးတို့ ထက်မြက်ခြင်းတို့ကြောင့် ပညာ ဗလအမတ်ငယ်အတွက် လက်ရုံးတစ်ဆူနှယ် အားကိုးရသည့် ဇနီးကောင်းလည်း ဖြစ်ပါ၏။ ထို့ကြောင့်လည်း ပညာဗလအမတ် ငယ်၏ ဂုဏ်သတင်းမှာ သာယာဝတီမြို့နယ်အတွင်းဝယ် ကျော် စောကျယ်ပြန့်လာခဲ့သည်။

သုံးမြို့ရှင်စားကလည်း ဉာဏ်ပညာအရာတွင် ပြေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



လှပြီး အစစအရာရာ တိုင်ပင်အားထားရသဖြင့် ရာထူးဂုဏ်ထူးများပင် ထပ်မံချီးမြှင့်ကာ မြှောက်စားခဲ့ပါသည်။ ထိုသို့သော အချိန်ကာလတွင် သာယာဝတီမြို့ကြီးမှာလည်း စည်ပင်ဝပြောလာသဖြင့် လူနေထူထပ်များပြားလာချိန် ဖြစ်နေပါ၏။ စီးပွားရေး လူမှုရေး၊ ပညာရေးမှအစ အစစအရာရာ တိုးတက်စည်ပင်လာသဖြင့် တစ်နယ်တစ်ကျေးမှ ခိုဝင်လာသူများလည်း ရှိကြသည်။ သို့အတွက် မြို့နေလူထု ကျယ်ဝန်းလာသဖြင့် သာယာဝတီမြို့ကို ချဲ့ထွင်ရန် စီစဉ်ကြပါတော့သည်။

သာယာဝတီမြို့ကိုချဲ့ထွင်၍ မြို့ရိုးတံတိုင်း ခတ်မည်။ ကျုံးများ၊ တာများကို တိုင်းထွာ၍ မြို့ရိုးအသစ်တည်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ယင်းကိစ္စအတွက် ပညာဗလအမတ်မှာ လူသူစုရုံးခြင်း၊ ပညာပေးစည်းရုံးခြင်းတို့ဖြင့် တိုင်းသူပြည်သားများ၏ လုပ်အားပါ ပါဝင်နိုင်လာစေရန်အတွက် နေ့ညမပြတ် ကြိုးစားလျက်ရှိပါ၏။ သူတာဝန်ယူလုပ်ကိုင်နေရသည့် လုပ်ငန်းကြီးသည် သာယာဝတီမြို့ကြီးတစ်ခုလုံးအတွက် လွန်စွာအရေးကြီးသော လုပ်ငန်းကြီးတစ်ခုဖြစ်သဖြင့် သူ၏အိမ်တော်သို့ပင် မပြန်တော့ဘဲ မြို့ရိုးတံတိုင်းများ လုပ်ကိုင်ရာနေရာတွင်ပင် ယာယီစံနန်းထိုးကာ နေထိုင်လျက်ရှိပါတော့သည်။





ဤကဲ့သို့ အရာပေးချီးမြှောက်နေခြင်းကိုလည်း သဘောကျနှစ်ခြိုက်မှုမရှိသော မြို့ဝန်သောအိုးသည် ပညာဗလအမတ်ကြီး ပျက်စီးရာပျက်စီးကြောင်းသာ ကြံစည်တွေးတောနေပါလေ၏။ တစ်နေ့တွင် မြို့ဝန်သောအိုးသည် သူ၏လူယုံတော်နှင့်ပူးပေါင်းကာ ဤသို့စီစဉ်ပြန်သည်။

"ဒီမှာ ငမဲခေါင် ... ဒီအချိန်ဟာ ပညာဗလအမတ်ကို ကြံစည်ဖို့ အချိန်ကောင်းပဲကွဲ့၊ မြို့ရိုးတာတည်ဖို့ လူသူစုရုံးနေတာကို အခွင့်ကောင်းယူပြီး သုံးမြို့ရှင်ကို လီဆယ်ပြီး လျှောက်တင်ရမယ်၊ ပညာဗလအမတ်ဟာ လူသူလက်နက်စုရုံးပြီး သုံးမြို့ရှင်ကို ပုန်ကန်ခြားနားဖို့ ကြံစည်နေတယ်ဆိုပြီး သတင်းလွှင့်ရမယ်၊ အဲဒီသတင်းပျံ့နှံ့မယ့် အချိန်နဲ့ကိုက်ပြီး ငါကိုယ်တိုင် သုံးမြို့ရှင်ရဲ့နားကိုပေါက်အောင် လျှောက်တင်လိုက်ရင် .. ဟင်း ဟင်း ဟင်း ..ပညာဗလရေ ... နင့်ရဲ့အနာဂတ်ဟာ ဓောက်ထိုးမိုးမျှော်ဖြစ်ပြီလို့သာ မှတ်လိုက်ပေတော့ဟေ့ .. ဟင်း ဟင်း ဟင်း"

မြေခွေးတစ်ကောင်ကဲ့သို့ ကောက်ကျစ်လှသော မြို့ဝန်သောအိုး၏ အကြံအစည်က လွန်စွာကြောက်မက်ဖွယ် ကောင်းလှပါသည်။ ထို့အတူ ကံကြမ္မာညှိုးနွမ်းချိန်ကျနေပြီဖြစ်သည့် ပညာဗလအမတ်မှာလည်း ငြိုးသူရန်ဖက်ဖြစ်သည့် မြို့ဝန်သော



www.burmeseclassic.com

www.burmeseclassic.com



အိုး၏ အကြံအစည်ထဲတွင် လည်စင်းခံရမည်ကဲ့သို့ ဖြစ်သွား ချေတော့သည်။

တိုင်းသူပြည်သားများနှင့် ချစ်ကြည်ရင်းနှီးစွာ မြို့ရိုးမြို့ တာများ စီမံဆောက်လုပ်နေသည့် ပညာဗလအမတ်မှာလည်း ကံကြမ္မာချွတ်ချော်ချိန် ကျရောက်လာပြီထင့်။ သာယာဝတီ အနောက်မြို့ရိုးတံတိုင်းကို ဆောက်လုပ်ရာတွင် မည်သို့မျှ အဆ မပြေနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။ မြို့ရိုး တိုင်းကြီး ဆောက်လုပ်လိုက်၊ ပြိုကျသွားလိုက်၊ ပြန်၍ဆောက် လုပ်လိုက်နှင့် လူအား၊ ငွေအားသာ ဆုံးရှုံးခဲ့ရသည်။ အနောက်မြို့ ရိုးတံတိုင်းကြီးက မည်သို့မျှ ဆောက်လုပ်၍မရနိုင် ဂှိနေပါတော့ သည်။

"ဘယ်လိုဖြစ်ရတာလဲ ပုဏ္ဏားကော်ကြီးများ၊ ဤအ သည် သာမညအရေးမဟုတ်၊ သာယာဝတီကို မြို့တည်နန်းစိုက် ပြုလုပ်နေတာကို ဟန့်တားနှောင့်ယှက်သလို ဖြစ်နေတယ် ဘာကြောင့် မြို့တံတိုင်း ထူလို့မရတာလဲဆိုတာကို ဝိုင်းဝန်း အဖြေထုတ်ပေးကြပါ၊ ကျွန်ုပ်လည်း ဒီအရေးကိစ္စကို ဦးရှီးတေ သုံးမြို့ရှင်ထံကို လျှောက်တင်ရဦးမယ်"

မြို့ဝန်သောအိုး၏ ကောက်ကျစ်သော အတွင်းစိ





သဏ္ဌာန်ကို လုံးဝမသိရှာသည့် ပညာဗလအမတ်ခမျာ ဦးရှီးတော် သုံးမြို့ရှင်ထံ အခစားဝင်၍ ထိုအရေးကို လျှောက်တင်ပါလေ၏။ သို့သော် မြို့ဝန်သောအိုး၏ ကုန်းချောလျှောက်တင်ချက်တွင် နားဝင်သွားပြီဖြစ်သည့် သုံးမြို့ရှင်၏ အမိန့်တော်ချမှတ်သံက ညာဗလအမတ်ကို အံ့သြတုန်လှုပ်သွားစေပါတော့သည်။

"အို ပညာဗလအမတ် ...စဉ်းလဲသောအကြံအစည် ရှိသူ၊ သစ္စာမဲ့သောသူတို့သည် မြို့နိုင်ငံ၏ မြို့ရိုးမြို့တာများကို ည်သို့မျှ ဆောက်လုပ်၍မရနိုင်၊ တိုင်းပြည်၏ဘဏ္ဍာငွေများနှင့် ုပ်အားများသာ ဆုံးရှုံးရလတ္တံ့၊ ထို့ကြောင့် အရှင့်အပေါ်၊ နိုင်ငံ့ အပေါ် သစ္စာစောင့်သိခြင်းမရှိဘဲ လူသူလက်နက်စုဆောင်း၍ ုန်ကန်ထကြွရန်ကြံရွယ်နေသည့် ပညာဗလအမတ်ကြီးအား ရာ ုးမှချကာ ထောင်သွင်းအကျဉ်းချထားစေ"

သုံးမြို့ရှင်၏ မိန့်မြွက်ချွေစကားအောက်တွင် ပညာဗလ မတ်ကြီးခမျာ အယူခံဝင်ခွင့်မရှိ။ မြို့ဝန်သောအိုး၏ ကောက် ျစ်စဉ်းလဲသော ထောင်ချောက်အောက်တွင် ပညာဗလအမတ် မှာ မလှူးသာမလွန့်သာနှင့် ဖမ်းဆီးခြင်းခံလိုက်ရပါချေတော့ သည်။

ထိုသို့ရှိစဉ်မှာပင် သာယာဝတီမြို့တံတိုင်းကြီး ထူမော်၍



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်သဖြင့် ပုဏ္ဏားဖြူပုဏ္ဏားညို ဟူးရားပညာရှိကြီးများ တွက်
ချက်၍ရရှိလာသည့် အဖြေစကားတစ်ခွန်းက သာယာဝတီမြို့
တွင်းဝယ် လှုပ်ခတ်သွားပါချေတော့သည်။

ထိုအဖြေသည်ကား သာယာဝတီအနောက်မြို့ရိုးတံတိုင်း
ကြီး အောင်မြင်စွာ တည်ဆောက်ပြီးစီးနိုင်ရန်အတွက် 'အောင်
ပါရှိသော တနင်္ဂနွေသားသမီးတစ်ဦးသည် ဖျာလိပ်ကို ပွေ့ပိုက်
လျက် နက္ခတ်တာရာ ပြုဟ်စီးကျခိုက် အချိန်အခါယှဉ်၍ ရောက်ရှိ
လာပါလိမ့်မည်။ ယင်းတနင်္ဂနွေသားသမီးကို စတေး၍ တည်
ဆောက်ပါမှ ဤမြို့ရိုးတံတိုင်းကြီးသည် အနှောင့်အယှက်မရှိ
အောင်မြင်စွာ တည်ဆောက်ပြီးစီးပါလိမ့်မည်။

ပေဒင်ဟူးရား ပုဏ္ဏားတို့၏ တိကျသော စနည်းအဖြေ
သည်ကား အောက်ပါအတိုင်း တညီတညွတ်တည်း ထွက်ရှိလာ
ပါ၏။ ထိုအတိုင်းပင် သုံးမြို့ရှင်အား တင်လျှောက်ကြရာတွင်
သုံးမြို့ရှင်ကလည်း ဟူးရားပညာရှိများ၏ စနည်းအတိုင်း အချိန်
အခါကို စောင့်ဆိုင်း၍ ဆောင်ရွက်ကြရန် အမိန့်တော်ချမှတ်လိုက်
ပါလေ၏။

ထိုအချိန်တွင် အစ်ကိုတော် ပညာဗလအမတ်ကြီး မသိ
ရားဖမ်းဆီးခံရသည်ကို မြို့တွင်နေထိုင်သည့် နှမငယ် မမင်းလှ





သိရှိသွားသဖြင့် သုံးမြို့ရှင်ဘုရင်ထံ အယူခံဝင်ရန် ကြိုးစားနေဆဲ
မှာပင် မြို့ဝန်သောအိုး၏ ယုတ်မာသောအကြံအစည်ဖြင့် ဖမ်းဆီး
ခံလိုက်သည်။ ထို့ပြင် မမင်းလှကိုပင် ကော်ကောက်စေရန်
ဥပါယ်တံမျဉ်နှင့် သုံးမြို့ရှင်ကို လျှောက်တင်သဖြင့် ဦးရီးတော်
သုံးမြို့ရှင်က သဘောကျနှစ်မြို့ကာ လက်ခံတော်မူလိုက်ပါ
သည်။

ထိုသတင်းကို မမင်းလှ ကြားလိုက်ရသည်နှင့် ဦးရီးတော်
၏ အပြုအမူကို မခံမရပ်နိုင်ဖြစ်ကာ အသက်အောင့်လျက် ကိုယ့်
ကိုယ်ကိုယ် အဆုံးစီရင်လိုက်ပါတော့သည်။ ပညာဗလအမတ်တို့
မောင်နှမနှစ်ဦး၏ ကံကြမ္မာသည် ဆိုးရွားလွန်းလှပါတော့သည်
တကား။

www.burmeseclassic.com

www.burmeseclassic.com

## စာစု (၉)

# နှစ်ဘဝကျိန်စာသင့်သူ မအောင်ဖြူ

ကုသိုလ်ကံတို့ ချုတ်ချော်တိမ်းပါးလာပြီဆိုလျှင်
မကောင်းသော အကုသိုလ်မှုတို့က အဖော်အပေါင်းများနှင့် ဝင်
ရောက်လာကြသည်မှာ ဓမ္မတာပင်တည်း။ ယခုလည်း လင်
ယောကျ်ားဖြစ်သူ ပညာဗလအမတ်ငယ် ရာဇဝတ်ပြစ်ဒဏ်သင့်
သည်ဟူသော သတင်းဆိုးကြီးကို ဇနီးဖြစ်သူမအောင်ဖြူ ကြား
သိလိုက်ရသောအခါမှာတော့ ပဏ္ဍာမြေလူး ဖြစ်ခဲ့ရပါလေ၏။

ထို့ကြောင့် ဖခင်ဖြစ်သူ ကျပယ်ရွာသူကြီးကိုခွင့်ပန်ကာ
မအောင်ဖြူတစ်ယောက် သူ၏ခြွေရံသင်းပင်းများနှင့် သာယာဝ
တီရွှေမြို့တော်ကြီးသို့ လိုက်ပါလာခဲ့ပါလေ၏။ လမ်းခရီးတွင်
လိုက်ပါလာသည့် အခြွေအရံများ နေထိုင်စားသောက်ကြရန်အ
တွက် ဒန်အိုးဒန်ခွက်များ၊ စားသောက်ဖွယ်ရာများနှင့် ဖျာလိပ်





ကြီးများကို သယ်ဆောင်စေကာ သာယာဝတီရွှေမြို့တော်ဆီသို့
ဦးတည်၍ ထွက်လာခဲ့ကြသည်။

လမ်းခရီးတွင် သုံးရက်ခန့်ကြာမြင့်ပြီးမှ သာယာဝတီရွှေ
မြို့တော်ကြီးဆီသို့ ရောက်ရှိလာခဲ့ပါလေ၏။ မအောင်ဖြူမှာ ပညာ
ဗိုအမတ်၏ ဇနီးသည်ဖြစ်သည့်တိုင် ကိန်းခန်းမကြီးနိုင်ဘဲ အခြွေ
အရံများနှင့်အတူပင် ပစ္စည်းများကို ဝိုင်းဝန်းသယ်ယူပေးသည်။
ယခုလည်း အနိုင်းအစေများ တားသည့်ကြားမှပင် ဖျာလိပ်ကြီး
တစ်လိပ်ကို ခေါင်းတွင်ရွက်ကာ သာယာဝတီမြို့ရိုးတံခါးမှ ဦး
ဆောင်၍ ဝင်ရောက်လာခဲ့သည်။

ထိုအချိန်သည် ဟူရားဗေဒင်အကျော်အမော်များ ဟော
ခွက်ထားသည့်အတိုင်းပင် နက္ခတ်တာရာ ဂြိုဟ်စီးများကျရောက်နှင့်
အခါကာလယှဉ်၍ရောက်ချိန်နှင့် ထူးထူးခြားခြား တိုက်ဆိုင်နေ
ခြင်းက မအောင်ဖြူအတွက် ကံကြမ္မာစေညွှန်းလိုက်လေသည့်
သားဟု။

မြို့ရိုးတံခါးဝမှ အချိန်အခါကိုက်၍ စောင့်စားနေကြသည့်
မင်းချင်းများက မြို့တံခါးအဝင်ဝမှ ဖျာလိပ်တစ်လိပ်ရွက်လာကာ
ဝင်ရောက်လာသည့် မအောင်ဖြူကို ဝိုင်းဝန်းဖမ်းဆီးလိုက်ကြပါ
လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ရုပ်စမ်း . . . ဖျာလိပ်ကြီးခေါင်းပေါ်ရွက်ပြီး ဝင်လာခဲ့တဲ့မိန်းကလေး . . . နာမည် ဘယ်လိုခေါ်သလဲကွဲ့"

မြို့တံခါးဝမှ စောင့်ကြပ်နေသည့် ရဲမက်များနှင့် မင်းချင်းများက မအောင်ဖြူကိုတားဆီးကာ စစ်ဆေးနေကြသဖြင့် မအောင်ဖြူမှာ အမှန်အတိုင်းပင် ဖြေကြားလိုက်ပါ၏။

"ကျွန်မနာမည်က မအောင်ဖြူလို့ခေါ်ပါတယ်၊ သုံးမြို့ရှင်ရဲ့တူတော်မောင် ပညာဗလအမတ်ကြီးရဲ့ ဇနီးပါ၊ ပညာဗလအမတ် ရာဇဝတ်ဒဏ်သင့်တယ်ဆိုလို့ ကျပယ်ရွာကနေ လိုက်လာခဲ့တာပါ"

မအောင်ဖြူ၏အဖြေစကားကြောင့် ရဲမက်များ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ သို့သော်လည်း ဤအချိန် ဤအခါတွင် 'အောင်'အမည်ပါသည့် အမျိုးသမီးတစ်ဦး ဖျာလိပ်တစ်လိပ်ရွက်၍ ရောက်လာခဲ့လျှင် ဖမ်းဆီး၍ ကွပ်မျက်ရမည်ဟူသော အမိန့်ရာဇသံရှိထားသည်မို့ နောက်ဆုံးတွင် ရဲမက်များမှ မအောင်ဖြူအား ဖမ်းဆီးကာ မြို့ဝန်မင်းလက်သို့ အပ်နှံလိုက်ကြပါတော့သည်။ မြို့ဝန်သောအိုးမှာ ကျပယ်ရွာသူ မအောင်ဖြူသည် ဖျာလိပ်ရွက်လာသည့် အမျိုးသမီးဖြစ်ကြောင်း သိရှိလိုက်ရသည်နှင့် ဒိတ်ခနဲပင် ရင်ခုန်သွားပါလေ၏။





"ဟင်း ဟင်း ဟင်း . . . ဟန်ကျပြီဟေ့၊ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင် တစ်ပြိုင်တည်း ရလိုက်တာပါလား၊ ဟင်း ဟင်း ဟင်း . . . ပညာဗလကိုလည်း ရာဇဝင်ကြွေးဆပ်ပြီးသားဖြစ်, သူ့ရဲ့မိန်းမ မအောင်ဖြူကိုလည်း မြို့ရိုးတံတိုင်းမှာ စတေးလို့ သာယာဝတီအနောက်မြို့ရိုးတံတိုင်းကြီးလည်း အပြီးသတ်အောင်မြင်သွားမှာဆိုတော့ . . ဟား ဟား . . ဟား ဟား . . . ဒီတစ်ခါတော့ သောအိုးကို နတ်ကောင်းနတ်မြတ်တွေ မစကြပြီထင်တယ်ဟေ့ . . ဟား ဟား . . ဟား ဟား"

မြို့ဝန်သောအိုး၏စကားကို ကြားလိုက်ရသည့် မအောင်ဖြူမှာ ကြောက်လန့်စိတ်နှင့်အတူ ထိတ်လန့်အံ့သြသွားပါလေ၏။ သို့သော် မအောင်ဖြူ သိရှိလိုက်ရသောအချိန်သည် များစွာ နောက်ကျသွားခဲ့ပါချေပြီကော။ ယခုတော့ မအောင်ဖြူလေး၏ အဖြစ်က အမှန်တကယ်ပင် ရင်နင့်ကြေကွဲဖွယ်ရာပါတည်း။

မအောင်ဖြူအား အချုပ်အနှောင်တည်း၍ မြို့တံတိုင်းထုရန်အတွက် တွင်းနက်ကြီးထဲသို့ ရက်ရက်စက်စက် ချလိုက်ကြသည်။ အဖြစ်အပျက်အလုံးစုံကို သိရှိသွားခဲ့ရသော မအောင်ဖြူမှာ သူ့အား မြေတွင်းကြီးထဲတွင် မစတေးမီ သာယာဝတီမင်း သုံးမြို့ရှင်အား စိတ်နာနာဖြင့် သစ္စာပြုပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''အို ...လောကကို စောင့်ရှောက်ကြပါကုန်သော လောကပါလနတ်မင်းအပေါင်းတို့ ...ကျွန်ုပ် မအောင်ဖြူ သစ္စာစကား ဆိုအပ်ပါသည်၊ ကျွန်ုပ်သည် မည်သည့်အပြစ်တစ်စုံတစ်ရာမျှ မရှိပါဘဲနှင့် သာယာဝတီမြို့ရှိးတံတိုင်းတွင် သတ်ဖြတ်၍ စတေးခံရပါတော့မည်။ ဤကဲ့သို့ ကျွန်ုပ်အား အပြစ်မရှိဘဲ သတ်ဖြတ်ခဲ့ကြသဖြင့် ဤသာယာဝတီနယ်တစ်ကြောတွင် တိရစ္ဆာန်ဖြစ်ပါက တိရစ္ဆာန်ဆိုး၊ လူဖြစ်ပါက လူဆိုးလူသွမ်းဖြစ်ပါစေ၊ ကြီးပွားတိုးတက်စည်ပင်ခြင်းလည်း မရှိကြပါစေနှင့်၊ လင်ယောကျ်ားကို အိမ်ဦးနတ်ကဲ့သို့ ချစ်တတ်ရှိသေတတ်သော ကျွန်ုပ်သည် ဖြစ်လေရာဘဝတိုင်းတွင် ကျွန်ုပ်၏လင်ယောကျ်ားဖြစ်သူနှင့် ပေါင်းရပါစေသား''

မအောင်ဖြူမှာ သစ္စာဆိုပြီးသည်နှင့် မြို့ရိုးတံတိုင်းထူမည့် မြေကျင်းကြီးထဲတွင် အဆုံးစီရင်ခြင်းခံရကာ သေဆုံးသွားခဲ့ပါတော့သည်။ အချစ်ကြီးသလောက် သစ္စာတရားကြီးလှသော မအောင်ဖြူသည် လူ့ဘဝမှ သေဆုံးသွားသည်နှင့် တစ်ခန်းရပ်မသွားခဲ့ပါ။ သူ၏ တိုင်တည်ခဲ့သော သစ္စာတရားကြောင့် ဘီလူးမဘဝနှင့် သန္ဓေယူကာ ကျောက်လိုဏ်ဂူကြီးတစ်ခုတွင် သစ္စာရှင် ဘီလူးမဘဝသို့ ကူးပြောင်းရရှိသွားပါလေတော့သည်။





မအောင်ဖြူ သေဆုံးသွားခဲ့ရသည်နှင့် သာယာဝတီမြို့တော်ကြီးတွင်လည်း ကပ်ဘေးများသည် ဆိုးဝါးစွာကျရောက်လာခဲ့ပါလေ၏။ စားရေရိက္ခာများ စိုက်ပျိုးမရခြင်းကြောင့် ဒုဗ္ဘိက္ခရကပ်ခေါ် အငတ်ဘေးဆိုးကြီးနှင့်လည်း ကြုံခဲ့ရသည်။ ရောဂါဘယထူပြောလာပြီး လူအမြောက်အမြား သေဆုံးကြရသည့် ရောဂန္တရကပ်ဆိုးကြီးကပါ ရောထွေး၍ ကျရောက်လာကြသဖြင့် တိုင်းပြည်ကြီးတွင် ပျက်စီးလုခမန်း ကြုံတွေ့လာခဲ့ရပါသည်။

ထိုအချိန်အခါကို အခွင့်ကောင်းယူ၍ ဘီလူးမ မအောင်ဖြူသည် ရန်သူတော်ဟောင်း မြို့ဝန်သောအိုးကို သတ်ဖြတ်၍ ဆောင်သွင်းအကျဉ်းချခံစားနေရသည့် လင်ယောကျ်ားဖြစ်သူ သောဇလအမတ်ကို ကယ်တင်ကာ သူပိုင်ဆိုင်ရာ ကျောက်လိုဏ်ဂူကြီးရှိရာသို့ ခေါ်ဆောင်သွားပါလေတော့သည်။

စင်စစ် သစ္စာကြီးသလောက် လင်ယောကျ်ားကိုချစ်တတ်သော မအောင်ဖြူဘီလူးမသည် လင်တော်မောင်ပညာဇလ



www.burmeseclassic.com

www.burmeseclassic.com



အမတ်နှင့် ကျောက်လိုဏ်ဂူကြီးထဲတွင် ပျော်ရွှင်စွာ ပေါင်းသင်းဆက်ဆံ၍ နေထိုင်ခဲ့ကြသည်။ လင်ယောကျ်ားကို ချစ်မြတ်နိုးလွန်းလှသဖြင့် မည်သည့်လုပ်ငန်းမျှ မလုပ်ကိုင်စေဘဲ ဘီလူးမ မအောင်ဖြူက လိုလေသေးမရှိ ရှာဖွေ၍ ကျွေးမွေးပြုစုခဲ့သည်။

သို့သော် ပညာဗလအမတ်ကမူ ကျောက်လိုဏ်ဂူကြီးတွင် နေထိုင်ရသည်ကို ငြီးငွေ့သည်ဆိုကာ ဆေးပင်ဆေးမြစ်များကို ထုထောင်း၍ ဆေးဖော်စပ်ခြင်း၊ ကျိုချက်၍ ဆေးဖော်စပ်ခြင်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ နဂိုကပင် ပညာပါရမီ အခြေခံကောင်းသူတစ်ယောက်မို့ အချိန်အနည်းငယ်အတွင်းမှာပင် ပရဆေးဆရာတစ်ဦးနှယ် ဆေးမျိုးပေါင်းစုံကို နားလည်တတ်ကျွမ်းသူတစ်ယောက် ဖြစ်လာခဲ့သည်။

ထိုကဲ့သို့ နေထိုင်လာခဲ့ကြရာမှ ပညာဗလအမတ်နှင့် ဘီလူးမ မအောင်ဖြူတို့မှ ထူးခြားသော သားရတနာတစ်ပါး ထွန်းကားလာခဲ့ပါ၏။ ထိုသားရတနာမှာ ဘီလူးမနှင့် လူသားပေါင်းဖက်ရာမှ ရရှိလာခဲ့သော သားဖြစ်ခြင်းကြောင့် ထူးခြားသော စွမ်းအင်သိဒ္ဓိထူးများနှင့် ပြည့်စုံသူဖြစ်သည်။ ခွန်အားဗလအရာတွင် မည်သူမျှမယှဉ်နိုင်သည့်အပြင် အရွယ်ရောက်လာသည့်အခါတွင်လည်း ခြေဖဝါးတစ်ထောင်ရှိ၍ ဆင်ရိုင်း၏အစွယ်





ကိုပင် ဖမ်း၍ချိုးနိုင်သော စွမ်းအားရှင်တစ်ယောက်လည်း ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဘီလူးမ မအောင်ဖြူနှင့် ပညာဗလအမတ်တို့က သူတို့၏သားငယ်ကို 'ခြေရာတစ်ထောင် မောင်မဲခေါင်'ဟု နာမည်ကင်ပွန်းတပ်ခဲ့ကြပါ၏။

တစ်နေ့တွင် မောင်မဲခေါင်က ဖခင်ဖြစ်သူ ပညာဗလအမတ်အား ပြောဆိုတိုင်ပင်ပါလေ၏။

"အို ဖခင် ... ငါသည် မွေးဖွားလာကတည်းက ယခုအရွယ်ရောက်လာချိန်ထိ ဤကျောက်လိုဏ်ဂူကြီးနှင့် တောနက်ကြီးထဲတွင်သာ သွားလာလှုပ်ရှားခဲ့ရတယ်၊ လူသားဟူ၍ ဖခင်ကြီးတစ်ယောက်ကိုသာ တွေ့ဖူးမြင်ဖူးခဲ့ပါ၏၊ ထို့ကြောင့် လူသားများနေထိုင်ကြသည်ဆိုသော လူ့ရပ်လူ့ရွာသို့ ငါ သွားရောက်ဖူးချင်သည်၊ သို့သော် ခက်နေသည်က မိခင်ဘီလူးမ မအောင်ဖြူအား ချစ်ကြောက်ရှိသေသည်၊ မိခင်ကြီးကို စွန့်ပစ်ခဲ့ရန်လည်း မစွန့်ပစ်ရက်၊ ဖခင်ကြီးနှင့်အတူ လူ့ရပ်ဌာနေကိုလည်း သွားချင်ပါသည်"

"သားငယ် မောင်မဲခေါင် ... သင့်ရဲ့မိခင် ဘီလူးမကြီးဟာ ငါတို့သားအဖကို ရှာဖွေကျွေးမွေးနေသည့် ကျေးဇူးရှင်ဇနီးကောင်းတစ်ယောက် ဖြစ်တယ်၊ အဲဒါကြောင့် ဖခင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမ မအောင်ဖြူကို ဖခင်လည်း မစွန့်ပစ်ရက်ပါ၊ ဒါကြောင့် ဟောဒီကျောက်လိုဏ်ဂူကြီးထဲမှာပဲ ပျော်ရွှင်စွာနေပါတော့ သားငယ်''

ပညာဗလအမတ်က သားငယ်မောင်မဲခေါင်အား ဖျောင်းဖျနှစ်သိမ့်ပါသော်လည်း ခဏမျှသာပင်။ ဖခင်ကြီး၏ပြောစကားဖြင့်သာ ကြားသိခဲ့ရသည့် လူ့ရပ်လူ့ရွာသို့ သားပြန်ချင်ကြောင်း ခဏခဏပူဆာလွန်းလာသဖြင့် နောက်ဆုံး ပညာဗလမှာ သား၏ဆန္ဒကို လိုက်လျောလိုက်ရရှာပါတော့သည်။

''ကိုင်း ငါ့သား ... ဆန္ဒသိပ်ပြင်းပြနေရင်လည်း အဖေ စီစဉ်ပါ့မယ်၊ ဒါပေမဲ့ သင့်ရဲ့မိခင်ဘီလူးမကြီး သိလို့တော့ မဖြစ်ဘူးနော်၊ သူသိသွားခဲ့ရင် ဖေဖေတို့ကို ဘယ်လိုနည်းနဲ့မှ ပြန်လွှတ်မှာမဟုတ်ဘူးကွဲ့၊ ဒီတော့ သင့်ရဲ့အမေ ဘီလူးမကြီး အစာရှာထွက်တဲ့အချိန်ကျမှ ငါတို့သားအဖ ထွက်ပြေးကြတာပေါ့''

''စိတ်ချပါ အဖေ ... သားငယ် အဖေ့ကို ပခုံးပေါ်မှာ ထမ်းပြီး ထွက်ပြေးပါ့မယ်၊ နေ့ရက်အချိန်ကောင်းသာ ရွေးချယ်ပြီး မိခင်ဘီလူးမကြီးမရှိခင် ထွက်ပြေးကြတာပေါ့ အဖေရယ်''

ဤသို့ဖြင့် အခွင့်အခါကောင်းကို ပညာဗလနှင့် မောင်မဲခေါင်တို့က ရင်တထိတ်ထိတ် စောင့်မျှော်နေကြချိန်၊ မိခင်ဘီလူး





မကြီး မအောင်ဖြူကလည်း ကျောက်ဂူဝကိုပိတ်ကာ အစာရှာထွက်ချိန်တို့ ကြုံတွေ့တိုက်ဆိုင်လာကြသော အခါမှာတော့ သားအဖနှစ်ဦး ဂူပေါက်ဝကိုဖွင့်ကာ ထွက်ပြေးကြပါလေတော့သည်။

ဖြစ်ချင်တော့ ထိုနေ့ကျမှ မအောင်ဖြူဘီလူးမကြီးက စိတ်များလေးလံနေသဖြင့် ကျောက်လိုဏ်ဂူသို့ အစောကြီး ပြန်ရောက်လာခဲ့ပါ၏။ ကျောက်လိုဏ်ဂူသို့ ရောက်ရှိလာသောအခါ သူပိတ်ဆို့ထားခဲ့သည့် ကျောက်တုံးကြီးမှာ နံဘေးသို့လွင့်စဉ်ကျကာ ကျောက်ဂူဝကြီးလည်း ပွင့်နေသည်ကို တွေ့လိုက်ရသဖြင့် ဘီလူးမ မအောင်ဖြူမှာ ရွှေရင်ဆို့သွားရတော့မလောက် စိုးရိမ်သွားပါလေ၏။

''ဟင် ... ဂူပေါက်ကြီးပွင့်နေပါလား၊ ဘုရား ... ဘုရား ... ငါမရှိတုန်း ဘာတွေများ ဖြစ်သွားကြသေးသလဲ မသိဘူး၊ သားရေ ... သားငယ် ... လူကလေး ... ကိုပညာရေ ... ကိုပညာ ... ရော် ... ဒီသားအဖနှစ်ယောက် ဘယ့်ကိုများ လျှောက်လည်နေကြပါလိမ့်''

ဘီလူးမ မအောင်ဖြူမှာ ဟိုနားသည်နား လည်ပတ်ကြသည်ထင်၍ ရှာဖွေကြည့်ပါသော်လည်း မတွေ့ရ။ ခေါ်ငင်ကြည့်ပါသော်လည်း ထူးသည့်အသံမကြားရ။ စိုးရိမ်သောကများက



www.burmeseclassic.com

www.burmeseclassic.com



မအောင်ဖြူ၏နှလုံးအိမ်အတွင်းသို့ အဟုန်ပြင်းစွာ စီးဝင်လာကြပ် ချေပြီကော။

"ဘုရား ... ဘုရား ... တန်တော့ ဒီသားအဖနှစ်ယောက် ငါ့ကိုယ်ပစ်ပြီး လူ့ရပ်ဌာနဆီကို ပြေးကြပြီထင်ပါရဲ့ သားရယ် ... အမေ့ကို မထားရစ်ခဲ့ပါနဲ့၊ အမေ သားရဲ့နောက်ကို လိုက်ခဲ့မယ် ... လိုက်ခဲ့မယ် သားရေ"

ဘီလူးမ မအောင်ဖြူမှာ ရင်ကွဲပက်လက်ဖြင့် မျက်ရည်များဖြိုင်ဖြိုင်ကျကာ လင်နှင့်သားဖြစ်သူကို မခွဲနိုင်သဖြင့် သူပိုင်ဆိုင်ရာ ပိုင်နက်နယ်မြေအတွင်းမှ အဝေးသို့ နယ်ကျွံမသွားခင် အမီလိုက်ပါတော့သည်။

"ကိုပညာရေ ... ကိုပညာ"

"သားရေ ... လူလေး ... အမေ့ကို တစ်ယောက်တည်း ထားခဲ့တော့မှာလား သားရယ်"

မအောင်ဖြူမှာ လင်ဖောသားဖောနှင့် ပဏ္ဍာမြေလူးကာ ရူးလုမတတ် ရှိနေပါချေပြီ။ ဤတောဤတောင်သည် သူမ ပိုင်ဆိုင်ရာနယ်မြေ၊ သူမ ကျွမ်းကျင်သည့်တောတောင်။ မအောင်ဖြူ တစ်ချက်လှမ်းလိုက်သည်နှင့် အလွယ်တကူရောက်ရှိနိုင်သည့် ခရီးက ယနေ့မှပင် ပို၍ကြမ်းမာခက်ထန်လှသည်ထင့်။ ပြေးလွှာ





လာသည့် ရင်အစုံက ပူလောင်လှပြီဖြစ်သော်လည်း လင်နှင့်သားဖြစ်သူတို့ကိုမူ ရေးရေးမျှပင် မတွေ့မြင်ရသေးပါ။

"ရက်စက်လှချည်လား သားလေးရယ်၊ အမေဘီလူးမကြီးကို တစ်ယောက်တည်း အထီးကျန်ထားရစ်ခဲ့ပြီလားကွယ်"

မအောင်ဖြူ မျက်စိတို့ ပြာဝေလာကြသည်။ မောပန်းမှုကြောင့် ရင်တစ်ခုလုံးကွဲကြေတော့မည်ထင့်။ ရှေ့ဆီမှ ချောင်းရေစီးသံကိုပင် တဝေါဝေါနှင့် ကြားနေရပါပြီ။ ဤချောင်းကိုသာ သူတို့ဖြတ်ကျော်ပြေးသွားနိုင်ပြီဆိုလျှင် မအောင်ဖြူ ရှေ့သို့ဆက်လိုက်ရန် မဖြစ်နိုင်ပါလေတော့။ သည်ချောင်းသည် မအောင်ဖြူဘီလူးမကြီး၏ ပိုင်နက်နယ်မြေအဆုံး ဖြစ်ပါ၏။

ထိုစဉ် ဖခင်ကြီးအား ပခုံးတွင်ထမ်း၍ ချောင်းရေကို အရကြမ်းဖြတ်သန်းနေရှာသည့် သားငယ်မောင်မဲခေါင်ကို ချောင်းအလယ်တွင် တွေ့မြင်လိုက်ရပါတော့သည်။

"သား ... လူလေး မောင်မဲခေါင် ... အမေ့ဆီကို ပြန်လာခဲ့ပါကွယ်၊ အမေ့ကိုချစ်တယ်ဆိုရင် တစ်ယောက်တည်း ထားရစ်ခဲ့ပါနဲ့ကွယ်၊ ကိုပညာ ... သားရေ"

ချောင်းရေစီးသံက တဝေါဝေါတဝုန်းဝုန်းနှင့် မြင်းရိုင်းတစ်ကောင် ဒေါသတကြီး ကဆုန်စိုင်း၍ ခုန်ပေါက်ပြေးလွှားနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည့်သို့ မအောင်ဖြူ၏ တကြော်ကြော်ခေါ်ငင်သံလေးက မကောင်းဆိုးဝါးတစ်ကောင် အော်ဟစ်နေသည့် ချောင်းရေစီးသံ တဝေါဝေါအောက်တွင် ပျောက်ကွယ်သွားပါလေ၏။

ချောင်းရေထဲမှ မောင်မဲခေါင်တို့သားအဖမှာလည်း ဤ ချောင်းကို အောင်မြင်စွာဖြတ်ကျော်နိုင်လျှင် မိခင်ဘီလူးမကြီး မအောင်ဖြူ၏ ပိုင်နက်နယ်မြေမှ လွတ်မြောက်နိုင်မည်မို့ အား မာန်တင်း၍ ဖြတ်ကျော်နေပါသည်။ ထို့ကြောင့် နောက်ဘက် တကြော်ကြော် ဟစ်အော်ခေါ်ငင်နေသည့် မိခင်ကြီး၏ခေါ်သံကို မကြားရပါလေတော့။

“အား ... ရက် ... ရက်စက်လှချည်လား သားလေ ရယ်၊ အမေ့ကို တစ်ယောက်တည်း ခွဲထားရစ်မယ့်အတူ တစ်ခါတည်း အမေ့နှလုံးသားကိုပါ ခွဲယူသွားပါတော့လားကွယ်

တစ်စတစ်စ တဖြည်းဖြည်း ဝေး၍ဝေး၍သွားကြပြီ သည့် ချစ်လှစွာသော ချစ်လင်နှင့် သားငယ်တို့၏ ပုံရိပ်ကလေး များက မအောင်ဖြူမျက်ဝန်းထဲတွင် ပျောက်ကွယ်သွားကြသည် လား။ သို့တည်းမဟုတ် မျက်ရည်များနှင့် ဖုံးလွှမ်းနေသည့် အမြ အာရုံတွင် ပျောက်ကွယ်ဝေဝါးသွားကြသည်လား မပြောတတ် နောက်ဆုံးတစ်ခွန်းကိုပင် ဝင်သက်ထွက်သက်နှင့်အတူ ဟ





အော်ခေါ်ငင်လိုက်ပြီးချိန်မှာတော့ ...

“သား ... လူလေး ... အ ... အား”

ဘီလူးမမအောင်ဖြူခမျာ အပူမီးလောင်မြိုက်ကာ နှလုံး ကြေကွဲ၍ ချောင်းစပ်မှာပင် လဲကျသေဆုံးသွားပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## စာ ရ (၃၀)

## ရှင်မအောင်ဖြူ၏သချိုင်းဂူ သို့မဟုတ်

လေစီးအဟုန်နှင့် လွင့်မျောလာသည့် ခေါသံသဲ့သဲ့ကို မောင်မဲခေါင်နှင့် ပညာဗလတို့ ကြားလိုက်ရသဖြင့် ချောင်းရေစပ်မှ တစ်ဖက်ကမ်းဆီသို့ မျှော်ကြည့်လိုက်မိသည်။

"သား လူလေး ...အ ...အား ..."

မျက်စိထဲတွင် ပုံ၍လဲပြိုသွားသည့် အရိပ်ကလေးတစ်ခု။ တဝေါဝေါနှင့်စီးကျနေသည့် ချောင်းရေစီးကိုကျော်လွန်၍ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ပညာဗလနှင့် မောင်မဲခေါင်တို့ ထိတ်ခနဲ ရင်ခုန်သွားကြသည်။

"ဟာ မ ...မအောင်ဖြူ ...မအောင်ဖြူ လိုက် ...လိုက်လာတယ်"

"ဟင် ...အမေ ...အမေ"





ချောင်းရေစပ်တွင် လဲပြိုကျသွားသည့် အမေ၏ပုံရိပ်ကလေးက လုံးဝမလှုပ်ရှားပါလေတော့။ မိခင်ဟူသောအသိစိတ်၊ ခနီးမယားဟူသော အသိစိတ်တို့က တဝေါဝေါနှင့် အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသည့် ချောင်းရေအလျင်ကိုပင် ရပ်တန့်သွားစေသည်သို့။ တဝုန်းဝုန်းနှင့် ချောင်းရေအလျင်ကို ကျော်ဖြတ်ကာ လဲကျနေသည့် မိခင်ဘီလူးမကြီးထံသို့ မောင်မဲခေါင် ရောက်လာတော့ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော မိခင်ကြီးကိုသာ ကြေကွဲစွာ တွေ့မြင်လိုက်ရပါတော့သည်။

"ဖြစ်မှဖြစ်ရလေ အမေရယ်၊ သား ...သားလေ အမေ့ကို မချစ်လို့မဟုတ်ပါဘူး၊ အဖေနဲ့ သားတို့လို လူသားတွေကို တွေ့ဖူးမြင်ဖူးချင်လို့ လူသားတို့ဌာနေကို ထွက်ပြေးလာခဲ့ကြတာပါ၊ အခုလိုသာ ကြေကွဲစရာအဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ရမယ်ဆိုတာ ကြိုတင်ပြီးသိခဲ့ရင် သား ...သား ...ထွက်မပြေးပါဘူး အမေရယ် ...ဟီး ဟီး အဟီး"

မိုက်နှောင်တကို ရင်မှာပိုက်၍ ငိုကြွေးပူဆွေးနေသည့်ပိုင် ရင်ကွဲနာကျကာ သေဆုံးသွားရှာပြီဖြစ်သည့် မိခင်ကြီးကတော့ မည်သို့မျှ ပြန်လည်၍ ရှင်သန်လာမည်မဟုတ်တော့ပါ။

"တိတ်ပါတော့သားရယ်၊ မင်းရဲ့အမေ ဘီလူးမကြီးဟာဝ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ဝင်ရှုတ်သွားရပြီလို့သာ သဘောပိုက်လိုက်ပါတော့ကွယ် အား ... သူ့ရဲ့ရုပ်အလောင်းကိုတော့ သူပျော်စံတဲ့ ကျောက်ဂူကြီး ထဲမှာပဲ သင်္ဂြိုဟ်ပေးလိုက်ကြရအောင်လား သားရယ်"

ပညာဗလမှာ ဝမ်းနည်းပို့ကြွေးနေရှာသည့် သားငယ်ကို ချော့မော့နှစ်သိမ့်လိုက်ရင်း ချစ်ဇနီးသည်မအောင်ဖြူ ဘီလူးမကြီး ၏ ရုပ်အလောင်းကို သူတို့မိသားစုနေထိုင်ခဲ့ကြသည့် ကျောက် လိုဏ်ဂူကြီးသို့ ပြန်လည်၍ သယ်ဆောင်လာခဲ့ကြပါလေ၏။

"ကိုင်း ... သားရေ ... မင်းရဲ့အမေ နောက်ဆုံးခ[...] မှာ ငါ့သားကိုယ်တိုင် ကျောက်သားခေါင်းတလားတစ်ခုကို လု[...] ကိုင်ပေးပါ၊ ပြီးရင် မအောင်ဖြူဆိုတဲ့ ဘီလူးမမိခင်ကြီးရဲ့ ရု[...] အလောင်းကို အဖေတတ်ကျွမ်းတဲ့ ဂမ္ဘီရဆေးပညာအစီရင်တွေ[...] မပုပ်မသိုးအောင် စီရင်မယ်၊ အဲဒီဆေးရည်စိမ်အတတ်ပညာစွ[...] ဟာ နောင် နှစ်ပေါင်းထောင်ချီတဲ့အထိ မပုပ်မသိုးဘဲ ပကတ[...] အသားအရေနဲ့ ရုပ်ပုံလွှာအတိုင်းပဲ တည်ရှိနေပါလိမ့်မယ်ကွယ်"

ဤသို့ဖြင့် မောင်မဲခေါင်မှာ မိခင်ကြီးစံပျော်နေထိုင်[...] ကျောက်ဂူကြီးထဲမှာပင် သူ၏မိခင်ကြီး၏ ရုပ်အလောင်း[...] ကျောက်ဖြူသားခေါင်းတလားကြီးထဲတွင် ထည့်သွင်းလိုက်သည်[...] ထို့နောက် ပညာဗလအမတ်ကြီး၏ ဂမ္ဘီရဆေးပညာစွမ်းဖြင့် စီ[...]





၍ မအောင်ဖြူဘီလူးမကြီးပိုင်ဆိုင်သည့် ရတနာပစ္စည်းများကို ဘစ်ပါတည်းထည့်သွင်းကာ ကျိန်စာရွတ်ဆို၍ ထားရစ်ခဲ့ပါတော့ သည်။

ထို့အပြင် ပညာဗလအမတ်ကြီးမှာ ကျောက်ဂူကြီးထဲ တွင်နေထိုင်ရင်း ကျင့်ကြံအားထုတ်ဆည်းပူးခဲ့သည့် ဝိဇ္ဇာဓရဂန္ထ ရ အဘတ်ပညာများ၊ ဆေးဝါးအစီအရင်များ၊ မန္တာန်များကို ကြေးပုရပိုက်တွင်ရေးထိုးကာ နောင်းလူတို့သိရှိကြစေရန်အတွက် မအောင်ဖြူ၏ ကျောက်ဖြူသားခေါင်းတလားကြီးအနီး ကျောက် ဘလပ်ပေါ်တွင် ထားရစ်ခဲ့ပါလေတော့သတည်း။

ကပ္ပိယကြီးဦးသူတော် ပြောပြနေသည့် လွမ်းမောဖွယ် ပုံ့ဖွယ်ရာ ရာဇဝင်ဇာတ်ကြောင်းထဲမှ မအောင်ဖြူ၏ နှစ်ဘဝ ဘိုင်တိုင် သစ္စာရှင်ဘီလူးမအဖြစ် လင်ယောက်ျားနှင့် သားအပေါ် တွင် အသ[...]နှံချစ်ပြသွားသည့် အံ့ဖွယ်အနိုရောင်သွေးသစ္စာ တို့က တ[...] သ၏ မြောက်ပြန်လေတွင် စီးဝင်နစ်မျောနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်သို့။

မအောင်ဖြူ၏ဇာတ်ကြောင်းက ဤမျှနှင့် နိဂုံးတံသွားခဲ့သည့်တိုင် နားထောင်နေကြသည့် ရင်မောင်တို့လူစုမှာလည်း သနားစဖွယ် မအောင်ဖြူ၏ ဘဝရေစီးတွင် နစ်မျောနေကြသူများနှယ်။ မလှုပ်မယှက်နှင့်။ အတန်ကြာမှ သက်ပြင်းများ ကိုယ်စီချလျက် ပစ္စုပ္ပန်ရင်ခွင်သို့ ပြန်လည်ရောက်ရှိလာကြသည်။

"ဟင် ... ဒီလိုဆို ကျ ... ကျွန်တော်တို့ တွေ့ခဲ့ရတဲ့ ကျောက်လိုဏ်ဂူကြီးဟာ မအောင်ဖြူရဲ့ သင်္ချိုင်းဂူကြီးပေါ့နော် ... ဟုတ်လား ဦးသူတော်"

"အင်း ... ကိုထော်ပြောသလိုဆိုရင်တော့ အဲဒီ ကျောက်လိုဏ်ဂူကြီးထဲမှာ ကျောက်ဖြူသားခေါင်းတလားကြီးလည်း ရှိ တယ်၊ ကျောက်ကလပ်နဲ့ ကြေးပုရပိုက်တွေရယ်, ဆေးကျောက်ပြင်, ဆေးငရုတ်ဆုံတွေကိုပါ တွေ့ရှိရတယ်ဆိုတော့ အဲဒီကျောက်လိုဏ်ဂူဟာ လောဘသားဂမ္ဘီရဆရာတွေ, သိုက်ဆရာကြီးတွေ အသည်းအသန်ရှာဖွေနေကြတဲ့ မအောင်ဖြူရဲ့ သင်္ချိုင်းဂူဟောင်းကြီးပဲ ဖြစ်ရမယ် မောင်ရင်မောင်၊ အဲ ... ခက်နေတာက ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်တွေနဲ့ စီရင်ထားတဲ့ အဲဒီ မအောင်ဖြူသင်္ချိုင်းဂူကြီးက တွေ့ချင်တိုင်းတွေ့ကြရတာ မဟုတ်





ဘူးကွဲ၊ မင်းတို့ ငါတို့တစ်တွေ ဉာဏ်စဉ်နဲ့ လိုက်လို့မမီနိုင်တဲ့ ပညာရပ်တွေနဲ့ စီရင်ထားတာမို့ လောဘသားတွေအတွက်ကတော့ အမြဲတစေ ကွယ်ဝှက်ထားကြမှာပဲ မောင်ရင်မောင်ရေ"

ထူးဆန်းလှသော ကပ္ပိယကြီးဦးသူတော်၏ စကားများကြောင့် ရင်မောင်မှာ ဘဝင်မကျဖြစ်နေရပါ၏။ ရပ်ဝေးမှ ရောက်ရှိလာကြသည့် ဧည့်သည်လူစိမ်းများဖြစ်ကြသည့် သူတို့မြေးအဘိုးပင် မအောင်ဖြူသင်္ချိုင်းဂူကြီးကို တွေ့ရှိခဲ့ကြရသည်ဆိုလျှင် အခြားသူများ မတွေ့ရှိနိုင်ဟုဆိုသည်မှာ ဖြစ်နိုင်ပါမည်လေလား။ တစ်ခုခုများ လွဲချော်နေကြလေသည်လား။ သို့မဟုတ် သူ၏အဘိုး အဘထော်ပြောသကဲ့သို့ မမြင်နိုင်သည့် ပရလောကမှ [illegible]ျာန်းဆက်များလေလားဟူသော ပဟေဠိပုစ္ဆာ လားပေါင်းများမှာက ရင်မောင်၏ရင်ထဲဝယ် လွှမ်းထိုးယှက်လိမ်နေခဲ့ပါပြီတည်း။

"မောင်ရင်မောင်က ဒီရွာကိုရောက်လာတာ မကြာသေးတော့ မှန်းဆိုးကုန်းရဲ့အကြောင်း ဘာမှ ပြည့်ပြည့်စုံစုံသိသေးတာ မဟုတ်သေးဘူးလေ၊ ရှင်းရှ[illegible]ပြာရရင် အဲဒီမှန်းဆိုးကုန်းကို [illegible]သေကုန်းလို့တောင် သ[illegible]ခေါ်ဝေါ်ထားကြတာကလား၊ ဟုတ်လည်းဟုတ်နေတယ်လေ၊ အဲဒီမှန်းဆိုးကုန်းတောကြီးထဲကို [illegible]သွားရင် လူပျောက်, ကျွဲတွေနွားတွေဝင်သွားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတိရစ္ဆာန်တွေဟာ ပြန်ပြီးထွက်လာကြတာ မတွေ့ရတော့ဘူး ခြေရာခြေကြောင်း ရှာဖွေလို့မရအောင်ကို ပျောက်ခြင်းမ[...] ပျောက်သွားကြတာဟာ ခုချိန်ထိအောင် တရားခံရှာမတွေ့နိုင် သေးဘူး မောင်ရင်မောင်ရေ ...။

သစ်ကြီးဝါးကြီးတွေနဲ့ ရွာပျက်ကြီးတစ်ခုလို ဖြစ်သွား ပြီးတဲ့နောက်ပိုင်း လူသူအရောက်အပေါက်ကလည်း မရှိတော့ တောထူစေးပြစ်တွေနဲ့ တောဖုံးသွားရာက ဖုန်းဆိုးတောကျ ကုန်းကြီးတစ်ခုလို ဖြစ်သွားတော့တာပါပဲကွယ်''

''ဟင် ... ဒီလိုဆို အဲဒီဖုန်းဆိုးကုန်းကြီးက အရင်က ရွာတစ်ရွာရယ်လို့ ရှိခဲ့ဖူးသေးတာပေါ့ ... ဟုတ်လား ဦးသူ တော်''

''ရော် ... ဘယ့်နှယ့်မေးလိုက်တာလဲကွယ်၊ ဟော တစ်ပိုက်က ရွာစဉ်တွေဟာ ကုန်းငါးကုန်းနဲ့ ဖွဲ့တည်ထားခဲ့တ ပါလို့ ပြောထားတယ်လေ၊ အဲဒီကုန်းငါးကုန်းပဲ ကျန်ရစ်ခဲ့တော့ တယ်၊ ပိုပြီးတိုက်ဆိုင်တာက အဲဒီဖုန်းဆိုးကုန်းဆိုတဲ့ရွာမှာ မအောင်ဖြူဆိုတဲ့ မိန်းကလေးတစ်ဦးလည်း ရှိခဲ့သေးတယ်ဆိုတ ပဲ၊ အင်း ... အဲဒီမအောင်ဖြူတို့လူသိုက်ဟာ ဖုန်းဆိုးကုန်း နောက်ဆုံးလက်ကျန်ရွာသားတွေပဲ မောင်ရင်မောင်၊ ပြောရမယ်





ဆိုရင်တော့ ဒီနေ့ညသည် မိုးစင်စင်လင်းသွားတာတောင် ဖုန်းဆိုးကုန်း အတ်လမ်းတွေက ပြီးဆုံးသွားမှာမဟုတ်ဘူးကွယ်''

ကပ္ပိယကြီးဦးသူတော်က အသင့်ငှဲပေးထားသော ရေနွေး ကြမ်းကို နှစ်ခွက်ဆင့်၍သောက်လိုက်သည်။ ပြီးလျှင် သူ၏ဝါး ဆေးတံကြီးကိုထုတ်ကာ ဆေးတစ်ဆုံဖြည့်လိုက်ပါ၏။ ပြီးမှ သူ၏ လက်စွဲတော် ကြေးဝါမီးခြစ်ကြီးကိုခြစ်ကာ မီးညှိသည်အထိ စိတ် ရှည်လက်ရှည် မီးညှိနေပြန်ပါသည်။ ပြီးလျှင် တစ်ချက်နှစ်ချက်မျှ ဖွာရှိုက်လိုက်ပြီး ဟူးခနဲ မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပါ၏။

''ဟူး ... တကယ်တော့ ဖုန်းဆိုးကုန်းဟာ ဟိုးအရင် ရှင်မအောင်ဖြူလက်ထက်ကတည်းက သချိုင်းပျက်လိုလို၊ ကျတ်ကုန်းလိုလိုနဲ့ သတင်းကြီးခဲ့တာကလား၊ ဖုန်းဆိုးကုန်းနဲ့ ပတ်သက်ပြီး ကျတ်ကုန်းရွာမှာ တစ်ညအိပ်ခဲ့ရတဲ့သူတွေ၊ မကောင်းဆိုးဝါး နာနာဘာဝတွေရဲ့ အနှောင့်ဒ[...]က်ခံရသူတွေ ဟာ ဟောဒီ နတ်ရဲကုန်း၊ ရွှေလှောင်ကုန်းနဲ့ [...]ကြီးကုန်းတစ် ပိုက်မှာ ဒုနဲ့ဒေးပါ မောင်ရင်ရယ်၊ မယုံမရှိ[...]နဲ့ကွဲ့ ...။

ဒီကြားထဲ ဖုန်းဆိုးကုန်းနဲ့ ဆက်နွယ်နေတဲ့ ဂေါ်ရာ တောင်သိုက်ဆိုတာကလည်း နာမည်ကြီးနေလေတော့ ဟိုတုန်း ကဆို သိုက်ဆရာတွေ၊ လောဘကောင်ဥစ္စာရှူးတွေ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပြီး ရှာဖွေကြသေးတာပေါ့ကွယ်''

''ဂေါ်ရာတောင်ဆိုတာ ဘာကိုအစွဲပြုပြီး ခေါ်ကြတာ

ဦးသူတော်၊ နောက်ပြီး သိုက်တို့ ဥစ္စာစောင့်တို့ဆိုတာ တကယ်

တဲ့သူတွေလား။ ခုခေတ်မှာ ဒီလိုမျိုးတွေ ရှိနိုင်ပါဦးလားဗျာ''

''အင်း ... ငါတို့သိရသလောက်ကတော့ ပထမကမ္ဘာ

စစ်အတွင်းတုန်းက ကုလားတွေ လာပြီးနေထိုင်သွားကြလို့

နာမည် တွင်ပြီးကျန်ရစ်ခဲ့တယ်လို့ ပြောကြတာပဲကွယ်''

ကပ္ပိယကြီးဦးသူတော်၏ ဖုန်းဆိုးကုန်း ဘီလူးမ မအော

ဖြူသချိုင်းနှင့် ဂေါ်ရာတောင်သိုက်တို့၏ စိတ်ဝင်စားဖွယ်၊ သိမှတ်

ဖွယ်ရာများကို ဦးရဲထိ၊ အဘထော်၊ မောင်ရင်မောင်၊ ဗိန္ဒော

ဆရာကြီးဦးဧရာနှင့် ကာလသားလူရွယ်အချို့က စိတ်ဝင်တစား

နှင့် နားထောင်နေကြပါသည်။

''အင်း ... ဒီကြားထဲ ငါတို့နတ်ရဲကုန်းရွာသား ပေါက်

ကျော်နဲ့ ဖုန်းဆိုးကုန်းရွာကြီးရဲ့ နောက်ဆုံးမျိုးဆက်လို့ ခေါ်ရ

မလား မဆိုနိုင်တဲ့ မအောင်ဖြူတို့ရဲ့ အဖြစ်အပျက်ကလည်း

လူသိရှင်ကြား အုတ်အော်သောင်းတင်း ဖြစ်ခဲ့ဖူးလေတော့

... ဖုန်းဆိုးကုန်း နာမည်မကြီးဘဲ ဘယ်နေတော့မှာလဲကွယ်''

''အဲ ... အဲဒီ ... အဲဒီဖုန်းဆိုးကုန်းသူ မအောင်ဖြူနဲ့





ကိုပေါက်ကျော်တို့အကြောင်းကရော ဦးသူတော်ကြီးကိုယ်

ကြုံတွေ့ခဲ့ရတာပေါ့နော်''

''ဟုတ်တယ် မောင်ရင်မောင်၊ အဲဒီတုန်းက ငါ့အသက်

လူပျိုပေါက်အရွယ်ပဲ ရှိသေးတယ်၊ ခေတ်ကာလကလည်း

မြန်မာပြည်ကြီးကို နှစ်အကြာကြီး အုပ်ချုပ်ခဲ့ကြတဲ့ အင်္ဂလိပ်

ခဲ့တွေ စစ်ရှုံးလို့ ဆုတ်ခွာနေကြရတဲ့အချိန်ပေါ့၊ အင်း ...

ဆုတ်ခွာရာလမ်းကြောင်းကျတဲ့ ဟောဒီ ကုန်းငါးကုန်းရွာစဉ်

ကတော့ စစ်မျက်နှာတွေကြားက မြေစာပင်လေးတွေပေါ့

ယ်''

ထို့နောက်မှာတော့ ကပ္ပိယကြီးဦးသူတော်က သူ ငယ်

က ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ဖုန်းဆိုးကုန်းမှ မအောင်ဖြူနှင့်

က်ကျော်တို့၏ ကြေကွဲဖွယ်ရာ သွေးပျက်ချောက်ချားဖွယ်ရာ

ကြည်နိုင်ဖွယ်ရာ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြနေပါ

တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဝ၁ ၅ (၁၁)

## စစ်၏အနိဋ္ဌာရုံများအောက်မှ မအောင်ဖြူ

အချိန်ကာလက မြန်မာ့မြေပေါ်မှ အင်္ဂလိပ်နယ်ချဲ့များ… ဂျပန်တို့ စစ်ဦးဘီလူးတိုက်ခိုက်မှုကြောင့် ဆုတ်ခွာထွက်ပြေး… ကြရသည့် အချိန်ကာလ။ အာရှတစ်ခွင်၌ စစ်ရေးမလှခဲ့သော… အင်္ဂလိပ်တို့သည် မြန်မာ့မြေပိုင်နက်အတွင်းမှ အိန္ဒိယနိုင်ငံ အ… ဖာမြို့သို့ ဦးတည်၍ ဆုတ်ခွာခဲ့ကြသည်။

ထို့ကြောင့် မြန်မာပြည်တစ်ဝန်းလုံးရှိ အနယ်နယ်အ… ရပ်မှ စစ်ပြေးဒုက္ခသည်များ၊ စစ်ဘေးမှ ပြေးရှောင်ပုန်းလျှိုး… သူများဖြင့် တစ်တိုင်းပြည်လုံး အပူလုံးကြွကာ သောကမီး လော… မြိုက်နေကြချိန်ဖြစ်ပါ၏။

အင်္ဂလိပ်စစ်တပ်များ၏ စစ်ကားများ၊ ရိက္ခာတင်… ယာဉ်များ၊ သံချပ်ကာယန္တရားများ စသည့်ယာဉ်တန်းကြီးသ…





ကား လမ်းမကြီးတစ်လျှောက် ပုရွက်ဆိတ်တန်းကြီးများ စီတန်းလာသကဲ့သို့ မည်းမည်းတုတ်လျက် ရှိလေသည်။ ဆုတ်ခွာရာစစ်လမ်းကြောင်းကျသည့် ရွာငယ်လေးများမှာမူ အင်္ဂလိပ်စစ်တပ်များ၏ ရမ်းကားမှုဒဏ်၊ ဂျပန်တို့၏ လေကြောင်းမှတိုက်ခိုက်မှုဒဏ်တို့ကြောင့် ရွာလုံးကျွတ်နီးပါး သေကျေပျက်စီးခဲ့ကြရသည်မှာ စစ်၏အနိဋ္ဌာရုံများသဖွယ်ပါတည်း။

ထိုအချိန်တွင် သာယာဝတီမြို့နယ်ထဲရှိ သိမ်ကြီးကုန်း၊ ငွေယားကုန်း၊ နတ်ရဲကုန်း၊ ရွှေလှောင်ကုန်းနှင့် ပုန်းဆိုးကုန်းဟူသော ကုန်းငါးကုန်းရွာစဉ်တန်းတစ်လျှောက်တွင်လည်း စစ်လမ်းကြောင်းကျသဖြင့် ရွာစဉ်အလိုက် အထိနာခဲ့ကြသည်ဖြစ်ပါ၏။ ဤသို့သော ခေတ်ပျက်ခေတ်ဆိုးကာလတွင်မှ လွမ်းမောဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းလေးများကလည်း ဟိုမှသည်မှ နေရာအနှံ့ပေါက်ဖွားလျက်ရှိပါသေးသည်။ ထိုအထဲတွင်မှ နတ်ရဲကုန်းရွာသား ပေါက်ကျော်ဆိုသူနှင့် ပုန်းဆိုးကုန်းသူ မအောင်ဖြူတို့၏ မှိုးနိုင်သော အချစ်ဇာတ်လမ်းလေးကလည်း သန္ဓေတည် မွေးဖွားလာခဲ့ပါပြန်ချေပြီကော။

နတ်ရဲကုန်းတော ...။

တပေါင်းနွေ၏ အပူငွေ့တွေက တရိပ်ရိပ်ပြေးလွှားနေ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ထင်ရသည်။ နေမွန်းတည့်တော့မည့် မိုးတစ်နေ့တာ၏ အပူဆုံးသောအချိန်အောက်တွင် ပေါက်ကျော်နှင့် သူတော်တို့မှာ ချွေးဒီးဒီးကျမျှ သစ်ခုတ်နေကြရပါ၏။ ပေါက်ကျော်က နဖူးပြင်ထက်မှ စီးကျလာသည့်ချွေးတို့ကို အင်္ကျီလက်မောင်းနှင့် သုတ်ဖယ်ပစ်လိုက်သည်။

"ဟူး ... ပူလိုက်တဲ့နေကွာ၊ အိမ်ပြန်ချင်ဇောနဲ့မို့သာ ခုတ်နေရတာ၊ လူတောင်လက်ပန်းကျချင်သလို ဖြစ်နေပြီ သူတော်ရေ"

"ငြီးမနေနဲ့ ကိုယ့်လူရေ ... မမလေးထဘီဖိုး ကြိုးစားလိုက်ပါဦး၊ အင်း ... ငါ့ကောင်ကိုကြည့်ရတာ ဒီနေ့ မအောင်ဖြူနဲ့ ချိန်းထားတယ်ထင်တယ် ... ဟင်း ဟင်း"

"အေး ... ဟုတ်တယ် သူတော်၊ မအောင်ဖြူက အရေးတကြီးပြောစရာရှိလို့တဲ့၊ မနက်က အကြော်သည်မိဖျင်းနဲ့ ငါ့ကို မှာလိုက်လို့ကွ"

ပေါက်ကျော်က သစ်ခုတ်သမားတစ်ယောက်၊ မိခင်မုဆိုးမကြီးနှင့်အတူ ဘဝကို ဆင်းရဲပင်ပန်းကြီးစွာ ရုန်းကန်နေရသူဖြစ်သည်။ အလုပ်ကိုကြိုးစားသလောက် ရိုးသားသူတစ်ဦး ဖြစ်ပါသော်လည်း ဆင်းရဲသားမိသားစုဖြစ်သဖြင့် ဖုန်းဆိုးကုန်းရွာမှ





လယ်ပိုင်ရှင်ကြီးတစ်ယောက်၏ သမီးဖြစ်သူ မအောင်ဖြူနှင့် ပေါင်းဖက်နိုင်ဖို့အရေးက အိပ်မက်စိတ်ကူးထဲမှာပင် မလွယ်ကူလှသော အခြေအနေပင်ဖြစ်ပါ၏။

သူတော်မှာ သူငယ်ချင်းဖြစ်သူ ပေါက်ကျော်အား စာနာစိတ်ဖြင့် ငဲ့ကြည့်လိုက်ပြီးမှ လက်ထဲမှပုဆိန်ကြီးကို အသာချကာ သစ်ပင်ရိပ်တွင် ခဏတာမျှ နားခိုလိုက်သည်။

"ဟူး ... မင်းအဖြစ်က မလွယ်ပါလားကွာ၊ ခေတ်ကာလအခြေအနေက သိပ်ကောင်းလှတာမဟုတ်ဘူးနော်၊ ညဘက်ညဘက်တွေမှာ အရဲကိုးပြီး အပြင်မထွက်စေချင်ဘူး၊ ဟို ... အင်္ဂလိပ်စစ်တပ်ကတွေ့သွားရင် မင်းကို ဂျပန်သတင်းပေးထင်ပြီး ဖမ်းခေါ်သွားမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"ကြော် ... သူတော် သူငယ်ချင်းရယ်၊ ငါတို့နှစ်ယောက်အခြေအနေကလည်း သူများချစ်သူတွေလို ထင်ထင်ပေါ်ပေါ်ကြီး တွေ့ခွင့်ရတာမဟုတ်တော့ နီးကြောင်နီးဝှက်နဲ့ပဲ ညဥ့်နက်သန်းခေါင်မှာ တွေ့နေကြရတာ သိရဲ့သားနဲ့ကွာ"

သူတော်မှာ ပေါက်ကျော်နှင့် မအောင်ဖြူတို့၏ အချစ်ဇာတ်လမ်းကို အတွင်းသိအစင်းသိထားသူတစ်ဦးမို့ အန္တရာယ်အရေးကို တားမြစ်ချင်သော်လည်း ဤကဲ့သို့မှ မတွေ့ကြရပျှင်



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ တွေ့ခွင့်ကြုံစရာမရှိသည်ကြောင့် ဖွတ်မိုတ်မတားလို တော့ဘဲ ခွင့်ပေးခဲ့ရသည့်အကြိမ်ပေါင်းကလည်း မနည်းတော့

ထို့ကြောင့် ထိုနေ့က သစ်ခုတ်ခြင်းမှ စောစောအလုပ်သိမ်းကာ သူငယ်ချင်းနှစ်ယောက် ပြန်လာခဲ့ကြပါတော့သည်။

"သတိဝီရိယနဲ့သွားဟေ့ ပေါက်ကျော်၊ သိပ်လည်း ညည်နက်ခံပြီး မနေကြနဲ့ဦး၊ ခေတ်ကာလက သိပ်ပြီးစိတ်ချရတာ မဟုတ်ဘူးနော်"

"စိတ်ချပါ သူတော်ရာ၊ ငါတစ်ယောက်တည်းသွားတာ ပိုပြီးလွတ်လပ်တယ်၊ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ချုံပုတ်ကြီးတစ်ခုထဲ ဒိုင်ဗင်ထိုးဝင်လိုက်ရင် ပြီးတာပဲဟာ"

ဤသို့ဖြင့် သူတော်နှင့် ပေါက်ကျော်တို့ သူငယ်ချင်းနှစ်ယောက် လမ်းခွဲကာ ပြန်ခဲ့ကြပါတော့သည်။

တပေါင်းနွေ၏ ညတစ်ည ...။

လမထွက်သေးသဖြင့် ကြယ်ရောင်ပျပျတို့၏ အလင်းရောင် မှုန်ဝါးဝါးမျှသာရှိသည့် တောလမ်းဖုံဖုံလေးအတိုင်း ပေါက်ကျော် လျှောက်လာခဲ့သည်။ တစ်နေကုန် ပူလောင်ထားသဖြင့် ညဘက်မြောက်ပြန်လေသရမ်းဒဏ်ကြောင့် ခံစားရသောညဥ့်လေသည် အေးစက်စက်နှင့်။ ပေါက်ကျော်ကမူ သူ၏လက်စွဲတော် ဓါးဆစ်ပိတ်တုတ်ကိုကိုင်လျက် ဖုန်းဆိုးကုန်းရွာကြီးဆီသို့ အသော့နှင်လာခဲ့ပါတော့သည်။

စိတ်ထဲမှာတော့ ချစ်သူ မအောင်ဖြူနှင့် တွေ့ဆုံရမည့် အရေးက ဘားဘောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်ရစေဦးတော့။

ဟုတ်သည်။ သူတော်ပြောသကဲ့သို့ ခေတ်ကာအခြေအနေက မကောင်း။ စစ်ရေးကာလဖြစ်နေသည့်အပြင် မြွေပူရာကင်းမှောင့်ဆိုသကဲ့သို့ အရပ်အခေါ် (သရောကြီးခိုင်းသည်) ဟုဆိုသော ကာလဝမ်းရောဂါ၊ ကျောက်ရောဂါနှင့် ပလိပ်ရောဂါတို့ကြောင့် ရွာလုံးကျွတ်သေကျေ၍ ကပ်ရောဂါဆိုးကြီးပါ ဝင်ရောက်မွှနှောက်သောအခါမှာတော့ နီးစပ်ရာရွာများသို့ ကိုယ်လွတ်ရုန်းထွက်ပြေးနေကြသည့်အချိန် ဖြစ်ပါသည်။

သူတော်ကလည်း သူငယ်ချင်းကို စိုးရိမ်စိတ်ဖြင့် တားမြစ်ဟန့်တားခဲ့ပါသေးသည်။ ပေါက်ကျော်မှာလည်း သူတော်







www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုး တားမြစ်သည့်ကြားမှ ဖုန်းဆိုးကုန်းသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဤကဲ့သို့သော ခေတ်ပျက်ကပ်ဆိုးကြီးထဲတွင် ပေါက်ကျော်နားခိုရာ ကွန်းရိပ်သာသည် ချစ်ရသူ မအောင်ဖြူ၏ ရင်ခွင်မှတစ်ပါး ...

အလယ်လွန်လ.ကလေးက ဘယ်ကမ္ဘာသို့ ပုန်းလျှိုးနေလေသည်မသိ။ တောလမ်းတစ်လျှောက် ကြယ်ရောင်ပျပျအလင်းသာ ရှိပါ၏။ တစ်ချက်တစ်ချက် ငှယမ်းတိုက်ခတ်လာသည့် မြောက်ပြန်လေရူးကြောင့် ပေါက်ကျော်တစ်ကိုယ်လုံး စိမ့်ခနဲအေးသွားသည်သို့။ စင်စစ် ဖုန်းဆိုးကုန်းနှင့် နတ်ရဲကုန်းကြားတွင် ရွှေလှောင်ကုန်းဆိုသော ရွာတစ်ရွာရှိသေးသည်။ သို့သော် ပေါက်ကျော်က ရွှေလှောင်ကုန်းသို့မဝင်တော့ဘဲ တောလမ်းခရီးအတိုင်း ရှာန်ဘေးမှပတ်၍ ဖုန်းဆိုးကုန်းသို့ သွားနေခြင်းသာဖြစ်ပါ၏။ တကယ်ဆိုလျှင် နတ်ရဲကုန်းနှင့် ဖုန်းဆိုးကုန်းသည် သုံးမိုင်နီးပါးခန့် ဝေးသည်သာ။ သို့သော် ဖုန်းဆိုးကုန်းသူ မအောင်ဖြူကိုမှ ချစ်ခဲ့မိပါသော ပေါက်ကျော်အတွက်မူ ဤသုံးမိုင်ခရီးသည် ကွမ်းတစ်ယာညက်ခန့်ပင် မကြာဟုထင်နေမိပါ၏။

ချွေးစို့အောင် အသော့နှင်လာခဲ့သည့် ပေါက်ကျော်အား ရွှေလှောင်ကုန်းနှင့် ဖုန်းဆိုးကုန်းတို့၏ နယ်နိမိတ်စည်းသဖွယ်





ဘည်ရှိနေသည့် ကုက္ကိုဝါပင်ညီနောင်က အမောပြေဆီးကြိုနေပါ၏။ ဤကုက္ကိုဝါပင်ညီနောင်ကို ကျော်ဖြတ်လိုက်သည်နှင့် ဖုန်းဆိုးကုန်းရွာအဝင်ဝကို လှမ်း၍မြင်နေရသည် မဟုတ်ပါလား။

"အိုး ... ဟိုရှေ့မှာ ဖုန်းဆိုးကုန်းရွာတံခါးကို မြင်နေပြီ၊ မကြာခင် မအောင်ဖြူလေးနဲ့ တွေ့ရတော့မှာပါလား"

အတွေးစိတ်ကူးဖြင့် ပေါက်ကျော်တစ်ယောက် ဖုန်းဆိုးကုန်းရွာ လှည်းလမ်းမ ဖုံမှုံလေးပေါ်သို့ လှမ်းတက်လိုက်သည်တွင် ဘဝုန်းဝုန်းတဖြုန်းဖြုန်းနှင့် တောတိုးသံကြီးများကို ထိတ်လန့်တကြား ကြားလိုက်ရသည်။

'ဝုန်း ..ဖြုန်း ..ဒုန်း ..ဝုန်း ..ဒုန်း'

'ဟေး ဟေး ဟေး ဟား'

'ရွှမ်း ..ရွှမ်း ..ဖြန်း ..ဟိုး ..ဟိုး'

"ဘုရား ... ဘုရား ... ဘာသံကြီးတွေပါလိမ့်၊ တဝေါဝေါ တဝုန်းဝုန်းနဲ့ ညဦးအချိန်မတော်ကြီး ဘာကောင်ကြီးတွေများ ပြေးလွှားနေကြတာလဲ မသိဘူး"

ရုတ်တရက် ညကြီးအချိန်မတော် ကြားလိုက်ရသော အသံမျိုးစုံတို့ကြောင့် ပေါက်ကျော်မှာ အနီးရှိ ကုက္ကိုဝါပင်ညီနောင်နောက်သို့ ကပျာကရာ ပြေးဝင်ပုန်းခိုလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ..ဝေါ ..ဝုန်း ..ဂလုန်း'

'ရွှမ်း ..ရွှမ်း ..ဖျန်း'

ပေါက်ကျော်မှာ ကြောက်ကြောက်လန့်လန့်နှင့် ကုက္ကို ဝါပင်နောက်မှ ချောင်းမြောင်း၍ ကြည့်လိုက်မိသည်။ လရောင် မရှိသည့် ကြယ်ရောင်မှုန်ပျပျအလင်းအောက်တွင် လှည်းလမ်း ကြောင်းအတိုင်း တဝေါဝေါတဝုန်းဝုန်းနှင့် အော်မြည်ပြေးလွှား လာနေကြသည့် အမည်မသိ အရိပ်မည်းကောင်ကြီးများက ဧ ကောင်းဆိုးဝါး တစ္ဆေကောင်များနှယ် ပေါက်ကျော်ရှိရာဘက်သို့ ပြေးဝင်လာနေကြပါချေပြီကော။

"ဟာ ...ဘုရား ...ဘုရား ...ငါ ...ငါ့ကို တော ...တောချောက်နေတာလား၊ သ ...သ ...သရဲ ... သရဲခြောက်နေတာလား၊ ဒု ...ဒုတ် ...ဒုက္ခတော့ဖြစ်ပြီ ထင် ...ထင် ...ထင်တယ်"

အော်သံဟစ်သံမျိုးစုံနှင့် သူပုန်းခိုနေရာဘက်ဆီသို့ တ ဝုန်းဝုန်းနှင့် ပြေးလွှားလာနေသည့် အရိပ်မည်းကောင်ကြီးများက တစ်စတစ်စ နီးကပ်လျက်လာကြပါပြီ။

'ဟေး ..ဟေး ..ဟေး'

'ရွှမ်း ..ရွှမ်း'





အနီးသို့ရောက်ရှိလာကြသည့် အရိပ်မည်းကောင်ကြီးများ ကို ပေါက်ကျော် ကြောက်ကြောက်လန့်လန့်နှင့် မျက်လုံးကြီးပြူး ၍ ချောင်းကြည့်လိုက်ချိန်မှာတော့ ...

"ဟာ ..."

ပေါက်ကျော်နှုတ်ဖျားမှ အာမေဋိတ်သံများပင် ထွက်လျှံ ကျလာခဲ့သည်။ ထိုအရိပ်မည်းကောင်ကြီးများသည် နွားလှည်း တစ်စီး၊ လှည်းနောက်မှပြေးလိုက်လာကြရသည့် လူတစ်စုနှင့် ခွေးသုံးလေးကောင်ခန့် တသီတသန်းကြီး ပြေးလွှားကြသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရပါသည်ကော။

ဆောက်တည်ရာမရ တဝုန်းဝုန်းတဝေါဝေါနှင့် နွားများ ကိုလည်း တရွှမ်းရွှမ်းရိုက်နှက်ကာ အရေးတကြီး သုတ်ခြေတင် ကာ ပြေးလွှားလာနေကြသည့် လူသူတိရစ္ဆာန်အုပ်စုကြီးမှာ ပေါက် ကျော်ပုန်းခိုနေသည့် ကုက္ကိုဝါပင်ညီနောင်အနီးမှ တဝုန်းဝုန်း ဖြင့် ဖြတ်ကျော်သွားကြပြီးနောက်မှာတော့ ညဉ့်သည် တိတ်ဆိတ် စွာ ငြိမ်သက်ကျန်ရစ်ခဲ့ပါတော့သည်။ ယခုတော့ မှုန်ဝါးဝါး ကြယ်ရောင်အလင်းအောက်တွင် ပေါက်ကျော်တစ်ယောက်တည်း သာ တုတ်တိုတစ်ချောင်းကိုကိုင်လျက် မှင်တက်ငေးမောကာ ရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... လှည်းတွေနွားတွေရော လူတွေခွေးတွေရော သူတို့နောက်က ကျားလိုက်လာကြတဲ့အတိုင်းပဲ ဝရုန်းသုန်းကားနဲ့ ထွက်ပြေးသွားလိုက်ကြတာ၊ ညကြီးသန်းခေါင် ဖုန်တွေကို တထောင်းထောင်းထသွားတော့တာပဲ၊ အင်း ... ဘာတွေများ ဖြစ်ကုန်ကြပြီလဲ မသိတော့ဘူး"

ပေါက်ကျော်မှာ သက်ပြင်းမောကြီးတစ်ခုကိုသာ ချလိုက်ရင်း ကုက္ကိုဝါပင်ညီနောင်နောက်မှထွက်ကာ ဖုန်းဆိုးကုန်းရွာလမ်းကြောပေါ်သို့ တက်လာခဲ့သည်။ ထို့နောက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည့် မှုန်ဝါးဝါးကြယ်ရောင်အောက်တွင် ဖုန်းဆိုးကုန်းရွာဘက်သို့ တစ်ယောက်တည်း ခပ်သွက်သွက် လျှောက်လာခဲ့ပါ တော့၏။

ရှေ့ဆီမှ ဖုန်းဆိုးကုန်းရွာကြီးကတော့ အနက်ရောင်အမှောင်ထုကြီးအောက်ဝယ် တိတ်ဆိတ်စွာ အိပ်မောကျနေလေပြီထင့်။ မီးရောင်လက်လက်ပင် မမြင်ရ။ ကလေးငိုသံများနှင့် ယုတ်စွအဆုံး ခွေးဟောင်သံသဲ့သဲ့မျှပင် မကြားရ။ ယုတ်စွအဆုံး သူဖြတ်ကျော်လာခဲ့သည့် ရွာထိပ်ရှိကင်းတဲမှာပင် လူသူအရိပ်အယောင် မတွေ့ရပါလေ။

"ရော် ... ဘယ်လိုဖြစ်ကြတာလဲ၊ တစ်ရွာလုံးလည်း တိတ်ဆိတ်နေကြပါလား၊ စောစောစီးစီးများ အိပ်ပျော်နေကြပြီလား မသိဘူး၊ အို ... ရှုပ်ပါတယ်၊ တစ်ရွာလုံး အိပ်ပျော်နေကြရင်လည်း ကောင်းတာပဲ၊ ဒါမှ မအောင်ဖြူလေးနဲ့ ငါနဲ့ အေးအေးဆေးဆေး တွေ့ရမှာပေါ့ ... ဟင်း ဟင်း ဟင်း"

နောက်ဆုံးတော့ ပေါက်ကျော်တစ်ယောက် ထူးခြားလျက်ရှိသော တစ်ညတာမြင်ကွင်းကို လျစ်လျူရှုဥပေက္ခာပြုကာ ချစ်ရသူမအောင်ဖြူ၏ နေအိမ်ရှိရာသို့ အမှောင်ကိုအားပြုလျက် ထွက်လာခဲ့ပါတော့သည်။





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## စာစု (၃၂)

## မအောင်ဖြူ သို့မဟုတ် ...

ပေါက်ကျော်မှာ ထုံးစံအတိုင်း ခြံအနောက်ဘက် ခွေး
ပေါက်မှတစ်ဆင့် မအောင်ဖြူတို့၏ အိမ်ခြံဝင်းထဲသို့ ဝင်ရော
လာခဲ့သည်။ ထိုမှတစ်ဆင့် တွေ့ဆုံနေကျ ဝရန်တာဘက်
တမာပင်မှတစ်ဆင့် ကြောင်တစ်ကောင်နှယ် သွက်လက်
ရောက်ရှိသွားပါလေ၏။ ထို့နောက်မှာတော့ သူရောက်ရှိနေပြီ
ကြောင်း မအောင်ဖြူ သိရှိနိုင်စေရန် ငှက်မြည်သံဖြင့် အချက်
လိုက်သည်။

မကြာမီ မအောင်ဖြူအိပ်ခန်းဆီမှ ကျွီခနဲ ဘံခါးဖွင့်
သံ့သံ့နှင့်အတူ မအောင်ဖြူ၏ ပုံရိပ်ကောက်ကြောင်းလေး
ရိပ်ခနဲ တွေ့မြင်လိုက်ရပါ၏။ ပေါက်ကျော်တစ်ယောက် ချစ်
နှင့် တွေ့ရတော့မည့်အရေးကြောင့် အာခေါင်များပင် ခြော





လာကာ ရင်တွေပင် တဒိန်းဒိန်းနှင့် ခုန်လာခဲ့သည်။

တွေ့လိုက်ရပါပြီ ...

အိပ်ခန်းထဲမှထိုးထွက်လာသည့် မီးရောင်လက်လက်နှင့်
ကြယ်ရောင်ပိုးတဝါးအောက်တွင် ချစ်ရသူမအောင်ဖြူလေးမှာ
လှလိုက်သည့်ဖြစ်ခြင်း။

အညာစကား အညာအသုံးအနှုန်းဖြင့် ပြောရလျှင်
မအောင်ဖြူလှချက်က ထိရက်တို့ရက်စရာပင်မရှိ။ ရက်ရက်စက်
စက် လှလိုက်ချောလိုက်သည့်ဖြစ်ခြင်း။ ယနေ့ညမှာပင် မအောင်
ဖြူက ပို၍ပို၍ချောလှနေသယောင်။ အောင်ပင်လယ်ကန်တွင်
ရှင်ဘုရင်တရဖျားတစ်ယောက် နတ်သမီးတစ်ပါးကို တွေ့မြင်
လိုက်ရသဖြင့် ရူးသွပ်မူးမေ့သွားသည်ဟု ပေါက်ကျော်ကြားဖူး
နားဝရှိခဲ့သည်။ ယခု နတ်သမီးတစ်ပါးရှုံးလောက်အောင် ချော
မောလှပနေသည့် ချစ်ရသူမအောင်ဖြူကို ငေးမောစိုက်ကြည့်နေ
ရင်းမှ ပေါက်ကျော်ခမျာ မူးမူးမေ့မေ့ဖြစ်သွားခဲ့လေပြီလား။

ဟုတ်သည် မအောင်ဖြူကို ကြည့်လိုက်ပါဦး။

အညာဖျင်ကြမ်းထဘီအနက်နှင့် အင်္ကျီလက်ပြတ် ရှန်
သားအနက်ကလေး ဝတ်ဆင်ထားသည့်မို့ သူမ၏ မို့မောက်ကျစ်
လျစ်သော ခန္ဓာကိုယ်အချိုးအစားနှင့် ဖြူဝင်းသောအသားအရေ



www.burmeseclassic.com

www.burmeseclassic.com



တို့က အချော့အလှပုံရိပ်ကို ပြက်ပြက်ထင်ထင် ရှိနေလေသည်သို့ သည်ကြားထဲ ရှင်မတောင်သနပ်ခါးကို ပါးကွက်ကြားလေးလိမ်း ခြယ်ထားလိုက်သေးသဖြင့် ကယုကယင်နှင့် မွှေးကြူနမ်းရှိုက်ချင် စဖွယ် ရှိနေပါလေ၏။

တစ်ခုပဲရှိသည်။ သူမ၏ နက်မှောင်ရှည်လျားသော မဟု ရာရောင် ပိတုန်းရောင် ဆံကေသာထက်တွင် ထူးထူးခြားခြ ပွင့်အာနေသည့် ခေါင်ရမ်းပန်းနီနီကြီးကို ပန်ဆင်ထားခြင်းပင် တည်း။ မည်သို့ပင်ဖြစ်စေတော့ ပေါက်ကျော်၏မျက်စိထဲတွင် ချစ်သူမအောင်ဖြူကတော့ ထူးထူးခြားခြား လှပနေမြဲသာ ပေါက်ကျော်၏စိတ်ထဲမှာတော့ မအောင်ဖြူတစ်ယောက် ယနေ ညကျမှ ပို၍ပို၍ လှပချော့မောနေလေသည်လား ဟု။

ချစ်သူကို ငေးစိုက်ကြည့်နေရင်းမှပင် ပေါက်ကျော်တ ယောက် မချင့်မရဲဖြစ်လာလေသည်ထင့်။ လက်မောင်းသား ဖြ ဖြူဝင်းဝင်းလေးကို အသာအယာဆွဲယူကာ သူ၏ရင်ခွင်ကျယ် ကြီးအတွင်းသို့ ထွေးပွေ့မည်အပြုတွင် . . .

'ဂီး'

'ဖျန်း . . ဖျန်း . . ဖျန်း'

နားမခံသာဖွယ် ဂီးခနဲထွက်ပေါ်လာသော ငှက်ဆိုးထိ





သံကြီးနှင့်အတူ တောင်ပံခတ်သံ တဖျန်းဖျန်းရိုက်ခတ်သံကြီးက အနီးရှိ တမာပင်ထက်မှ ထွက်ပေါ်လာသည်မို့ ပေါက်ကျော်တစ် ယောက် ကြက်သီးမွေးညင်းများ တဖျန်းဖျန်းထကာ ခေါင်းနား နေးများပင် ကြီးသွားရပါလေ၏။

''အို . . . ကိုပေါက်ကျော်ကလည်း တကယ်ပဲ . . . ကျွန်း''

BURMESE CLASSIC .com

မအောင်ဖြူ၏ ရှက်ရွံ့အမူပိုနေသည့် ချစ်စဖွယ်အပြု အမူကြောင့် ပေါက်ကျော် အရဲစွန့်ရှေ့သို့တိုးကာ ချစ်သူကို သိမ်း ကျုံးပွေ့ဖက်လိုက်ရင်း ရင်ခွင်ကျယ်ကြီးအတွင်းဝယ် အနမ်းမိုး များ ရွာချလိုက်ပါတော့သည်။

''အို . . . အဟင့် ဟင့် . . . လွှတ် . . . လွှတ်ပါဦးလား ကိုပေါက်ကျော်ရယ်၊ မအောင်ဖြူ အသက်ရှူကျပ်လှပါပြီ၊ အဲဟင့် ဟင့် . . . နေလည်း မနေတတ်တော့ပါဘူး''

ညင်းသွဲ့တိုးလျသော မအောင်ဖြူလေး၏ မောလျလျ အသံလေးကြောင့် စပါးကြီးမြွေတစ်ကောင်နှယ် ရစ်ပတ်ဖက် တွယ်ထားသည့် ပေါက်ကျော်မှာ မချင့်မရဲနှင့် အနည်းငယ် ည်လျှော့ပေးလိုက်ပါလေ၏။

''ဟင်းနော် ကိုပေါက်ကျော် . . . မအောင်ဖြူကိုချစ်ခွင်န်း



www.burmeseclassic.com

www.burmeseclassic.com



လို့ နည်းနည်းလေး လျှော့ပေးလိုက်တာနော်၊ ကိုယ့်စိတ်တိုင်းကျ သာ ဆိုရင်တော့လား ... အဟင်း ဟင်း''

ချစ်ရသူမအောင်ဖြူ၏ ပါးကွက်ကြားပါးပြင်လေးကို တစ် ချက်မျှမွှေးကြူနမ်းရှိုက်လိုက်ရင်း ပေါက်ကျော် မချင့်မရဲပြောဆို လိုက်သည်။ အိမ်ခန်းတွင်းမှ တိုးထွက်လာသည့် ဝါကြင်ကြင် မီးရောင်နှင့် ဝိုးတဝါးကြယ်ရောင်အောက်တွင် မအောင်ဖြူ၏ အလှက ပေါက်ကျော်ကို ညှို့ယူဖမ်းစားနေသည်သို့။

ချစ်သူနှစ်ဦး ချိန်းတွေ့နေကြသည့် အိမ်ပေါ်ထပ်ဝရန် တာထက်သို့ ဝိုးတဝါးလရောင်ရိပ်တို့က သစ်ရွက်သစ်ခက်များ ကြားမှ ဖောက်ထွင်းဖြန့်ကျက်လျက် ကျဆင်းနေပါ၏။ ယခုမှ ထွက်ပြူလာသည့် လရောင်၏ တို့ထိရှိုက်နမ်းခံနေရသည့် မအောင်ဖြူ၏ ကပိုကရို တောပန်းအလှလေးကို ကြည့်မဝနိုင်စွာ ဖြင့် ငေးစိုက်ကြည့်ရင်း ပေါက်ကျော် မသိမသာတိုး၍ ပွေ့ဖက် လိုက်သည်။

''ဟွန်း ... တော်တော်ကဲတဲ့ ကိုပေါက်ကျော် .. အဟင့် ဟင့်''

''ဩော် ... ချစ် ... ချစ် ... ချစ်လွန်းလို့ပါ မအောင် ဖြူရယ်၊ ဒါနဲ့ နေပါဦး ... တစ်အိမ်လုံးလည်း တိတ်ဆိတ်နေပါ





လား၊ မအောင်ဖြူရဲ့ အဘနဲ့ အမေတို့ရော မရှိကြဘူးလား''

ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လွန်းလှသည့် ပတ် ဝန်းကျင်ကြောင့် မအောင်ဖြူအနီးသို့ကပ်ကာ ပေါက်ကျော် တိုး တိုးညင်ညင် မေးလိုက်သည်။ ပေါက်ကျော်၏မေးခွန်းကြောင့် မအောင်ဖြူ မျက်နှာပျက်သွားသည်ကိုမူ ပေါက်ကျော်ကိုယ်တိုင် သတိမထားမိလိုက်ပါ။

BURMESE CLASSIC .com

ချက်ချင်းပင် ပျက်သွားသောမျက်နှာကို ဖျတ်ခနဲပြောင်း လိုက်ကာ ပေါက်ကျော်အား အချစ်ရည်ရွှန်းလက်သော မျက်လုံး ညိုကြီးများဖြင့် အမှုပိုစွာကြည့်လိုက်ရင်းမှ ...

''ဟွန်း ... ဘာလဲ ... ကိုပေါက်ကျော်က ကိုယ့်ချစ်သူ ကို တွေ့ဖို့လာတာလား၊ ဒါမှမဟုတ် အဘနဲ့ အမေတို့ကိုတွေ့ ချင်လို့ လာခဲ့တာလား ... ဟင်''

''အို ... ဘယ်ကလာ အဘတို့နဲ့တွေ့ရမှာလဲ၊ မအောင် ဖြူကလည်း ပေါက်ပေါက်ရှာရှာ ပြောရော့မယ်၊ လူရိပ်လူယောင် လည်း မတွေ့၊ အသံလည်းမကြားရလို့ မေးကြည့်တာပါ မအောင် ဖြူရယ်''

မအောင်ဖြူ၏ အမှုပိုပိုစကားသံနှင့် နဂါးညို့မျက်စောင်း ထော်ကြောင့် ပေါက်ကျော်ခမျာ ကပျာကယာ တောင်းပန်ရပြ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရင်း ချစ်သူမအောင်ဖြူလေးအား ရင်ခွင်ကျယ်ကြီးထဲသို့ ဆွဲယူကာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ပြန်ပါ၏။

ထိုစဉ်မှာပင် . . .

'ဂိ'

'ဖျန်း . . ဖျန်း'

ဒုတိယအကြိမ် ငှက်ဆိုးထိုးသံကြီးနှင့်အတူ တောင်ပံတဖျတ်ဖျတ်ရိုက်ခတ်သံကြီးကြောင့် ပေါက်ကျော်ခမျာ ခေါင်းမှဆံပင်မွေးများပင် ထောင်းခနဲ ထောင်ထသွားလေသည်သို့။

'ကျွတ် . . ကျွတ် . . ကျွတ် . . ကျွတ်'

"တောက်တဲ့ တောက်တဲ့ တောက်တဲ့ တောက်တဲ့"

တစ်ချိန်တည်းမှာပင် ဆူညံစွာထွက်ပေါ်လာကြသည့် အိမ်မြှောင်စုတ်ထိုးသံ၊ တောက်တဲ့အော်မြည်သံကြီးများက သွေးပျက်ထိတ်လန့်စပြုနေပြီဖြစ်သော်လည်း ပေါက်ကျော်အား ဝိုင်းဝန်းကာ ခြောက်လှန့်နေကြသည့်နှယ်။

ပုံမှန်သဘာဝမဆန်သော အဖြစ်အပျက်များကြောင့် ပေါက်ကျော်တစ်ယောက် ဒွိဟစိတ်နှင့် တွေဝေသွားမိသည်။ ခါတိုင်း မအောင်ဖြူနှင့် ချိန်းတွေ့ကြတိုင်း အိပ်ခန်းထဲမှ အသက်ရှူသံ၊ ဟောက်သံများကို ကြားနေရသည်။ ရံဖန်ရံခါ မအောင်





ဖြူ၏အစ်ကိုတော်၊ သူ၏ယောက်ဖဖြစ်သူ၏ မူးမူးရူးရူးနှင့် တောက်ခေါက်ညည်းညူယောင်ရမ်းသံများကိုပင် ကြားခဲ့ရဖူးပါသည်။

ယခုမှု ထိုကဲ့သို့မဟုတ်။ မအောင်ဖြူတို့၏ နှစ်ဆောင့်ပြိုင်အိမ်ကြီးတွင်သာမက မုန်းဆိုးကုန်းတစ်ရွာလုံးပင် ထူးထူးခြားခြားနှင့် သွေးပျက်ချောက်ချားဖွယ်ကောင်းလောက်အောင် အဘယ်ကြောင့် ငြိမ်သက်တိတ်ဆိတ်နေကြပါသနည်း။

ညဉ့်လေရူးတစ်ချက်အဝှေ့တွင် ပေါက်ကျော်၏ကျောရိုးတစ်လျှောက် စိမ့်ခနဲဖြစ်သွားကြပြီး ဦးခေါင်းကြီးတစ်ခုလုံး ပွတ်လောက်ကြီးထွားကာ ကြက်သီးမွေးညင်းများ တဖျန်းဖျန်းအထမှာပင် မအောင်ဖြူ၏စကားသံကြီးက ငှက်ဆိုးထိုးသံကဲ့သို့ ထွက်ပေါ်လာသည်။

"ကို . . . ကိုပေါက်ကျော် . . . ကိုပေါက်ကျော် ဘာဖြစ်သွားတာလဲဟင်၊ မအောင်ဖြူ ခေါ်နေတာကြာလှပြီ၊ ငေးငေးငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ"

ရုတ်တရက် ရင်ခွင်အတွင်းမှ ဖက်တွယ်ထားသည့် မအောင်ဖြူ၏အမေးစကားကြောင့် ပေါက်ကျော်အတွေးစတို့ တိခနဲ ပြတ်တောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဟို . . . ဟို . . . ဘာ . . . ဘာမှ မ . . . မဖြစ်ပါဘူး မ . . . မအောင်ဖြူ"

ပေါက်ကျော် ကပျာကယာ ဖြေကြားလိုက်ရင်း လရောင်ပျပျနှင့် မှိန်ဖျော့ဖျော့မီးရောင်အလင်းအောက်တွင် မအောင်ဖြူ၏ မျက်နှာလေးကို ဖျတ်ခနဲကြည့်လိုက်မိသည်။

"အို . . . ဘုရား . . . ဘုရား . . . ဘယ်လိုဖြစ်တာလဲ"

ပေါက်ကျော် ရုတ်တရက် တွေ့မြင်လိုက်ရသော မြင်ကွင်းကြောင့် ဒိတ်ခနဲ ရင်ခုန်သွားပါ၏။ သူ၏မျက်စိနှစ်လုံးကို ပင် မယုံသကဲ့သို့ဟန်ဖြင့် ပွတ်သပ်ကြည့်လိုက်သည်။

ဟုတ်ပါသည်။ မှုန်ပါးပါးမီးရောင်အောက်တွင် ချစ်ရသူ မအောင်ဖြူ၏ မျက်နှာလှလှလေးက ပိန်သွားလိုက်၊ ဖောင်းသွားလိုက်၊ တွန့်လိမ်ရှုံ့တွသွားလိုက်နှင့် . . .။

တစ်ဖန် နီတွေးစွတ်စိုလှပသော မအောင်ဖြူ၏ နှုတ်ခမ်းအစုံကလည်း ဖူးရောင်ထော်လန်သွားလိုက်၊ အာခေါင်ပါးစပ်ကြီးက ပြဲကျယ်သွားလိုက်နှင့် နောက်ဆုံး ဖြူဖွေးညီညာလှသော သွားစယ်တန်းလေးများကြားမှ ဝါကြင့်ကြင့်အစွယ်ကြီးနှစ်ချောင်းက သွေးညှီများ စွန်းထင်းကပ်ညိလျက် သွေးပျက်ချောက်ချားစွာ မြင်တွေ့လိုက်ရပါချေပြီတည်း။

☆ ခု နှစ် စဉ် ကြယ် တ ပေ ☆



"ဘုရား . . . ဘုရား . . . ဒါ . . . ဒါ . . . တစ္ဆေတွေ ငါ့ကို . . . ငါ့ကို လှည့်ဖြားခြောက်လှန့်နေကြပြီထင်တယ်၊ ငါ ဘယ် . . . ဘယ်လိုလုပ်ရပါ့"

ယခုပင် ထ၍ပြေးချင်စိတ်ပေါက်အောင် ပေါက်ကျော် တစ်ယောက် ချွေးပြန်လျက်ရှိပါပြီ။ သွေးပျက်ထိတ်လန့်ဖွယ် မြင်ကွင်းကြောင့်လည်း တံတွေးကို ကျိတ်၍မျိုချရင်း ဘုရားတနေမိပါပြီကော။ အကန်ကြာမှ တုန်ယင်ချောက်ချားနေသည့် သူ၏ အသံကို မသဲမကွဲ သာတိန်းရင်း . . .

"ဟို . . . ဟို မ . . . အောင် . . . ဖြူ . . . အာ . . . အာ ခေါင်တွေ . . . ချောက် . . . ချောက်လို့၊ အဲ . . . အဲဒါ ရေ . . . ရေတစ် . . . ခွက် . . . လောက် . . . သောက် . . . သောက် ချင် . . . လို့ . . . အဲ"

ထစ်ထစ်ငေါ့ငေါ့နှင့် ရေတောင်းနေသည့် ပေါက်ကျော် ကြောင့် မအောင်ဖြူ အလိုမကျသည့်နှယ် မျက်စိမျက်နှာပျက် သွားပါ၏။

"အိုး . . . အရေးထဲမှ ကိုပေါက်ကျော်ကလည်း ဒီမှာပဲ စောင့်နေနော်၊ မအောင်ဖြူ သောက်ရေသွားခပ်ပြီး ပြန်လာ ခဲ့မယ် . . . ဟွန်း"

☆ ခု နှစ် စဉ် ကြယ် တ ပေ ☆

www.burmeseclassic.com

www.burmeseclassic.com

မအောင်ဖြူမှာ စိတ်ကောက်ဟန်နှင့် နေရာမှ ငေါက်ခနဲ ထကာ အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။ ပေါက်ကျော် ဣန္ဒြေပင် မဆောင်နိုင်ပါလေတော့။ ဝရန်တာမှ ထွက်ကာ ကိုင်းကျနေသည့် တမာပင်မှတစ်ဆင့် မျောက်တစ်ကောင်ရှူးလောက်အောင် ကမန်းကတမ်း မြေပြင်ထက်သို့ ဆင်းခု သွားပါလေ၏။ အောက်သို့ရောက်သည်နှင့် တမာပင်ခြေရင်းတွင် ထောင်ထားသည့် ဝါးဆစ်ပိတ်တုတ်တိုပိုင်းကိုဆွဲယူကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးပါလေတော့သည်။

ယခုမှပင် အိပ်မောကျနေသော ညဥ့်သည် သက်ဝင်နိုးထလာလေပြီထင့်။ ပုစဉ်းရင်ကွဲအော်သံ၊ ဖီးကွက်အော်မြည်သံများနှင့် လင်းဆွဲကောင်တို့ တဝုန်းဝုန်းတရှန်းရှန်းနှင့် အော်မြည်ပျံသန်းနေကြသံများကို ပေါက်ကျော် ကြားနေရပါသည်။ ထိုအတူ အလည်လွန်နေသည့် သန်းခေါင်ယံညကလေးသည်လည်း တိမ်မည်းညိုများကြားမှ လွတ်မြောက်လာခဲ့လေပြီထင့်။ အလင်းတချို့ ကြဲဖြန့်ထားသည့် လရောင်နှင့် ကြယ်ရောင်တို့ ဖြန်းပက်ထားသည့် လှည်းလမ်းကြောင်းဖုံဖုံလေးအတိုင်း ပေါက်ကျော် အသက်မရှူနိုင်စတမ်း ပြေးထွက်လာခဲ့ပါ၏။





'ဝေါ ..ဝေါ...ဝေါ ..ဝေါ'

'ရှီ ..ရှီ ..ရှီ ..ရှီ'

မိုးသက်လေသည်ပင် သူ၏နောက်ဘက်ဆီမှ တဝေါဝေါ ...င့် အော်မြည်သံလေးက ထက်ကြပ်မကွာ လိုက်လာခဲ့ပါချေပြီ ...ကား။ လေတိုးသံ၊ သစ်ကိုင်းသစ်ခြောက်တို့ ပြိုလဲကျသံများက ...သွေးပျက်ချောက်ချားဖွယ်ညဥ့်ကို အားပေးထောက်ကူနေကြသည့် ...ယ်။

မအောင်ဖြူနှင့် ပုန်းဆိုးကုန်းတစ်ရွာလုံး အခြေအနေ ...က်ယွင်းလျက်ရှိသည်ကို အချိန်မီ သိရှိလိုက်ရသည်။ ပေါက် ...ကျော်တစ်ယောက် နောက်ကျသည့်ခြေထောက် သစ္စာဖောက်ဟူ ...သာထုံးကို နှလုံးမူကာ ဟောဟဲဆိုက်မျှ အသက်လု၍ပြေးလာ ...သည် မဟုတ်ပါလား။

''ဟေးဟေး ..ဟိုးဟိုး ..ဟားဟားဟား''

''ဝေါ ဝေါ ဝေါ ...ရှီ ရှီ''

လေတိုက်သံကြီးများနှင့်အတူ ပေါက်ကျော်ခမျာမှာ ...ည်း မျက်လုံးများပင် ပြာဝေလျက် ရင်တစ်ခုလုံး ဖားဖိုကြီး ...ခုကဲ့သို့ နိမ့်ချည်မြင့်ချည်နှင့်။ ရှေ့ဆီတွင် ပုန်းဆိုးကုန်းနယ် ...ိတ်အဆုံးဖြစ်သော ကုက္ကိုဝါပင်ညီနောင်ကို လရောင်ပျပျ


www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် တွေ့မြင်နေရပါချေပြီကော။

အားတက်သွားပြီမို့ ပေါက်ကျော် ပြေးနှုန်းအရှိန်ကို မြှင့်တင်လိုက်သည်။ ထိုစဉ်မှာပင် ...

"ဟေး ... မပြေးနဲ့ ရပ် ... ရပ်စမ်း ... အခုရပ်လိုက်စမ်း"

"ဟေး .. ဝေး ဝေး .. ဟေး ဟေး ဟေး"

အော်သံဟစ်သံ အမိန့်ပေးခိုင်းစေသံများက ပေါက်ကျော်၏နောက်ဘက်ဆီမှ မပီမကမ်းနှင့် စီးမျောလိုက်ပါလာကြသည်။

"ဟေး ...ငါလက်ကနေ ပြေးလို့လွတ်နိုင်ရိုးလားဟဲ့ နင် ပြေးနိုင်သလောက် ပြေးထားလိုက်စမ်း ငါလိုက်လာပြီ ပေါက်ကျော်ရေ"

သွေးပျက်ချောက်ချားဖွယ်ရာ အသံနက်ကြီးဖြင့် ရူးရူးဝါးဝါး ဟစ်အော်ကြိမ်းမောင်းရင်း အပြေးအလွှားလိုက်လာသည့် မအောင်ဖြူ သို့မဟုတ် မုန်းဆိုးကုန်းမှ မကောင်းဆိုးဝါး မိစ္ဆာတစ္ဆေမ။

ကြောက်မက်ဖွယ်အသံဆိုးကြီးကို နီးကပ်စွာကြားလိုက်ရသဖြင့် ပေါက်ကျော်ပြေးရင်းလွှားရင်းမှ နောက်ဘက်သို့ သမင်





လည်ပြန် ကြည့်လိုက်မိသည်။

"အား မ ... မ ... မအောင်ဖြူ လိုက် ... လိုက်လာပါရော့လား၊ ဘုရား ... ဘုရား ... ဘယ်လိုဖြစ်ပြီး မအောင်ဖြူကနေ မကောင်းဆိုးဝါး မိစ္ဆာကောင်ကြီး ဖြစ်သွားရတာလဲ မသိဘူး"

ဟုတ်သည်။ မြင်ကွင်းက တကယ့်ကို သွေးပျက်ချောက်ချားဖွယ်ရာပင်။ ဆယ်ပေကျော်ခန့်မြင့်သော ရောမ မကောင်းဆိုးဝါး မိစ္ဆာတစ္ဆေမ မအောင်ဖြူက ကြောက်မက်ဖွယ်ရုပ်ဆင်းအင်္ဂါဆိုးကြီးဖြင့် သူ့နောက်မှ အသည်းအသန်ဟစ်အော်ရင်း အပြေးအလွှားလိုက်နေသည် မဟုတ်ပါလား။

"ဟေး ... ဟေး ... ပြေးနိုင်မှလွတ်မယ် ပေါက်ကျော်ရေ ... ဟီးဟီး"

"ဟီးဟီး .. ဟိုးဟိုး .. ဝါး ဟား ဟား"

ညဉ့်ကမ္ဘာတစ်ခုလုံး ကမ္ဘာပျက်သည့်နယ် ဆူညံပွက်လောရိုက်လျက် ရှိပါ၏။ မိုးသက်လေပြင်းတိုက်ခတ်သံ၊ မကောင်းဆိုးဝါးများ ခြောက်လှန့်အော်ဟစ်သံ၊ တဝုန်းဝုန်းနှင့် မြေတုန်တည်းခမန်း ပြေးလွှားသံကြီးများက ပွဲတင်ညံလျက်ရှိပါချေပြီကော။ မအောင်ဖြူ ကျတ်မိစ္ဆာမကြီးကလည်း လူသားစစ်စစ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သော ပေါက်ကျော်အား ဖမ်းဆီးရမိနိုင်ရေးအတွက် ညမင်းဆယ်လှမ်း ကျားတစ်လှမ်းဖြင့် ကမ္ဘာမြေပြင်တစ်ခုလုံး ဘုန်းဘုန်းရိုက်ခတ်လျက် သိမ့်သိမ့်ခါလျက် ရှိပါတော့သည်။

"ဟေး ... ပြေး ... ပြေးစမ်း၊ ဟဲ့ ... ငါ့လက်က လွတ်နိုင်ရိုးလားဟဲ့ အကောင်ရယ် ... ဟင်း ဟင်း ဟင်း"

သူ၏နောက်ဘက်မှ အော်သံများက လွန်စွာနီးကပ်လာသည်မို့ ပေါက်ကျော်တစ်ယောက် သွေးပျက်ချောက်ချားသွားသည်ထင့်။ ပြေးနေသည့်ခြေလှမ်းများက ယိမ်းယိုင်သွားကြသည့် ပေါက်ကျော်ခမျာ မပြေးနိုင်ပါလေတော့။ နဖူးပြင်ထက်မှ စီးကျလာသော ချွေးစေးများကြောင့် မျက်လုံးအစုံမှာ ကျိန်းစပ်လျက်ရှိပါပြီ။ တုန်ယင်မောဟိုက်နေမှုတို့ကြောင့် ပေါက်ကျော်ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်လှုပ်ခတ်လျက် ရှိနေပါပြီ။

နောက်ဆုံး ကျန်ရှိသမျှအားအင် အကြွင်းအကျန်များကို အသုံးပြုလျက် နယ်နိမိတ်အဆုံးဖြစ်သော ကုက္ကိုဝါပင်ညီနောင်နောက်ဘက်သို့ ပေါက်ကျော် ကြောက်လန့်တကြားဖြင့် ခုန်လွှားဝင်ရောက်လိုက်သည်နှင့် ...

"ဟေး ... သေပေတော့ အကောင်ရေ ... ဟိုင်း"

'ဝုန်း .. ဒုန်း .. ဂလုန်း'

---





မကောင်းဆိုးဝါး မိစ္ဆာမ မအောင်ဖြူက ပေါက်ကျော်ရှိရာသို့ သွေးပျက်ဖွယ်အသံနက်ကြီးဖြင့် ကြိမ်းမောင်းဟစ်အော်လိုက်သံကြီးများက သန်းခေါင်ယံညဥ့်လေစီးထဲတွင် ပဲ့တင်ရိုက်ခတ်သွားပါလေတော့သည်။

www.burmeseclassic.com

## (၃၃)

### အိပ်မက်တောမှ မှောလျှအိမ်အပြန်

''အား''

ကြောက်လန့်တကြား ဟစ်အော်လိုက်သော ပေါက်ကျော်၏ သွေးပျက်ချောက်ချားဖွယ် အော်ဟစ်သံကြီးကြောင့် သူ့အား စောင့်၍အိပ်ပေးနေကြသည့် သူတော်နှင့် မှုန်ကြီးတို့ပါ လန့်ဖျပ်၍ နိုးလာကြသည်။

''ဟာ ...ဟေ့ ...ဟေ့ကောင် ပေါက်ကျော် ... ပေါက်ကျော် ...ဘာဖြစ်တာလဲ''

''ပေါက်ကျော် ...ပေါက်ကျော် ...မင်း ဘာတွေ ယောင်ပြီး အော်ဟစ်နေတာလဲ''

သူတော်နှင့် မှုန်ကြီးတို့အမေးစကားကို ပေါက်ကျော် ချက်ချင်းမဖြေနိုင်။ မျက်လုံးပြူးမျက်ဆန်ပြူးနှင့် အတင်းကုန်းရုန်း





ထကာ ညဥ့်အမှောင်ထုကြီးထဲသို့ တုန်ယင်ချောက်ချားစွာ ကျိုးကန်းတောင်းမှောက်ကြည့်နေရာမှ ပါးစပ်မှလည်း ကယောင်ချောက်ချား ပြောဆိုနေပါ၏။

''ဟို ...ဟို ...ဟိုမှာ မိစ္ဆာမကြီး လိုက် ...လိုက်လာပြီ အား ...ကြောက် ...ကြောက် ...ကြောက်တယ်''

''ဟာ ...ဟေ့ ...ဟေ့ကောင် ပေါက်ကျော် ...ဘာတွေ အော်နေတာလဲ၊ ဒီမှာ ဘာမိစ္ဆာမကြီးတွေမှ မရှိဘူး''

ထိုအချိန်တွင် မိခင်မုဆိုးမကြီးမှာ အိပ်ရာမှနိုးလာသည်ထင့်။ ရေနံဆီမီးခွက်ကြီးကို မီးထွန်းညှိကာ အခန်းတွင်းသို့ င်ရောက်လာပါ၏။ နီကြင်ကြင် ဝါကြင့်ကြင့် မီးရောင်က ညဥ့်အမှောင်ထုကို တတ်စွမ်းသမျှ ဖယ်ရှားနှင်ထုတ်လိုက်သည်။

''ဘယ်လိုလဲ သူတော် ...နင့်သူငယ်ချင်းအဖျားက မကျသေးဘူးလား။ ဘာတွေယောင်ပြီး အော်ဟစ်နေတာလဲဟင်၊ ဒီနွှာဆရာသာအေးကိုခေါ်မှ ဖြစ်မယ်ထင်တယ်''

''ဟုတ်တယ် ဒေါ်ကြီး ...ကိုယ်ပူကတော့ ကျန်နေသေးတယ်၊ ဒီကြားထဲ ယောင်ပြီးအော်ဟစ်ရုန်းကန်နေလို့ ကျွန်တော်တို့နှစ်ယောက် အတင်းဆွဲချုပ်ထားရတယ်လေ၊ အင်း ...သူ့ကိုကြည့်ရတာ တစ်မျိုးပဲဒေါ်ကြီး၊ ဆရာဦးသာအေးကို င့်မှ

www.burmeseclassic.com



ဖြစ်မယ်ထင်တယ်''

ဟုတ်သည်။ ပေါက်ကျော်တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များက ရွှဲရွှဲစိုလျက်။ ရင်ဘတ်အစုံကလည်း ပြင်းထန်စွာ အသက်ရှူမှုကြောင့် ဖားဖိုကြီးနှယ် ပိန်လိုက်ဖောင်းလိုက်နှင့်။ မျက်လုံးအစုံကမူ ဟိုဟိုသည်သည် ကျီးကန်းတောင်းမှောက်ကြည့်လျက် တစ်စုံတစ်ရာကို ရှာဖွေနေသည့်နှယ်။

''အား ... အင်း ... မိစ္ဆာမကြီး မ ... မ ... မအောင်ဖြူ ... မိစ္ဆာမကြီး''

''ဘာမှမရှိပါဘူး သူငယ်ချင်းရယ်၊ မင်း အဖျားကြီးပြီး ကယောင်ကတမ်းတွေ ဖြစ်နေတာပါ''

''အား ... မ ... မဟုတ်ဘူး ဟို ... ဟိုမှာ ... မ ... မအောင်ဖြူ အခေါင်းကြီး ... အခေါင်းကြီးထမ်းပြီး လာနေပြီ၊ ဟို ... ဟိုမှာ လာ ... လာနေပြီ''

အိပ်ရာထက်မှ ရုန်းကန်တွန်းထိုးရင်း ထပြေးမည်ပြု လုပ်နေသဖြင့် သူတော်နှင့် မှန်ကြီးတို့မှာ ဖက်တွယ်၍ ချုပ်နှောင်ထားကြရသည်။

မကြာမီ ပေါက်ကျော်၏မိခင်ကြီးက အိမ်နီးနားချင်းတစ်ယောက်ကို အခေါ်လွှတ်လိုက်သဖြင့် ဗိန္ဓောဆရာဦးသာအေးတစ်





ယောက် ဆေးလွယ်အိတ်ကြီးနှင့် ပေါက်ချလာပါ၏။ ရောက်ရောက်ချင်း ဆရာဦးသာအေးမှာ ပေါက်ကျော်၏အခြေအနေကို အကဲခတ်လိုက်ပြီး ဆေးတစ်ခွက် တိုက်ကျွေးလိုက်သည်။

အမှန်တော့ ပေါက်ကျော်တစ်ယောက် သစ်ခုတ်ရာမှ အပြန် သူတော်နှင့်လမ်းခွဲ၍ သူ၏နေအိမ်သို့ ရောက်ရှိလာခဲ့သည်။ ချစ်သူမအောင်ဖြူနှင့် ချိန်းဆိုထားသဖြင့် စိတ်စောကာ ပေါက်ကျော်တစ်ယောက် ချွေးမတိတ်မီ ရေချိုးလိုက်မိရာမှ ချွေးငုပ်ကာ ယခုကဲ့သို့ အဖျားသွေးဝင်ခဲ့ခြင်းဖြစ်သည်။ ယခင်ကလည်း ငှက်ဖျားအခံရှိထားသဖြင့် အဖျားတက်ကာ တုန်တုန်ယင်ယင်ဖြစ်သာသည်မို့ မိခင်ကြီးမှာ သူငယ်ချင်းများကို အဖော်ခေါ်ကာ သွားငယ်အား စောင့်ရှောက်စေခဲ့ခြင်းဖြစ်ပါ၏။

ထိုနေ့ညနေက ဗိန္ဓောဆရာကြီး ဦးသာအေးအားပင့်ကာ ပေါက်ကျော်၏ ငှက်ဖျားနှင့် ချွေးငုပ်သွားခြင်းတို့ကို ဆေးတိုက်၍ ကုသပေးခဲ့ပါသေးသည်။ သို့သော် ဦးသာအေးက ငှက်ဖျားအခံရှိသည့် ပေါက်ကျော်ကို စိတ်မချသဖြင့် ညဥ့်နက်သန်းခေါင် အဖျားတက်ယောင်ယမ်းခဲ့လျှင် အချိန်မရွေး လာရောက်ခေါ်ငင်ရန် မှာကြားထားခဲ့သဖြင့် ယခုကဲ့သို့ ရောက်ရှိလာခဲ့ခြင်းပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗိန္ဒောဆရာကြီးတိုက်ကျွေးသောဆေးကို သောက်ပြီး ပေါက်ကျော်အိပ်ရာတွင် မှိန်းသလိုဖြစ်သွားကာ အတန်ငယ် ငြိမ်သက်သွားပါသည်။ မကြာမီ ချွေးများထွက်လာပြီး ကိုယ်ပူ ရှိန်ကျသွားခဲ့ပါ၏။

"သူငယ်ချင်း သူတော် ... ငါ ... ငါလေ မအောင်ဖြူ နဲ့ ကနေ့ည ချိန်းထားတာလေ ... မင်း သိတယ်မဟုတ်လား"

အဖျားကျသွားသည်နှင့် မအောင်ဖြူ ချိန်းဆိုထားသည် ကို သူတော့်အား ပြောပြလာသည်။

"အေး ... သိတယ်လေ သူငယ်ချင်းရဲ့၊ ဒါပေမဲ့ မင်းမှ နေမကောင်းဖြစ်နေတာ ဘယ်လိုလုပ်ပြီး ဒီညသွားလို့ရမှာလဲကွ နောက်နေ့မှ အကျိုးအကြောင်း ပြောပြလိုက်တာပေါ့ကွာ"

သူတော့်စကားကြောင့် ပေါက်ကျော် နှုတ်ဆိတ်သွားကာ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖြင့် အတန်ကြာမျှ ငြိမ်သက်နေ ပါ၏။ ဗိန္ဒောဆရာကြီး ဦးသာအေးကမူ ပေါက်ကျော်အတွက် နှလုံးငြိမ်ဆေးတစ်ခွက် ထပ်၍တိုက်ကျွေးရန် ပြင်ဆင်လျက်ရှိ သည်။ စောစောပိုင်းက နှုတ်ခမ်းများပါ ဖြူဖျော့နေသည့် ပေါက် ကျော်၏မျက်နှာတွင် သွေးရောင်များ ပြည့်လျှမ်းလာကြသည်။ ထိုစဉ် ပေါက်ကျော်ပြောလိုက်သော စကားတစ်ခွန်းကြောင့်





အားလုံး အံ့အားသင့် မျက်လုံးပြူးသွားကြပါချေပြီကော။

"ငါ မအောင်ဖြူဆီရောက်ခဲ့တယ် သူငယ်ချင်း"

"ဟေ"

"ဟာ ... မဖြစ်နိုင်တာကွာ"

သူတော်နှင့် မှန်ကြီးက တစ်ယောက်တစ်ပေါက်နှင့် မဖြစ်နိုင်ကြောင်း ပေါက်ကျော် ယနေ့ညနေမှ ယခု ဆယ့်တစ် နာရီခန့်အထိ သူ၏အိပ်ခန်းထဲမှ အိပ်ရာထက်တွင် နေမကောင်း ဖြစ်ကာ မိန်းမော၍ အိပ်ပျော်နေကြောင်း ရှင်းလင်းပြောပြသည်။

သို့သော် ပေါက်ကျော်ကလည်း အကြောက်အကန်ငြင်း ဆန်ကာ သူရောက်ရှိခဲ့ကြောင်း ထပ်လောင်း၍ပြောဆိုပြန်ပါ၏။

"တကယ်ပါကွာ ... မအောင်ဖြူကို ငါတွေ့ခဲ့ပြီးပြီ၊ ဒါပေမဲ့ ငါတွေ့ခဲ့ရတာ မအောင်ဖြူအစစ်သာဆိုရင် မအောင်ဖြူ တော့ ဒုက္ခရောက်နေပြီထင်တယ် သူတော်ရေ"

"ဟာ ပေါက်ကျော်ရယ် ... မင်းကတော့ ပေါက်ပေါက် ရှာရှာ ပြောရော့မယ်၊ မနေ့ကတောင်မှ ပဲပြုတ်သည်မိဖျိုင်းနဲ့တွေ့ ပြီး မင်းကိုဟောင် ချိန်းခဲ့သေးတာပဲမဟုတ်လား၊ အင်း ... ကြည့် ရတာ သွေးလေချောက်ချားပြီး မင်း အိပ်မက်တွေဘာတွေများ မက်နေသလားမှမသိတာ"



www.burmeseclassic.com

www.burmeseclassic.com

“အေးပါ သူတော်ရာ၊ မင်းပြောသလို အိပ်မက်ပဲဖြစ်ဖြစ် တကယ်ပဲဖြစ်ဖြစ် မအောင်ဖြူ ဒုက္ခရောက်နေတာတော့ သေချာ တယ်။ ငါ ... ငါ အခုချက်ချင်း အမြန်ဆုံးလိုက်သွားမှဖြစ်မယ် သူတော်”

“ဟာ ... ဘယ့်နှယ့်ကွာ ... ညကြီးအချိန်မတော် အချိန်ကာလကလည်း ကောင်းတာမဟုတ်ဘူး၊ မင်းကိုယ်တိုင်က လည်း ကောင်းကောင်း အဖျားပျောက်သေးတာမဟုတ်ဘူးလေ ကွာ၊ မနက်မိုးလင်းတော့မှ သွားကြမယ် ... ဟုတ်လား၊ အ အခါကျရင် ငါတို့ပါလိုက်ခဲ့မယ် ... သိလား”

“ဟုတ်တယ် မောင်ပေါက်ကျော်၊ မင်းဟာ တကယ် တော့ ပန်းဖျားဖျားပြီး ချွေးငုပ်သွားလို့ အပူကြီးသွားရတာ ဒီကြားထဲ ငှက်ဖျားအခံကလည်းရှိနေတော့ ရောဂါအကြိုက်ဖြ သွားတာပေါ့ကွယ်၊ အေး ... တစ်ခုတော့ရှိတယ် ... မ အဖျားကြီးပြီး မိန်းမောနေရာကနေ မအောင်ဖြူကိုစိတ်စွဲပြီး အိ မက်မက်နေတာရင်လည်း ဖြစ်မယ်၊ ကိုင်း ... မင်းရဲ့အိပ်မ ထဲမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ ဆရာ့ကိုပြောပြပါလား၊ အ အဆင်သင့်ရင် မအောင်ဖြူဆီကို သွားကြတာပေါ့ ... ဟု လား”





ဆရာကြီးဦးသာအေးက ပေါက်ကျော်အကြိုက်လိုက်၍ ပြောဆိုရင်းက သူသိလိုသည်များကို စေ့စေ့စပ်စပ် မေးမြန်းပါ လေတော့သည်။ ပေါက်ကျော်မှာ ဆရာကြီးဦးသာအေး တိုက် ကျွေးသော နှလုံးငြိမ်ဆေးတစ်ခွက်ကို သောက်လိုက်ပြီး သူ အဖျားကြီးကာ မိန်းမောနေစဉ် အိပ်မက်လိုလို တကယ်လိုလို ကြုံတွေ့ရင်ဆိုင်ခဲ့ရသော သွေးပျက်ထိတ်လန့်ဖွယ် ရင်ခုန်ဖွယ်ရာ အတ်ကြောင်းကို နိဒါန်းပျိုးကာ အစချီလိုက်ပါ၏။

“အင်း ... အိပ်မက်သာဆိုတယ်၊ ငါ့ရဲ့စိတ်ထဲမှာ တကယ့်ကို ကြုံတွေ့ခဲ့ရသလိုမျိုးကြီး ခံစားကြေကွဲနေရလို့ မဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတော့မှာပဲပေါ့ကွာ၊ အိပ်မက် ထဲမှာလေ မအောင်ဖြူတို့နေထိုင်ကြတဲ့ ဖုန်းဆိုးကုန်းရွာကြီးကို ညဦးနက်သန်းခေါင်မှာ ငါ ရောက်သွားခဲ့တယ်”

ပေါက်ကျော်ခမျာ အိပ်မက်ထဲတွင် အမှန်တကယ် ကြုံ တွေ့ခဲ့ရသည့် ဖုန်းဆိုးကုန်းသူ မအောင်ဖြူ၏ ကြေကွဲဖွယ် မယုံ ကြည်နိုင်ဖွယ် ဇာတ်ကြောင်းကို ရင်နင့်ကြေကွဲစွာ ပြောပြလိုက်ပါ တော့သည်။

နတ်ရဲကုန်း၏ ညဦးကမ္ဘာအမှောင်ထုကြီးထဲမှာတော့ ... ရစ်အော်မြည်သံ၊ မြောက်ပြန်လေတွင် ယိမ်းထိုးလှုပ်ယမ်းနေ


www.burmeseclassic.com

www.burmeseclassic.com



သည့် သစ်ပင်ကြီးများထက်မှ ပုစဉ်းရင်ကွဲအော်မြည်သံ၊ ရုံဖန်ရံခါတွင် ဂီးခနဲ, ဂစ်ခနဲ အော်လိုက်သည့် သားစားညှဉ်ငှက်ကောင်ကြီးများ၏ အော်သံများနှင့် တရှိုရှိုမြွေတွန်သံကြီးများက တိတ်ဆိတ်စွာ ငြိမ်သက်နေသည့် ညဉ့်ကမ္ဘာကို ကြီးစိုးမင်းမူနေကြသည်။ ပေါက်ကျော်၏နေအိမ်အတွင်းမှ မှိန်ဖျော့ဖျော့နီကြင့်ကြင့်ရေနံဆီမီးခွက်မီးစွယ်က ညဉ့်လေအသွဲ့တွင် ဟိုသည်ယမ်းခါလျက်။

ပေါက်ကျော်ပြောပြနေသည့် သွေးပျက်ချောက်ချားဖွယ်အိပ်မက်ဆိုးကြီးကို နားထောင်ပြီးကြသည်နှင့် အားလုံးသက်ပြင်းမောကိုယ်စီ ချလိုက်ကြသည်။

''ဟင်း …မင်းရဲ့အိပ်မက်ကြီးကလည်း တကယ်ပဲဖြစ်နေသလိုလိုနဲ့ ရင်ထဲမှာ မကောင်းလိုက်တာ သူငယ်ချင်းရယ်၊ ဒါပေမဲ့ သိပ်အစွဲအလမ်းမထားပါနဲ့ကွာ၊ မနက်မိုးလင်းတာနဲ့ ငါတို့အားလုံး ဖုန်းဆိုးကုန်းရွာကိုသွားပြီး သေချာစုံစမ်းကြမယ်လေ''

''ဟုတ်တယ်ကွယ့် ပေါက်ကျော်၊ မင်းအိပ်မက်ထဲကအတိုင်းသာမှန်ရင် မင်းရဲ့ချစ်သူ မအောင်ဖြူဟာ အန္တရာယ်ဆိုးကြီးတစ်ခုခုနဲ့ ရင်ဆိုင်ကြုံတွေ့နေပုံရတယ်၊ ဒီလိုလုပ်ကြမယ်





…ဖုန်းဆိုးကုန်းရွာကို ဆရာကြီးကိုယ်တိုင် လိုက်ခဲ့မယ်၊ မိုးလင်းတာနဲ့ ငါတို့အားလုံး လှည်းတစ်စီးပြင်ပြီး သွားကြတာပေါ့''

ထိုကဲ့သို့ ဆုံးဖြတ်ချက်ချလိုက်ကြသည်နှင့် မရှေးမနှောင်းမှာပင် တုံးမောင်းခေါက်သံကြီးက လေးလေးနှင့်မှန်မှန် ထွက်ပေါ်လာပါတော့သည်။ တစ်ချိန်တည်းမှာပင် ရွာထိပ်ဆီမှ လူသံ၊ နွားအော်သံများကို ဆူဆူညံညံ ကြားလိုက်ရသဖြင့် အားလုံးမျက်လုံးပြူးသွားကြသည်။

''ဘုရား …ဘုရား …မိုးတောင်စင်စင်မလင်းသေးဘူး၊ ဘယ်ကလူစိမ်းတွေ ရောက်လာကြပြန်ပြီလဲ မသိဘူးဟေ့၊ တစ်ရွာလုံး ဆူဆူညံညံနဲ့ ဖြစ်ကုန်ကြပြီ၊ ကိုင်း …သူတော်…ဆရာကြီးနဲ့အတူ ရွာထိပ်ကိုလိုက်ခဲ့စမ်း၊ ဘာတွေဖြစ်ကုန်ပြီ'လဲဆိုတာ သွားပြီးစုံစမ်းကြည့်ရအောင်''

မကြာမီ အရုဏ်ဦးရောင်ခြည်တန်းများနှင့်အတူ ဆရာကြီးဦးသာအေး၊ သူတော်တို့နှင့် လူစိမ်းသုံးလေးယောက် ပေါက်ကျော်တို့အိမ်သို့ ပြန်လည်၍ ဝင်ရောက်လာခဲ့ကြသည်။ ပါလာသည့် လူစိမ်းသည်များက ဖုန်းဆိုးကုန်းရွာမှဖြစ်ကြသည်။ သူတို့အားလုံး မျက်နှာမကောင်းကြ။

''ဘယ် …ဘယ်လိုဖြစ်ကြတာလဲ ဦးကြီးတို့ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မထိတ်သာ မလန့်သာရှိလိုက်တာ''

''အင်း ...ပြောရမှာကတော့ တကယ့်ကို စိတ်မကောင်းစရာပါပဲကွယ်၊ ငါတို့ဖုန်းဆိုးကုန်းတစ်ရွာလုံး မနေ့ညက သရောကြီးနိုင်းလို့ (ကူးစက်မြန်သည့်ရောဂါ) ရွာလုံးကျွတ်နီးပါး သေကျေပျက်စီးကုန်ကြတယ်လေ၊ ဦးကြီးတို့တောင် လှည်းနှစ်စီးနဲ့ အပြေးမြန်လို့၊ ဒါတောင် လူငယ်အချို့နဲ့ ခွေးတွေက လှည်းနောက်ကနေ ခြေကျင်လိုက်လာကြလို့ ပွတ်ကာသီကာလေး အသက်ဘေးက လွတ်မြောက်လာခဲ့ရတာဟေ့''

ဖုန်းဆိုးကုန်းရွာသားကြီးတစ်ဦးက ရှင်းလင်းပြောပြလိုက်သဖြင့် ပေါက်ကျော်တို့အားလုံး ပါးစပ်အဟောင်းသားနှင့် အံ့အားသင့် ထိတ်လန့်သွားကြပါ၏။ မယုံကြည်နိုင်စရာအဖြစ်က ပေါက်ကျော်မြင်မက်ခဲ့သည့် အိပ်မက်နှင့် ထပ်တူထပ်မျှ တူညီနေခြင်းပင်တည်း။ ဤသို့ဆိုလျှင် ...

ဟုတ်သည်။ ဤသို့သာဆိုလျှင် သူ၏ချစ်သူမအောင်ဖြူပါ ကပ်ရောဂါဆိုးကြီးထဲတွင် ပါသွားခဲ့လေပြီလား။ ပေါက်ကျော်ခများ မဝံ့မရဲနှင့် မေးမြန်းလိုက်သည်။

''ဟင် ...ဒါ ...ဒါဆိုရင် ဟို ...ဟို ...ဟို ...မ ...မအောင်ဖြူဆိုတာ- ရောဟင်''

---

☆ ခု နှစ် စဉ် ကြယ် တ ပေ ☆



''ဩော် ...ရွာအလယ်ပိုင်းက လယ်ပိုင်ရှင်မိသားစုထင်တယ်၊ အင်း ...သူတို့မိသားစုလည်း တကယ့်ကို ဝဋ်ကြီးရှာတယ် ထင်ပါရဲ့၊ မအောင်ဖြူဆိုတဲ့ သမီးချောလေးပါ အပါအဝင် မိသားစုတွေအားလုံး ကပ်ရောဂါဆိုးကြီးထဲမှာ သေဆုံးသွားခဲ့ကြရှာတယ်လေ''

''ဗျာ''

ပေါက်ကျော်ခများ ကြားလိုက်ရသော မယုံကြည်နိုင်ဖွယ်စကားတစ်ခွန်းကြောင့် အိပ်ရာထက်သို့ ပုံလဲကျသွားကာ သတိလစ်မေ့မျောသွားပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## စာစု (၃၄)

# ဖုန်းဆိုးကုန်းသူမအောင်ဖြူနှင့် တွေ့ဆုံခြင်း

''အဲဒီကတည်းက ဖုန်းဆိုးကုန်းဟာ ရွာပျက်သုသာန် တစပြင်လိုဖြစ်သွားပြီး လူမနေကြတော့တာကွယ့်၊ အေး ... ကိုယ့်အိမ်ကိုယ့်ခြံဝင်းကို နှမြောပြီး ဖုန်းဆိုးကုန်းမှာ ဆက်ပြီးနေ ကြိုးစားတဲ့ သူတွေကလည်း နောက်ဆုံး မအောင်ဖြူသရဲခြောက် တဲ့ဒဏ်ကို မခံနိုင်တော့တာနဲ့ ထွက်ပြေးကြရတော့တာပဲတဲ့ ...

အဲဒီမအောင်ဖြူဟာ သူ့ရဲ့ချစ်သူပေါက်ကျော်ကို ... လွမ်းပြီး သေတာဆိုတော့ ညဘက်ညဘက်တွေမှာ ဖျာလိပ်ကြီး ရွက်ပြီး သူ့ရဲ့ချစ်သူကို လိုက်ပြီးရှာနေတာကို တွေ့တဲ့သူတွေ တွေ့ကြရတယ်၊ တစ်ခါတလေတော့လည်း ခေါင်းတလားကြီး ပိုက်ပြီးတော့ ရွာရိုးကိုးပေါက် ခွေးတွေတစီစီနဲ့ လျှောက်သွား နေတတ်တယ်လို့ ပြောကြတယ်ကွဲ့''

---

☆ ခုနစ်စဉ်ကြယ်တာပေ ☆



ကပ္ပိယကြီးဦးသူတော်က သူ၏သူငယ်ချင်းပေါက်ကျော် နှင့် ဖုန်းဆိုးကုန်းရွာသူ မအောင်ဖြူတို့၏အကြောင်းကို စီကာ ပတ်ကုန်း ပြောပြနေပါလေ၏။

''ဒီလိုဆို ဦးသူတော်ရဲ့သူငယ်ချင်း ဦးပေါက်ကျော်က ရော ဘယ်ရောက်သွားပြီလဲ၊ အခုအချိန်အထိ သက်ရှိထင်ရှား ရှိသေးရဲ့လားဟင်''

ရင်မောင်၏အမေးကို ဦးသူတော် ချက်ချင်းမဖြေသေးဘဲ ဆေးတံကြီးကို မီးငြိရှိုက်ဖွာနေပါသေး၏။ အတန်ငယ် အားရ ကျေနပ်အောင် ရှိုက်ဖွာပြီးမှ ...

''အင်း ... သူလည်း သက်ဆိုးမရှည်ပါဘူးကွယ်၊ သူ့ ချစ်သူ မအောင်ဖြူ မရှိတော့တဲ့နောက်ပိုင်း ဖုန်းဆိုးကုန်းရွာပျက် ကြီးဘက်ကို ခဏခဏသွားပြီး မအောင်ဖြူရဲ့သင်္ချိုင်းမြေပုံမှာ တစ်နေကုန် ထိုင်နေလေ့ရှိတယ်၊ တစ်ခါတစ်ခါ သင်္ချိုင်းမြေပုံကြီး ရှေ့မှာ တစ်ယောက်တည်း စကားတွေပြောနေတတ်တယ်၊ ပြော ရမယ်ဆိုရင်တော့ ပေါက်ကျော်ဟာ မအောင်ဖြူသေဆုံးသွားခဲ့ ရတဲ့ နောက်ပိုင်းမှာ စိတ်တွေ ကယောင်ချောက်ချားဖြစ်ခဲ့ရာက နောက်ဆုံး စိတ်မမှန်တော့ဘဲ ယဉ်ယဉ်လေးနဲ့ ရူးသွားသလို ဖြစ်သွားတော့တာပါပဲကွယ် ...။

---

☆ ခုနစ်စဉ်ကြယ်တာပေ ☆

www.burmeseclassic.com

www.burmeseclassic.com



အေး ...ခေတ်ကာလအခြေအနေကလည်း ရှုပ်ထွေးနေ၊ မကြာခဏလည်း မုံးတွေကြဲ၊ စက်သေနတ်တွေပစ်ကြနဲ့ စစ်ဘေးစစ်ဒဏ်ကို ကျောကော့အောင်ခံစားနေကြရတဲ့ ရွာသားတွေကလည်း ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ နောက်ပိုင်း ပေါက်ကျော်ကို သိပ်ဂရုမစိုက်နိုင်ကြတော့ပါဘူး၊ နောက်တော့ ဘယ်အချိန်ကတည်းက သေဆုံးနေတာလဲမသိဘူး၊ သူ့ရဲ့ချစ်သူ မအောင်ဖြူရဲ့သင်္ချိုင်းမြေပုံပေါ်မှာ ခေါင်းစိုက်ပြီးသေနေတာ တွေ့ကြရလို့ အဲဒီဖုန်းဆိုးကုန်းသင်္ချိုင်းပျက်ကြီးမှာပဲ ဖြစ်သလို မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့တော့တာပါပဲကွယ်''

ဤသို့ဖြင့် ကြေကွဲဖွယ်ရာ ချစ်သူနှစ်ဦးနှင့် ရွာပျက်ကာတောဖုံးသွားခဲ့ရသည့် ဖုန်းဆိုးကုန်း၏ သမိုင်းကြောင်းဖြစ်စဉ်များကို ကပ္ပိယကြီးဦးသူတော်၏ကောင်းမှုဖြင့် ရင်မောင်တို့လူစု ကြားသိခဲ့ရပါတော့သည်။ ထိုဖုန်းဆိုးကုန်းသမိုင်းထဲမှ အချစ်ကြီးသူ နတ်ရဲကုန်းရွာသား ပေါက်ကျော်နှင့် အသက်သေဆုံးသွားခဲ့ရရှာသည့်တိုင် ချစ်သူနှင့် ချိန်းဆိုထားရစ်ခဲ့သောညတွင် မပျက်မကွက် ရောက်ရှိလာခဲ့ရှာသည့် တစ္ဆေမ မအောင်ဖြူတို့၏ ချစ်ခြင်းသစ္စာတရားက ရာဇဝင်တွင် ကမ္ပည်းထိုးစာတင်ရမလောက်ပင် မဟုတ်ပါလား။





ထိုနေ့ညက ကပ္ပိယကြီးဦးသူတော်တို့လူစု ပြန်သွားကြသည့်တိုင် သစ္စာကြီးသလောက် အချစ်သံယောဇဉ်ကြီးမားလှသည့် မအောင်ဖြူ၏ပုံရိပ်ကလေးက ရင်မောင်၏ အိပ်မပျော်သောညများကို သိမ်းပိုက်ကြီးစိုးသွားပါချေတော့သည်။

နေ့ရက်တို့ ရင့်ရော်လာကြပြီ ဖြစ်ပါ၏။ ထို့ကြောင့်လည်း တောအလုံးသည် ပြာရော်ခြောက်သွေ့ကာ မြူတွေဆိုင်းလျက် မှိုင်းမှိုင်းမှုန်နေသည်။ အချိန်မှာ နေလုံးပင် အတော်ကျသွားပြီဖြစ်ပါ၏။ သစ်ပင် သစ်ကိုင်း သစ်ခက်များကြားမှ မြင်နေရသောတောင်စွယ်မှာ နေလုံးနီနီကွယ်လုလု မေးတင်စပြုနေပါပြီ။

ရင်မောင်မှာ မြေပုံကြမ်းများကို ထမ်းထားလျက်မှ ညနေခင်းနေဝင်ဆည်းဆာအောက်မှ ဖုန်းဆိုးကုန်းဆီသို့ မျှော်ရည်ကြည့်နေပါ၏။ စိတ်ဇောဆန္ဒဖြင့် မြေဖမ်းနေခြင်းကြောင့် ညနေစောင်းနေဝင်ဆည်းဆာချိန်ကိုပင် သတိမထားမိပါလေတော့။ သည့်နေ့အဘိုးဖြစ်သူ အဘထော်မပါဘဲနှင့် တစ်ယောက်တည်း မြေဖမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ခြင်းဖြစ်သည်။ ဦးကြီးရဲထီမှာလည်း တောတက်သွားသည် မှာ သုံးရက်ခန့်ရှိပါပြီ။ စင်စစ် ရင်မောင်မှာ သူ၏အဘိုး အဘ ထော်ကို အနားပေးချင်လှပြီဖြစ်ပါ၏၊ အသက်အရွယ်ထောက်လာ ပြီဖြစ်သည့် သူ၏အဘိုးကို အိမ်ဦးခန်းတွင်ပင် မြိန့်မြိန့်ကြီးထိုင် လျက် ပြုစုချင်လှပြီ။ ထို့ကြောင့် သည်တစ်ခေါက် (မြွေအလမ္ပာယ် ဆရာများအဖွဲ့)သို့ မြွေများကိုဖမ်းဆီးပေးနိုင်ရန် ရင်မောင် လုံ့လ ဝီရိယ စိုက်ထုတ်နေခြင်းဖြစ်ပါ၏။

သည်နေ့မှ မြွေများက ရှားပါးလှပါ၏။ တစ်နေ့သာကုန် သွားတော့မည်။ သူ၏ပခြုပ်ထဲတွင် မြွေဟောက်အလတ်စားနှ ကောင်ခန့်သာ ဖမ်းဆီးရမိပါသေးသည်။ သည်ကြားထဲ သူ စိတ်အာရုံက ဖုန်းဆိုးကုန်းမှ အချစ်ကြီးသူ မအောင်ဖြူလေးထံ လွင့်ပါးနေမိသေးသည် မဟုတ်ပါလား။

"ဟင်း ... ဒီတစ်ခါ ဖုန်းဆိုးကုန်းဘက်ကိုသွားမိရင် မအောင်ဖြူသချိုင်းဂူကို ပြန်ပြီးတွေ့နိုင်ပါဦးမလား၊ အဘထော်တို့ ဦးသူတော်တို့ရဲ့ ပြောစကားအရဆိုရင်တော့ သချိုင်းဂူဟာ ကွယ် ဝှက်ထားကြတာတဲ့၊ သိုက်ဆရာတွေဆိုရင် အနားတောင် ကပ် လို့မရဘူးဆိုပဲ"

မအောင်ဖြူသချိုင်းဂူနှင့် စပ်လျဉ်း၍ တောင်တောင်အီအီ





တွေးနေစဉ်မှာပင် မအောင်ဖြူကုန်း သို့မဟုတ် ဖုန်းဆိုးကုန်းအစပ် ဆီမှ လူရိပ်လိုလို သဏ္ဍာန်များကို တွေ့မြင်လိုက်ရသဖြင့် ဒိန်း ခနဲ ရင်မောင် ရင်ခုန်သွားပါလေ၏။

"ဟော ... ဖုန်းဆိုးကုန်းစပ်မှာ နေဝင်မိုးချုပ် ဘယ်က လူစိမ်းတွေ ရောက်နေပါလိမ့်၊ ကေန္တ ဦးသူတော်ကြီးပြောသလို မအောင်ဖြူသချိုင်းကို ရှာဖွေနေကြတဲ့ သိုက်တူးသမားတွေများ လား"

ရင်မောင်မှာ ဖုန်းဆိုးကုန်းအစပ်ရှိ ကုက္ကိုဝါပင်ညီနောင် အနီးတွင် လှုပ်ရှားနေကြသော လူရိပ်အချို့ကြောင့် စိုးရိမ် ပူပန် သွားပါ၏။ ထို့ကြောင့် မည်သူမည်ဝါမှန်းသိရှိနိုင်စေရန် သစ်ပင် ချုံနွယ်များကို အကာအကွယ်ပြုလျက် ရှေ့သို့တိုးဝင်လာခဲ့သည်။ မကြာမီ သဲသဲကွဲကွဲ တွေ့မြင်ရသည့်နေရာသို့ ရောက်လာ သည်နှင့် သစ်ပင်ကြီးတစ်ပင်ကိုကွယ်ကာ လှမ်းကြည့်လိုက်သည်။

"ဟာ ... မြတ်စွာဘုရား ... ဘာ .. ဘာတွေလဲ၊ မိန်း ... မိန်းကလေးနှစ်ယောက်၊ တစ် ... တစ်ယောက်က ဖျာ .. ဖျာလိပ်ကြီးကို ပိုက် ... ပိုက်ထားပါလား"

နေဝင်ဖျိုးဖျ ညီအစ်ကိုမသိတသိအချိန် သို့မဟုတ် နွား မှိုင်းသွင်းချိန်လောက်ဝယ် ဖုန်းဆိုးကုန်းစပ်တွင် တွေ့မြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သော ထိတ်လန့်အံ့ဩဖွယ်မြင်ကွင်းကြောင့် ရင်မောင်တစ်ယောက် ကြက်သီးမွေးညင်းများ ထသွားကာ ခေါင်းမှဆံပင်မွေးများပင် ထောင်ထသွားကြလေသည်လား။

"ဘုရား ...ဘုရား ...ငါ့ကို မ ...မအောင်ဖြူ တစ္ဆေ ...တစ္ဆေ ခြောက် ...ခြောက်ပြီထင်တယ်"

နေဝင်ဖျိုးဖျအချိန် မိန်းကလေးတစ်ယောက် အစိမ်းရောင်ထက်အောက်ဆင်တူဝတ်စုံ ဝတ်ဆင်လျက် ဖျာလိပ်ကြီးတစ်လိပ်ကို ပွေ့ထားသကဲ့သို့ နောက်ဘက်မှ မိန်းမပျိုလေးကလည်း အိုးခွက်များထည့်လာသည့် ခြင်းကြားကြီးတစ်ခုကို ခေါင်းပေါ်တွင်ရွက်လျက် နာမည်ကျော် ဖုန်းဆိုးကုန်းတောကြီးထဲသို့ ရှေးရှုသွားနေကြသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရပါချေပြီတည်း။

ထို ထူးခြားဆန်းကြယ်သော ဖြစ်စဉ်ကိုကြည့်ကာ ရင်မောင်တစ်ယောက် ရှေ့တိုးရ အခက်၊ နောက်ဆုတ်ရ အခက်ဖြစ်နေစဉ် ကပ္ပိယကြီးဦးသူတော်ပြောခဲ့သော စကားအချို့ကို ပြန်လည်၍ ကြားယောင်လာမိပါတော့သည်။

"မအောင်ဖြူဟာ သူ့ရဲ့ချစ်သူပေါက်ကျော်ကို စွဲလမ်းပြီးသေသွားရတာဆိုတော့ သူ့ရဲ့ဝိညာဉ်က မကျွတ်မလွတ်ဘဲ ဘဝဟောင်းက သူ့ရဲ့ချစ်သူပေါက်ကျော်ကို ဖျာလိပ်ကြီးပိုက်လို့ တစ်





မျိုး၊ အခေါင်းကြီးကိုထမ်းလို့တစ်ဖုံ နည်းမျိုးစုံနဲ့ လိုက်ပြီးရှာဖွေနေတယ်တဲ့လေ"

ထိုကဲ့သို့သော အတွေးကြောက်စိတ်များက တစိမ့်စိမ့်နှင့်တိုးဝင်လာနေကြသဖြင့် ရင်မောင်တစ်ယောက် ထိတ်ထိတ်ပျာပျာနှင့်ပင် သစ်ပင်ကွယ်မှနေ၍ မှင်တက်ငေးမောကြည့်နေမိသည်။ ထိုအချိန်တွင် ...

'ရှူး'

ရှေ့ဆုံးမှသွားနေသည့် ဖျာလိပ်ရွက်ထားသည့် မိန်းကလေးမှာ ရှူးခနဲအော်မြည်သံကြီးကြောင့် ကြောက်လန့်တကြားနောက်သို့ဆုတ်လိုက်သည်တွင် သူ၏ညာဘက်မြက်ရိုင်းပင်များထဲမှ မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းကြီးထောင်၍ထွက်လာပြီး ထိုမိန်းကလေးအား လျင်မြန်စွာ ပေါက်ချလိုက်ပါတော့သည်။

"အား"

"ဟင် ...အစ်မအောင်ဖြူ ...အစ်မအောင်ဖြူကို ကောင်ရှည် ကိုက်သွားပြီ"

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးမှာ မြွေကိုက်ခံလိုက်ရသဖြင့် နေရာတွင်ပင် ခေါက်ခနဲ ခွေလဲကျသွားသည်။ အတူပါလာသည့် မိန်းကလေးက သူရွက်လာသည့် ခြင်းတောင်းကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဝှန်းခနဲပစ်ချကာ မအောင်ဖြူဆိုသော မိန်းကလေးကို ပွေ့ချီလျက် မျက်စိမျက်နှာပျက်သွားပါ၏။

အဖြစ်အပျက်ကို သစ်ပင်အကွယ်မှ ချောင်းမြောင်းကြည့်နေသည့် ရင်မောင်က အစအဆုံးမြင်တွေ့လိုက်ရသဖြင့် သတိလွတ်ကာ စိုးရိမ်စိတ်ဖြင့် ပြေးထွက်လိုက်သည်။ ပြီးလျှင် လူကိုကိုက်ထားသဖြင့် ဝေးဝေးထွက်မပြေးနိုင်သည့် မြွေဟောက်ကြီးကို ခွတုတ်အကူအညီဖြင့် လျင်မြန်စွာ ဖမ်းဆီးလိုက်သည်။

ပြီးလျှင် ခွတုတ်ချက်အောက်ရှိ မြွေဟောက်ကြီး၏ခေါင်းကို ညာလက်ဖြင့်အုပ်၊ ဘယ်လက်က လည်မျိုကို ညှစ်လိုက်သည်။ တွန့်လိမ်ရုန်းကန်နေသည့် မြွေဟောက်ကြီး သူ၏ပခြုံထံသို့ ထည့်လိုက်ပါလေ၏။

"ဟေး ... မိန်းကလေး ... မိန်းကလေး ... ဘယ်နေရာကို ပေါက်မိသွားတာလဲ"

လဲကျနေရှာသည့် မြစိမ်းရောင်မိန်းမချောလေးထံသို့ ရင်မောင်ပြေးကပ်ကာ မေးမြန်းလိုက်သည်။ မြွေကိုက်ခံရသော မိန်းမချောလေးမှာ ရုတ်တရက် မိုးပေါ်မှကျလာသလို ရောက်ရှိလာသည့် ရင်မောင်ကို အံ့သြစွာငေးမောကြည့်နေသလို ပွေ့ဖက်ထားသော မိန်းမပျိုလေးကမူ တရှုပ်ရှုပ်ငိုရှိုက်ရင်း ရင်မောင့်ကို





အကူအညီတောင်းနေပါ၏။

"ခြေ ... ခြေသလုံးကို ထိ ... ထိသွားတာပါရှင်၊ အစ်မအောင်ဖြူရဲ့အသက်ကို ကယ် ... ကယ်နိုင်ရင် ကယ်ပေးပါလားရှင် ... အဟင့် ဟင့်"

အချိန်က ညနေဝင်ဆည်းဆာ နွားရိုင်းသွင်းချိန်။ မြွေကိုက်ခံရသည့်အချိန်ကို ရင်မောင်မကြိုက်။ နောက် တောထဲတောင်ထဲဖြစ်သဖြင့် မကောင်းဆိုးဝါးအပများလည်း မိတတ်သည်မဟုတ်ပါလား။

"ဟို ... ညီ ... ညီမတို့က ဘယ်ရွာကလဲ၊ ဘယ်သူတွေ ပါကြသေးသလဲ"

"ဟို ... ဟိုရှေ့နားက ကျောင်းပျက်ကြီးတစ်ခုမှာ ညီမတို့ နေကြတာ၊ ဟိုမှာ ညီမတို့အဘလည်း ရှိတယ်၊ ဖြစ် ... ဖြစ်နိုင်ရင် အဘရှိတဲ့ကျောင်းပျက်ကြီးကို ပို့ ... ပို့ပေးပြီး ကယ်တင်ပေးပါလားရှင်"

ရင်မောင်မှာ မြွေကိုက်ခံထားရသည့် မိန်းမချောလေးကို တစ်ချက်မျှကြည့်ရင်း စဉ်းစားနေမိသည်။ အခြေအနေက မကောင်းလှ။ ယခုပင် မြွေကိုက်လူနာမှာ မိန်းချင်နေပြီမဟုတ်လား။ ရင်မောင် ရုတ်တရက် မိန်းမချောလေးအနီးတွင် ဒူး



www.burmeseclassic.com

ထောက်ထိုင်လိုက်သည်။ ပြီးလျှင် သူ၏အင်္ကျီအိတ်ထဲတွင် အ
သင့်ပါလာသည့် ကြိုးတစ်ချောင်းနှင့် မြွေကိုက်ဒဏ်ရာအပေါ်
ခပ်တင်းတင်းစည်းနှောင်လိုက်သည်။

"ကိုင်း . . . ညီမ . . . အချိန်မရှိဘူး၊ ကျောင်းပျက်ကြီ
နေရာကို ရှေ့ကနေလမ်းပြ၊ အစ်ကို ဒီလူနာကို မွေ့ချီပြီး နောက်
က လိုက်ခဲ့မယ်"

ရင်မောင်က သွက်လက်ဖျတ်လတ်စွာ လူနာရှင်မိန်းက
လေးကို ပွေ့ချီလိုက်သည်။ ထိုအခါမှ ကျန်မိန်းကလေးမှာ ရှေ့
ခပ်သွက်သွက်လျှောက်ကာ ဖုန်းဆိုးကုန်းအတွင်းပိုင်းသို့ ဝင်လာ
ကြပါတော့သည်။ ရင်မောင်ရင်မှာမူ ဟဒိတ်ဒိတ်ခုန်လျက်။ သူ
ပွေ့ချီခေါ်ဆောင်လာသည့် မိန်းမပျိုလေးထံမှ ထူးခြားမွှေးပျံ့သော
မွှေးရနံ့တစ်မျိုးကို ရှူရှိုက်ကာ သူ၏ရှေ့မှမိန်းကလေး ဦးဆော
ခေါ်ငင်ရာသို့ လိုက်ပါလာခဲ့ပါတော့သည်။

* * *

စာ ၇ (၁၉)

## ဖုန်းဆိုးမြေမှာ တစ်ညတာအိပ်စက်ခြင်း

ကျောင်းပျက်ကြီးကိုရောက်လာတော့ မြွေကိုက်လူနာမှာ
ခေါင်းငိုက်ကာ ဇက်ကျိုးလုနီးပါး ရှိနေပါပြီ။ ကျောင်းပျက်ကြီး
ရှေ့တွင် စိတ်မချဟန်ဖြင့် စောင့်မျှော်နေသည့် အသက်(၅၀)ခန့်
လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟယ် . . . လုံ . . . လုံမလေး ဘယ်လိုဖြစ်လာတာလဲ၊
မထိတ်သာမလန့်သာရှိလိုက်တာ သမီးရယ်"

"ကောင်ရှည်ထိလာတယ် ဦးကြီး၊ လောလောဆယ်
လူနာကို နေရာချပြီး မြန်မြန်ကုသမှုလုပ်ရမယ်၊ ကျွန်တော့်ကို
ကူညီပါ ဦးကြီး"

ထိုဦးကြီးမှာ သမီးနှစ်ယောက် ဖခင်ဖြစ်ဟန်တူသည်။
အကျိုးအကြောင်း သိလိုက်ရသည်နှင့် ကျောင်းပျက်ကြီး၏ရှေ့

www.burmeseclassic.com



ခန်းတွင် မြွေကိုက်လူနာအတွက် ကပျာကယာ နေရာထိုင်ခင်းပြင်၍ ငြိမ်သက်စွာ လဲလျောင်းစေလိုက်သည်။ ညီမဖြစ်ဟန်တူသူမှာ မောင်ရိုပ်များ ကြီးစိုးမင်းမူစပြုလာသည်မို့ ကညင်ဆီမီးတိုင်နှစ်တိုင်ကို ထွန်းညှိလိုက်သည်။ လင်းဖြာလာသည့် မီးအလင်းရောင်အောက်တွင် မြွေကိုက်လူနာအမျိုးသမီးကို အနီးကပ် မြင်တွေ့လိုက်ရသည်။ ဖြူဝင်းသောအသားအရေနှင့် ချောမောလှပလွန်းသောမျက်နှာနှင့် မလိုက်ဖက်စွာ ပြင်းထန်သော မြွေဆိပ်တို့က အကျည်းတန်စေခဲ့သည်ထင့်။

"ဦးကြီး ကျွန်တော့်ကို ရေနွေးဆူဆူတစ်အိုးလောက် အမြန်လုပ်ပေးပါ၊ အချိန်ကြာသွားရင် အသက်အန္တရာယ် စိုးရိမ်ရတယ်၊ အချိန်မီခဲ့ရင် ဒီမြွေဆိပ်ကို ကျွန်တော် ကုသပေးနိုင်ပါတယ်"

"ဝမ်း . . . ဝမ်းသာလိုက်တာ မောင်ရင်ရယ်၊ ဦး . . . ဦးကြီးသမီးရဲ့အသက်ကို ကယ်တင်ပေးပါနော်"

"အင်း . . ဟီး . . အင်း ဟင် ဟင်း"

ထိုစဉ် မြွေကိုက်ခံထားရသည့် အမျိုးသမီးချောလေးမှာ တဟင်းဟင်းနှင့် ညည်းညူလာပါ၏။ ရင်မောင်မှာ သူ၏လွယ်အိတ်ကြီးထဲမှ နနွင်းမှုန့်နှင့် ထုံးဖျော်ထားသည့်ဘူးကို ထုတ်ယူ





လိုက်သည်။ ပြီးလျှင် ထိုထုံးနနွင်းများကို မိန်းမပျိုလေး၏ ဒူးဆစ်အထက်တွင် စည်းသုံးတန်တားသကဲ့သို့ အရစ်သုံးရစ်တိတိတားလိုက်ပါ၏။ ထို့နောက် ဒူးဆစ်အောက်မှ ခြေအဖျားသို့တိုင် လက်နှစ်ဖက်နှင့် အသာအယာ သပ်ချနေပါသည်။

"ဦးကြီး . . . ဦးကြီးရဲ့သမီးကို မအိပ်ပါစေနဲ့နော်၊ မြွေကိုက်ခံရတဲ့လူနာဟာ ဇက်ကျိုးပြီး အိပ်ချင်စိတ်တွေ အရမ်းဖြစ်လာတတ်တယ် . . . သတိထားပါ ဦးကြီး"

ဟုတ်သည်။ မြွေကိုက်ခံထားရသည့် မိန်းမပျိုလေးမှာ ညည်းတွားရင်း အိပ်ချင်သည်ဟု ပြောဆိုနေသောကြောင့် ရင်မောင်က သတိပေးလိုက်ရခြင်းဖြစ်သည်။ မြွေကိုက်ခံထားရသူတစ်ဦးကို အကယ်၍ အိပ်ခွင့်ပေးလိုက်ပါက မနိုးသောအိပ်စက်ခြင်းသို့ ရောက်ရှိသွားမည်ဖြစ်ပါ၏။ ဖြစ်နိုင်လျှင် အုန်းသီးဆံနှင့် ထန်းလျက်ခဲကို မကြာခဏကျွေးပေးထားလျှင် ပို၍ကောင်းသည်။ ထိုကဲ့သို့ ကျွေးမွေးခြင်းမှာ မြွေဆိပ်များ သွေးတွင်းနှင့် နှလုံးသို့ မပျံ့နှံ့သွားစေရန်အတွက် ဖြစ်သည်။ တစ်နည်းအားဖြင့် မြွေဆိပ်ကို တားထားခြင်းလည်း ဖြစ်ပါချေ၏။

ထိုကဲ့သို့ အုန်းသီးဆံနှင့် ထန်းလျက်ခဲများ အလွယ်တကူ မရရှိခဲ့ပါလျှင် ယခု ရင်မောင်ပြုလုပ်လျက်ရှိသည့် ထုံးနနွင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျော်၍ အဆိပ်ချနည်းသည်လည်း လတ်တလောအခြေအနေကို ထိန်းသိမ်းဟန့်တားနိုင်ပါ၏။ ရင်မောင် ထိုကဲ့သို့ မြွေဆိပ်များကို လက်နှစ်ဖက်နှင့် သပ်ချပေးနေသဖြင့် မကြာမီ မိန်းမပျိုလေး၏ ကျိုးနေသောဖက်မှာ အံ့သြဖွယ်ရာကောင်းအောင် ခေါင်းထောင်လာခဲ့ပါချေပြီကော။

ထို့နောက် ရင်မောင်မှာ ကျောင်းပျက်ကြီးအနီးရှိ ဝါးပင်မှ လက်မသာသာအလုံးခန့်ရှိသည့် ဝါးတစ်လုံးကိုဖြတ်ကာ လက်မခန့်ရှိသော ဝါးဆစ်ကလေးများ လေးငါးခြောက်ခုခန့် ဖြတ်တောက်လိုက်သည်။ ပြီးလျှင် အပေါ်ယံအခွံများကို ဓားနှင့်ခွာလိုက်ပြီး ဖြတ်ထားသော ဝါးဆစ်ကလေးများကို ရေနွေးဆူဆူထဲတွင်ထည့်၍ ပြုတ်ထားလိုက်ပါ၏။

မိန်းမပျိုလေး၏ဖခင်ဖြစ်သူနှင့် ညီမငယ်တို့မှာ ရင်မောင် လုပ်ကိုင်နေသမျှကို အံ့သြမှင်တက်စွာ ငေးမောကြည့်ရင်း မြွေကိုက်ခံထားရသည့် သမီးကြီးအတွက် တိုးတိုးတိတ်တိတ် ဆုတောင်းနေကြပါသည်။

ရင်မောင်မှာ ရေနွေးပူများကို နောက်ထပ်ဇလုံတစ်လုံးတွင်ထည့်ကာ ပုလင်းလွတ်တစ်လုံးကို တောင်းယူကာ ရိုက်ခွဲ၍ ထည့်လိုက်သည်။ ထိုပုလင်းကွဲများထဲမှ တြိဂံပုံစံ ပုလင်းကွဲကြီး





တစ်ခုကို မြွေကိုက်ခံထားရသည့် မိန်းမပျိုလေးအား ခြေဆင်းနိုင်း၍ ဓားသေးသေးတစ်ချောင်းနှင့် မြွေကိုက်ဒဏ်ရာဝန်းဝိုက်တွင် အသာအယာကပ်လိုက်သည်။

"အခု ဓားသေးသေးအပြားနဲ့ မြွေကိုက်ဒဏ်ရာတစ်ဝိုက်မှာ ကပ်ထားတယ်နော်၊ အစ်ကို ဓားနဲ့ကပ်ထားတဲ့နေရာက ပူရင် ပူတယ်လို့ပြော၊ အေးရင်လည်း အေးတယ်လို့ပြောနော်"

သံဓားနှင့် လူ၏အသားကို သာမန်အချိန်တွင်ထိကပ်လျှင် အေး၍နေသော်လည်း မြွေကိုက်ခံထားရသူတစ်ဦး၏ ခြေထောက်ကိုကပ်လိုက်လျှင်မူ မြွေဆိပ်များရှိနေပါက ပူ၍နေပေသည်။

"အ . . . ပူ . . . ပူတယ်၊ အဲဒီနေရာက ပူ . . . ပူတယ်"

မြွေကိုက်လူနာထံမှ ညည်းညူသံသဲ့သဲ့နှင့်အတူ ပူသည်ဟူသောစကားသံကြောင့် ရင်မောင်မှာ ထိုပူသောနေရာတွင် စောစောက ခွဲထားသော ပုလင်းကွဲဖြင့် အသားကိုခွဲလိုက်သည်။

"နည်းနည်းနာမယ် . . . အောင့်ထား၊ ဒီအဆင့်ပြီးသွားရင်တော့ စိတ်ချရလောက်ပါပြီ"

ပြီးလျှင် ဇာဂနာဖြင့် ရေနွေးဆူဆူတွင်ပြုတ်ထားသည့် တစ်ဖက်ပိတ်၊ တစ်ဖက်ပွင့် ဝါးဆစ်ကလေးများဖြင့် ခွဲထားသည့်



www.burmeseclassic.com

www.burmeseclassic.com



အနီးတစ်ဝိုက်တွင် (တစ်ဖက်ပွင့်ဘက်မှ) ကပ်၍ပေးလိုက်ပါလေ။

အုံညြွဖွယ်ရာပင်။ ထိုဝါးဆစ်ကလေးများသည် မျှော့များတွယ်သလို အသားတွင် တွယ်ကပ်၍နေကြသည်။ ဟုတ်သည်။ ဝါးဆစ်ကလေးများသည် ရေခန်းငွေ့အပူရှိန်ကြောင့် အသားတွင် ကပ်တွယ်နေကြပြီး အတွင်းမှသွေးများကို စုပ်ယုတ်ပေးကြသည်။ ထိုသွေးများနှင့်အတူ ညှိုမည်းသော မြွေဆိပ်များပါလာကြသည်။ ထို့အပြင် မြွေကိုက်သူ၏အသားကို ပုလင်းကွဲနှင့်ခွဲချခြင်းမှာ ပိုးမွှားရောဂါများကင်းပြီး သံဆိပ်မတက်စေရန်အတွက် ကြိုတင်ကာကွယ်ပေးခြင်းဖြစ်သည်။

ယခုပင် ကြည့်ပါ။ ထိုသို့ မြွေဆိပ်များကိုထုတ်ယူသော ဝါးဆစ်ကလေးများမှာ ခြေထောက်တစ်ခုလုံးတွင် မျှော့တွယ်ထားသကဲ့သို့ အစီအရီတွယ်ကပ်နေကြပါပြီကော။ အပူရှိန်ကုန်သွားသောအခါ သူ့အလိုလို ကွာကျသွားကြသည်။ ထိုကွာကျလာခဲ့သည့် ဝါးဆစ်ကလေးများထဲမှ သွေးများမှာ ညှိုမည်းနက်နေကြသည်။ ထိုအသွင်သဏ္ဍာန်မှာ မြွေဆိပ်များနှင့် လူသွေးများ ရောနှောနေကြခြင်း ဖြစ်ပါချေ၏။

''ငြိမ်ငြိမ်နေနော် ညီမ၊ ခြေထောက်ကို သိပ်မလှုပ်စေနဲ့ ဝါးဆစ်ပိတ်ကလေးတွေ သူ့အလိုလိုကွာကျသွားမှ ကောင်းတာ





ဒါမှ ညီမခန္ဓာကိုယ်ထဲက မြွေဆိပ်တွေ ကုန်သွားမှာ''

အမည်မသိလူရွယ်လေးတစ်ယောက်၏ အံ့မခန်း မြွေဆိပ်ကုသနည်းကို လူနာရှင်ဦးကြီးနှင့် သမီးဖြစ်သူတို့မှာ အံ့ဩဝမ်းသာစွာဖြင့် စိတ်ဝင်တစား ကြည့်နေကြပါသည်။ အဖြုတ်ဖြုတ်နှင့် တစ်ခုပြီးတစ်ခု ကွာကျလာသော ဝါးဆစ်ပိတ်များနှင့် ညှိုပုပ်မည်းညစ်နေသည့် မြွေဆိပ်များကိုကြည့်ကာ တအံ့တဩဖြစ်နေကြပါ၏။

''ဒီ ...ဒီလို မြွေဆိပ်ထုတ်ကုသတဲ့နည်းကို ဦးကြီးတို့ တစ်ခါမှ မတွေ့ဖူးကြဘူးကွဲ့၊ အင်း ...တော်ပါပေတယ်ကွယ်၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုပညာရပ်ကြီးတစ်ခုတတ်မြောက်ထားတယ်ဆိုတော့ မြွေနဲ့ပတ်သက်တဲ့ ပညာရပ်တွေတော်တော်လေး ဆည်းပူးထားပုံရတယ်''

''ဩော် ...ဒီလိုပေါ့ဦးကြီးရယ်၊ ကျွမ်းကျင်ရာ လိမ္မာရာပေါ့၊ ဒီမြွေဆိပ်ဖြေကုသတဲ့နည်းကို 'တွင်ခုတ်'ကုသတဲ့နည်းလို့ခေါ်ပါတယ်၊ သူ့ရဲ့ မူလသွေးအတိုင်း နီရဲလာတဲ့အခါကျမှ မြွေဆိပ်တွေကုန်သွားတယ်လို့ ယူဆပြီး 'တွင်ခုတ်'တာကို ရပ်လိုက်ရပါတယ် ဦးကြီး''

ရင်မောင်မှာ မြွေဆိပ်ဖြေကုသနည်းကို ရှင်းပြလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



တွင်ခုတ်၍ကုသလိုက်နှင့် ညည်နက်သွားသည်ကိုပင် သတိမထား မိလိုက်နိုင်ပါလေတော့။ မြွေကိုက်ခံထားရသည့် လူနာ၏ မူလနီရဲ သောသွေးများ ထွက်ပေါ်လာမှ တွင်ခုတ်ခြင်းကို ရပ်လိုက်ပါတော့ သည်။ လူနာရှင်အမျိုးသမီး၏ မျက်နှာချောချောလေးထက်မှာ တော့ ကျေးဇူးတင်ခြင်း၊ ဝမ်းသာခြင်း အရိပ်အယောင်များက ယှက်သန်းလျက်။

''ကျေးဇူးတင်လိုက်တာ မောင်ရင်ရယ်၊ သမီးကြီးရဲ့ အသက်ကို ကယ်တင်ပေးတဲ့အတွက် ဘယ်လိုကျေးဇူးတုံ့ပြန်ရ မလဲဆိုတာကို မသိတော့ပါဘူးကွယ်၊ ဒါနဲ့ မောင်ရင်လေးကြည့် ရတာ မြွေပခြုပ်တွေနဲ့ ခွတုတ်တွေနဲ့ဆိုတော့ မြွေအလမ္မာယ် ဆရာများလားကွဲ့ ...ဟင်''

လူနာရှင်၏ဖခင်ကြီးက မျက်ရည်ဝဲလျက်ရှိသော မျက် လုံးအစုံနှင့် ရင်မောင်၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ ကျေးဇူး တင်စကားများကို ပြောဆိုနေပါ၏။

''ဟုတ်ပါတယ် အစ်ကို၊ ညီမရဲ့အသက်ကို အချိန်မီ ကယ်တင်ပေးခဲ့တဲ့ အစ်ကို့ကို ညီမရဲ့ကျေးဇူးရှင်အဖြစ် သတ်မှတ် ပြီး ကန်တော့ပါတယ် အစ်ကိုရယ် ...အဟင့် ဟင့်''

''ဟာ ...မ ...မ ...မဟုတ်တာ ညီမရယ်၊ ဒီ





...ဒီလိုမလုပ်ပါနဲ့၊ ဒီကိစ္စက အစ်ကိုတို့မြေးအဘိုး လုပ်ကိုင်နေ ကျပါ၊ ဟို ...ဟို ...ဒီလောက်ကြီးလည်း မဟုတ်ပါဘူးခင်ဗျာ၊ ညီမနဲ့ အစ်ကိုတို့ ရေစက်ရှိလို့ ကယ်တင်ခွင့်ရတယ်လို့ပဲ သဘော ထားပါတယ်''

ရင်မောင်က သူ့အား အိပ်ရာမှထ၍ ကန်တော့ရန်ကြိုး စားနေသည့် မိန်းမချောလေးကို အားနာစွာဟန့်တားရင်း ထုံး နှင်းဖော်ထားသည့်ဘူးထဲမှ ဖော်စပ်ထားသော ထုံးနနွင်းများ ကို ပုလင်းကွဲနှင့်ခွဲထားသော ဒဏ်ရာပေါ်သို့ သုတ်လိမ်းပေးနေပါ တော့သည်။

မုန်းဆိုးကုန်း၏ညည်သည် ယခုမှပင် သက်ဝင်နိုးထလာ သည်ထင့်။ ပုစဉ်းရင်ကွဲသံ၊ ပိုးပုရွက်ကောင်လေးများ၏ အော်ဟစ် သံနှင့် ညည်ငှက်တချို့ အလန့်တကြားပျံသန်းဟစ်အော်သံများက ကျောင်းပျက်ကြီးတစ်ဝိုက်တွင် စီးမျောလှုပ်ခတ်နေကြသည်။ သင်ဆီမီးတိုင်နှစ်တိုင်၏ အလင်းရောင်အောက်တွင် တွေ့မြင် ရသည့် ထူးဆန်းသော မိသားစုသုံးဦး၏ အရိပ်အခြည်ကို မောင် ယခုမှ မသိမသာ အကဲခတ်နေပါ၏။

''ဒါနဲ့ ဦးကြီးတို့က ဘယ်ရွာကပါလဲ၊ ဘာအကြောင်းနဲ့ လို လူသူမနီးတဲ့ မုန်းဆိုးကုန်းလိုနေရာမျိုးက ကျောင်းပျက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ နေကြတာလဲဆိုတာ ကျွန်တော်သိခွင့်ရှိရင် သိပါရစေ
ခင်ဗျာ''

ရင်မောင်၏အမေးစကားကြောင့် သားအဖသုံးယောက်
တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။
တန်ကြာမှ ဖခင်ဖြစ်သူထံမှ စကားတစ်ချို့ ပွင့်အံကျလာခဲ့သည်

''ဦးကြီးတို့က ဒီနယ်က မဟုတ်ပါဘူးကွယ်၊ သာယာ
ဝတီရဲ့ တစ်ဖက်နယ်ထဲကပါ၊ ခေတ်ကာလ အခြေအနေ
လည်း မကောင်း၊ စစ်ဘေးစစ်ဒဏ်ကိုလည်း ရှောင်တိမ်း
လာခဲ့ကြတာ၊ ဟောဒီကျောင်းပျက်ကြီးမှာ ခဏခိုနားကြ
အခုလို ကြုံခဲ့ကြရတာပါကွယ် ...။

ဟောဒီ မြေကိုက်ခံရတဲ့ သမီးအကြီးက မအောင်
သမီးအငယ်က မအောင်သူတဲ့၊ ဦးကြီးနာမည်ကတော့ ဦး
လို့ခေါ်တယ်၊ ဒါနဲ့ မောင်ရင့်နာမည်ကရော ...''

''ဩော် ... ရင်မောင်လို့ခေါ်ပါတယ်၊ ကျွန်တော်တို့
လည်း ဒီနယ်ကမဟုတ်ပါဘူး၊ လိုအပ်တဲ့မြွေတွေ ဖမ်းနို
နတ်ရဲကုန်းမှာ အခြေချ ခဏနားခိုနေကြတာပါ၊ ကျွန်တော့်
က မြွေတွေကိုလည်း ဖမ်းပေးတယ်၊ မြွေကိုက်တဲ့လူနာ
လည်း ကုသပေးပါတယ်၊ အခု ကျွန်တော်ကုသခဲ့တဲ့ မြွေ





ပညာရပ်က ကျွန်တော့်အဘိုး ဦးထော်ဆီက သင်ယူခဲ့တာပါ
ဦးကြီး''

''အေးကွယ် ... မောင်ရင်မောင်နဲ့ တွေ့ပေလို့သာပေါ့၊
နို့မို့သာဆိုရင် ဦးကြီးသမီးတော့ ရေတိမ်မှာနစ်ပြီပေါ့ကွယ်၊ တော
ထဲတောင်ထဲမှာ ဒီမြွေကိုက်တဲ့ဒဏ်ရာကို ဘယ်လိုသွားပြီး ကုသ
နိုင်မှာတဲ့လဲ၊ ဩော် ... စကားတွေကောင်းနေလိုက်တာ၊ သမီး
ရေ မောင်ရင်မောင်ကို ထမင်းလေးဘာလေး ကျွေးကြဦးစို့လေ၊
မျောမှာ ဆာနေရှာရောပေါ့''

''ဟယ် ... ဟုတ်သားပဲ ညီမလေးရေ၊ မိုးတောင်
ဘော်တော်ချုပ်နေပြီ၊ ဒီမှာ ထမင်းစားသောက်ပြီး ဒီတစ်ညတော့
ဟောဒီကျောင်းပျက်ကြီးမှာပဲ ညီမတို့နဲ့ အတူတူအိပ်လိုက်တော့
ပေါ့နော် အစ်ကို''

မအောင်ဖြူ၏ အသံအောရှရှလေးက ရင်မောင်၏ နှလုံး
သားအိမ်ကလေးအတွင်းသို့ ထိုးဖောက်စီးဝင်သွားသည်သို့။
အောင်ဖြူဆိုသော မြစိမ်းရောင်မင်းသမီးလေးကို ရင်မောင်
ပ်စူးစူးလေး စိုက်ကြည့်နေမိသည်။ ဤမိန်းမချောလေးကို သူ
ကိုယ်တိုင်ကိုယ်ကျ မြွေဆိပ်ချပေးခဲ့သည်။ မြွေကိုက်သည့်နေရာမှ
၍ မှန်းဆိုးကုန်းတောကြီးထဲရှိ ကျောင်းပျက်ကြီးထိတိုင် သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ပွေ့ချီလာခဲ့သည်။ သို့သော် လက်ရှိအခြေအနေကို ရင်မောင် ဘဝင်မကျဖြစ်နေမိသည်။ ဤအဖြစ်အပျက်များ အမှန်တကယ်ဖြစ်ပျက်ခဲ့သော အရာများမှ ဟုတ်ပါလေစဟု ဒွိဟအတွေးများက ရင်မောင့်ရင်ထဲတွင် လွှမ်းထိုးယှက်လိမ်နေကြလေပြီလား။

သူ့အတွက် အိပ်ရာနေရာကို အငယ်မလေးမအောင်သူက ကျောင်းပျက်ကြီး၏ အခန်းထောင့်တစ်နေရာတွင် ကျူကျနန ဖျာတစ်ချပ်ခင်း၍ ပြင်ဆင်ပေးသည်။ မအောင်ဖြူ၏ဖခင်က ကျောင်းပျက်ကြီး၏ ခေါင်းရင်းဘက်တွင် ဘုရားရှိခိုးရင်း ပုတီးစိပ်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် စုံစမ်းမေးမြန်းရန်ကိစ္စ ရင်မောင် လက်လျှော့လိုက်ရပါ၏။

ထိုစဉ် မအောင်ဖြူက လှဲနေရာမှ ရင်မောင်ရှိရာသို့ လျှောက်လာသည်။ သူမ၏လက်ထဲတွင် စဥ္ဇပန်းကန်လုံးတစ်ခွက် ပါလာသည်ကိုပါ တွေ့မြင်လိုက်ပါ၏။

"အိုး ... မအောင်ဖြူ ... ဘာဖြစ်လို့ထလာတာလဲ ဒဏ်ရာအရှိန်က ကောင်းကောင်းပျောက်သေးတာမဟုတ်ဘူး"

"ရပါတယ် အစ်ကိုရယ်၊ မြွေဆိပ်ဖြေဆရာကြီးရဲ့အစွမ်းကြောင့် တော်တော်လေး သက်သာလာပါပြီ၊ မအိပ်ချင်သေးတာ





ရယ်၊ နောက်ပြီး အစ်ကိုကိုလည်း အဖေဖော်စပ်ထားတဲ့ နတ်ရေစင်ဆေးတစ်ခွက်လောက် တိုက်ကျွေးချင်တာရယ်ကြောင့် လာခဲ့တာပါ၊ အဖေက အစ်ကိုလို မြွေဆိပ်မကုသနိုင်ပေမယ့် ပရဆေးပင်တွေကို ရှာဖွေစုဆောင်းပြီး ဆေးဖော်စပ်နေတဲ့ တိုင်းရင်းဆေးဆရာကြီးတစ်ဦးပါ အစ်ကို"

မအောင်ဖြူက ရင်မောင့်အနီးတွင်ထိုင်ကာ လက်ထဲမှ စဥ္ဇပန်းကန်လုံးလေးကို ရင်မောင့်အားပေးလိုက်သည်။ ရင်မောင်က ဆေးခွက်ကိုလှမ်းအယူတွင် မအောင်ဖြူ၏လက်ကလေးကို ဆုပ်ကိုင်မိလိုက်သည်။ အမှတ်မထင် တိုက်ဆိုင်မှုဖြစ်စေကာမူ ရင်မောင်က မအောင်ဖြူ၏လက်ကလေးကို ချက်ချင်းပြန်မလွှတ်ပေးသေး။ မအောင်ဖြူကလည်း ရီဝေသောမျက်ဝန်းအစုံဖြင့် ရင်မောင့်ကို မော့ကြည့်နေဆဲ။

ထိုသို့သော အခိုက်အတန့် အချိန်လေးမှာပင် ရင်မောင်၏နှလုံးသား အချစ်လိပ်ပြာလေးက တောင်ပံတဖျတ်ဖျတ်ခတ်လိုက်သည်ထင့်။ အတန်ကြာမျှ တစ်ဦးနှင့်တစ်ဦး အချစ်ရည်ရွှန်းလဲ့နေသည့် မျက်လုံးများဖြင့် ကြည့်နေကြဆဲ။ အချိန်မည်မျှကြာသွားသည်မသိ။ မအောင်ဖြူက သူ၏လက်ကလေးကို အသာအသာဆွဲယူလိုက်မှ ရင်မောင် သတိရကာ ဆေးခွက်ကိုယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဖြေလျှော့ပေးလိုက်ပါတော့သည်။

"သောက် . . . သောက်လိုက်ပါဦးအစ်ကို၊ ဒါမှ အစ်ကို အိပ်ရာကနိုးလာရင် လန်းလန်းဆန်းဆန်းဖြစ်သွားမှာ၊ တစ်ည နေလုံး ညီမကို ဆေးကုပေးနေရတာနဲ့ပဲ ပင်ပန်းနေရောပေ ဆေးသောက်ပြီးရင် အိပ်လိုက်တော့နော် အစ်ကို"

မအောင်ဖြူက ဆေးခွက်ကလေးကိုပေးခဲ့ပြီး မအိပ်ခင် ဆေးသောက်ရန် အတန်တန်မှာကြားကာ ရင်မောင့်အနီးမှ ထွ ခွာသွားပါတော့သည်။ ထူးထူးခြားခြား မအောင်ဖြူ သူ့အနီး ကွက်ခွာသွားသည်နှင့် ရင်မောင့်ရင်ထဲတွင် ဗလာဟင်းလင်းဖြ နှယ် ကျန်ရစ်ခဲ့ပါလေ၏။

သူ့ မအောင်ဖြူဆိုသော မြစိမ်းရောင်မင်းသမီးလေး ချစ်မိသွားလေပြီလား။

"အို . . . ရှုပ်ပါတယ်၊ မနက်မိုးလင်းကျမှပဲ သူတို့မိသ စုကို သေချာပြောပြပြီး နတ်ရဲကုန်းရွာကို ခေါ်သွားတာပဲ ကော တယ်၊ လောလောဆယ်တော့ မအောင်ဖြူလာပေးတဲ့ နတ်ရေ ဆေးကိုသောက်ပြီး အိပ်ပစ်တာပဲကောင်းမယ်"

ထို့နောက် စဉ့်ခွက်ကလေးထဲမှ ညိုညစ်ညစ်အရေ တချို့ကို ရင်မောင် မော့၍သောက်ချလိုက်ပါ၏။ တစ်နေရ





တောတိုးရ၊ မြေဖမ်းရနှင့် ပင်ပန်းလာခဲ့သည်ထင့်။ မအောင်ဖြူ ပေးခဲ့သော နတ်ရေစင်ဆေးကို သောက်သုံးပြီးသည်နှင့် မကြာမီ မျက်တောင်များစင်းလာကာ အိပ်ချင်စိတ်များက သိသိသာသာ လွှမ်းမိုးလာခဲ့သည်။

"ဟာ . . . ဘယ် . . . ဘယ်လိုဖြစ်တာလဲ၊ ငါ့မျက်လုံး တွေ မဖွင့်ချင်လောက်အောင်ကို ဖြစ်သွားကြပြီလား။ မျက်လုံးတွေ လေးလာပြီး အိပ်ချင်စိတ်တွေ အတင်းတိုးဝင်လာကြသလို ဖြစ် နေတယ်"

ဟုတ်သည်။ သူ့ရှေ့ဆီမှ ကညွင်ဆီမီးတိုင်များက ဆီ လျော့သွားကြလေပြီထင့်။ လေတိုးတိုင်း ယိမ်းယိုင်နေသည့် ဆီမီး တိုင်လေးများ၏ အလင်းရောင်က ဖျော့တော့အားနည်းစပြုနေ သည်ကို ရင်မောင်၏ အသိစိတ်အာရုံများကလည်း ဟိုယိမ်း သည်ယိုင်နှင့်။ ဝေဝါးမှုန်ဝေစပြုနေပြီဖြစ်သော ရင်မောင်၏ အမြင် အာရုံထဲဝယ် မအောင်ဖြူက ထိုင်မသိမီးဝတ်စုံ မြစိမ်းရောင်လေး ငြ မင်းသမီးလေးတစ်ပါးနှယ် လှချင်တိုင်းလှ ချောချင်တိုင်း ချောနေပါတော့သည်။

နောက်ဆုံး မည်သို့မျှ စိတ်မထိန်းနိုင်တော့ဘဲ ရင်မောင် မအောင်ဖြူ၏ ခန္ဓာကိုယ်သွယ်လျလျလေးအား ပြေးဝင်ဖွ



www.burmeseclassic.com

www.burmeseclassic.com



ဖက်လိုက်သည်နှင့် ဝုန်းခနဲလဲပြိုကျသွားကာ ရင်မောင်တစ်ယောက် နက်ရှိုင်းမည်းမှောင်လှသည့် အမှောင်ကမ္ဘာထဲသို့ ဦးစိုက်ကျွမ်းပြန် ကျသွားပါတော့သည်။

## (၁၆)

## မိစ္ဆာလော . . . မအောင်ဖြူလော . . .

မည်မျှကြာကြာ ရင်မောင် အိပ်မျောကျသွားခဲ့လေသည်မသိ။ အပူရှိန်လှိုင်းဒဏ်ကြောင့် ဖျတ်ခနဲ လန့်နိုးလာတော့ နေခြည်တန်းများက သစ်ကိုင်းသစ်ခက်၊ သစ်ရွက်များကြားမှ သူ၏မျက်နှာပေါ်သို့ တိုက်ရိုက်ထိုးကျနေသည်ကို သိလိုက်ရပါ၏။

ရင်မောင်မှ အိပ်ရာမှ နိုးလာလျှင်လာချင်း မအောင်ဖြူတို့ညီအစ်မ အိပ်နေရာသို့ ဖျတ်ခနဲကြည့်လိုက်သည်။ ရုတ်တရက်ပြောင်းလဲသွားသော မြင်ကွင်းကြောင့် ထိတ်ခနဲ ရင်ခုန်သွားပါ၏။ တစ်ဆက်တည်းမှာပင် ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထကာ ရုတ်တရက် ဝုန်းခနဲ ထထိုင်လိုက်သည်။

"ဟာ . . . ငါ . . . ငါ ဘယ်နေရာကို ရောက် . . . ရောက်နေတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



သူအိပ်သည့်နေရာကို ပြန်၍ငဲ့ကြည့်လိုက်သည်။ ချုံ နွယ်ပိတ်ပေါင်းများ၊ အုတ်ဂူပျက်များနှင့် ကျိုးပျက်နေသော သင်္ချိုင်းမှတ်တိုင်များကို ချောက်ချားဖွယ်ရာ တွေ့မြင်လိုက်ရ တော့သည်။

"အို ဘုရား ... ဘုရား ... ငါ ည ... ညက ကျောင်းပျက်ကြီးတစ်ခုပေါ်မှာ မအောင်ဖြူတို့ညီအစ်မနှစ်ယောက် နားမှာ အိပ်နေခဲ့တာပါ၊ ဘယ်လိုကြောင့် မိုးလင်းတော့ သင်္ချိုင်း ပျက်ကြီးထဲကို ရောက်နေရတာလဲ"

ပဟေဠိပုစ္ဆာများနှင့် တစ်ယောက်တည်း လုံးချာပတ်ချာ လည်နေစဉ်မှာပင် သူ၏လွယ်အိတ်၊ ပခြုပ်များနှင့် ဓွတုတ်တို့ကို သတိရသဖြင့် ရှာဖွေကြည့်လိုက်တော့ လွတ်အိတ်ညိုကြီးမှာ သင်္ချိုင်းမြေပုံမှတ်တိုင်တစ်ခုတွင်ချိတ်လျက် အနီးတွင် ပခြုပ်နှစ် လုံးနှင့် ဓွတုတ်တို့ကို ရင်မောင် အံ့သြထိတ်လန့်စွာ တွေ့မြင်လိုက် ရပါချေ၏။ မဟုတ်တော့ ...။

အခြေအနေက တစ်စုံတစ်ခုတော့ လွဲမှားနေပေပြီ။

ညကအဖြစ်အပျက်များကို ရင်မောင် အားလုံး တစ်ခု မကျန် မှတ်မိသည်။ မအောင်ဖြူကို မြေကိုက်ရာမှအစပြု၍ သူကိုယ်ဘိုင်ပွေ့ချီကာ ကျောင်းပျက်ကြီးသို့ခေါ်သွားပုံ၊ ထို့နောက်





မြွေကိုက်ဒဏ်ရာကိုပင် သူကိုယ်တိုင် 'တွင်ခုတ်'၍ ကုသပေးခဲ့ပုံ၊ တစ်ညလုံးနီးပါး သူတို့သားအဖသုံးယောက်နှင့် စကားဝိုင်းဖွဲ့ပြော နေခဲ့ကြပုံများကို ရင်မောင် တရေးရေးနှင့် မြင်ယောင်လာမိသည်။

ဟုတ်သည်။

ထိုကဲ့သို့ တစ်ညလုံးနီးပါး ကျောင်းပျက်ကြီးပေါ်ဝယ် အတူတကွ အိပ်စက်ခဲ့ကြရာမှ နောက်တစ်နေ့မနက် မိုးစင်စင် လင်းတော့ သူတစ်ယောက်တည်း သင်္ချိုင်းပျက်ကြီးထဲတွင် အိပ် မောကျနေရသည်မှာ ဘယ့်အတွက်ကြောင့်ပါနည်း။ ရုတ်တရက် ပခြုပ်ထဲမှ မြွေများကို သတိရသွား၍ ကပျာကယာ ပခြုပ်ထဲသို့ ဖွင့်ကြည့်လိုက်စဉ်မှာတော့ မြွေဟောက်သုံးကောင် ငြိမ်သက်စွာ ခွေနေကြသည်ကို တွေ့လိုက်ရသည်။

"ဟင် ... မြွေဟောက်သုံးကောင်တောင် ရှိနေတာပဲ၊ ဒီ ... ဒီလိုဆိုရင် နောက်ဆုံးမြွေဟောက်တစ်ကောင်က မအောင်ဖြူကို ကိုက်လိုက်တဲ့မြွေကို ငါကိုယ်တိုင်ဖမ်းဆီးပြီး ပခြုပ် ထဲကို ထည့်ပေးခဲ့တဲ့ မြွေဟောက်ကြီးပဲ၊ ဒါဟာ မအောင်ဖြူနဲ့ အမှန်တကယ်တွေ့ရတယ်ဆိုတဲ့ ထင်ရှားတဲ့ သက်သေသက္ခာရ တစ်ခုပဲ"

သို့သော် ယခုကြုံတွေ့ရင်ဆိုင်ခဲ့ရသော အဖြစ်အပျက်ကို



www.burmeseclassic.com

www.burmeseclassic.com



မည်သူ့အား ပြောပြရပါမည်နည်း။ အကယ်၍ မခံချင်စိတ်နှင့် ပြောပြခဲ့သည့်တိုင် မည်သူက လက်ခံယုံကြည်ပါချေမည်နည်း။ အခြေအနေသည် ကြာလေရှုပ်လေ၊ ရှင်းလေရှုပ်လေသာ ဖြစ်နေပါချိမ့်မည်။

ရင်မောင် မခံချင်စိတ်ဖြင့် သူ ဘာဆက်လုပ်နိုင်မည်လည်းဟု စဉ်းစားနေမိသည်။ ဖုန်းဆိုးကုန်းအတွင်းပိုင်းထိ ဝင်ရောက်မွှေနှောက်၍ ကျောင်းပျက်ကြီးကို ရှာဖွေကြည့်မည်ဆိုလျှင် မအောင်ဖြူတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များ သဲလွန်စများကို တွေ့ရှိနိုင်မည်ဟု ယူဆမိသည်။

"ဟုတ်တယ် ... ငါ ကျောင်းပျက်ကြီးကိုသာ ရှာတွေ့ခဲ့မယ်ဆိုရင် ဒီကိစ္စတွေအားလုံးကို ငါသိနိုင်တယ်၊ ဒါပေမဲ့ ဟို ... ဟို ... မအောင်ဖြူကို မြွေကိုက်တဲ့နေရာကို မှတ်မိမှ ကျောင်းပျက်ကြီးရှိတဲ့နေရာကို ငါမှန်းဆလို့ရမှာပေါ့၊ ဒီလိုဆို မအောင်ဖြူကို တွေ့ခဲ့ရတာ ဟို ... ဟို ... ကုက္ကိုဝါပင်ညီနောင်နားမှာ တွေ့ခဲ့ရတာဆိုတော့"

ရင်မောင် ပခြုပ်များကိုထမ်းကာ သချိုင်းပျက်ကြီးထဲမှ ကပျာကယာ ထွက်လာခဲ့သည်။ စိတ်ထဲတွင် ကုက္ကိုဝါပင်ညီနောင်သို့သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါ၏။ သို့သော် ရင်မောင်တစ်





ယောက် ကုက္ကိုဝါပင်ညီနောင်သို့ မရောက်ရှိနိုင်ပါလေတော့။ တစ်ညလုံး အိမ်သို့ပြန်ရောက်မလာခဲ့သည့် ရင်မောင်ကို လိုက်လံရှာဖွေနေကြသည့် ဦးကြီးရဲထိတို့လူစုနှင့် လမ်းခရီးတွင်ဆုံတွေ့၍ နတ်ရဲကုန်းရွာသို့ ပြန်လည်လိုက်ပါသွားခဲ့ရပါတော့သည်။

ကပ္ပိယကြီးဦးသူတော်က သူ၏လက်စွဲတော် ဝါးဆေးတံ ဓါးဆုံထဲသို့ ဆေးပြည့်အောင် ထည့်သိပ်လိုက်သည်။ ပြီးလျှင် ကြေးဝါမီးခြစ်ကြီးနှင့် မီးညှိအောင် အတန်ကြာမျှ လှည့်ပတ်၍ မီးညှိနေပါ၏။ အားလုံးပြီးစီးပါမှ တစ်ချက်နှစ်ချက်မျှ ရှိုက်ဖွာလိုက်ကာ မီးခိုးငွေ့များကို အသာအယာ မှုတ်ထုတ်လိုက်ပါသည်။

ညနေခင်းလေပြည်စီးထဲတွင် ဟိုသည်ဝေ့ဝိုက်လွင့်မျောသွားသည့် ဆေးတံမီးခိုးများကို ကြည့်နေရင်းမှ ဦးသူတော်၏နှုတ်ဖျားမှ စကားလုံးအချို့ ထွက်ကျလာကြသည်။

"အင်း ... မင်းပြောပုံအရဆိုရင်တော့ မင်းဟာ ဖုန်းဆိုးကုန်းက ပြိတ္တာတွေနဲ့ တွေ့ခဲ့ရတာပဲ မောင်ရင်မော



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ကဟုတ်က ဦးသူတော်ရယ်၊ မြွေကိုက်ခဲ့လိုက်ရတဲ့ မအောင်ဖြူကို ကျွန်တော်ကိုယ်တိုင် အဘိုးသင်ပေးခဲ့တဲ့ မြွေဆိပ်ချပညာနဲ့ ကုသပေးခဲ့တာပါ၊ လူသားမှ လူသားအစစ်တွေပါဗျာ"

ရင်မောင်ကတော့ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်မို့ ဦးသူတော်၏စကားကို လက်မခံနိုင်အောင် ဖြစ်နေပါ၏။

"ဟင်း ဟင်း ဟင်း ... ရဲထိတူက ရဲထိအတိုင်းပဲ တော်တော်ခေါင်းကျော၊မာတာပဲကိုး၊ ကိုင်းကွယ် ... ဒီလိုဆိုရင် မင်း ညကအိပ်ခဲ့တဲ့ ကျောင်းပျက်ကြီးပေါ်ကနေ ဘာဖြစ်လို့ သင်္ချိုင်းပျက်ကြီးထဲက အုတ်ဂူပေါ်ကို ရောက်သွားရတာလဲ မောင်ရင်မောင်၊ ဟင်း ... ဟင်း ... ခေါင်းမမာသင့်တဲ့နေရာမှာ ခေါင်းမမာရဘူးကွယ့်၊ ဟောဒီလောကကြီးထဲမှာ မင်းတို့ငါတို့ ဉာဏ်တစ်ထွာတစ်မိုက်လောက်နဲ့ မမီနိုင်, မသိနိုင်, မမြင်နိုင်တဲ့ ဆန်းကြယ်လှတဲ့ လောကီကိစ္စတွေ, ပရလောကသားတွေရဲ့ အကြောင်းခြင်းရာတွေဟာ အများကြီးပဲကွယ့် မောင်ရင်မောင် ဒီတော့ ပြိတ္တာ, မိစ္ဆာတွေအကြောင်းကို မင်း နားလည်သွားအောင် ကျုပ် အေးအေးဆေးဆေး ရှင်းပြမယ်လေ"

ကပ္ပိယကြီးဦးသူတော်၏ ဗိုရုံထဲဝယ် ဦးရဲထိတို့တူဝရီးနှစ်ယောက် ဖုန်းဆိုးကုန်းဝယ် ရင်မောင် တစ်ညဥ့်တာအိပ်စက်ခဲ့ရသည့် အကြောင်းရင်းဇာစ်မြစ်ကို ရှာဖွေနေကြခြင်းဖြစ်သည်။ သို့သော် ရင်မောင်ကမူ မအောင်ဖြူကို ကိုက်ခဲ့သည့် တတိယမြောက်မြွေဟောက်ကြီးကို သက်သေပြကာ အခိုင်အမာငြင်းဆိုနေခြင်းကြောင့် ဦးသူတော်က ရှင်းလင်းပြောပြနေခြင်းဖြစ်ပါ၏။

"အင်း ... မင်းကိုရှင်းပြရရင် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးနဲ့ မင်းကွန်းဆရာတော်ဘုရားကြီးတို့ရဲ့ တစ္ဆေရှိ,မရှိ အမေးအဖြေကာစပြီး ပြောပြမှထင်တယ်ဟေ့ ... ဟင်း ဟင်း ဟင်း ... ဒီလိုကွဲ့ မောင်ရင်မောင်ရဲ့"

"(ပြောကြလျှင် လောကတွင် တစ္ဆေရှိသတဲ့ ဆွေသိင့်လား၊ သိပါချင် ရှိပါလျှင် တစ္ဆေဆိုတဲ့သည်ပုဂ္ဂိုလ် ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား) ဆိုပြီး မန်လည်ဆရာတော်ကြီးရဲ့ အမေးပုစ္ဆာကဗျာအချိုးကို မင်းကွန်းဆရာတော်ကြီးက အခုလိုပြန်ပြီး ကဗျာအချိုးနဲ့ ပြန်ဖြေကြားလိုက်တယ်လေ"

"(ပြောကြလျှင် လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြား၊ မျိုးထူးထွေတစ္ဆေ ရှိသည်ဟုတ်ပါဘူး၊ မြေဖုတ်ကို တစ္ဆေပြောကြတယ် လောကလူများ) ရယ်လို့ ကျေးဇူးရှင် ဆရာတော်ကြီးနှစ်ပါးက ရှင်းလင်းဖြေကြားခဲ့ကြတယ် မောင်ရင်မောင်၊





www.burmeseclassic.com

www.burmeseclassic.com



ဆိုချင်တာက ဘုရားဟောဒေသနာနဲ့ ကျမ်းဂန်တွေအရဆိုရင်လည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်ဘုံသားတွေရှိကြောင်း ယုံကြည်လက်ခံရမှာဖြစ်တယ်၊ ဒါကြောင့် ပြိတ္တာဘုံသားတွေဖြစ်ကြတဲ့ တစ္ဆေဆိုတာဟာလည်း အမှန်တကယ်ရှိကြောင်း လက်ခံရမယ်ကွယ့် မောင်ရင်မောင်၊ အဲဒီပြိတ္တာဘုံသားတွေဟာ လူတွေနဲ့ဝေးတဲ့ တောတောင်လျှိုမြောင်, ဂူအိုဂူဟောင်း, ဇရပ်အိုဇရပ်ဟောင်း, ကျောင်းအိုကျောင်းဟောင်း, အိမ်အိုအိမ်ပျက်, ဘုရားအိုဘုရားပျက်တွေမှာ နေထိုင်လေ့ရှိကြတယ်၊ တချို့ကတော့ သစ်ပင်ချုံနွယ်, သစ်ငုတ်တိုတွေနဲ့ ခြတောင်ပို့တွေမှာ နေထိုင်ကတ်ကြတယ်လေ၊ သူတို့ဘဝတွေဟာ နေပူပူ, မိုးရွာရွာ လွင်တီးခေါင်လိုနေရာမျိုးတွေမှာပဲ ဖြစ်သလို အမိုးပြုပြီး နေထိုင်ကြရတယ်၊ စားစရာကျတော့လည်း လူတွေစွန့်ပစ်ထားတဲ့ စားစရာအကြွင်းအကျန်တွေ, အညှီအဟောက်, အကောင်ပုပ်တွေကိုပဲ စားသောက်ကြရတယ် . . .။

ပြောရမယ်ဆိုရင် လူတွေဟာ တစ္ဆေသရဲဆိုတာနဲ့ ကြောက်ရွံ့ထိတ်လန့်ကုန်ကြတယ်၊ အမှန်တော့ ပြိတ္တာဘုံသားတွေဖြစ်ကြတဲ့ တစ္ဆေသရဲ နာနာဘာဝစတဲ့ အပါယ်ဘုံသားတွေဟာ လူ့ဘဝကပြုခဲ့ကြတဲ့ ကုသိုလ်, အကုသိုလ်စိတ်, ဝန်တိုမန္ထရိယစိတ်, အနန္တဂိုဏ်းဝင် မိဘဆရာသမားတွေကို ပြစ်မှားကျူးလွန်စော်ကားခဲ့ကြတဲ့ အကုသိုလ်ကံ အညစ်အကြေးတွေကြောင့် မကျွတ်မလွတ်နိုင်ကြဘဲ ဆင်းရဲခြင်းဒုက္ခတွေ သံသရာကျော့မှာ မျှောချင်တိုင်း မျှောနေကြတာပေါ့ကွယ်''





ကပ္ပိယကြီးဦးသူတော်မှာ ယနေ့တော့ ဖိုထိုးနိုင်ဖို့လမ်းမမြင်တော့။ သူက ဗဟုသုတစုံသည်။ စာတိုပေစများကိုလည်း လေ့လာနှံ့စပ်သည်။ အင်္ဂလိပ်နှင့်ပတ်သက်သော စာများကိုလည်း အချိန်ရသမျှ ရှာဖွေဖတ်ရှုသဖြင့် ဦးသူတော်မှာ ဗဟုသုတဟင်းလေးအိုးကြီးသဖွယ် ဖြစ်နေပါလေ၏။ ယခုလည်း ပြိတ္တာများအကြောင်းကို ဘုရားဟောဒေသနာများနှင့်ပင် ကိုက်ညီကာ ပြောပြနေသဖြင့် ဦးစိုင်းထီတို့တူဝရီးနှစ်ယောက်သား စိတ်ဝင်တစားဖြင့် နားထောင်နေကြပါတော့သည်။

''တကယ်တော့ ပြိတ္တာတွေ, ဝေမာနိကပြိတ္တာတွေရဲ့ဘဝဟာ သနားစရာပါကွယ်၊ ဒါပေမဲ့ လူ့လောကဘုံလေ့မှာလို အိမ်ထောင်တွေပြုကြ၊ သားသမီးတွေ, မြေးမြစ်တွေနဲ့ စုစုဝေးဝေး နေထိုင်ပျော်ပါးနေကြရလေတော့ သူတို့ရဲ့လောကဘုံကနေ ဘယ်ကျွတ်လွတ်ချင်ကြပါတော့မလဲကွယ်''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

## နတ်ရဲကုန်းသို့ ဂျပန်များ ရောက်ရှိလာခြင်း

ကပ္ပိယကြီးဦးသူတော်ထံမှ ပြန်ရောက်လာပြီးကတည်းက ရင်မောင်တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိသည်။

ဟုတ်သည် မဟုတ်သည်ကို သူ မသိ။

သူသိသည်က ဖုန်းဆိုးကုန်းတွင် သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော မအောင်ဖြူမှာရှာသူတစ်ယောက်ဖြစ်သည်ဆိုခြင်းကိုတော့ သူ့အသိစိတ်က လက်မခံချင်သလို ဖြစ်နေပါ၏။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် မအောင်ဖြူနှင့် သူ ပြန်လည်၍ ဆုံတွေ့လိမ့်ဦးမည်ဟု ထင်မြင်နေမိပါသည်။ ဖုန်းဆိုးကုန်းသို့ သူ တစ်ကျော့တစ်ပြန်သွားကာ ကျောင်းပျက်ကြီးကို ရှာဖွေကြည့်ချင်သည်။ မအောင်ဖြူတို့ မိသားစုကိုလည်း ရှာကြည့်ချင်သည်။ သို့သော် အဘိုးဖြစ်သူ အဘထော်နှင့် ဦးကြီးရဲထိတို့က ရင်မောင့်ကို တောထဲသို့ တစ်





ယောက်တည်း မလွှတ်ပါလေတော့။

''မဖြစ်ဘူး လူကလေး၊ အခုအချိန်မှာ လူကလေးရဲ့စိတ်တွေက မတည်ငြိမ်ဘူး။ နောက်ပြီး လူကလေး စိတ်ထင်ရာမြင်ရာတွေကိုသာ ဆက်လုပ်မယ်ဆိုရင် လူကလေးမှာ အန္တရာယ်တွေရှိလာနိုင်တယ်၊ မြွေဖမ်းတဲ့လုပ်ငန်းဆိုတာလည်း စိတ်တည်ငြိမ်မှ အန္တရာယ်ကင်းတာကွဲ့၊ အသက်အန္တရာယ်နဲ့ အမြဲတမ်း ထိတွေ့နေရတာ၊ လူကလေး သိပါတယ်လေ ...အဘိုးတို့ မြွေဖမ်းသမားတွေဆိုတာ အင်မတန်အဆိပ်ပြင်းတဲ့ သတ္တဝါတွေနဲ့ အမြဲတမ်း အနီးကပ်ရင်ဆိုင်တိုက်ခိုက်နေရတယ် ဆိုတာလေ''

အဘိုးဖြစ်သူအဘထော်နှင့် ညှိနှိုင်း၍မရတော့ ဦးကြီးဖြစ်သူ မုဆိုးကြီးဦးရဲထိနှင့် ရင်မောင်တို့ တိုးတိုးတိတ်တိတ် ဆွေးနွေးကြည့်သည်။

''မဖြစ်ဘူး ရင်မောင်၊ ကိုထော့်အကြောင့်လည်း သိရဲ့သားနဲ့၊ မင်းကို တောထဲမလွှတ်တာဟာ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာသိလို့ ခွင့်မပြုတာပေါ့ကွာ၊ နောက်ပြီး ငါလည်း မင်းကို မနိုင်ဘူး ရင်မောင်၊ မင်းက ဟိုဆို ဒီရောက်သွားတတ်တယ်၊ တောင်ဆိုပြီး မြောက်ရောက်ချင်ရောက်သွားတာ၊ ခဏလေးစောင့်ပါဦး ငါတူရယ် ...မင်းတွေ့ခဲ့တယ်ဆိုတဲ့ မအောင်ဖြူဟာ



www.burmeseclassic.com

www.burmeseclassic.com



လူသားစစ်စစ်တစ်ယောက်ဆိုရင် တစ်ချိန်ချိန်မှာ ပြန်ပြီးတွေ့ကြ ဦးမှာပေါ့ ငါ့တူရယ်”

ဦးကြီးရဲ့ထီက အကျိုးအကြောင်းပြောကာ ရင်မောင့်ကို ဖြေသိမ့်ထားလိုက်သဖြင့် ရင်မောင်မှာ စိတ်လျှော့လိုက်ကာ မ အောင်ဖြူကိစ္စကို အတတ်နိုင်ဆုံး မေ့ပျောက်ထားလိုက်ပါတော့သည်။ ထိုအချိန်တွင် စစ်နှင့်ပတ်သက်သည့် သတင်းဆိုးတစ်ခု ကြောင့် တစ်ရွာလုံး ထိတ်လန့်တုန်လှုပ်သွားကြပါသည်။

“ကြားပြီးပြီလား ဦးသူတော်၊ သိမ်ကြီးကုန်းဘက်မှာ ဂျပန်စစ်သားတွေ ရောက်လာကြပြီလို့ ကြားရတယ်၊ စစ်ကြောင်း နှစ်ကြောင်းခွဲပြီး ဆုတ်ခွာလာကြတယ်လို့လည်း ပြောတယ်၊ အဲဒီ မဟာမိတ်တွေရဲ့ ကျွဲညီနောင်ရန်ကိုကြောက်လို့ တောကောင်းတဲ့ ကျုပ်တို့ရဲ့ရွာစဉ်တွေကနေဖြတ်ပြီး ဂေါ်ရာတောင်ခြေကနေ ရိုးမ ထဲကို ဝင်ကြမယ်နဲ့တူတယ်”

ရွာဦးကျောင်းဆရာတော် ဦးပညာဝံသက ကပ္ပိယကြီး ဦးသူတော်အား ဂျပန်စစ်သတင်းတစ်ခုကို တိုးတိုးတိတ်တိတ် ပြောပြလိုက်ခြင်းဖြစ်သည်။ ဟုတ်သည်။ စစ်ရေးအခြေအနေမှာ ဂျပန်တို့စစ်ရှုံး၍ မြန်မာ့မြေပေါ်မှ နည်းမျိုးစုံနှင့် ဆုတ်ခွာနေကြရ ချိန်ဖြစ်ပါ၏။





“ဒါဆိုရင် သူကြီးကိုတော့ သွားပြီးသတိပေးထားဦးမှ ဖြစ်မယ်၊ စောစောစီးစီး ရှောင်စရာရှိတဲ့သူ ရှောင်, ဆောင်စရာရှိ တာလည်း ဆောင်ရအောင် ပြင်ဆင်ထားကြမှဖြစ်မယ်၊ ဆရာ တော် ဒီသတင်းကို ဘယ်ကနေကြားခဲ့တာလဲဘုရား”

“အေး . . . မနက်က ငွေယားကုန်းက ဆွမ်းစားပင့်လို့ ကြွသွားရင်းက တော်လှန်ရေးဗိုလ်လေး ဗိုလ်ရဲခေါင်နဲ့တွေ့ခဲ့ရလို့ သိခဲ့ရတာ ကပ္ပိယကြီးရေ၊ နှစ်ရက်သုံးရက်လောက်ဆို ကျုပ်တို့ နတ်ရဲကုန်းရွာကို ရောက်လာနိုင်တယ်”

စစ်ကာလအခြေအနေအတွင်းဝယ် ဘာကိုမှ စိတ်မချရ။ ဂျပန်များသည် စစ်ဗျူဟာနှစ်ဖက်ကြားတွင် ညှပ်ပူးညှပ်ပိတ် တိုက်ခံရမည်စိုးသဖြင့် လူနေရွာများကို ခါးစာခံပြုကာ စစ်ကို ဆုတ်ခွာနေကြခြင်းဖြစ်သည်။ ထို့ကြောင့် တောအုပ်ထူထပ်ရာ လမ်းကြောင်းအတိုင်း လိုက်လာမည်ဆိုပါက နတ်ရဲကုန်းရွာသို့ နှုန်းနှင့်အမြန် ရောက်ရှိလာကြမည်မှာ မလွဲပါတည်း။

ဆရာတော်ဦးပညာဝံသ ရရှိခဲ့သောသတင်းသည် ဒက် မှန်ကန်ခဲ့ပြီဖြစ်ကြောင်း နောက်တစ်နေ့နံနက် ခွေးဟောင်သံ စ်နှင့် ဆူညံစွာထွက်ပေါ်လာသော သေနတ်သံများက သက် ခံချက်ရှိပါတော့သည်။ ဂျပန်တို့က နတ်ရဲကုန်းရွာထဲသို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ပုံက ဘီလူးသရဲစီးလာသည့်နှယ် ကြမ်းကြမ်းရမ်းရမ်းနှင့် တဲ့ည်း။

ပုကွကွနှင့် ကိုးရိုးကားရား ဂျပန်စစ်ဝတ်စုံများကြော မျက်စိနောက်လာဟန်တူသည့် ရွာအရှေ့ဖျားမှ ခွေးတစ်အုပ် ရူးရူးဝါးဝါးထိုးဟောင်ကြသည်။ သို့သော် ကြာကြာဟောင်ခွင့် လိုက်ကြ။ ရိုင်ဖယ်သေနတ်သံများ ဆူညံစွာထွက်ပေါ်လာခဲ့ ခွေးလေးငါးကောင် အရှုပ်ကာ သေဆုံးသွားခဲ့ပြီးချိန်မှာ နတ်ရဲကုန်းရွာတစ်ရွာလုံး ငြိမ်သက်သွားရပါလေတော့သည်

သည်ကြားထဲ ဖက်ဆစ်ဂျပန်များထက် ပို၍ယုတ်မာ ကန်းသော အသားထဲကလောက်ထွက်ဆိုသည့် လူစားမျိုး လည်း ဂျပန်များနှင့်အတူ ပါလာခဲ့ပါလေ၏။ ထိုသူကား ဂျ အလိုတော်ရိ ခေါ်လိုခေါ်၊ ဂျပန်စကားပြန်ဟု မှတ်လိုမှတ် မောင်တင်ဆိုသော အသည်းနာစရာ မြန်မာလူမျိုးတစ်ယော ဖြစ်ပါသည်။

ကြက်တူရွေးကတော်တော် မယ်ဘော်ကကဲကဲဆို သို့ ကျေးရွာလူထုက ဂျပန်ထက်ကဲသော မောင်တင့်ကို ပို၍ လန့်ကြောက်ရွံ့ကြရပါ၏။ ဂျပန်စစ်ဗိုလ်ကြီးအတွက်ဟုဆို နေအိမ်ရှိ ကြက်ဘဲများကို တောင်းယူသည်။ တောင်းယူ၍





ပါက ဝင်ရောက်၍ ကိုယ်တိုင်ပစ်ခတ်ဖမ်းဆီးသည်။ ထို့မှတစ်ဆင့်တက်၍ ဝက်၊ ဆိတ်၊ နွားများကိုပါ စစ်တပ်ရိက္ခာအတွက်ဟု ဆိုကာ အတင်းအဓမ္မ လက်နက်ဖြင့် ခြိမ်းခြောက်ကာ ဆွဲယူလေ့ရှိသဖြင့် ဂျပန်အလိုတော်ရိမောင်တင်ကို ကုန်းလေးကုန်းရွာစဉ်မှ ရွာသားများအားလုံးက ရွံကြောက်ကြီးဖြစ်နေကြရသည် မဟုတ်ပါလား။

မောင်တင်ကို ကလန်ကဆန်ပြော၍လည်း မဖြစ်။ ဦးမတိုက်၍လည်း မရ။ အကယ်၍ မကျေမနပ်ဖြစ်ကာ ကလန်ကဆန်ပြောခဲ့ပါက ထိုသူ့အား အင်္ဂလိပ်သူလျှို၊ ဂျပန်တော်လှန်ရေးသမားဟု ယိုးစွပ်ကာ ဂျပန်စစ်သားများနှင့်ပေါင်း၍ အပြစ်ရှာပါလေတော့သည်။ ထိုအခါ ရွာသားအချို့ အဖမ်းအဆီး အရိုက်အနှက် ခံကြရသည်။ သေသူလည်း သေကြရသည်။ ထိုသို့သော ဖြစ်ရပ်များကြောင့် ရွာသူရွာသားများအားလုံးက မောင်တင်ကို သူ့အား အသေသတ်ချင်၊ အမုန်းကြိတ်ပစ်ချင်သည့်စိတ်များက တဖွားဖွားပင် ရှိနေကြသည် မဟုတ်ပါလား။

သည်ကြားထဲ ဖြစ်ချင်တော့ အဘထော်နှင့်ရင်မောင်တို့ ဖမ်းဆီးထားသည့် မြွေလေးငါးကောင်ကိုလည်း ပခြုပ်ထဲမှာပင် သေနတ်နှင့်ပစ်သတ်ကာ မြွေသေကြီးများကို သောက်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပရန် ယူဆောင်သွားပါလေတော့သည်။ ထိုကိစ္စအတွက် ရင်မောင်မှာ အသားများပင် တဆတ်ဆတ်တုန်လာပါ၏။ ဝုန်း ခနဲပေါ်လာသည့် ဒေါသစိတ်ကြောင့် မောင်တင်ရှေ့တွင် ပိတ်ကာ ရပ်လိုက်သည်။

ရင်မောင်၏မျက်လုံးများက နဂါးမျက်စောင်းနှယ် မီးဝင်း ဝင်းတောက်လျက်။ မောင်တင့်ကို စူးစူးရဲရဲကြည့်နေပါ၏။ သို့ သော် မောင်တင်က ဒေါသမထွက်။ ပခုံးလေးများပင် တစ်ချက် တွန့်လိုက်ပြီး ...

''ဘာလဲဟေ့ ကောင်လေး၊ မင်းက မကျေနပ်တဲ့သ ဘောလား ...ဟင်း ဟင်း ဟင်း ...မင်း ငယ်ပါသေးတယ် ကွာ၊ မြွေပွေးကို အလမ္ပာယ်မပြချင်စမ်းပါနဲ့ ...ဟင်း ဟင်း အေး ...ငါ့ကိုမကျေနပ်ရင် တောထဲဝင်ပြီး မြွေလေးဘာလေး ပိုပိုသာသာလေး ဖမ်းပေးခဲ့ဦးနော် ...ဟား ဟား ဟား ဟား ဟား''

လက်ထဲတွင် သွေးစက်လက်ဖြင့် သေဆုံးနေပြီဖြစ်သော မြွေကြီးလေးငါးကောင်ကို အမြီးဖျားမှ စုရုံးဆုပ်ကိုင်လျက် တဟား ဟားနှင့်ရယ်မောကာ မောင်တင် ခြံဝင်းထဲမှ ထွက်ခွာသွားပါလေ တော့သည်။





ထွက်ခွာသွားပြီဖြစ်သော မောင်တင်ကို မီးထွက်လုခ မန်း မျက်လုံးများနှင့် ပြူး၍ကြည့်နေရင်း အံကြိတ်ကာ လက်သီး နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသူကတော့ မြွေဖမ်း သမားလေး ရင်မောင်ပင်တည်း။

''ငါ့မြေးရယ် စိတ်လျှော့လိုက်ပါကွယ်၊ သူတို့ မိုးကောင်း တုန်း ရွာပစေဦးပေါ့၊ အလှည့်ဆိုတာ ကြုံလာရမှာပါကွာ''

''မဟုတ်ပါဘူး အဘိုးရယ်၊ ဒီတင်ဆိုတဲ့ ဂျပန်စကား ပြန်ကောင်ကိုက မိုက်ရိုင်းလွန်းလို့သာပါ၊ ဟင်း ...တွေ့ကြ သေးတာပေါ့ တင်ရယ်၊ ပျံလေတဲ့ငှက်ခါး နားတဲ့အခါမှ မင်းကို ခဲပြတ်လမ်းနဲ့ ပို့ပေးရတော့တာပေါ့ကွာ ...ဟင်း ဟင်း ဟင်း''

ဂျပန်တပ်ခွဲ၏ ဗိုလ်ဖြစ်ဟန်တူသော ကိုယ်လုံးကိုယ် ထည် ပုပုဝဝ နှုတ်ခမ်းမွေးတိုနံ့နံ့၊ မျက်မှန်အဝိုင်းလေး တပ်ဆင် ထားသည့် ဂျပန်စစ်ဗိုလ်တစ်ဦးကလည်း နတ်ရဲကုန်းရွာသူကြီး အား ကွိကွိကွကွနှင့် အော်ဟစ်အမိန့်ပေးနေပါ၏။ ရွာသားများမှာ ဂျပန်စကားကို ဟုတ်ဟုတ်ငြားငြား မတတ်သော်လည်း ဂျပန် လက်အောက်တွင် သုံးနှစ်နီးပါးခန့် နေခဲ့ကြရသည့်အတွက် နား ညဉ်ဝနေပြီဟု ဆိုရမည်ဖြစ်ပါ၏။

နိဂုံးချုပ်လိုက်သောအခါ ဂျပန်တို့သည် နတ်ရဲကုန်းရွာ



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ပတ်ဆယ်ရက်ခန့် စခန်းချကာ နေထိုင်ဦးမည်ဖြ
ကြောင်း သိလိုက်ကြရပါတော့သည်။

ရင်မောင့်အတွက်တော့ အဆိုးထဲက အကောင်းဖြစ်လာ
သည်။ ရွာထဲတွင် ကိုရွှေဂျပန်တို့ ရက်ရှည်နေထိုင်ကြဦးမည်
သဖြင့် စကားပြန်မောင်တင်နှင့် ရင်မောင်တို့ ထပ်တိုက်တွေ့မည်
အရေးကို အဘထော် ပူပန်နေမိသည်။ ထို့ကြောင့် သူ၏ညီတော်
မောင်နှင့်အတူ တောပစ်မြွေဖမ်းရန်ဟုဆိုကာ ရွှေလှောင်ကု
တောဘက်သို့ ရင်မောင့်ကို စေလွှတ်လိုက်ပါလေ၏။

"ကောင်းကွာ ရင်မောင်ကတော့ ရေငတ်တုန်း ရေ
တွင်းထဲကို ဝုန်းခနဲကို ထိုးကျသွားတာပဲဟေ့၊ အင်း . . . ရွာထဲ
ဂျပန်တွေဝင်လာတာ မင်းအတွက်တော့ နတ်သိကြားတွေ ထ
လာတာနဲ့ မတူဘူးလား ရင်မောင်"

"အာ . . . ဘာဆိုင်လို့လဲ ဦးကြီးရယ်"

"ဟာ ဟ . . . ဆိုင်ပါသော်ကော ရင်မောင်ရယ်၊ မှ





ဆိုးကျွန်းဘက်ကို သွားချင်နေတာ တစ်ပိုင်းကိုသေနေတာပဲ
မဟုတ်လား၊ ကိုင်း . . . အခုတော့ မင်းနဲ့ ဟိုဂျပန်စကားပြန်
ကောင်နဲ့ ထိပ်တိုက်တွေ့ကြမှာစိုးလို့ တောထဲကိုလွှတ်လိုက်တာ၊
အဟေး ဟေး . . . မင်းရင်ထဲမှာ ဘုရားပွဲလှည့်နေတာကို
ငါကြားနေရတယ် ရင်မောင်ရေ . . . ဟား ဟား ဟား"

သည့်တစ်ကြိမ်တော့ ဦးကြီးရဲ့ထိစကားများက မှန်ကန်
နေသည်မို့ ရင်မောင် ငြိမ်ကျသွားပါ၏။ ရင်မောင်က မြွေပခြုပ်
နှစ်လုံးကို ထမ်းပိုးလျှိုထမ်းလာသကဲ့သို့ ဦးရဲထိကလည်း သူ၏
လက်စွဲတော် ဒူးလေးကြီးကိုကိုင်ကာ ရွှေလှောင်ကုန်းနယ်စပ်သို့
သတိနှင့် တိုးဝင်လာခဲ့ကြသည်။

ရွှေရည်လူးလျက်ရှိပြီဖြစ်သည့် ရော်ရွက်ဝါတို့က လေရူး
ဘစ်ချက်အငွေ့တွင် တဖွဲဖွဲနှင့် ကြွေသက်ကျနေကြပါ၏။ တစ်ချို့
က မြစိမ်းရောင်သမ်းလျက်ရှိသည့် တောတစ်ခွင်သည်လည်း
ဝါတချို့ နီတချို့ဖြင့် မပြဲသော သင်္ခါရသဘောကို ပြက်ပြက်
ထင်ထင် ထင်ပြနေကြသည်သို့။

အချိန်က နေ့လယ်နေမွန်းတည့်လုပြီဖြစ်သည်။

ထို့ကြောင့် မွန်းတည့်နေ၏အပူဒဏ်ကို တူဝရီးနှစ်
ယောက် မချိမဆံ့ခံစားနေရသည်။ သို့သော် ထိုအပူဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



မှုမနေနိုင်အား။ ရွှေလှောင်ကုန်းနှင့် ဖုန်းဆိုးကုန်းအစပ်သို့သာ အမြန်ဆုံးရောက်ရှိရန် ဆန္ဒစောနေသည် မဟုတ်ပါလား။

"ဩော် ... ရင်မောင် ... ရင်မောင် ... တောထဲ မြိုင်ထဲမှာ တွေ့ခဲ့ရတဲ့ မအောင်ဖြူကို စွဲလမ်းနေတာ ရှိးမှရှိးရဲ့လား မသိဘူး၊ နာနာဘာဝတွေနဲ့ ဥစ္စာစောင့်တွေ ပေါများလှတဲ့ ဖုန်းဆိုးကုန်းကို သူဝင်မွှေဖို့ကြိုးစားနေတာ သိတာပေါ့ကွယ်၊ အင်း ... လူငယ်ကလည်းဖြစ်ပြန်၊ စိတ်ဖွဲဆန္ဒကလည်း သိပ်ပြီး ထက်သန်နေတော့လည်း တားဆီးလို့မရနိုင်တဲ့အတူတူတော့ နောက်ကနေ အသာပဲမေးပြီးလိုက်တော့မယ်၊ သူကိုယ်တိုင် ကိုယ်တွေ့ကြုံမှပဲ ယုံကြည်လက်ခံတော့မှာပဲလေ"

ဦးရဲထိမှာ ဖုန်းဆိုးကုန်းဆီသို့ ဦးတည်သွားလာနေသည့် ရင်မောင်ကိုကြည့်ကာ အတွေးစိတ်ကူးတွင် မှတ်ချက်ချလိုက်ပါလေ၏။ မကြာမီ ဖုန်းဆိုးကုန်းနယ်နိမိတ်ဖြစ်သော ကုက္ကိုဝါပင်ညီနောင်ကို လှမ်း၍မြင်နေရပြီဖြစ်သည်။ ကုက္ကိုဝါပင်ညီနောင်ကို တွေ့လိုက်ရသည်နှင့် ရင်မောင် ခြေလှမ်းများ ရပ်တန့်သွားကာ အတန်ကြာမျှ ငေးမောကြည့်နေပါ၏။ ဤကုက္ကိုဝါပင် ညီနောင် အနီးတွင် မအောင်ဖြူ မြွေကိုက်ခံခဲ့ရသည် မဟုတ်ပါလား။

မအောင်ဖြူဟူသော အတွေးစိတ်ကူးဝင်သွားသည်နှင့်





ရင်မောင်မှာ တစ်စုံတစ်ရာ ပူးဝင်ကပ်ခြင်းခံရသူတစ်ယောက် နှယ် မျက်လုံးအစုံက ဂနာမငြိမ်ဖြစ်လာခဲ့သည်။ တစ်ဆက်တည်း မှာပင် သူ၏အာရုံထဲတွင် မအောင်ဖြူကိုမွေ့ချိုကာ တစ်နေရာသို့ ဦးတည်သွားနေသကဲ့သို့ ထင်ယောင်ဝိုးတဝါး မြင်ယောင်လာမိခဲ့ သည်။

"ရင်မောင် ... ရင်မောင် ... ဘာ ... ဘာဖြစ်သွား တာလဲ ... ငါ့ကို ပြော ... ပြောဦးလေ"

ရုတ်တရက် ရှေ့မှ စိုက်စိုက်စိုက်စိုက်နှင့် ထွက်သွား သည့် တူတော်မောင်ရင်မောင်အား အံ့ဩထိတ်လန့်စွာကြည့်ရင်း ဟစ်အော်ခေါ်ငင်လိုက်သည်။ သို့သော် ဦးရဲထိ၏ခေါ်သံကို ရင် မောင် မကြားရလေသည်လား၊ အာရုံမဝင်လေသည်လား မသိ။ ပြန်စောင်း၍ပင် ငုံ့မကြည့်တော့ဘဲ တစ်နေရာဆီသို့သာ စိုက် လိုက်မတ်တတ် သွားနေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရပါ တော့သည်။

"ဟင် ... ဒါ ဘယ်လိုဖြစ်တာလဲ ... ထူးဆန်းလှ ချည်လား"

ဟုတ်သည်။ ဦးရဲထိမှာ ထူးဆန်းသော တူတော်မောင်၏ အဖြစ်ကို ငေးမောကြည့်ရင်း နောက်မှလိုက်မှန်းမသိ လိုက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်မောင့်ကိုကြည့်ရသည်မှာ တောထဲတွင် လမ်းလျှောက်နေသည်နှင့်မတူ။ တွယ်ရာမဲ့ဝိညာဉ်တစ်ခု လေထဲတွင် လွင့်မျောနေသည့်နှယ်ပါတည်း။

ဓာ ရ (၁၈)

## ကျောင်းပျက်ကြီးအတွင်းမှထူးဆန်းသောကယ်တင်ရှင်

တစ်စတစ်စ ဖုန်းဆိုးကုန်းတောကြီးက နက်ရှိုင်းလာသကဲ့သို့ ဦးရဲထိ ခံစားနေရသည်။ လက်ထဲမှဒူးလေးကြီးကို အသင့်ပြင်ဆင်ထားလိုက်ပြီး ရင်မောင်သွားရာနောက်သို့ သတိနှင့် လိုက်လာခဲ့သည်။ မကြာမီ နာမည်ကျော်ဖုန်းဆိုးကုန်းတွင် တွေ့ကြုံရခဲ့သည့် ချုံနွယ်သစ်ပင်များ ဖုံးလွှမ်းလျက်ရှိသော ကျောင်းပျက်ကြီးကို ဦးရဲထိတွေ့မြင်လိုက်ရပါတော့သည်။

"ဟာ ကျောင်း ...ကျောင်းပျက်ကြီး"

"ဟုတ်တယ် ဦးကြီးရဲထိ၊ ကျွန်တော် ဒီကျောင်းပျက်ကြီးကို တွေ့ချင်လွန်းလို့ စိတ်ထဲမှာ မနည်းအာရုံခံပြီးတော့ ရှာလိုက်ရတာ၊ အခုမှပဲတွေ့ရတော့တယ် ...ဟူး"

ရင်မောင်၏ သက်ပြင်းချသံနှင့်အတူ ပြောဆိုလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ဦးရဲထိပင် အံ့သြမှင်တက်သွားပါ၏။ ဟုတ်သည် ဤနာမည်ကျော်ဖုန်းဆိုးကုန်းအတွင်းမှ မြင်အပ်၊မမြင်အပ်သော ပရလောကသားများကျက်စားရာ ဤကျောင်းပျက်ကြီးသည် ရှာဖွေတိုင်း တွေ့ချင်မှတွေ့သည်။ တချို့ဆိုလျှင် ကျောင်းပျက်ကြီးနှင့် မအောင်ဖြူသချိုင်းဂူကို ရှာဖွေကြရင်း ဖုန်းဆိုးကုန်းထဲတွင် မျက်စိလည်လမ်းမှားကာ ဒုက္ခရောက်ခဲ့ကြရသည်မှာလည်း အနတ္တကမပင် မဟုတ်ပါလား။

သို့သော် ထူးဆန်းသည်မှာ မအောင်ဖြူသချိုင်းဂူနှင့် ကျောင်းပျက်ကြီးကို သူ၏တူ ရင်မောင်ကမူ မကြာခဏ ဆုံတွေ့ကြုံကြိုက်နေရခြင်းက မမြင်နိုင်၊မသိနိုင်သည့် ပရလောက၏ ဆန်းကြယ်မှုများလေလားဟု။

ဦးရဲထိမှာ ရင်မောင်နှင့် ကျောင်းပျက်ကြီးအကြောင်းကို ခေါင်းစဉ်ရေမရ တွေးတောနေချိန်တွင် ရင်မောင်မှာ ကျောင်းပျက်ကြီးအတွင်းဝယ် နေရာအနှံ့လိုက်လံ၍ တစ်စုံတစ်ရာကို သဲသဲမဲမဲ ရှာဖွေနေသည်ကို တွေ့မြင်လိုက်ရသည်။ ဦးရဲထိက တိတ်ဆိတ်မှုများစွာ ပျော်ဝင်နေသည့် ဖုန်းဆိုးတောကြီးကို မနှစ်မြို့စွာဖြင့် ကြည့်နေပါ၏။ ဟုတ်သည်။ ယနေ့မှပင် ဖုန်းဆိုးတောကြီးသည် ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လွန်းနေသည်ဟု





ထင်မြင်နေမိသည်။

ဤသို့ တိတ်ဆိတ်နေခြင်းမျိုးကို ဦးရဲထိမကြိုက်။ တိတ်ဆိတ်ခြင်းနောက်ကွယ်မှ ချောင်းမြောင်းနေသောအန္တရာယ်သည် မကြာမီ ကျရောက်လာလေ့ရှိကြောင်း သူ၏အတွေ့အကြုံအရ ဦးရဲထိသိမြင်နေပါ၏။

ထိုစဉ် …

ရင်မောင်ထံမှ ထိတ်လန့်တကြား အော်ဟစ်သံတစ်ခု ကြားလိုက်ရသဖြင့် ဦးရဲထိ လှည့်ကြည့်လိုက်မိသည်။ စဥ့်ခွက်ငယ်တစ်လုံးကိုကိုင်၍ ဝမ်းသာအားရဖြစ်နေသည့် ရင်မောင့်ကို အံ့သြစွာ မြင်တွေ့လိုက်ပါ၏။

"တွေ့ပြီဦးကြီးရေ … တွေ့ပြီ ကျွန်တော်တွေးထင်ထားသလို မအောင်ဖြူဟာ လူ … လူသားတစ်ယောက်ပါ၊ ဟိုဦးသူတော်တို့ပြောသလို မိစ္ဆာမဟုတ်ဘူးဆိုတာ ဟောဒီစဥ့်ခွက်ကလေးက သက်သေပြလိုက်တာပဲ ဦးကြီး"

"ဘယ်က စဥ့်ခွက်လဲ … မင်း ဘာတွေပြောနေတာလဲ ရင်မောင်၊ ငါတော့ မင်းလုပ်နေတာတွေကို အခုအချိန်ထိ ဘာတစ်ခုမှ နားမလည်နိုင်သေးတာ အမှန်ပဲ"

ဦးရဲထိက ရင်မောင်ရှိရာသို့လျှောက်လာရင်း ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ဒီလို ဦးကြီးရဲ့ . . . ဟောဒီစဥ္စွက်ပလေးဟာ မအောင်ဖြူက ကျွန်တော့်ကိုတိုက်ကျွေးတဲ့ ဆေးခွက်ကလေးပဲ၊ ကျန်တဲ့သဲလွန်စတွေမှန်သမျှ သူတို့ အကုန်လုံး လက်စလက်နမကျန်အောင် သိမ်းဆည်းသွားခဲ့ကြပေမယ့် ကျွန်တော်အိပ်ခဲ့တဲ့နေရာက ဟောဒီစဥ္စွက်ကလေးကိုတော့ သူတို့ မမြင်လိုက်ကြတာလား၊ မျက်စိလျှမ်းပြီး ကျန်သွားကြတာလား မသိဘူး၊ ကြည့်ရတာ သူတို့မိသားစုမှာ လူသိမခံနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိရမယ်ထင်တယ် ဦးကြီး"

ယခုမှ ဦးရဲထီ ဇာတ်ရည်လည်စပြုလာပါ၏။ ရင်မောင်သည် သူကိုယ်တိုင် အမှန်တကယ်ကြုံတွေ့ခဲ့ရသည့် မအောင်ဖြူအား ဝေမာနိက ပြိတ္တာမဟုတ်ကြောင်း သက်သေသက္ကာဖြင့် ရှင်းပြနေခြင်းဖြစ်သည်။ ရင်မောင်ကမူ သူကိုယ်တိုင် မြွေဆိပ်ချဆေးပညာဖြင့် တွင်ခုတ်၍ကုသပေးခဲ့သည့် မအောင်ဖြူကို လူသားတစ်ယောက်ပါဟု အခိုင်အမာ ပြောဆိုနေပါချေ၏။

"ရင်မောင်ရယ် . . . မင်းဟာ တော်တော့်ကို အတွေးခေါင်နေပြီထင်တယ်၊ ကိုင်း . . . ဒီလိုဆိုရင် ဟောဒီကျောင်းပျက်ကြီးပေါ်မှာ အိပ်စက်ခဲ့တဲ့ မင်းကိုယ်တိုင် အိပ်ရာကနိုးတော့ဘာ့ကြောင့် သချိုင်းပျက်ကြီးထဲကို ရောက်နေရတာလဲ၊ အေး . . . အဲဒီမေးခွန်းကို ဖြေနိုင်ရင် မအောင်ဖြူဟာ လူသားအစစ်ပါလို့ မင်းယူဆချက်ကို ငါလက်ခံမယ် ရင်မောင်"

ဦးရဲထီ၏စကားကြောင့် ရင်မောင် တစ်ချက်မျှ တွေဝေသွားပါ၏။ လွန်ခဲ့သည့်လေးငါးရက်ခန့်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို သေချာစွာ ပြန်လည်စဉ်းစားနေမိသည်။

မအောင်ဖြူနှင့်ပတ်သက်၍ ထိုနေ့က မသင်္ကာဖွယ်ရာဟူ၍ ဘာတစ်ခုမျှမတွေ့ရ။ တစ်ခုပဲ ရှိသည်။ ထိုနေ့ညက သူအိပ်ခင် မအောင်ဖြူတိုက်ကျွေးလိုက်သည့် နတ်ရေစင်ဆိုသည့်ဆေးတစ်ခွက်ကတော့ ပြန်တွေးကြည့်လိုက်လျှင် မသင်္ကာဖွယ်ရာဖြစ်နေပါ၏။

"အင်း . . . အဲဒီဆေးကို ငါသောက်လိုက်ပြီးကတည်းက မျက်ခွံတွေလေးလာပြီး အိပ်ချင်စိတ်တွေ ထိန်းမရအောင်ဖြစ်ခဲ့တာဟာ ဘာအဓိပ္ပာယ်လဲ၊ ငါ့ကိုများ အိပ်ပျော်သွားစေမယ့်ဆေးကိုတိုက်လိုက်ပြီး ဆေးရှိန်နဲ့အိပ်မောကျနေတဲ့ ငါ့ကို သချိုင်းပျက်ကြီးထဲကိုရွှေ့ပြီး ထားခဲ့ကြရင်ကော၊ ဒါပေမဲ့ သူတို့က ငါ့ကို ဘာကိစ္စနဲ့ သချိုင်းထဲကိုရွှေ့ပြောင်းပြီး သိပ်ရမှာလဲ၊ သေချာတာတစ်ခုကတော့ သူတို့မိသားစုမှာ လူမသိစေချင်တဲ့ လျှို့







www.burmeseclassic.com

www.burmeseclassic.com



ဝှက်ကိစ္စကြီးတစ်ခု ရှိကိုရှိနေရမယ်''

နောက်ဆုံးတော့ ရင်မောင်မှာ မအောင်ဖြူ၏ လျှို့ဝှက်ပဟေဠိဝက်ပါထဲတွင် တဝဲလယ်လယ်နှင့်သာ ရှိနေပါတော့သည်။ အဖြေထုတ်၍မရသော ပုစ္ဆာတစ်ခုအတွက် စိတ်ပျက်လက်ပျက်နှင့် ကျောင်းပျက်ကြီး၏ တိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ထိုအချိန်မှာပင် ...

'ရှိုး ..ရှိုး ..ရှိုး ..ရှိုး'

'ဝေါ ..ဝေါ ..ဖရော ..ဖျော ..ဝေါ'

တရှိုးရှိုးတဝေါဝေါနှင့် တောတိုးသံကြီးတစ်ခုက ဖုန်းဆိုးတောကြီးအတွင်းပိုင်းမှ သူတို့ရှိရာ ကျောင်းပျက်ကြီးရှိရာသို့ ရှည်စွာမြည်ဟည်းလျက် အော်မြည်လာနေသည်ကို ကြားလိုက်ရသဖြင့် ဦးရဲထိုရော ရင်မောင်ပါ ထိတ်ခနဲ ရင်ခုန်သွားကြသည်။

''ဘာသံကြီးလဲ ဦးရဲထိ''

''ငါလည်းမသိဘူး၊ တစ်ခါမှလည်း ဒါမျိုးမကြုံဖူးဘူး။ ကြည့်ရတာ တောချောက်တာများလား၊ အသံတွေကတော့ သတ္တဝါကြီးတစ်ကောင်ကောင် တောတိုးနေတဲ့အသံတွေပဲ ရင်မောင် သတိတော့ထားဟေ့''





ပြောပြောဆိုဆိုနှင့် ဦးရဲထိမှာ သူ၏လက်စွဲတော်ဒူးလေးကြီးကို အဆင်သင့်ပြင်ဆင်ထားလိုက်သည်။ ရင်မောင်မှာလည်း ဘေးဆီးရန်ကာဆိုသလို ခုတုတ်ကြီး ပြောင်း၍ကိုင်ဆောင်ထားလိုက်ပါ၏။ ချောက်ချားထိတ်လန့်ဖွယ်ရာကောင်းသည်မှာ ထိုတဝေါဝေါအသံကြီး မြည်ဟည်းလာသည်နှင့် စောစောက တိတ်ဆိတ်စွာ အိပ်မောကျနေကြသည့် ဖုန်းဆိုးကုန်းတောကြီးမှာ သက်ဝင်လှုပ်ရှားလာလေပြီထင့်။ ကွဲကွဲကွကွ အော်မြည်နေကြသော မျောက်လွှဲကျော်တို့၏ အော်သံများနှင့် တောထဲတောင်ထဲရှိ တိရစ္ဆာန်ငယ်လေးများ၏ အော်ဟစ်သံများကို ပိုမို၍ ဆူညံလာကြသည်။

'ရှိ ..ရှိ ..ရှိ ..ရှိ ..'

'ဝေါ ..ဝေါ ..ဖရော ..ဖျော'

တောတိုးသံ၊ နှာမှုတ်သံကြီးများက တဖြည်းဖြည်းနှင့် ကျယ်လောင်လာကြပြီး ကျောင်းပျက်ကြီးရှေ့ မြေကွက်လပ်သို့ အရောက်တွင် ရှူးခနဲနှာမှုတ်သံကြီးနှင့်အတူ ခြေသလုံးခန့်ရှိပြီး ကြီးမားလှသော မြွေဟောက်ကြီးတစ်ကောင်က ပါးပျဉ်းကြီးကို သိမ်းကာ မည်းနက်သောလျှာနှစ်ခွကို ပြူတစ်ပြူတစ်လုပ်ရင်း ရင်မောင်နှင့် ဦးရဲထိတို့ရှိရာသို့ ဒေါသတကြီး တိုးဝင်လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်ချောက်ချားစွာ တွေ့မြင်လိုက်ရပါချေပြီကော။

"ဟာ . . . မြွေ . . . မြွေဟောက်ကြီးပါလား ရင်မောင် ရေ၊ သတိထားဟေ့"

ဟုတ်သည်။ ဘာကြောင့်ရယ် မသိ။ ဖုန်းဆိုးကုန်းကြီး တွင်းမှ ပြေးထွက်လာသော မြွေဟောက်ကြီးက ရင်မောင်ရှိရာ သို့ ဒေါသတကြီး တိုးဝင်လာနေသဖြင့် ဦးရဲထိ လက်မနေးဘဲ ဒူးလေးနှင့် ပစ်ချလိုက်သည်။

'ရွှစ် . . ဝှစ် . .'

သို့သော် လျင်မြန်စွာ ယမ်းခါယိမ်းထိုးနေသည့် မြွေပါး ပျဉ်းကြီးအနီးမှ ပွတ်ကာသီကာ လွဲချော်သွားပါလေ၏။ ထိုအတူ ခွတုတ်ကြီးကိုကိုင်ကာ မြွေဟောက်ကြီးနှင့်အတူ ယှဉ်ပြိုင်တိုက် နိုက်ရန်အတွက် ရင်မောင် လှုပ်ရှားလိုက်သည်နှင့် . . .

'ကျွီ . . ကျွီ . . ဝုန်း'

"ဟာ . . . အိုး . . ."

ရင်မောင် အားပြု၍နင်းလိုက်သည့် ကြမ်းပြင်ချွေး ဝုန်းခနဲ ကျိုးပျက်သွားကာ ခြေထောက်တစ်ဖက်က ကြမ်းပေါက် ထဲသို့ ကျွံကျသွားသကဲ့သို့ လက်ထဲမှခွတုတ်ကလည်း လွင့်စဉ် ထွက်သွားပါလေ၏။ သို့သော် သတိရှိသောရင်မောင်က ကြမ်းကျွံ





နေသည့်ခြေထောက်ကို ကပျာကယာ ဆွဲထုတ်လိုက်သည်။

'ရှူး . . ရှဲ . .'

ထိုအချိန်တွင် မြွေဟောက်ကြီးက ရင်မောင်နှင့် လေးငါး ပေခန့်သာ ဝေးတော့သည်။ ဦးရဲထိကလည်း နောက်ထပ်မြား တစ်စင်းနှင့် မြွေဟောက်ကြီးကို ချိန်ရွယ်လိုက်နိုင်သည့်တိုင် ပစ် မှတ်တွင် ရင်မောင်ပါတွဲလျက် ငြိနေသဖြင့် ရုတ်တရက် ပစ်ခတ် ခြင်းမပြုနိုင်။

"သတိထားဟေ့ ရင်မောင်"

ရင်မောင်ကိုယ်တိုင်မှာလည်း ကြမ်းပေါက်ကျွံခြင်းမှ လွတ်မြောက်လာသည့်တိုင် လက်ထဲတွင် ခွတုတ်ကြီးက မရှိပါ လေတော့။ ယခုဆိုလျှင် မြွေဟောက်ကြီးနှင့် နှစ်ပေခန့်သာ ကွာတော့သည်။ ရင်မောင်မှာ အားတင်း၍ ရတတ်ရသမျှ ဘုရား စာများကို ရွတ်ဆိုရင်း လုံးဝမလှုပ်ရှားတော့ဘဲ ငြိမ်၍နေလိုက် သည်။ သို့တိုင်အောင် ထွက်သက်ဝင်သက် ရှူရှိုက်နေရသည့် ရင်ဘတ်ကြီးကမူ ဖားဖိုကြီးတစ်ခုနှယ် နိမ့်ချည်မြင့်ချည်နှင့်။

မြွေသည် ငြိမ်သက်နေသည့်ပစ်မှတ်ကို မမြင်ဟု ကြား သိထားသဖြင့် ရင်မောင် ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်နေ လိုက်သည်။ သို့တိုင်အောင် ဒူးနှစ်ဖက်က ကြောက်စိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ်တုန်ခါလျက် ...

ဦးရဲထိကလည်း မြွေဟောက်ကြီးနှင့် ဘေးချင်းယှဉ်နိုင်ရန် ကြိုးစားနေပါ၏။ ရင်မောင်က ပစ်ကွင်းမလွတ်ဖြစ်နေသဖြင့် ဒူးလေးကြီးကိုချကာ ဓားမြှောင်နှင့်ပြေးပိုင်းရန် စဉ်းစားနေမိသည်။

အခြေအနေက တကယ့်ကို ကျဉ်းထဲကျပ်ထဲမှာ ဖြစ်နေပါ၏။ ရင်မောင်မှာ မြွေကြီးအား မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကြည့်နေသည်။ နှစ်ပေခန့်ပင် မဝေးလှတော့သည်မို့ မြွေဟောက်ကြီးပေါက်တော့မည့်အချိန်ကိုသာ ရင်မောင် ရင်မောစွာ စောင့်နေမိပါတော့သည်။

ထိုစဉ် ...

'ရှူး ..ရှူး ..ဘုန်း'

အရိပ်မည်းတစ်ခုက လျင်မြန်စွာ မြွေဟောက်ကြီး၏ပျဉ်းပေါ်သို့ လွှားခနဲခုန်ကာ ဝင်ရောက်လာသည်မို့ မြွေဟောက်ကြီး အရှိန်ပျက်သွားကာ နောက်သို့တွန့်သွားသည်။ ရင်မောင်မှာ ထိတ်လန့်တုန်လှုပ်နေသည့်ကြားမှ ကယ်တင်ရှင်အရိပ်မည်းကောင်ကို ကြည့်လိုက်သည်။

"ဟင် ...မြွေပါတစ်ကောင်ပါလား၊ ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ"





"ဟင် ...မြွေပါဝင်လာပြီ ကောင်လေးရေ နင် သိပ်ကံကောင်းသွားတယ်"

ဟုတ်သည်။ မြွေပါတစ်ကောင်က မြွေဟောက်ကြီးနှင့် ရင်မောင်တို့ကြားမှ မားမားမတ်မတ်ရပ်ကာ မြွေဟောက်ကြီးကို စိန်ခေါ်နေပုံက လက်ဝှေ့ကျော်တစ်ဦးနှယ်ပါတည်း။ ယခုမှ ရင်မောင် မြွေပါကို သေချာကြည့်မိသည်။ မြွေပါ၏လည်ပင်းတွင် လည်ပတ်လေးတစ်ခုကို တွေ့လိုက်ရသဖြင့် အံ့သြသွားပါ၏။

"ဟင် ...ဒီမြွေပါက လည်ပင်းမှာ လည်ပတ်ကွင်းလေးနဲ့ ဆိုတော့ တစ်ယောက်ယောက်မွေးထားတဲ့ မြွေပါကောင်လေးပဲ ဖြစ်ရမယ်"

သူ့ရှေ့မှပိတ်ဆီးကာ ရန်သူတော်မြွေဟောက်ကြီးကို ကြည့်နေသည့် မြွေပါမှာ လူနှင့်အတော်လေး ယဉ်ပါးပုံရသည်။ ရင်မောင်ကို တစ်ချက်မျှစိုက်ကြည့်လိုက်ပြီးမှ ရန်သူမဟုတ်မှန်း သိရှိသွားလေသည်ထင့်။ ကျောခိုင်းကာ ရှေ့မှ ရန်သူတော်အစစ်ကို စိန်ခေါ်လျက်ရှိပါချေပြီကော။

ထိုစဉ် မြွေဟောက်ကြီးသည် ရှေ့သို့ လျှောခနဲတိုးဝင်လာပြီး မြွေပါကို လျင်မြန်စွာပေါက်ချလိုက်သည်။ သို့သော် မြွေပါက သူ့ထက်ပို၍မြန်ဆန်သွားကာ ဘေးသို့ဖျတ်ခနဲခုန်ရှောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၏။ ယခုမှ မြွေပါနှင့် မြွေတိုက်ပွဲကို နီးနီးကပ်ကပ်မြင်တွေ့လိုက်ရသဖြင့် ရင်မောင်မှာ သေဘေးကိုပင်မေ့လျော့ကာ စိတ်ဝင်တစား ကြည့်ရှုနေပါ၏။

မြွေပါသည် မြွေဟောက်ကြီးကို ပတ်ချာလှည့်ရင်း သူ့၏တောက်ပသော မျက်လုံးအစုံနှင့် မြွေဟောက်ကို မျက်ခြည်မပြတ်ကြည့်နေ၏။ မြွေပါသည် လျှာနှစ်ခွကို လုစ်ခနဲတစ်ချက်ထုတ်ပြီးပြန်သွင်းလိုက်သည်။ မြွေပါက တိုက်ခိုက်ဟန်ပြုကာ ဆတ်ခနဲခုန်ဝင်လိုက်ပါ၏။

'ရှူး ..ရှီး ..ရှူး'

မြွေဟောက်ကြီးကလည်း ဆတ်ခနဲ လှမ်းပေါက်သည်။ သို့သော် မြွေပါက ရှောင်တိမ်းခုန်ထွက်သွားသဖြင့် မြွေဟောက်ကြီး ပေါက်ချက်လွဲသွားရသည်။ ထို့အပြင် ဟန်ချက်လည်းပျက်သွားပုံရ၏။ မြွေပါက အကင်းပါးသလောက် လျင်သည်။ မြွေဟောက်ကြီး ပါးပျဉ်းပြန်၍မထောင်နိုင်မီ မြွေပါက လက်ဦးမှုရယူလိုက်ပါ၏။ ဖျတ်ခနဲ မြွေဟောက်ကြီး၏လည်ပင်းကို ခဲထားလိုက်သည်။

'ဖြီး ..ရှီး ..ဖြီး'

မြွေဟောက်ကြီးက တစ်ကိုယ်လုံးတွန့်လိမ်ပြီး လွတ်





အောင်ရုန်းထွက်သည်။ သို့သော် မြွေပါက မလွှတ်တမ်းခဲထားသဖြင့် မြွေဟောက်ကြီးက တိုက်ကွက်ပြောင်းပြန်သည်။ တဖျပ်ဖျပ်နှင့် မြွေပါကို ရစ်ပတ်တော့သည်။ တစ်ကိုယ်လုံးအား ရစ်ပတ်ပြီးသည့်အခါတွင် အရစ်တင်း၍ ဖျစ်ညှစ်လိုက်ပါ၏။ တင်းကျပ်သည်ထက် ပို၍တင်းကျပ်လောင် ဖျစ်ညှစ်သည်။

ဤအတိုင်းသာဆိုလျှင် ရစ်ပတ်ဖျစ်ညှစ်ခံထားရသည့် မြွေပါမှာ သေဖွယ်ရာသာရှိတော့သည်။ သံမဏိကြိုးဖြင့် ရစ်ပတ်တင်းကျပ်ထားသကဲ့သို့ ရှိနေသဖြင့် မြွေဟောက်ကြီးက အရေးသာတော့မည့်ကဲ့သို့ ရှိနေပါ၏။

''အင်း ...ဒီပုံအတိုင်းသာဆိုရင် မြွေပါသေတော့မယ် ထင်တယ်၊ မြွေဟောက်ကြီးက အတင်းရစ်ပတ်ပြီး ဖျစ်ညှစ်ထားတာ ဦးကြီးရဲ့''

''ဟင်း ဟင်း ဟင်း ...ကြည့်သာနေ ရင်မောင်ရေ၊ ခဏကြာရင် မင်းရဲ့မြွေဟောက်ကြီး ခွေပါကို အရှုံးပေးလိုက်ရတော့မှာကွ''

ဟုတ်သည်။ မြွေပါသည် အခြေအနေမဟန်တော့သည်ကို ရိပ်စားမိပုံရသည်။ မလွှတ်တမ်းခဲထားသည်ကို လွှတ်လိုက်သည်။ ထို့နောက် လည်ကို သမင်လည်ပြန် နောက်ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ မြွေဟောက်ကြီး၏ကျောကုန်းကို တဆတ်ဆတ်ကိုက်လိုက်သည်။ ကျောမှအကြောများကို ကိုက်ဖြတ်ခြင်းဖြစ်ပုံရသည်။ မြွေဟောက်ကြီး၏ တင်းကျပ်ထားသည့် အရစ်များလျော့ကျသွားကြသည်။

'ဖြီး ..ဖြီး ..ရှီး ..ရှူး'

ဖျတ်ခနဲ မြွေပါက ကိုယ်ကိုလိပ်လှည့်၍ ပြေလျော့စပြုနေပြီဖြစ်သော အခွေကြားမှ ရုတ်တရက်ထိုးထွက်လိုက်ရာ လွတ်မြောက်သွားပါလေတော့သည်။ ထို့နောက် ခဏမျှ ငြိမ်သက်လျက်နေလိုက်သည်။ လက်ဝှေ့သမားတစ်ဦး ပြိုင်ဘက်ထံမှခွာထွက်၍ ခေတ္တရှောင်ကာ အားပြန်ယူသကဲ့သို့ ရှိနေပါ၏။

မြွေဟောက်မှာ ဒဏ်ရာရထားသော်လည်း မြွေပါကို အလစ်မပေး။ ပါးပျဉ်းကို အသင့်ထောင်လျက် မြွေပါကိုပေါက်ရန် ချိန်ရွယ်ထားပါ၏။ သို့သော် မြွေပါကမူ မြွေဟောက်အပေါက်ကို မစောင့်။ မြွေဟောက်ထံ လွှားခနဲခုန်ဝင်ချဉ်းကပ်လိုက်သည်။ ဤတစ်ကြိမ်တွင် မြွေဟောက်၏လည်မျိုကို ပြန်၍မခဲပါ။

'ရှူး ..ရှီး ..'

'ဖြီး ..ဖြီး ..'

မြွေဟောက်၏အောက်မေးရိုးကိုသာ ခဲထားလိုက်ရာ မြွေ

☆ ခုနစ်စဉ်ကြယ်တာပေ ☆



ဟောက်က သူ့အား ယခင်တစ်ကြိမ်တုန်းကကဲ့သို့ ရစ်ပတ်ခွေညှစ်ရန် မဖြစ်နိုင်တော့ပေ။ အလစ်အငိုက်မိသွားသော မြွေဟောက်ကြီးမှာ ပါးပျဉ်းထောင်ထားရင်း ရှေ့နောက်ယိမ်းထိုးလှုပ်ယမ်းရင်း ရုန်းကန်သည်။ သို့သော် မြွေပါက သည်တစ်ကြိမ်မူ မလွှတ်တော့။ မြွေဟောက်ကို မလွှတ်စတမ်းခဲထားရင်း ကပ်လျက်သားလိုက်ပါသွားသည်။ အချိန်ကြာလာသည်နှင့်အမျှ မြွေဟောက်ကြီးသည် တဖြည်းဖြည်း အားပျော့လာခဲ့ပါ၏။ နောက်ဆုံး အဆိပ်မာန်ပြင်းသလောက် အားကြီးလှသော မြွေဟောက်ကြီးသည် တစ်စတစ်စ ပျော့ခွေကာ ငြိမ်သက်သွားလေတော့သည်။

ရင်မောင်မှာ မြွေပါနှင့် မြွေဟောက်ကြီးတို့၏ အသက်လုပွဲကြီးကို အသက်မရှူနိုင်စတမ်း ငေးမောကြည့်နေရာမှ နောက်ဆုံး မြွေဟောက်ကြီး သေဆုံးသွားမှပင် မြွေပါထံသို့ တိုးဝင်သွားသည်။

ထိုစဉ် ကျောင်းပျက်ကြီး၏ အတွင်းပိုင်းဆီမှလိုလို နောက်ဘက်ဆီမှလိုလို ထူးဆန်းသော လေချွန်သံသဲ့သဲ့ကို ကြားလိုက်ရသည်နှင့် မြွေပါမှာ ရင်မောင်၏ခြေတစ်ဘက်ကိုပင် ကိုးခွကာ အသံကြားရာသို့ ပြေးဝင်ပျောက်ကွယ်သွားပါတော့သည်။

☆ ခုနစ်စဉ်ကြယ်တာပေ ☆

www.burmeseclassic.com

www.burmeseclassic.com



''ဟော . . . လေ . . လေချွန်သံကြားရလို့ မြွေပါပြေး ထွက်သွားတာ ဦးကြီးရေ၊ လာ . . . မြန်မြန် . . . အဲဒီလေချွန်သံ နောက် လိုက်ကြည့်ရအောင်''

သည်တစ်ကြိမ်တော့ ရင်မောင်က ပါးနပ်လျှင်မြန်လှ သည်။ မြွေပါပြေးဝင်သွားသည့် လမ်းကြောင်းအတိုင်း ထက်ကြပ် မကွာ ပြေးလိုက်သွားသည်။ ချုံနွယ်များပိတ်ဖုံးနေသည့် အခန်း လွတ်တစ်ခုထဲသို့ ရောက်ရှိသွားသည်နှင့် အခန်းထောင့်အမှောင် ရိပ်တွေ မြွေပါလေးကိုပိုက်လျက် ရပ်နေသူတစ်ယောက်ကို ဖြုန်း ခနဲ ရင်မောင် တွေ့လိုက်ရပါတော့သတည်း။

## စာစု (၃၈)

# မအောင်ဖြူနှင့် ဒုတိယအကြိမ်တွေ့ဆုံခြင်း

တစ်ယောက်ကိုတစ်ယောက် အတန်ကြာမျှ ကြည့်နေကြ သည်။ မမျှော်လင့်သောအချိန်တွင် မမျှော်လင့်သောနေရာ၌ ရုတ်တရက် တွေ့ရှိလိုက်ကြရသဖြင့် နှစ်ယောက်သား အံ့အား သင့်ကာ မှင်တက်ငေးမောနေကြခြင်းဖြစ်သည်။ အတန်ကြာမှ ရင်မောင်နှုတ်ဖျားမှ စကားလုံးသုံးလုံးက တမ်းတမိန်းမူးစွာ ထွက်ကျသွားပါလေ၏။

''မ . . . အောင် . . . ဖြူ''

''ဟုတ် . . . ဟုတ်ပါတယ် အစ်ကို၊ အစ်ကိုတို့ ဗုန်းဆိုး ကုန်းထဲကို ရောက်ကတည်းက သိနှင့်နေတာပါ၊ ဒါပေမဲ့ အစ်ကို့ ကို ကြည့်ရတာ ငူငူငိုင်ငိုင်နဲ့မို့ အခြေအနေသိရအောင် ညီမ ကျောင်းပျက်ကြီးရှိတဲ့ လေတင်အရပ်ကနေ အနံ့တစ်မျိုးရှော်ပြီး

www.burmeseclassic.com



အစ်ကို့ရဲ့အာရုံကို ဆွဲယူခေါင်လိုက်တာပါ''

မအောင်ဖြူက ရင်ခွင်ထဲမှ မြွေပါလေးကို လက်နှင့်ပွတ်သပ်ရင်း ရင်မောင်ကို ရှင်းပြနေခြင်းဖြစ်ပါ၏။

''သြော် . . . မအောင်ဖြူရယ်၊ ဒါဆိုရင် အစ်ကို မြွေဟောက်ကြီးနဲ့ ရင်ဆိုင်နေရတုန်း မြွေပါလေးကိုလွှတ်ပြီး ကယ်တင်ခိုင်းလိုက်တာ မအောင်ဖြူပေါ့ . . . ဟုတ်လား''

''ဟုတ်တယ်၊ ပထမတော့ အစ်ကို့ကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ နောက်တော့မှ သတိရပြီး မယ်ဖြူလေးကို လွှတ်ပေးလိုက်တာ''

''အင်း . . . မအောင်ဖြူက အစ်ကို့ရဲ့အသက်ကို ပြန်ပြီး ကယ်တင်ပေးလိုက်တာပဲကိုး၊ ဒါနဲ့ အစ်ကို့ကို ဘာဖြစ်လို့ ဆေးခပ်ပြီး သချိုင်းပျက်ကြီးထဲမှာ စွန့်ပစ်ထားခဲ့ရတာလဲဟင်''

ရင်မောင်၏မေးခွန်းကြောင့် မအောင်ဖြူ၏မျက်နှာလေးမှာ ညှိုးကျသွားပါ၏။ ထိုအချိန်တွင် ဦးကြီးရဲထိ၏ခေါ်သံကို ကြားလိုက်ရသဖြင့် ရင်မောင် အသံပြုကာ လှုံးထွက်ပြလိုက်ရသည်။ ရုတ်တရက် ဦးရဲထိမှာ မအောင်ဖြူကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားပါလေ၏။

''ဟင် သူ . . . သူ . . . သူက ဘယ် . . . ဘယ်သူလဲ





ရင်မောင်''

''သြော် . . . အဲဒါ ကျွန်တော်ပြောပြောနေတဲ့ မအောင်ဖြူဆိုတာပဲ ဦးကြီး၊ ဒီ . . . မယ်ဖြူဆိုတဲ့ မြွေပါလေးကို လွှတ်ပြီး ကျွန်တော့်ရဲ့အသက်ကို ကယ်တင်ပေးခဲ့တာပါ''

ဦးရဲထိမှာ တောထဲတောင်ထဲတွင် တစ်ယောက်တည်း တွေ့လိုက်ရသဖြင့် မအောင်ဖြူကို မယုံသင်္ကာဟန်ဖြင့် ကြည့်ရှုနေသဖြင့် ရင်မောင်က ရယ်ရယ်မောမောနှင့် လူသားစစ်စစ်ဖြစ်ကြောင်း အာမခံပြောဆိုနေပါ၏။

''ဟား ဟား ဟား . . . ခက်ပဲခက်ရချည်ရဲ့ ဦးကြီးရယ်၊ မအောင်ဖြူတို့မိသားစုဟာ အကြောင်းတစ်ခုကြောင့် လူသိမခံဘဲ နေကြရတာ၊ တကယ်တော့ သူလိုငါလို လူသားထဲက လူသားတစ်ယောက်ပါ ဦးကြီးရယ်''

ဤသို့ဖြင့် သုံးယောက်သား ကျောင်းပျက်ကြီး၏ လုံခြုံစိတ်ချရသော အခန်းတစ်ခုထဲသို့ ဝင်လာခဲ့ကြသည်။ ကြီးမားလှသောကျောင်းပျက်ကြီးမှာ အပြင်မှ သစ်ပင်ချုံနွယ်များဖြင့် ဖုံးလွှမ်းနေသည်ဆိုသော်လည်း အထဲတွင်မူ အချို့သောအခန်းများက ကြမ်းပြင်များ ကျိုးပျက်နေကြသည့်တိုင် နေထိုင်သွားလာ၍ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အစ်ကိုနဲ့ မအောင်ဖြူတို့မိသားစုဟာ တကယ်ပဲ ရေစက်ဆုံကြတယ်ထင်တယ်၊ အစ်ကို့ကိုတော့ ဖုံးကွယ်မထားတော့ပါဘူး။ ဒါပေမဲ့ အဖေနဲ့တွေ့ဖို့တော့ လိုလိမ့်မယ်၊ အဲဒီတော့ မအောင်ဖြူခေါ်တဲ့နောက်ကို အစ်ကိုလိုက်နိုင်ပါ့မလား ... ဟင်"

"အို ... လိုက်ရမှာပေါ့ မအောင်ဖြူရယ်"

"ဟာ ... ရင် ... ရင်မောင် လိုက် ... လိုက်လို့ဖြစ်ပါ့မလား"

ဦးရဲထိက အစိမ်းရောင်ဝတ်စုံနှင့် ဥစ္စာစောင့်မလေးသဖွယ် ချောမောလှပသော မအောင်ဖြူကိုကြည့်ကာ အနည်းငယ်တော့ ချောက်ချားနေသယောင်။

"ရင်မောင် ဟို ... ဟိုကိုရောက်သွားလို့ ငါ ... ငါတို့ကို ပြန်မလွှတ်ရင် ဘယ့်နှယ့်လုပ်မှာလဲကွ"

"ဟာ ... ဦးကြီးကလည်း .. အဲဒီလို ပြန်မလွှတ်တော့ရင်လည်း တစ်သက်လုံးနေလိုက်ကြတာပေါ့ ... မဟုတ်ဘူးလား မအောင်ဖြူ"

နာမည်ကျော် ဖုန်းဆိုးကုန်းထက်တွင် တွေ့ရှိနေရသည့် မအောင်ဖြူကိုကြည့်ကာ ယခုအချိန်ထိတိုင် ဦးရဲထိ မယုံမရဲဖြစ်





နေသေးဟန်ရှိသဖြင့် ရင်မောင်က နောက်ပြောင်နေခြင်းဖြစ်ပါ၏။

ထို့နောက်မှာတော့ မအောင်ဖြူ ဦးဆောင်ခေါ်ငင်သွားသော လမ်းကြောင်းအတိုင်း ရင်မောင်တို့တစ်တွေ လိုက်လာခဲ့ကြသည်။ ကျောင်းပျက်၏အနောက်ဘက် ချုံနွယ်ကြီးအတွင်းသို့ မအောင်ဖြူက ဦးဆောင်ခေါ်ငင်သွားခဲ့သည်။ အပြင်မှကြည့်လျှင် အုပ်ဆိုင်းနေသော ချုံပုတ်ကြီးအဖြစ် မြင်တွေ့ရသော်လည်း ချုံကြီးအတွင်းသို့ ရောက်ခဲ့စဉ်မှာတော့ အုတ်ကျိုးအုတ်ပဲ့များနှင့် တည်ဆောက်ထားသော ဂလိုင်ကြီးတစ်ခုကို တွေ့မြင်လိုက်ကြရသည်။

အုတ်ခဲကြီးများမှာ ရှေးဟောင်းအုပ်ချပ်ကြီးများ ဖြစ်ကြပြီး မြေပေါ်တွင် ဥမင်လိုဏ်ခေါင်းအဝင်ဝအဖြစ် ချုံနွယ်များ ဖုံးအုပ်လျက် တည်ရှိနေပြီး တဖြည်းဖြည်း မြေအောက်ဂူကြီးထဲသို့ စိုက်ဆင်းသွားကာ တစ်ဖန် မြေအောက်လိုဏ်ခေါင်းသဖွယ် ရှည်လျားစွာတည်ရှိနေပါ၏။ ထူးဆန်းသည်မှာ မြေအောက်လိုဏ်ခေါင်းထဲတွင် အလင်းရောင် ကောင်းစွာရရှိနေခြင်းပင်တည်း။

မကြာမီ မြေအောက်လိုဏ်ခေါင်းမှာ အတန်ငယ်ကျယ်ဝန်းသွားပြီး အခန်းကျယ်ကြီးတစ်ခုသဖွယ် တွေ့မြင်လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့အရောက်တွင် မအောင်ဖြူ ရပ်တန့်သွားပါလေ၏။

ထိုအခန်းကျယ်ကြီးထဲတွင် ကျောက်သားစားပွဲနှင့် ကျောက်ခုတင်များနှင့် ကျောက်သားနံရံတစ်နေရာတွင် ကျောက်သားဆင်းတုတော်တစ်ဆူကို ဖူးတွေ့လိုက်ရသည်။ ဘုရားဆင်းရှေ့မှာတော့ သူတို့အားကျောပေးကာ တရားအားထုတ်နေသည့် အသက်(၅၀)ခန့် လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။

ခြေသံများကြောင့် ထိုပုဂ္ဂိုလ်ကြီးက တရားထိုင်နေရာမှ ထလိုက်သည်။

"ဩော် ... ဘယ်သူတွေများလဲမှတ်တယ် မောင်ရင်မောင်တို့ကိုး၊ အင်း ... ဒီအထိအောင် သမီးကြီးက ခေါ်လာပုံထောက်ရင် မောင်ရင်မောင်ကို သမီးကြီး ယုံကြည်လိုက်ပြီထင်တယ်"

ဖခင်ကြီး၏စကားကို မအောင်ဖြူက ရေရာတိကျသော အဖြေစကားတစ်ခွန်းနှင့် ပြောကြားလိုက်ပါသည်။

"ဒီအချိန်မှာ သမီးတို့ ပူးပေါင်းပြီး အမြန်ဆုံးလုပ်ဆောင်သင့်ပြီလို့ ယူဆမိလို့ရယ်၊ နောက်ပြီး ဂျပန်တွေ ဒီရွာတွေဘက်ကို ရောက်လာကြပြီ အဖေ၊ အဲဒါကြောင့် အစ်ကို့ကို အဖေနဲ့တွေ့ပေးဖို့ သမီးခေါ်လာခဲ့တာပါ"





မအောင်ဖြူ၏စကားကို ဘာရယ်ဟု အတိအကျမသိရသည့်တိုင် အရေးကိစ္စတစ်စုံတစ်ရာအတွက် သူမ၏ဖခင်ကြီးနှင့် တွေ့ဆုံပေးခြင်းဖြစ်နိုင်သည်ဟု ရင်မောင် တွက်ဆနေမိသည်။ ဦးကြီးဖြစ်သူဦးရဲထိကမူ မည်သို့မျှ နားမလည်နိုင်ဖြစ်နေပုံရသည်။ ထိုအပြင် ဤမုန်းဆိုးကုန်းလို မြေကြမ်းနတ်ကြမ်းသည့်နေရာမျိုးဝယ် နေထိုင်လှုပ်ရှားသွားလာနေကြသည့် မအောင်ဖြူဆိုသည့် မိသားစုကိုလည်း အဘယ်လိုလူတွေနည်းဟု သိချင်နေမိသည်။

"အင်း ... ရေစက်မကုန်ကြတော့လည်း ပြန်ပြီးဆုံကြသေးတာပဲနော်၊ ဦးကြီးကိုခွင့်လွှတ်ပါ၊ မလိုအပ်ဘဲ လူတွေသိသွားမှာ စိုးလို့ ဟိုးတစ်ညက ကျူးလွန်ခဲ့တဲ့အပြစ်တွေကို ခွင့်လွှတ်ပေးပါ မောင်ရင်မောင်၊ အမှန်တော့ ဦးကြီး အစိုးရိမ်လွန်သွားတာပါကွယ်"

"ဟုတ်ကဲ့ ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ အဲဒီလိုလုပ်ကိုင်ခဲ့တဲ့အတွက်လည်း ကျွန်တော့်စိတ်ထဲမှာ မရိုးမရွနဲ့ မခံချင်စိတ်တွေဖြစ်လာတာကြောင့် အခုလို နောက်ထပ်တစ်ကြိမ်လာပြီး မအောင်ဖြူကို လာပြီးရှာခဲ့တာပါ ဦးကြီး"

ရင်မောင်ပြောသမျှကို ဦးဇာဂရက ခေါင်းတညိတ်ညိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နားထောင်နေပါ၏။ ပြီးမှ ...

"အင်း ... မောင်ရင်မောင်ဟာ ဦးရဲ့သမီးအသက်ကို ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်ပါ၊ ဦးကြီး အကဲခတ်လို့ရသလောက်ကတော့ မောင်ရင်မောင်ဟာ ရိုးဖြောင့်ပုံရတယ်။ နောက်ပြီး ဒီဖုန်းဆိုးကုန်းလို နေရာမျိုးမှာ သမီးကို ဒုတိယအကြိမ်တောင် လာပြီး မတွေ့တွေ့အောင်ရှာနိုင်တယ်ဆိုတဲ့ ဇွဲသတ္တိကိုလည်း ချီးကျူးပါတယ်၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေတွေဆိုတာ လူ့ရဲ့စိတ်ကို ပြောင်းလဲစေနိုင်သလို အန္တရာယ်တွေကိုလည်း ဖိတ်ခေါ်နိုင်တယ်လေ၊ ဒါပေမဲ့ မောင်ရင်မောင်တို့ကို ဦးကြီးယုံကြည်လိုက်ပါပြီ၊ ကိုင်း ... သမီး ... အဖေတို့ သချိုင်းဂူကို သွားကြရအောင်"

ထို့နောက်မှာတော့ မအောင်ဖြူတို့ ညီအစ်မနှစ်ယောက် ဦးဆောင်လျက် မြေအောက်လိုဏ်ခေါင်းထဲမှ ထွက်လာကြသည်။ ထိုမှတစ်ဆင့် စောစောပိုင်းက ဝင်ရောက်လာခဲ့သည့် အပေါက်မှ ထွက်ကာ ကျောင်းပျက်ကြီးရှိရာသို့ ပြန်လည်ရောက်ရှိလာကြသည်။ မအောင်ဖြူတို့သားအဖသည် ထိုကဲ့သို့ ကျောင်းပျက်ကြီးနှင့် မြေအောက်လိုဏ်ဂူတို့ကို အသုံးချကာ တိတ်တဆိတ် လှုပ်ရှားနေကြခြင်းပင်။





ရင်မောင်မှာ တဖြည်းဖြည်းနှင့် မအောင်ဖြူတို့သွားနေသည့် ခရီးလမ်းကြောင်းကို တွက်ဆ၍ရလာမိသည်။ နတ်ရဲကုန်းရွာကို ရောက်ခါစ လက်ဖျံရိုးတစ်ချောင်းကြောင့် ရှုပ်ထွေးခဲ့ရသော ခရီးလမ်းကြောင်းသည် ယခုခရီးနှင့် ဆင်ဆင်တူနေသည်ကို သတိပြုမိလိုက်ပါ၏။

"နေပါဦး မအောင်ဖြူ၊ အခုသွားနေတာ မအောင်ဖြူသချိုင်းဂူကို သွားနေတာလား"

"ဟင် မအောင်ဖြူသချိုင်းဂူကို အစ်ကိုသိနေတယ်ဟုတ်လား"

"ဒီသချိုင်းဂူကို အစ်ကို နှစ်ခေါက်တိတိ ရောက်ခဲ့ဖူးပါတယ်၊ ဟို မအောင်ဖြူရဲ့ လက်ဖျံရိုးတစ်ချောင်းကို မသိဘဲနဲ့ ယူလာခဲ့မိလို့ ဒီသချိုင်းပျက်မှာ လာပြီးထားရင်းက တွေ့ခဲ့ရတာပါ"

"အင်း ... မောင်ရင်မောင်ဟာ မအောင်ဖြူသချိုင်းဂူနဲ့ တော်တော်ရေစက်ဆုံတာပဲနော်၊ တချို့ဆိုရင် ဒီသချိုင်းဂူကို တွေ့ချင်ကြလွန်းလို့ သွေးစွန်းတဲ့အထိတောင် ရှာဖွေခဲ့ကြတာ၊ ဘယ်သူမှ ရှာလို့မတွေ့ကြဘူး၊ ဟင်းဟင်း .. မောင်ရင်မောင်နဲ့ကျမှ မအောင်ဖြူသချိုင်းဂူကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ကွယ် ..ဟင်း ..ဟင်း''

ဤသို့ဖြင့် မကြာမီ မအောင်ဖြူသချိုင်းဂူသို့ဆင်းသည့် မြေတွင်းကြီးဆီသို့ ရောက်လာခဲ့ကြသည်။ ထို့နောက် မြေတွင်းထဲရှိ ကျောက်လှေကားကြီးမှတစ်ဆင့် မအောင်ဖြူသချိုင်းကျောက်ဂူသို့ ရောက်ရှိလာခဲ့ပါသည်။

''သချိုင်းဂူကို ရောက်ခဲ့တယ်ဆိုပေမယ့် ဟိုဘီလူးမ မအောင်ဖြူရဲ့ ခေါင်းတလားကြီးနဲ့ ကျောက်ကလပ်ထက်က ကြေးပုရပိုက်တွေကို အဝေးကပဲ မြင်တွေ့ခဲ့ရတာပါ။ ရှေ့ထိတိုးဝင်မယ်လည်းလုပ်ရော ကျောက်ဂူကြီးက လှုပ်ယမ်းလာသလို ကြီးမားလှတဲ့ မြွေကြီးကိုလည်း ရုတ်တရက်တွေ့ကြုံရတာနဲ့ အားလုံး ထွက် ထွက်ပြေးလာခဲ့တာပါ ဦးကြီးဇာဂရုရယ်''

ရင်မောင် ရှိုးရှိုးသားသားပြောပြနေခြင်းကို ဦးဇာဂရုက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရင်းမှ ...

''အဲဒါ ကံကောင်းသွားတာပေါ့ကွယ်၊ တကယ်တော့ ဟောဒီမအောင်ဖြူသချိုင်းဂူဟာ တကယ့်ကို လျှို့ဝှက်ဂမ္ဘီရ ပညာတွေနဲ့ ပြည့်နှက်နေတာကွဲ့၊ ပညာဗလအမတ်ကြီးဟာ ဂူကြီးထဲမှာနေထိုင်ရင်းက အင်မတန်ထူးဆန်းလှတဲ့ ဝိဇ္ဇာဓရဂမ္ဘီရ ပညာတွေကို ရှာဖွေတွေ့ရှိသွားခဲ့တာလေ၊ မကြာခင် မင်းကိုယ်





တိုင် မြင်တွေ့ရမှာပါ၊ ဒီကိစ္စမျိုးတွေကို လက်တွေ့ပြချင်လို့ မောင်ရင်မောင့်ကို ခေါ်လာခဲ့တာကွယ့်''

မအောင်ဖြူသချိုင်းဂူကြီးက အရင်တစ်ခါကကဲ့သို့ပင် ဘာမျှမပြောင်းလဲသေးပါ။ ဂူကြီးသည် သဘာဝကျောက်ဂူကြီးတစ်ခု ဖြစ်သည့်အလျောက် ကျောက်ဂူကြီးထဲမှာပင် သဘာဝစမ်းချောင်းငယ်လေးတစ်ခုလည်း ရှိပါ၏။ အဝင်ဝတွင် အတန်ငယ်မှောင်သော်လည်း အတွင်းသို့ရောက်လာသည်နှင့် ဆေးနံ့ရုံအက်ကြောင်း၊ အမိုးအက်ကြောင်းကြီးများမှ တိုးဝင်လာကြသည့် နေခြည်အလင်းတန်းများကြောင့် ကျောက်ဂူကြီးထဲတွင် အလင်းရောင်က ရရှိနေပါသည်။

ကျောက်ဂူကြီး၏ ညာဘက်ခြမ်းရှိ အမြင့်တစ်နေရာတွင် ကျောက်သားငရုတ်ဆုံကြီးတစ်ခု၊ ကျောက်သားကျည်ပွေ့တစ်ခုနှင့် ဆေးကျိတ်ခဲ့သည့် ကျောက်ပြင်ကြီးများကလည်း ကျောက်လိုဏ်ဂူကြီးတွင် မပျက်မစီးဘဲ ရှိနေကြပါသေးသည်။

''ကျွန်တော်ရောက်ခဲ့တုန်းကတော့ မအောင်ဖြူအခေါင်းကြီးဟာ ဟိုဘက်ရှေ့ကွေ့နားမှာ ရှိတယ်၊ ခေါင်းရင်းဘက်မှာတော့ ကျောက်ကလပ်တစ်ခုနဲ့ ကြေးပုရပိုက်တွေ အများကြီးရှိတာ တွေ့ခဲ့ရပါတယ်''


www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်မောင်က သေချာစွာ ရှင်းလင်းပြောပြနေသည်ကို ဦးဇာဂရက ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေပါ၏။

"သိပ်ဟုတ်တာပေါ့ မောင်ရင်မောင်၊ ဒါပေမဲ့ ဟောဒီနေရာကနေ ရှေ့ဆယ့်ငါးကိုက်ပတ်လည်လောက်ဟာ အန္တရာယ်နယ်မြေပဲကွယ့်၊ တကယ်လို့သာ တစ်ခုခု လောဘဖက်ပြီး ရှေ့ကိုသာ တိုးဝင်လိုက်မယ်ဆိုရင် ဟောဒီမှာကြည့် မောင်ရင်မောင်"

ပြောပြောဆိုဆိုနှင့် အနီးရှိ လက်သီးဆုပ်ခန့်ရှိ ကျောက်ခဲတစ်လုံးကိုကောက်ယူ၍ မအောင်ဖြူ၏ ခေါင်းတလားကြီးအနီးဝန်းကျင်သို့ ပစ်ပေါက်လိုက်သည်။

'ဒေါက် ..ဂလောက် ..ဂလောက် ..ဒေါက်'

အံ့ဩဖွယ်ရာပင်။ ကျောက်သားကြမ်းပြင်ထက်သို့ ကျောက်ခဲတုံးကျသွားသည်နှင့် ကျောက်ဂူကြီး၏ ခေါင်မိုးမျက်နှာကြက်များ၊ ကျောက်နံရံများကြားမှ ပန်းကန်ဝိုင်းသာသာခန့် လင်ပန်းသာသာခန့်ရှိသည့် မည်းမည်းလုံးလုံးအရာများက တကျိုကျိုမြည်သံအော်ကာ ပြေးထွက်ခုန်ဆင်းလာကြသည်။

'ကျို ..ကျို ..ကျလိ ..ကျလိ'

"ဟာ"

"အိုး ...ဘာ ဘာကောင်တွေလဲဟ"





ဟုတ်သည်။ စက္ကန့်အချိန်ပိုင်းလေးအတွင်းမှာပင် ကျလိကျလိဟူသော စူးစူးရှရှအော်မြည်သံများနှင့်အတူ မည်းမည်းဝိုင်းဝိုင်း လင်ပန်း၊ ပန်းကန်ပြားအရွယ်ခန့် ပမာဏရှိသော အလုံးလေးများက ကျောက်ဂူအမိုးများပေါ်မှ တဖြုတ်ဖြုတ်နှင့် လျင်မြန်စွာ ခုန်ချလာကြသည်ကို ထိတ်လန့်အံ့ဩစွာ တွေ့မြင်လိုက်ကြပါတော့သည်။

သို့သော် ထိုမည်းမည်းဝိုင်းဝိုင်း သတ္တဝါများက မအောင်ဖြူ ခေါင်းတလားကြီးနှင့် ဆယ်ကိုက်မျှသော ဝန်းကျင်၌သာ သွပ်ရှားနေကြသည်။ ထို့ထက်ပို၍ ရှေ့မတက်ကြပါလေတော့။ ကြည့်ရသည်မှာ မအောင်ဖြူ ခေါင်းတလားအနီးဝန်းကျင်သို့ ရောက်ရှိလာသူများအား တိုက်ခိုက်ရန် ဟန်ပြင်နေကြသည်သို့။

"အဲ ...အဲဒီထူးဆန်းတဲ့သတ္တဝါကောင်တွေဟာ ဘာ ...ဘာကောင်တွေလဲဆိုတော့ ..."

"အင်း ...အင်မတန်အဆိပ်ပြင်းတဲ့ ဂူအောင်းပင့်ကူကြီးတွေပေါ့ကွယ်၊ သူ့ရဲ့အဆိပ်ကိုသာ မိလိုက်ရင် သာမန်လူပြောနဲ့ ဆင်လိုသတ္တဝါတောင် တုံးခနဲလဲသွားစေနိုင်တဲ့ သတ္တဝါကောင်တွေပဲကွဲ့"

"ဟာ ...ဒီ ...ဒီလိုဆိုရင် ဟို ...ဟို ...မအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြူရဲ့ခေါင်းတလားကြီးနားကို ကပ်ဖို့အရေးက ဘယ်လိုလုပ် လွယ်ကူပါ့မလဲ ဦးကြီးရယ်၊ ကျွန်တော်ကြားထားတာကတော့ မအောင်ဖြူဘီလူးမကို ဆေးဝါးအတတ်တွေနဲ့စီရင်ပြီး ခေါင်းတလားထဲမှ နှစ်ပေါင်းများစွာ လူသားပကတိအတိုင်းရှိအောင် စီမံထားပြီး အဲဒီခေါင်းတလားထဲက ရတနာပစ္စည်းတွေကို စောင့်ရှောက်ဖို့ အပ်နှံထားခဲ့တာလို့ သိရတာပဲ''

''ဟား ဟား ဟား . . . မောင်ရင်မောင်က မအောင်ဖြူသချိုင်းဂူအကြောင်းကို တော်တော်ကို နှံ့နှံ့စပ်စပ်ရှိတာပဲကိုး ဒါပေမဲ့ ဟောဒီဂမ္ဘီရကျောက်ဂူကြီးကို ဉာဏ်တူရင်ယူကြေး ဆိုတဲ့သဘောနဲ့တော့ စိန်မခေါ်လိုက်ပါနဲ့ကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘီလူးမ မအောင်ဖြူရဲ့ သချိုင်းဂူဟာ သာမညောင်ညကျောက်ဂူတစ်ခုမဟုတ်လို့ပဲလို့သာ မှတ်ထားပါ မောင်ရင်မောင်''

ထို့နောက်မှာတော့ မအောင်ဖြူသချိုင်းဂူကြီးထဲမှ သူတို့အားလုံး ပြန်လည်၍ ထွက်ခွာလာခဲ့ကြပါတော့သည်။ အပြင်မှာတော့ နေစွယ်ကျိုးလုလု ဖြစ်နေပါပြီကော။

စာ ရ (၂၀)

# ရှင်မအောင်ဖြူသချိုင်းဂူကြီး၏ လပြည့်ညလျှို့ဝှက်ချက်

မအောင်ဖြူသချိုင်းဂူမှပြန်လာတော့ ဦးဇာဂရနှင့် မောင်ရင်မောင်တို့နှစ်ယောက်တည်း ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကြသည်။ ဦးကြီးရဲ့ထိကိုမှ ကျောင်းပျက်ကြီးမှာပင် အနားယူစေခဲ့ပါ၏။

ကျောက်စားပွဲထက်မှာတော့ ရေးလက်စပေစာကျမ်းများ၊ ကညစ်တံများနှင့် ရေးသားပြီး ပေပုရပိုက်များကို စည်းမနှောင်ထား သည့် ပေထုပ်များကို တွေ့ရှိရသည်။ ရင်မောင်မှာ သူ့အား ရှည်လျားစွာရှင်းပြနေသည့် ဦးဇာဂရ၏စကားများကို စိတ်ဝင်တစားနှင့် နားထောင်နေပါ၏။

''ဦးဟာ တကယ်တော့ ဘီလူးမ ရှင်မအောင်ဖြူရဲ့ သချိုင်းဂူကို လိုက်နေတာမဟုတ်ပါဘူး၊ ပညာငလအမကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



'ဝိဇ္ဇာဓရဇီဝက'ပုရပိုက်ကျမ်းကြီးကို လိုက်နေတာပါ၊ အခု သချိုင်းဂူကို ရှာဖွေတွေ့ရှိခဲ့ပြီမို့ အဲဒီကျောက်ဂူကြီးထဲက အဖိုးအနဂ္ဃထိုက်ဟဲ့ 'ဝိဇ္ဇာဓရဇီဝက'ဆေးကျမ်းကြီးကို ကူးယူနေတာ အခုလာမယ့် လပြည့်ညဆိုရင်တော့ အားလုံးကူးယူပြီးစီးလောက်ပါပြီ၊ ဦးကြီးစကားကို မောင်ရင်မောင် နားရှုပ်သွားသလားမသိဘူး၊ ဒီလိုကွယ့် . . . ဦးကြီး သေသေချာချာ ရှင်းပြမယ် . . .။

မအောင်ဖြူသချိုင်းဂူမှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်၊ အဲဒီလျှို့ဝှက်ချက်ကတော့ လပြည့်နေ့ညတိုင်း လောကီဂန္ဓာရီ ပညာရပ်တွေနဲ့ စီရင်ထားတဲ့ ကျောက်ဂူကြီးမှာ ထူးထူးခြားခြား အန္တရာယ်တွေ ပပျောက်ကင်းစင်နေလေ့ရှိတယ်၊ အဲဒီအချိန်မျိုးမှာ ဉာဏ်ရည်ချွင်းပြိုင်ပြီး 'ဝိဇ္ဇာဓရဇီဝက'ကြေးပုရပိုက်ထဲက ပညာရပ်တွေကို ကူးယူနေခဲ့တာ၊ အခုလာမယ့် လပြည့်ညဆိုရင် ကြေးပုရပိုက်တွေအားလုံးကို အပြီးအစီး ကူးယူရရှိတော့မယ် . . .။

ဒါပေမဲ့ အဖျက်အမှောင့်တွေ ဝင်လာမှာစိုးတာနဲ့ မောင်ရင်မောင့်ကို ဦးကြီး ဖွင့်ဟပြီး အကူအညီတောင်းရတာပါကွယ်၊ နောက်ပြီး ဒီလိုအချိန်မျိုးကို စောင့်နေကြမယ့် ကိုယ့်လိုလူမျိုးတွေက အလစ်အငိုက်ချောင်းပြီး မအောင်ဖြူရဲ့ခေါင်းတလားထဲက ရတနာပစ္စည်းတွေကို လောဘတက်ပြီး ယူငင်ကြရင် ဦးရဲ့အစီအစဉ်တွေ ပျက်စီးသွားရမှာစိုးလို့ အခုလို သမီးကြီးနဲ့ တိုင်ပင်ပြီး အကူအညီတောင်းရတာပါကွယ်''

ယခုမှ ရင်မောင် တစ်စတစ်စ သဘောပေါက်လာပါ၏။ စင်စစ် မအောင်ဖြူ၏ဖခင် ဦးဇာဂရမှာ အဂ္ဂိရတ်ဆရာကြီးတစ်ဦးပင်ဖြစ်သည်။ ထိုသို့ ပညာရပ်များကို အရူးအမူးခုံမင်သူအဖို့ ရွှေကိုမလို ငွေကိုမလို ပညာကိုသာလိုသည်ဟု ဆိုရိုးစကားများကို ရင်မောင်ကြားဖူးခဲ့ပါ၏။ သို့သော် ထိုအထဲတွင် ဦးဇာဂရက တစ်မျိုးဖြစ်နေလေသည်လားဟု။ မအောင်ဖြူသချိုင်းဂူထဲမှ ပညာဗလအမတ်ကြီး စီရင်ခဲ့သော 'ဝိဇ္ဇာဓရဇီဝက'ကျမ်းကြီးကို တစ်ခါတည်းယူနိုင်ပါလျက် အဘယ်ကြောင့် ယူဆောင်ခြင်းမပြုဘဲ လပြည့်နေ့ညများတွင်သာ ကျောက်ဂူအတွင်းသို့ဝင်ရောက်၍ ထပ်ဆင့်ကူးယူနေသည်မှာ အဘယ့်ကြောင့်ပါနည်း။

''ကျွန်တော် တစ်ခုလောက်မေးကြည့်လို့ရမလား ဦးကြီး၊ ဟို လပြည့်ညတွေမှာ ဂန္ဓာရီအစီအမံတွေကြောင့် အန္တရာယ်ကင်းရှင်းတဲ့ညမျိုးမှာ ကြေးပုရပိုက်တွေအားလုံးကို တစ်ခါတည်းယူလိုက်ရင် ရရက်သားနဲ့ ဘာကြောင့်မယူဘဲနဲ့ တစ်ဆင့်ကူးယူနေရတာလဲဟင် ဦးကြီး''

''အင်း . . . မေးသင့်တဲ့မေးခွန်းတစ်ခုပါကွယ်၊ ဒီပုံကွဲ့







www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်မောင် . . . အဲဒီ 'ဝိဇ္ဇာဓရဇီဝက' ကျမ်းကြီးကို ဦးကြီးစပြီး လိုက်လာခါစမှာပဲ ဦးကြီးကို အိပ်မက်တစ်ခု လာပြီးပေးတယ်လေ၊ အဲဒီအိပ်မက်ထဲမှာ ဖုန်းဆိုးကုန်းတောကြီးထဲက ကျောင်းပျက်ကြီးတစ်ခုအနီးမှာ 'ဘီလူးမရှင်မအောင်ဖြူ' ရဲ့ သင်္ချိုင်းအုတ်ဂူတော်ရှိတယ်၊ အဲဒီကျောက်လိုဏ်ဂူကြီးထဲမှာ ရှင်မအောင်ဖြူရဲ့ ခေါင်းတလားကြီးနဲ့ ရွှေငွေရတနာတွေဟာ သူတို့ရဲ့ပဒ္ဒါန်းဆက် ပါရမီဆက်ကြီးသူတွေကို စောင့်မျှော်လေရဲ့လို့ ပြောလာတယ်၊ နောက်ပြီး မအောင်ဖြူရဲ့ ခေါင်းတလားကြီးထိပ်မှာ ကျောက်ကလပ်ပေါ်တင်ထားတဲ့ 'ဝိဇ္ဇာဓရဇီကဝ' ကြေးပုရပိုက်ဆေးကျမ်းကြီးရှိတယ်၊ သီလသမာဓိပြည့်စုံပြီး ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိတယ်ဆိုရင် ကျောက်လိုဏ်ဂူထဲကိုဝင်ပြီး ကြေးပုရပိုက်ထဲက ပညာရပ်တွေကို တစ်ဆင့်ကူးယူပါဆိုပြီး မကြာခဏ အိပ်မက်မြင်မက်နေတာမို့ ဦးကြီးတို့မိသားစု အခုလို ဖုန်းဆိုးကုန်းကို ရောက်လာကြတာပါပဲကွယ် . . .။

ဒီကိုရောက်တော့လည်း အိပ်မက်ထဲကအတိုင်း မအောင်ဖြူရဲ့သင်္ချိုင်းဂူကို ရှာဖွေတွေ့ရှိခဲ့တယ်လေ၊ ဒါပေမဲ့ ခက်နေတာက ပညာဗလစီမံထားတဲ့ ပင့်ကူနက်တွေရဲ့အန္တရာယ်ပဲ၊ ကျောက်ကလပ်ပေါ်က ကြေးပုရပိုက်တွေကို မြင်နေတွေ့နေရ





ပြီး ကောက်ယူကြည့်ဖို့ဆိုတာက ဘယ်လိုမှမလွယ်ကူတာကြောင့် ဦးဇာဂရစိတ်ပျက်နေတုန်း နောက်ထပ်တစ်ခေါက် ကျောက်ဂူထဲကို ဒုတိယအကြိမ်မြောက်ဝင်အလာမှာ ကျောက်လိုဏ်ဂူဝမှာ တရားမှတ်နေတဲ့ ရသေ့တစ်ပါးကို တွေ့လိုက်ရပါလေရော၊ ဦးကြီးနဲ့ သမီးကြီးတို့က ရသေ့ကြီးကို ပါလာတဲ့စားသောက်ဖွယ်ရာတွေ ကပ်လှူပြီး သေချာဝတ်ပြုဆုတောင်းကြတာပေါ့၊ ဒီမှာတင် ရသေ့ကြီးက မျက်လုံးတောင်ဖွင့်မကြည့်ဘဲ ဦးကြီးကို သတိပေးစကားတွေ ပြောတော့တာပဲ မောင်ရေ၊ 'ကျောက်ဂူကြီးထဲကို ဝင်တဲ့အခါမှာ လောဘရမ္မက် မပါမိပါစေနဲ့ဒကာ၊ နောက်ပြီး သတိပြုရမယ့်အချက်က ကျောက်ဂူထဲကနေ မည်သည့်ပစ္စည်းကိုမှ အပြင်ကိုယူဆောင်ခွင့်မပြုဘူးကွဲ့၊ တကယ်လို့ ယူဆောင်ခဲ့ရင်လည်း ယူမိတဲ့သူရဲ့ ကံကြမ္မာသာဖြစ်ကြောင်း ရှင်းပြတယ်၊ နောက်ပြီး အရေးအကြီးဆုံး လျှို့ဝှက်ချက်ကိုလည်း ပြောပြတယ်၊ အဲဒါကတော့ ကျောက်ဂူကြီးထဲမှာ ဘေးအန္တရာယ်တွေက ပြည့်နှက်လို့နေတယ်၊ အေး . . . ဒါပေမဲ့ လပြည့်နေ့ညတွေမှာတော့ ဆေးပေါင်းခတဲ့အထိမ်းအမှတ်နဲ့ ဟောဒီကျောက်ဂူကြီးထဲက အန္တရာယ်တွေကို အစောင့်အရှောက်တွေက ယာယီဖယ်ရှားပေးထားတယ် ဒကာ၊ ကိုင်း . . . ကိစ္စအားလုံးကို ဉာဏ်ရှိသလိုသာ



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲလုပ်ကိုင်ပေတော့ ဒကာရေ့. . . လို့ မှာကြားခဲ့ပြီး နောက် တစ်နေ့ သွားကြည့်တော့ ရသေ့ကြီးမရှိတော့ဘူး မောင်ရင်မောင် ရယ်''

ထူးဆန်းအံ့ဩဖွယ်ရာများနှင့် ရောပြွမ်းနေသည့် မအောင်ဖြူသချိုင်းဟောင်းမှ သိမှတ်စရာ၊ ရှောင်ကျဉ်ဖွယ်ရာများ ကို ရင်မောင် ဂရုတစိုက်မှတ်သားလိုက်ပါ၏။ ဦးဇာဂရ၏လုပ် ငန်းကို အကြောင်းစုံ သိရှိလိုက်ရသဖြင့်လည်း လောဘမဖက်သ စေတနာသက်သက်ဖြင့် ကူညီပေးမည်ဖြစ်ကြောင်း ကတိပေး လိုက်ပါတော့သည်။

ထိုသို့သောအချိန်တွင် . . .

ကျောင်းပျက်ကြီးတွင် ခေတ္တနားနေရင်း ရင်မောင့် စောင့်နေရသည့် ဦးရဲထိ၏စိတ်အစဉ်သည် မျှောက်စိတ်ကဲ့သ ဟိုသည်လူးလာပြေးလွှားလျက် ရှိနေပါ၏။

''အင်း မအောင်ဖြူသချိုင်းဂူထဲက မအောင်ဖြူ





ခေါင်းတလားကြီးထဲမှာ ရွှေငွေရတနာတွေ အပြည့်ရှိတယ်ဆိုတာ ဟိုတုန်းကတော့ ပုံပြင်ဒဏ္ဍာရီတွေ, ကောလဟာလတွေလို့ပဲ ငါ အောက်မေ့နေတာ၊ အခုတော့ ဒီလိုကိစ္စမျိုးတွေဟာ တကယ့်ကို တောခေါင်ခေါင်ထဲမှာ အမှန်တကယ်ရှိနေတာပါလား''

လူ့စိတ်သည် မျှောက်စိတ်နှင့်တူ၏။ တစ်နေရာတည်း တွင် အတည်တကျ မရှိ။ စက္ကန့်ပိုင်းလေးအတွင်းမှာပင် စိတ်ကူး များစွာကို ပြောင်းလဲမွေးဖွားပေးနိုင်စွမ်းရှိသည်ဟု ဆိုသည်။ ဤသို့ဆိုလျှင် မအောင်ဖြူသချိုင်းဂူကြီးထဲသို့ ဒုတိယအကြိမ် မြောက် ဝင်ရောက်နိုင်ခဲ့သော ဦးရဲထိ၏စိတ်သည်လည်း သူပ်ရှားယိမ်းယိုင်စ ပြုခဲ့ပါပြီကော။

'ပစ္စည်းဥစ္စာရတနာဆိုတာ လူရဲ့စိတ်ကို ပြောင်းလဲ သွားစေနိုင်သလို ဘေးအန္တရာယ်တွေကိုလည်း ဖိတ်ခေါ်လေ့ရှိ တယ်' ဆိုတဲ့စကားအတိုင်း တစ်သက်နှင့်တစ်ကိုယ် ဤမျှများ ပြားလှသော ရတနာများကို အိပ်မက်ပင်မမက်ခဲ့သော ဦးရဲထိမှာ အလိုရမ္မက်ဟူသော မတော်လောဘ၊ မတော်ဆန္ဒများက သူ၏ စိတ်နှင့် ခန္ဓာကိုယ်ကြီးကို ဘီလူးသရဲစီးသလို ဝင်ရောက်ပူးကပ် လာခဲ့သောအခါမှာတော့ . . .

မဆိုးကျော်ဦးရဲထိမှာ သူ့ကိုယ်သူပင် သတိမထားမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခင်မှာပင် သူ၏ခန္ဓာကိုယ်ကြီးက မအောင်ဖြူသချိုင်းဂူကြီး အတွင်းသို့ ရောက်ရှိနေပါချေပြီတည်း။

သူ၏မျက်စိရှေ့တွင် ကျောက်ရုပ်ဆုံကြီးများ၊ ဆေး ကျောက်ပြင်ကြီးများနှင့် မအောင်ဖြူ၏ ခေါင်းတလားနက်ကြီး ကျောက်စက်မိုးမျှော်များ၊ ကျောက်ပန်းဆွဲကြီးများနှင့် ထော ကန့်တွဲကျနေသည့် ကျောက်လိုဏ်ဂူကြီးထဲတွင် ငြိမ်သက်တိတ် ဆိတ်စွာဖြင့် ဆီးကြိုနေကြသည်သို့။

ထိုစဉ်မှာပင် သူချောင်းမြောင်းနားထောင်စဉ်က ကြား ရသော ဦးဇာဂရ၏စကားများကို ပြန်လည်ကြားယောင်လာခဲ့ လေ၏။

"နောက်ပြီး အရေးကြီးဆုံး လျှို့ဝှက်ချက်တစ်ခုကိုလည်း ရသေ့ကြီးကပြောပြတယ်၊ အဲဒါကတော့ ကျောက်ဂူကြီးထဲမှာ ဘေးအန္တရာယ်တွေက ပြည့်နှက်နေတယ်၊ အေး ... ဒါပေမဲ့ လပြည့်နေ့ညတွေမှာတော့ ဂန္ဓာရီဝိဇ္ဇာမိုရ်ဆရာတွေနဲ့ ဆေးပေါင်း ခတဲ့အထိမ်းအမှတ်နဲ့ ဟောဒီကျောက်ဂူကြီးထဲက အန္တရာယ်ရေး ကို အစောင့်အရှောက်တွေက ယာယီဖယ်ရှားပေးထားကြတယ် ကွဲ့"

ရင်မောင် ကြာမြင့်နေသဖြင့် ဘာရယ်မဟုတ် နောက်





လိုက်ပါသွားခဲ့သည်။ အခန်းတစ်ခုအတွင်းမှ စကားသံများ ကြား လိုက်သဖြင့် အမှတ်မထင် နားထောင်မိခဲ့ရာမှ ဤကဲ့သို့သော အဖိုးတန်လျှို့ဝှက်သတင်းစားများကို ကြားသိခဲ့ရခြင်းဖြစ်ပါ၏။

"အင်း ... အခုလောလောဆယ်တော့ ဆန္ဒစိတ်တွေ ပေါ်ပြီး လောဘကြီးလို့မရဘူး၊ ဟို ... ဟို ... ပင့်ကူနက်ကောင် တွေရဲ့ရန်က ရှိနေသေးတယ်၊ သူ သူတို့ပြောသလို အန္တရာယ် တွေကင်းရှင်းမယ့် လပြည့်ညကိုပဲ ငါ စိတ်ရှည်လက်ရှည်စောင့် တော့မယ်၊ အခုတော့ ဟန်မပျက်ပြန်ပြီး သူတို့နဲ့ ရောနေလိုက် ဦးမယ်"

ဤသို့ဖြင့် ဦးရဲထိမှာ လက်တစ်ကမ်းအလိုတွင် တွေ့မြင် နေရပြီဖြစ်သော မအောင်ဖြူခေါင်းတလားကြီးအတွင်းမှ ရတနာ များကို လက်လျှော့နောက်တွန့်ကာ ကျောက်လိုဏ်ဂူကြီးအတွင်း မှ ပြန်လည်၍ ထွက်ခွာလာခဲ့ပါတော့သည်။

ကျောက်လိုဏ်ဂူအပြင်မှာတော့ ဝင်လုဆဲနေလုံးနီနီကြီး က ဂေါ်ရာတောင်ထက်တွင် မေးတင်ခိုနားစပြုနေပါချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

### ဖုန်းဆိုးကုန်း၏ ရန်သူတော်များ

ဂျပန်အလံတော်က ယာယီစခန်းချထားသည့် နတ်ရဲ ကုန်းမျှာလယ်ကျောင်းတိုက်အတွင်းရှိ တိုင်ထိပ်တွင် တလူလူလွင့် ပျံနေပါ၏။ ကျောင်းတိုက်ယာယီဂျပန်ရုံးခန်းအတွင်းမှာတော့ ကြွက်အော်သကဲ့သို့ ကျိုကျိုမြည်နေသော အသံဖမ်းစက်တစ်ခု အနီးတွင် တကုပ်ကုပ်နှင့် အလုပ်ရှုပ်လျက်ရှိကြပါသည်။

ဂျပန်စစ်ဗိုလ်ရာမာရှီတာအနီးမှာတော့ ဂျပန်စကားပြန် မောင်တင်က အနီးကပ်လျက် တွတ်ထိုးနေပါ၏။ စကားပြန် မောင်တင်၏ စကားများကို ရာမာရှီတာက ရွှေသွားများပေါ် အောင်ပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်နေသည်ကိုပါ တွေ့ မြင်လိုက်ရသည်။

"ဒီလိုဆိုရင် အဲဒီဖောက်ထွင်းဝိဇ္ဇာငြိမ်းနဲ့ ဗိုလ်ကြီးကို





တွေ့ပေးမယ်လေ၊ တစ်ခါတည်း ပါလာခဲ့တာပါ၊ ဗိုလ်ကြီးက ဒီကိစ္စကို စိတ်ဝင်စားတယ်ဆိုမှ ကျွန်တော်က တွေ့ပေးမယ်လို့ စိတ်ကူးထားလို့ပါ ဗိုလ်ကြီး"

"အိုး ယောရောရှိ ယောရောရှိ"

စကားပြန်မောင်တင်မှာ သူ၏အစီအစဉ်ကို သဘောကျ လက်ခံသွားသည့်အတွက် ကျေနပ်ပီတိဖြစ်နေပါလေ၏။ လွန်ခဲ့ သောသုံးလခန့်က ဖောက်ထွင်းမှုမသင်္ကာမှုဖြင့် ဖမ်းဆီးခဲ့သော ဖောက်ထွင်းဝိဇ္ဇာငြိမ်းသည် သူ၏လွတ်မြောက်ရေးအတွက် မက် လုံးတစ်ခုပေးကာ စကားပြန်မောင်တင်အား စည်းရုံးခဲ့သည်။ ငြိမ်း ကံကောင်းချင်တော့ စကားပြန်မောင်တင်ကလည်း သူ ကိုယ်တိုင် သတင်းသဲ့သဲ့ကြားထားသည့် ရတနာသိုက်တစ်ခုနှင့် ဆက်စပ်နေသဖြင့် ငြိမ်းကို အချုပ်မှ လွတ်မြောက်စေခဲ့သည် ဟုတ်ပါလား။

ယခုအချိန်တွင် ဂျပန်တို့သည် အင်္ဂလိပ်မဟာမိတ်တို့၏ မြေပြင်ဝေဟင်ထိုးစစ်ကို မခံနိုင်တော့သဖြင့် မြန်မာပြည် မျက်နှာမှ ဆုတ်ခွာပေးနေကြရချိန်ဖြစ်ပါ၏။ ပြီးခဲ့သည့် သုံး လခန့်ကဆိုလျှင် မဟာမိတ်တို့၏ ကျွဲညိုနောင်ခေါ် လေယာဉ်ပျံ ကြီးနှစ်စီးသည် တဝေါဝေါအသံကြီးများနှင့် ငွေယားကုန်း၊ နတ်



www.burmeseclassic.com

www.burmeseclassic.com

ရဲကုန်း၊ ရွှေလှောင်ကုန်းတစ်ဝိုက်တွင် သုံးကြိမ်ခန့် လှည့်ပတ်ပျံသန်းရင်း တစ်စုံတစ်ရာကို ရှာဖွေနေကြဟန်တူသည်။ ထိုအချိန်တွင် နတ်ရဲကုန်းရွာတွင် ယာယီပုန်းခိုနေကြသည့် ဂျပန်စစ်ဗိုလ်ရာမာရှီတာတို့အုပ်စုသည် တုတ်တုတ်မျှပင် မလှုပ်ရဲကြ။ လေယာဉ်ပျံနှစ်စီးကမူ မြေပြင်နှင့် နီးကပ်စွာပျံသန်းကြရင်း ကုန်းငါးကုန်းတစ်ဝိုက်တွင် အတန်ကြာမျှ လှည့်လည်ကြည့်ရှုနေကြပါသည်။

ဂျပန်တပ်ခွဲကား ကျွဲညီနောင်ကို ကြောက်ရွံ့ကြသည်ထင့်။ မြေကြီးထဲသို့ နစ်ဝင်သွားကြလုမတတ် ပုန်းလျှိုးနေကြသည်။ နတ်ရဲကုန်းရွာသားများမှာလည်း အချိန်အတန်ကြာ လှည့်ပတ်ပျံဝဲနေသည့် လေယာဉ်ပျံနှစ်စီးကို ရင်တမမနှင့် ကြည့်နေကြပါလေ၏။ ခဏကြာတော့ လေယာဉ်ပျံနှစ်စီးလုံး ရန်ကုန်မြို့ဘက်သို့ ဦးတည်၍ ပျံသန်းထွက်ခွာသွားကြမှ တစ်ရွာလုံး သက်ပြင်းချနိုင်ကြပါလေတော့သည်။

ထိုအရေးကြောင့် စကားပြန်မောင်တင် စိတ်မအေး ဖြစ်နေရပါသည်။ ထို့ကြောင့် ဖောက်ထွင်းဝိဇ္ဇာငြိနှင့် တိုင်ပင်ထားသည့်ကိစ္စကို ဂျပန်ဗိုလ်ကြီးရာမာရှီတာအား ဖွင့်ဟပြောကြားလိုက်ပါတော့သည်။ ထိုအကြံအစည်သည် စစ်အတွင်းဝယ်





အသက်မသေဘဲ ကျန်ရစ်ခဲ့မည်ဆိုလျှင် ဆယ်သက်တိုင်စားတောင် ကုန်နိုင်အံ့မထင်သည့် 'ရှင်မအောင်ဖြူသိုက်' ပင် ဖြစ်ပါတော့သည်။

စကားပြန်မောင်တင်က အချိန်မဆွဲတော့ဘဲ ယနေ့မှာပင် ဖောက်ထွင်းဝိဇ္ဇာငြိကိုခေါ်ကာ ဂျပန်စစ်ဗိုလ်ရာမာရှီတာနှင့် တွေ့ဆုံဆွေးနွေးကြသည်။ တကယ့်လက်တွေ့ 'ရှင်မအောင်ဖြူသိုက်' ကိစ္စကို ဆွေးနွေးကြတော့ လမ်းပြအခက်အခဲနှင့် ကြုံတွေ့လာရသည်။ နေရာကိုလည်းသိသည်။ ဝင်လမ်းထွက်လမ်းများကိုလည်း ငြိက မြေပုံညွှန်းနှင့်တကွ အတိအကျညွှန်းပေးသည်။ သို့သော် နာမည်ကျော် ပုန်းဆိုးတောကြီးဆီသို့ သွားရောက်ဖို့အရေးက ကျွမ်းကျင်သော လမ်းပြတစ်ယောက်တော့ မဖြစ်မနေလိုအပ်နေသည်မဟုတ်ပါလား။

"ကိစ္စမပါဘူး ငြိ၊ လမ်းပြကိစ္စကို ငါစီစဉ်လိုက်မယ်၊ ဒီနတ်ရဲကုန်းမှာ မုဆိုးတစ်ယောက်ရှိတယ်ကြားတယ်၊ သူ့ကိုလမ်းပြဖို့ စိတ်ကြိုက်ငွေပေးပြီး ပုန်းဆိုးတောမှာ လမ်းပြခိုင်းလိုက်ရင် လွယ်သွားပြီပေါ့ ငြိရယ် ...ဟင်း ဟင်း ဟင်း"

ထိုကိစ္စကို ဗိုလ်ကြီးရာမာရှီတာအား တင်ပြလိုက်တော့ အမြန်ဆုံး အကောင်အထည်ဖော်ရန် စကားပြန်မောင်တင်အား



www.burmeseclassic.com

www.burmeseclassic.com

အမိန့်ပေးစေခိုင်းလိုက်ပါတော့သည်။ ယခုတော့ စကားပြန်မောင်တင်၏ အဖြစ်ချင်ဆုံးသော ဆန္ဒတို့သည် တစ်စတစ်စ အကောင်အထည်အဖြစ် ပေါ်လာခဲ့ပါချေပြီတည်း။

ထိုသို့သောအချိန်တွင် ...

မုဆိုးဦးရဲထိနှင့် ရင်မောင်တို့သည်လည်း လပြည့်ည ရောက်ရန် ငါးရက်ခန့်လိုသေးသဖြင့် နတ်ရဲကုန်းသို့ ဟန်မပျက် ပြန်လည်၍ ရောက်ရှိနေကြသည်။ သည်တစ်ကြိမ်တွင်မူ ဖမ်းဆီး ရရှိထားသော မြွေများကို အဘထော်ကိုယ်တိုင် မြို့သို့ တိတ်တ ဆိတ်သွားရောက်ပို့ဆောင်ရမည့် အခြေအနေက ရင်မောင်တို့အ တွက် ကံကောင်းခြင်းလက်ဆောင်များ ဖြန့်ဝေပေးလိုက်သည်သို့ ထို့ကြောင့် ရင်မောင်မှာ အဘထော် မြို့သို့တက်သွားသည့်နေ့မှာ ရင် ဦးကြီးရဲထိကိုခွင့်တောင်းကာ မအောင်ဖြူရှိရာ ပုန်းဆိုးကုန်း ဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ယခုဆိုလျှင် နာမည်ကျော်ပုန်းဆိုးကုန်းကြီးသည် ရင်မောင့်အတွက် မီးပင်လယ်မဟုတ်သလို ဓားတောင်လည်းမဟုတ် တော့ပါ။ မကြာခင် ချစ်သူ့နယ်မြေဖြစ်ရန် နိမိတ်ပုံဆောင်နေကြ သည်သို့။

''အစ်ကိုရယ် သည်ခရီးနဲ့ သည်ခရီးက နီးတာလည်း





မဟုတ်ဘဲနဲ့ ဘယ်လိုကြောင့် ဒီပုန်းဆိုးကုန်းကို ခဏခဏလာနေ ရတာလဲဟင်''

မအောင်ဖြူနှင့် ကျောင်းပျက်ကြီးနောက်ဖေးရှိ မြက်ခင်း စိမ်းစိမ်းပေါ်တွင် စကားပြောဖြစ်ကြသည်။ ယခုလည်း မအောင် ဖြူမေးလိုက်သည့် စကားတစ်ခွန်းအတွက် အကောင်းဆုံးအဖြေ ကို ပေးရန်အတွက် ရင်မောင် အတန်ကြာမျှ စဉ်းစားနေပါ၏။ ပြီးမှ မရွံ့မရဲပုံစံဖြင့် ...

''ဟုတ်တယ် မအောင်ဖြူ၊ အစ်ကိုလည်း ဒီမေးခွန်းကို ကိုယ့်ကိုယ်ကိုယ် ခဏခဏမေးကြည့်တယ်၊ အင်း ... ခက်နေ တာက ရွာကိုပြန်ရောက်ရင်လည်း မအောင်ဖြူကိုပဲ သတိရနေမိ တယ်၊ စိတ်ထဲမှာလည်း မအောင်ဖြူရဲ့မျက်နှာလေးကိုပဲ အမြဲ ကြည့်နေချင်မိတယ်၊ သေချာစဉ်းစားကြည့်တော့ မအောင်ဖြူရဲ့ အပေါ်မှာ အစ်ကို သံယောဇဉ်ဖြစ်နေပြီဆိုတာ သိလိုက်ရတယ်၊ အဲ .. ဒီ ... အဲဒီတော့ ... ဟို ... ဟို ...''

''အို အစ်ကိုကလည်း ဘာတွေပြောနေမှန်းမသိဘူး''

မအောင်ဖြူက ရှက်ကိုးရှက်ကန်းအမူအရာနှင့် မျက်နှာ ကြီးကို အောက်သို့ငုံ့ကာ မြက်ပင်အချို့ကို အဓိပ္ပာယ်မဲ့ ဆွဲနုတ် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို တကယ်ပြောနေတာပါ မအောင်ဖြူ၊ ခေတ်ကာလအခြေအနေကလည်း ကောင်းတာမဟုတ်ဘူး၊ အခုလာမယ့်လပြည့်ညမှာ ဦးကြီးရဲ့အစီအစဉ်တွေ အားလုံးပြီးသွားရင် အစ်ကို မအောင်ဖြူတို့မိသားစုကို စောင့်ရှောက်ပါရစေလားကွယ်နော်"

လေပြည်တစ်ချက်က မအောင်ဖြူလေး၏ ဆံနွယ်တချို့ကို တို့ထိနမ်းရှိုက်သွားကြသည်။ တောပန်းရနံ့မွှေးမွှေးလေးများကလည်း လေပြည်စီးကြောထဲတွင် အလိုက်သင့် စီးမျောနေကြပါ၏။ ဆိုရပါလျှင် မြေကြမ်း နတ်ကြမ်း အစောင့်အရှောက်များ ကြမ်းသည်ဆိုသော နာမည်ကျော်ပုန်းဆိုးကုန်းမြေသည် မအောင်ဖြူတို့နှစ်ဦးကြောင့် အချစ်ရနံ့လေးများပင် စီးမျောဝဲလွင့်နေကြပြီလေလား။

"အစ်ကိုရယ် မအောင်ဖြူလေ အစ်ကို့ရဲ့သဘောကို နားလည်နိုင်တဲ့သူပါရှင်၊ မအောင်ဖြူတို့မှာ သံယောဇဉ်တွယ်စရာဆိုလို့ ဒီမိသားစုလေး သုံးယောက်ပဲရှိကြတာဆိုတော့ အစ်ကိုသာ မအောင်ဖြူတို့ဘဝလေးထဲကို ဝင်လာမယ်ဆိုရင် အတိုင်းထက်အလွန်ပဲပေါ့ အစ်ကိုရယ်"

"ဟင် ဒါ ... ဒါ ... ဒါဆို အစ်ကို ဝမ်း ... ဝမ်းသာ





ရတော့မှာပေါ့နော် မအောင်ဖြူ"

"တွေ့တွေ့ချင်း မအောင်ဖြူရဲ့အသက်ကို ကယ်တင်ပေးခဲ့တဲ့ညကတည်းက အစ်ကိုကို အမြဲသတိရနေတဲ့သူပါရှင်၊ မိသားစုရဲ့ဘဝလေး လုံခြုံစိတ်ချနိုင်ရေးအတွက်သာ အစ်ကို့ကို သချိုင်းပျက်မှာ စွန့်ပစ်ခဲ့ရတဲ့ညက အသည်းပေါက်မတတ် ငိုခဲ့ရပါတယ်၊ အခု ရေစက်မကုန်လို့ အစ်ကိုနဲ့ ပြန်ပြီးတွေ့ခွင့်ရတဲ့အတွက် မအောင်ဖြူ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ အစ်ကိုရယ်"

"ဟာ ... မအောင်ဖြူကလည်း နိမိတ်မရှိ နမာမရှိ ပျော်ရွှင်စရာကောင်းတဲ့အချိန်မှာ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

ပြောပြောဆိုဆိုနှင့် ရင်မောင်မှာ မအောင်ဖြူ၏လက်ကလေးကို အသာအယာဆုပ်ကိုင်လိုက်သည်။ မရုန်းမဖယ် ယိမ်းနွဲ့၍ပါလာသည့် မအောင်ဖြူ၏ကိုယ်လုံးလေးကို ထွေးပွေ့ရန် ပြင်လိုက်စဉ်မှာပင် ...

"ဟော ... အစ်ကိုနဲ့ မမက ဒီကိုရောက်နေကြတာကိုး၊ ဖေဖော အစ်ကို့ကိုတွေ့ချင်တယ်ဆိုလို့ လိုက်ရှာနေတာ၊ ဟိုဖေ ပုရပိုက်တွေထားတဲ့အခန်းထဲမှာ အစ်ကို့ကိုစောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နောက်မှ ထွက်ပေါ်လာသောစကားသံ ကြောင့် ရင်မောင်၏လက်များက လေထဲတွင်ပင် ဖျိုင်းကြီးပျံနေ သလို တန့်သွားပါလေတော့သည်။ ထိုသည်ကို မအောင်ဖြူက သဘောကျစွာ တခစ်ခစ်ရယ်မောရင်း မြက်ခင်းစပ်မှ ညီအစ်မ နှစ်ယောက်စလုံး ထ၍ပြေးထွက်သွားကြပါတော့သတည်း။

စာစု (၂၂)

## မြေခွေးတစ်ကောင်၏ အကြံအစည်

ရုတ်တရက် ကြားလိုက်ရသောစကားကြောင့် ဦးရဲထိ ဒိတ်ခနဲ ရင်ခုန်သွားပါလေ၏။ ထို့အတူ ပျက်ယွင်းသွားသည့် မျက်နှာကိုလည်း အချိန်မီပြင်ဆင်ကာ ဂျပန်စကားပြန်ဆိုသည့် မောင်တင်ဆိုသူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

''ဘယ်လိုလဲ ဦးရဲထိ ...ဖုန်းဆိုးကုန်းရဲ့ တကယ့် အခြေအနေမှန်ကို ကျုပ်သိချင်တယ်၊ ပြီးရင် အဲဒီဖုန်းဆိုးကုန်းက ခင်ဗျားကိုယ်တိုင် လမ်းပြပေးရမယ်၊ အဲဒီအတွက် ရွှေ ... ခင်ဗျားအတွက် ကြိုတင်လုပ်အားခ''

'ဘုတ်'

ဘုတ်ခနဲ စားပွဲပေါ်သို့ ပြုတ်ကျလာသည့် ဂျပန်ငွေစက္ကူ တစ်ထပ်က ဦးရဲထိကို ညို့ငင်ဆွဲယူနေသည့်သို့၊ ဤကိုမွှာသာ



www.burmeseclassic.com

www.burmeseclassic.com



တူတော်မောင်ရင်မောင်တစ်ယောက် သိရှိသွားမည်ဆိုလျှင်။ ဦးရဲထီရင်ထဲတွင် ဆူပွက်လှုပ်ခတ်နေပါ၏။ ဂျပန်စကားပြန်မောင်တင်သည် အဘယ့်ကြောင့် ဖုန်းဆိုးကုန်းကို သွားချင်ရပါသနည်း။ ယခုမှပင် ဖုန်းဆိုးကုန်းခရီးစဉ်သည် ဂျပန်များနှင့် မည်ကဲ့သို့ ပတ်သက်လာခဲ့ပါသနည်း။

သူ၏ရှေ့တည့်တည့်မှာတော့ ဂျပန်စစ်ဗိုလ်ရာမာရှီတာ၏ နီစပ်စပ်မျက်နှာကြီးက ဘီလူးသရဲတစ်ကောင်နှယ်။ သူသာ အဖြေမကောင်းခဲ့လျှင် ဂျပန်စစ်ဗိုလ်ရာမာရှီတာ၏ ဂျပန်ဓားရှည်ကြီးက သူ့လည်ကုပ်ပေါ် ဝဲသွားလေမည်လား။

"အင်း ... ကျုပ်တို့စုံစမ်းရသလောက်ဆိုရင်တော့ ဖုန်းဆိုးကုန်းဟာ အန္တရာယ်အလွန်များတဲ့ တောကြမ်းမြေကြမ်း နေရာ တစ်ခုပဲလို့သိရတယ်၊ ခင်ဗျား အဲဒီဖုန်းဆိုးကုန်းတောကို ဘယ်နှစ်ကြိမ်ရောက်ဖူးသလဲ၊ ဘယ်လိုအန္တရာယ်မျိုးတွေ များသလဲ ... ပြောပါ"

"အင်း ... ကျုပ်အမဲပစ်ရင်းနဲ့ ဖုန်းဆိုးတောကြီးထဲကို သုံးလေးခေါက်လောက်တော့ ရောက်ဖူးတယ်၊ သိပ်တော့ ပြောသလောက် အခြေအနေမဆိုးပါဘူး၊ ဒါပေမဲ့ မြေကြမ်းတောကြမ်းနဲ့ မတွေ့နိုင်မမြင်နိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေကတော့ အများကြီးရှိတာပေါ့၊ အထူးသဖြင့် မြွေတွေပေါတယ်၊ သစ်ပင်ကြီးတွေ, ဝါးပင်ကြီးတွေပေါတော့ သတ္တဝါကြီးတွေတော့ နိုအောင်းကျက်စားတတ်ကြတာပေါ့၊ ဖြစ်နိုင်ရင်တော့ လက်နက်အပြည့်အစုံနဲ့သွားရင် ပိုပြီးသင့်တော်မယ် မာစတာ"

သူတို့အလိုကို ငြင်းပယ်၍လည်း မဖြစ်။ လက်ခံလိုက်ပြန်လျှင်လည်း အခြေအနေက ရှုပ်ထွေးလာနိုင်သည် မဟုတ်လား။ အခြေအနေကြည့်၍ မီးစင်ကြည့်ကရပေလိမ့်မည်။ ဤဂျပန်စစ်ဗိုလ်နှင့် စကားပြန်တို့သည် မည်ကဲ့သို့ အစီအစဉ်ရှိကြမှန်းလည်း သူ မသိ။ ထိုအစီအစဉ်ကို သူ့လိုလမ်းပြမှဆိုးတစ်ယောက်အားလည်း ပြောမည်မဟုတ်မှန်း သိနေပါ၏။

"အင်းလေ ... ဟုတ်ပြီ၊ ဒီရက်အတွင်းမှာ ဘယ်ကိုမှ မသွားပါနဲ့၊ ကျုပ်တို့ဘက်က အစစအရာရာ အဆင်သင့်ဖြစ်ပြီဆိုရင် ခင်ဗျားဆီကို အကြောင်းကြားလိုက်မယ်၊ တစ်ခုခုလွဲချော်သွားခဲ့ရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲလို့သာ မှတ်ယူလိုက်ပါ ဦးရဲထီ၊ ကဲ ... ခင်ဗျားပြန်နိုင်ပြီ"

စကားပြန်မောင်တင်က ဦးရဲထီအပြန်တွင် ဂျပန်ငွေစက္ကူတစ်ထပ်အပြင့် ပိတ်စအုပ်များ၊ ငါးသေတ္တာဘူးများနှင့် မှန့်ပုံးတစ်ပုံးကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်ပါသေးသည်။







www.burmeseclassic.com

www.burmeseclassic.com



ဦးရဲထိခမျာ ယခုမှ ဆုတ်လည်းစူး စားလည်းရှူးဘဝသို့ ဆိုက်ရောက်နေရပါပြီ။ ဤကိစ္စကို ရင်မောင်အား ကြိုတင်၍အသိပေးထားမှုဖြစ်မည်။ ဂျပန်များသာ ဖုန်းဆိုးကုန်းတောကြီးအတွင်းသို့ ဝင်ရောက်မွှေနှောက်ကြမည်ဆိုလျှင် မအောင်ဖြူသချိုင်းဂူနှင့် ဦးဇာဂရတို့မိသားစု ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ကြရပေလိမ့်မည်။

"အင်း . . . ဟောဒီခွင်ကိုသာ သေသေချာချာ ဆင်နိုင်မယ်ဆိုရင်တော့ ငါကြံစည်ထားတဲ့ ရတနာပစ္စည်းတွေကို အလွယ်တကူ ရရှိနိုင်မယ်၊ တစ်ဦးတစ်ယောက် ကောင်းစားချင်တယ်ဆိုရင်တော့ တစ်ဖက်ဖက်ကိုတော့ စတေးမှရနိုင်မယ်၊ ငါ . . . ငါ ဘာလုပ်ရင်ကောင်းမလဲ၊ ဘယ်လိုလုပ်ရင် အဆင်ပြေနိုင်မလဲ၊ ရင်မောင်သိသွားရင်ကော ဘာတွေဖြစ်လာနိုင်မလဲ၊ ဟူး . . . စိတ်ရှုပ်စရာကောင်းလိုက်တာ၊ ဒီဂျပန်ကောင်တွေဝင်လာရင် ငါ့အကြံအစည်တွေတောင် ပျက်စီးသွားနိုင်ပါလား"

ဦးရဲထိမှာ သက်ပြင်းမောကြီးတစ်ခုကိုသာ မသက်မသာနှင့် ချလိုက်ပါတော့သည်။ အခြေအနေသည် သူထင်သလိုဖြစ်လာနိုင်ရန် မလွယ်ကူလှပါ။ ရင်မောင်ပြန်လာမှသာ ထိုအကြောင်းကို အသေးစိတ်ပြောပြရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့





သည်။ ထိုနေ့က ရင်မောင်တစ်ယောက် မိုးကြီးချုပ်မှ အိမ်သို့ပြန်လည်ရောက်ရှိလာပါ၏။

ခရီးရောက်မဆိုက်ပင် နေ့လယ်ခင်းက ဂျပန်စကားပြန်မောင်တင်နှင့် ဂျပန်စစ်ဗိုလ်တို့ လာရောက်ခေါ်ငင်ကြသဖြင့် ဂျပန်ကင်ပေတိုင်ရုံးသို့ သွားရောက်ခဲ့ပုံ၊ ဖုန်းဆိုးကုန်းသို့ လမ်းပြခေါ်ဆောင်ပုံများနှင့် ဂျပန်များပေးထားသည့် ငွေစက္ကူများ၊ ပိတ်အုပ်စများကိုပါ ရင်မောင်အား ခရေစေ့တွင်းကျ ပြောပြလိုက်ပါလေတော့သည်။

ကြားရခါစမှာတော့ ရင်မောင် ထိတ်လန့်အံ့သြသွားမိသည်။ နောက်မှ တဖြည်းဖြည်း စိတ်အေးအေးနှင့် စဉ်းစားတွေးဆကြည့်သည်။ ဂျပန်တို့သည် ဖုန်းဆိုးကုန်းကို အကြောင်းမဲ့တော့ စိတ်ဝင်စားလိမ့်မည် မဟုတ်။ သူတို့အတွက် တစ်စုံတစ်ခု အကျိုးရှိနိုင်မည်ဟု ယူဆသဖြင့်သာ ဤမျှလောက် နာမည်သတင်းဆိုးများထွက်နေသည့် ဖုန်းဆိုးကုန်းသို့ မြွေမကြောက်ကင်းမကြောက် ဝင်ရောက်မွှေနှောက်ကြပေရော့မည်။

"အင်း . . . ဒီကိစ္စကို ဦးကြီးဇာဂရကို အကျိုးအကြောင်း အမြန်ဆုံးရှင်းပြမှဖြစ်မယ်၊ ဒါဟာ သူတို့အတွက် ကြီးမားလှတဲ့ အန္တရာယ်တစ်ခုပဲ၊ ခက်တာက လိုဏ်ဂူကြီးထဲကို ဝင်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လပြည့်နေ့ညတစ်ညပဲ ဝင်ခွင့်ရှိတာဆိုတော့ အင်း ဘယ်လိုများ စီစဉ်ရပါ့မလဲ၊ ဒါထက် ဟိုဂျပန်ကောင်တွေက ဘယ်နေ့လောက် သွားကြမှာတဲ့လဲ ဦးကြီး''

''အဲဒီကိစ္စကတော့ အတိအကျမပြောသေးဘူး၊ ဒါပေမဲ့ ငါ့ကိုတော့ ဒီရက်ပိုင်းအတွင်းမှာ ဘယ်ကိုမှ ခရီးမထွက်ပါနဲ့လို့ မှာထားတယ်၊ နောက်ပြီး ငါ့ကို စကားပြန်ကောင်က ခြိမ်းခြောက်လိုက်သေးတယ်၊ တစ်ခုခုလွဲချော်သွားခဲ့ရင်တော့ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံပဲတဲ့၊ ဟင်း ...တောက် ...မနိုင်လို့သာ ငြိမ်ခံနေရတာ၊ ဖြစ်နိုင်ရင် နေရာမှာတင် အသက်ချင်းလဲပစ်လိုက်ချင်တယ်ကွာ''

ဦးရဲထိမှာ သူ့အား အသားလွတ်ကြီးခြိမ်းခြောက်သွားသည့် ဂျပန်စကားပြန်မောင်တင်ကို မကျေမနပ်ဖြစ်နေမိသည် မဟုတ်ပါလား။

''စိတ်ကိုလျှော့ ဦးကြီးရေ ...စိတ်ကိုလျှော့၊ ဒီကောင်တွေ တကယ်တော့ ကိုယ့်သေတွင်းကိုယ်တူးကြတာပဲ ဦးကြီး ဟောဒီနတ်ရဲကုန်းရွာမှာ ကျွန်တော်တို့ သူတို့ဂျပန်တွေကို မယှဉ်နိုင်ပေမယ့် ဖုန်းဆိုးကုန်းလို ရှုပ်ထွေးနေတဲ့ တောနက်ကြီးထဲမှာ ဒီ ဂျပန်ကောင်တွေဟာ ကျွန်တော့်အတွက် ငန်းမြွေတစ်ကောင်





လောက်တောင် မှုစရာမလိုပါဘူး ဦးကြီးရယ်၊ ဟင်း ဟင်း ဟင်း ...တောင် ...တောင် ...မင်းဟာ ငါ့ရဲ့ခွတုတ်အောက်မှာ ခေါင်းလျှို ဝင်လာရမယ့် ရေမြွေတစ်ကောင်ပါကွာ ...ဟင်း ဟင်း''

ထို့နောက်မှာတော့ ရင်မောင်မှာ ဦးကြီးရဲထိနှင့် အသေးစိတ် ဆွေးနွေးကြပါလေ၏။ ဂျပန်များက လမ်းပြခေါ်သည့်အချိန်သည် အကယ်၍ လပြည့်နေ့နှင့် တိုက်ဆိုင်နေခဲ့လျှင် ဖုန်းဆိုးတောကြီးထဲဝယ် တတ်နိုင်သလောက် အချိန်ဆွဲထားရန်နှင့် အကယ်၍ လပြည့်နေ့နှင့် လွဲချော်နေခဲ့လျှင်လည်း အချိန်မီ အကြောင်းကြား၍ ဖုန်းဆိုးတောမှ အပိုင်စောင့်ကာ ဂျပန်များကို သုတ်သင်ပစ်ရန်ဟူသော ကိစ္စများကို အပြီးအပြတ် တိုင်ပင်ဆွေးနွေးကြသည်။ ပြီးလျှင် ဦးကြီးရဲထိကိုလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါရန် မှာကြားခဲ့ပြီး မနက်အရုဏ်တက်စအချိန်မှာပင် ရင်မောင်တစ်ယောက် လက်နက်ရိက္ခာအပြည့်အစုံဖြင့် ဖုန်းဆိုးတောကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံညို့ အကြို့အကြား ယှိဖိတ်ပြူဆင်းလျက်ရှိကြသော နေရောင်ခြည်တန်းများသည် ဖုန်းဆိုးတောကြီးထဲတွင် ယှက်ဖြာကျဆင်းနေကြပါ၏။ သို့သော် နွေနေ့လယ်၏ ဖုန်းဆိုးတောကြီးထဲတွင်ကား အေးစိမ့်စိမ့်ဖြင့် ရှိနေပါသေးသည်။

ကျောင်းပျက်ကြီးထဲမှာတော့ ဦးဇာဂရနှင့် မအောင်ဖြူတို့ ညီမနှစ်ယောက်တို့မှာ ရင်မောင်ပြောပြနေသည့် စကားများကို နားထောင်နေကြရင်းမှ မျက်နှာထားများ သိသိသာသာပင် တင်းမာခက်ထန်လာသည်သို့။ ရင်မောင် ရှင်းပြပြောဆိုနေသည့် စကားများကို တစ်ခွန်းတစ်ပါဒမျှ ဖြတ်၍မမေးကြဘဲ ရင်မောင်၏ စကားဆုံးသွားတော့မှပင် ဦးဇာဂရက စတင်၍ သံပြတ်နှင့်မေး လိုက်သည်။

"အဲဒီ ဂျပန်စကားပြန်ဟာ မောင်တင်ဆိုတာ သေချာရဲ့လား မောင်ရင်မောင်၊ ဖြစ်နိုင်ရင် သူ့ရဲ့ပုံပန်းသဏ္ဌာန်လောက် ဦးကြီးကို ပြောပြပါလား"

ဦးဇာဂရ၏ ထူးခြားသောစကားကြောင့် ရင်မောင်မှာ ဂျပန်စကားပြန်မောင်တင်၏ ပုံပန်းသဏ္ဌာန်ကို အနီးစပ်ဆုံး





ဖော်၍ ပြောပြလိုက်ပါ၏။

"ဟင်း . . . သေချာတယ်အဖေ သူမှသူအစစ်ပဲ၊ ဒီလိုဆို တင်ဟာ ဒီအထိတောင် ခြေလှမ်းကြလာပါလား"

"အင်း . . . ကောင်းတဲ့ကုသိုလ်ကံရေစက်တွေနဲ့ ဆုံတွေ့ကြရသလို မကောင်းတဲ့အကုသိုလ်အတိတ်ဆိုးတွေရဲ့အောက်က လည်း အခုချိန်ထိ ရုန်းထွက်လို့မရနိုင်သေးပါလား ကွယ်တို့"

သားအဖနှစ်ယောက်၏ စကားအသွားအလာ မျက်နှာအသွင်အပြင်များကြောင့် ဂျပန်စကားပြန်မောင်တင်နှင့် မအောင်ဖြူတို့ သားအဖတို့ကြားတွင် အတိတ်ဆိုးတစ်ခုရှိခဲ့ကြောင်း ညွှန်းဆိုပြနေသည်သို့။

"ဘာဖြစ်လို့ပါလဲ ဦးကြီး၊ ဒီဂျပန်စကားပြန်မောင်တင်နဲ့ သိလို့လား၊ သူနဲ့ ဘယ်လိုရန်ငြိုးရန်စတွေ ရှိခဲ့လို့ပါလဲ ဦးကြီး၊ ကျွန်တော်သိခွင့်ရှိရင် သိပါရစေ၊ ကျွန်တော့်မှာလည်း ဒီကောင်တွေနဲ့ပတ်သက်ပြီး လုပ်စရာတွေရှိသေးလို့ ဖုန်းဆိုးကုန်းကို အစောကြီး ကြိုပြီးထွက်လာခဲ့တာပါ၊ ဟောဒီဖုန်းဆိုးကုန်းဟာ ဒီလို အမျိုးဖျက်သစ္စာဖောက်တွေနဲ့ ဂျပန်မိစ္ဆာကောင်တွေအတွက် နောက်ဆုံးသင်္ချိုင်းမြေဖြစ်စေရမယ်"

"ဟင်း ဟင်း . . . နောက်ဆုံးတော့ ဒီလိုပဲ ဇာတ်သိမ်းရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ကွယ်၊ အဲဒီစကားပြန်မောင်တင်ဟာ ဦးကြီးရဲ့ဘဝမှာ အကြီးမားဆုံး ရန်သူတော်ကြီးတစ်ယောက်ပဲ မောင်ရင်မောင် သူ့ရဲ့အသံကို မကြားချင်သလို ဖြစ်နိုင်ရင် သူ့ရဲ့မျက်နှာကိုလည်း မမြင်ချင်ဘူး၊ အဲဒီလောက်တောင် ရွံ့မုန်းသွားခဲ့ရတာပါ၊ သူ့ ကြောင့် ဦးရဲ့မိန်းမ မအောင်ဖြူရဲ့မိခင်ဟာ သေဆုံးခဲ့ရရှာတယ် ဦးဇနီးရဲ့ တစ်ဦးတည်းသောမောင်ငယ်ဟာ စကားပြန်တင် ကြောင့် ချွေးတပ်စခန်းကို အဓမ္မပါသွားခဲ့ရတယ်၊ ဂျပန်တွေရဲ့ ချွေးတပ်ဆွဲခြင်းခံရတာဟာ သေတွင်းကို ဆင်းခိုင်းလိုက်တာနဲ့ အတူတူပဲပေါ့၊ နောက်ဆုံး သူ့ရဲ့မောင်ငယ်စိတ်နဲ့ ဦးရဲ့ဇနီးလည်း ဆုံးပါးခဲ့ရတယ်၊ ဒါနဲ့တောင် သူ့ရဲ့ဝဲဇာရိုက်ဆိုးကြီးက မပြီးသေး ဘူး၊ သမီးကြီးမအောင်ဖြူကို ရိသဲ့သဲ့လုပ်တယ်၊ ဂျပန်တွေနဲ့ ပေါင်းပြီး ယုတ်မာချင်တဲ့စိတ်တွေမွေးတယ်၊ သူ့သမီးကိုလိုချင်လို့ ဖခင်ဖြစ်တဲ့ဦးကို အကွက်ဆင်ပြီးဖမ်းတယ်၊ ဒါပေမဲ့ ဦးတို့မိသားစု ကုသိုလ်ကံလေးကောင်းလို့ သူ့ရဲ့ကောက်ကျစ်ယုတ်မာလှတဲ့ မြွေခွေးလိုအကြံအစည်လက်ထဲက လွတ်မြောက်လာခွင့်ရဘယ်၊ နောက်ဆုံး သူတို့နဲ့ဝေးတဲ့ ရွာစွန်ရွာဖျားထိကောင် ရှောင်ပုန်းခဲ့ရ တော့တာပဲလေ''

"ဟုတ်တယ် အစ်ကို၊ သူ့ကြောင့် မအောင်ဖြူတို့ရဲ့





အေးချမ်းတဲ့ အသိုက်အမြုံလေး ပျက်စီးခဲ့ရတယ်၊ သူ့ကြောင့် အမေသေခဲ့ရတယ်၊ သူ့ကြောင့် ဦးလေးသေခဲ့ရတယ်၊ သူ့ကြောင့် မအောင်ဖြူရဲ့ဘဝ ရေတိမ်နစ်ခဲ့ရမလို ဖြစ်ခဲ့တယ်၊ သူ့ကြောင့် အဖေတောင် အဖမ်းခံရမလိုဖြစ်ခဲ့ရလို့ နောက်ဆုံး သူနဲ့ဝေးရာ အရပ်ဆီ ပြေးထွက်ခဲ့တော့တာပေါ့ အစ်ကိုရယ်''

''ဟင်း ဟင်း. . . ခုတော့ ကံကြမ္မာက မအောင်ဖြူတို့ ဘက်ကို အလေးသာပေးလိုက်ပြီထင်တယ်၊ ဒီတစ်ခါတော့ တင်ရဲ့ မြွေခွေးလိုဘဝမျိုးကို နိဂုံးချုပ်ပေးမှဖြစ်တော့မယ်''

ဂျပန်အလိုတော်ရိုတင်နှင့် ပတ်သက်သည့် နာကြည်း ပေါက်ကွဲသံများက မုန်းဆိုးကုန်းတောကြီးထဲဝယ် ပဲ့တင်ရိုက်ခတ် လျက်ရှိပါချေပြီ၊ ကျောက်ကျစ်စဉ်းလဲသော မြွေခွေးတစ်ကောင် ၏ ဘဝဇာတ်သိမ်းက မကြာမီ တွေ့မြင်ရတော့မည်ထင့်။

www.burmeseclassic.com

www.burmeseclassic.com

## စာစု (၂၃)

## ရှင်မအောင်ဖြူသချိုင်းမှ လပြည့်ညသံသရာ

မှော်လင့်နေသော လပြည့်ညသည် ဂေါ်ရာတောင်တန်းမြင့်ကြီးပေါ်မှ ကျော်တက်၍လာခဲ့ပါပြီ။ ပြည့်ရွန်းဝင်းပသော လပြည့်ည၏ လရောင်အောက်တွင် ဖုန်းဆိုးတောကြီးသည် မသာခေ တောင်း သာရွှန်းသာယာလှပလျက် ရှိပါလေ၏။

ရွက်အုပ်မိုးသစ်ပင်များမှာ အရွက်ခြွေထားသော နွေလဖြစ်သဖြင့် လထွက်လာသည်နှင့် လပြည့်ဝန်းကြီး၏လရောင်သည် ရှင်မအောင်ဖြူသချိုင်းဂူနှင့် ကျောက်လိုဏ်ဂူကြီးအနီးတွင် လင်းလင်းကျင်းကျင်း မြင်တွေ့နေရသည်။ လသာလျှင် တစ်ညလုံး အိပ်ရေးပျက်ခံကာ အော်မြည်နေတတ်သော ပန်းတိမ်ငှက်တစ်ကောင်၏ တကြော်ကြော်မြည်သံက လွမ်းမောဆွတ်ပျံ့ဖွယ်ရှိလှပါချေ၏။ ဆိုရပါမူ လပြည့်ည၏ ရွှန်းမြသောလရောင်က





ဖုန်းဆိုးတောကြီးတစ်ခုလုံးအား ကျဲပက်ဖြန့်ခင်းပေးထားသည်သို့ပါတည်း။

ထိုအချိန်ဝယ် မအောင်ဖြူတို့မိသားစုမှာ ရှင်မအောင်ဖြူသချိုင်းဂူကြီးထဲရှိ ပညာဗလအမတ်ကြီး၏ 'ဝိဇ္ဇာရေဇိဝက' ဆေးကျမ်းကြီးကို ကြေးပုရပိုက်မူရင်းထဲမှ ပေပုရပိုက်ထက်သို့ အပြီးသတ် ရေးရကူးနေကြပါသည်။ ဂူကြီးထဲတွင် ယနေ့မှ ထူးထူးခြားခြား သစ်ကြူပိုးအနံ့က သင်းသင်းလေးမွှေးမြနေသည်သို့။ သချိုင်းဂူကြီး၏ တစ်နေရာမှာ မြွေကြီးတစ်ကောင်၏ နာမှုတ်သံကြီးကို တရှူးရှူးနှင့် ကြားနေရသည့်တိုင် မြွေကြီးကိုပင် အရိပ်အယောင်ပင် မမြင်ရသေးပါ။

"ကိုင်း ... ကျမ်းကူးစရာရှိတာ စိတ်အေးလက်အေးသာ ကူးပါဦးကြီး။ ကျွန်တော် ဟောဒီကျောက်ဂူဝကနေ စောင့်နေပေးမယ်၊ ဟိုစကားပြန်နဲ့ ဂျပန်ကောင်တွေလည်း ဖုန်းဆိုးတောကြီးထဲမှာ ရောက်နေကြပြီတဲ့၊ ညနေကပဲ ဦးကြီးရဲ့ထီဆိက အချက်ပေးအကြောင်းကြားသံ ကြားခဲ့ရတယ်"

မအောင်ဖြူက ကညင်ဆီမီးတိုင်တစ်တိုင်ကို ထွန်းညှိ ရင်း ဖခင်ကြီး ပုရပိုက်စာပေများ ကူးယူနေခြင်းကို ကူညီနေရာ ရင်မောင်ထံသို့ ရီဝေစွာ လှမ်းမျှော်ကြည့်နေပါ၏။ မအောင်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမူ ဖခင်ကြီးရေးကူးပြီးသမျှ ပေစာများကို စနစ်တကျသိမ်းဆည်းရင်း စာကြွင်းမကျန်ရစ်စေရန် စစ်ဆေးကြည့်ရှုနေသည်။

စင်စစ် ပညာဗလအမတ်ကြီး စီရင်သွားခဲ့သည့်ကျမ်းသည် လွန်စွာမှရေးကျလှသော ဂမ္ဘီရအတတ်ပညာစွမ်းများအားရေးမှတ်ထားခဲ့ခြင်းဖြစ်သည်။ ပညာတူ ဉာဏ်ရည်တူ လျှင်သူယူစတမ်းဟူသော စိတ်ရင်းမှန်ဖြင့် ရေးသားစီရင်ခဲ့ခြင်းဖြစ်သည်မို့ ဦးဇာဂရက သဘောကျနေခြင်းဖြစ်ပါ၏။ နောင်လာနောက်သားများအတွက် သိရှိလေ့လာလိုက်စားနိုင်ရန် ရည်စားထားသည်မှန်သော်လည်း အပြင်သို့ ယူဆောင်ခွင့်မပြုသဖြင့် ဦးဇာဂရတို့မှာယခုကဲ့သို့ ဂရုတစိုက်ရေးမှတ်ကာ ကူးယူနေကြခြင်းဖြစ်ပါသည်။

ဖုန်းဆိုးတောကြီး၏ လပြည့်ညသည် ထူးထူးခြားခြားငြိမ်သက်တိတ်ဆိတ်နေပါ၏။ ဝေးရှိမှိုင်းမှောင်သော အရပ်ဆီမှအချက်ကျကျတောက်နေသည့် ဇီးကွက်တစ်ကောင်၏ တောက်သံကသာ လေးလေးမှန်မှန် ထွက်ပေါ်လျက်ရှိသည်။ လပြည့်ညသည် တစ်စတစ်ရင့်ရော်လာပါ၏။

ညဦးကောင်းကင်ထက်မှ လပြည့်ဝန်းသည် မွန်းတိမ်းပြုနေပါပြီ။ ကျောက်စက်မိုးမျှော်များ၊ ကျောက်ပန်းဆွဲများနှင့်ဆန်းကြယ်လှပသလောက် ကြောက်မက်ဖွယ်ရာ သဘာအ





ရာယ်များ ခေတ္တယာယီပျောက်ကွယ်နေကြသည့် ရှင်မအောင်ဖြူသချိုင်းဂူကြီးထဲမှာတော့ ကြေးပုရပိုက်များ တဖျပ်ဖျပ်ထိခတ်သံ၊ ပေစာပေါ်တွင် ကညစ်တံနှင့် ရေးခြစ်နေသည့် အသံတို့ကသာ ကြီးစိုးမင်းမူနေပါ၏။

ကျောက်လိုဏ်ဂူထဲမှာတော့ ခါတိုင်း နံစော်လှသည့် လင်းနို့ချေးနံ့များအစား ရှင်မအောင်ဖြူခေါင်းတလားကြီးထဲမှ သစ်ကြံ့ပိုးအနံ့များကသာ မွှေးမွှေးပျံ့ပျံ့ရှိနေသည်။ ဦးဇာဂရတို့သားအဖမှာ ကြေးပုရပိုက်မှ လွန်စွာနက်နဲခက်ခဲလှသော ဂမ္ဘီရမှတ်တမ်းများအား စိတ်ဝင်တစား ကူးယူနေကြသဖြင့် ပတ်ဝန်းကျင်ရှိ အခြေအနေများကိုပင် မေ့လျော့နေကြပါလေ၏။

ထိုအချိန်တွင် . . .

မဆိုးကြီးဦးရဲထိ လမ်းပြလုပ်ကာ ဖုန်းဆိုးတောကြီးထဲသို့ ခေါ်ငင်လာသည့် ဂျပန်စစ်ဗိုလ်ယာမာရှီတာ၊ စကားပြန်မောင်တင်နှင့် ဖောက်ထွင်းဓိဗ္ဗာသြဆိုသူတို့မှာ ကညင်ဆီမီးတိုင်အလင်းအောက်တွင် ရှင်မအောင်ဖြူသချိုင်းဂူမြေပုံကို ခေါင်းချင်းဆိုင်၍ ကြည့်ရှုနေကြပါ၏။

စင်စစ် သူတို့အုပ်စုသည် သွားနေကျလမ်းကြောင်းအတိုင်းသာ သွားမည်ဆိုလျှင် ရှင်မအောင်ဖြူသချိုင်းဂူသို့ နေမဝင်



www.burmeseclassic.com

www.burmeseclassic.com



ခင် ရောက်ရှိကြမည်ဖြစ်ပါ၏။ သို့သော် ဦးရဲထိတို့ တာဝရီး အချိန်ကိုက်ထားကြသည့်အတိုင်း လပြည့်ညနှင့်တိုက်ဆိုင်ခဲ့လျှင် အချိန်ကာလလွဲပေးရန် မှာကြားထားခဲ့သဖြင့် ဦးရဲထိက မိုးချုပ်သွားစေရန် လှည့်ပတ်ခေါ်ငင်သွားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရင်မောင်ဦးစီး၍ ရှင်မအောင်ဖြူသချိုင်းဂူတွင် ဝိဇ္ဇာခရဖိဝကဆေးကျမ်းကြီးကို ကူးယူနေကြချိန်တွင် ထိုနေရာနှင့် ခင်တန်းတစ်ခု လျှိုတစ်ခုသာခြားသည့် ဖုန်းဆိုးကုန်းတစ်နေရာတွင် ဂျပန်စစ်ဗိုလ် ယာမာရှိတာဦးစီးသည့် အင်အားဆယ့်ငါးဦးခန့်ရှိသော ဂျပန်တပ်စိတ်တစ်ခု ညအိပ်စခန်းချ ရပ်နားနေကြကြောင်းသာ သိရှိခဲ့မည်ဆိုလျှင် . . .

''ဒီအတိုင်းဆိုရင်တော့ ရှင်မအောင်ဖြူသချိုင်းဂူဟာ ငါတို့စခန်းချတဲ့နေရာနဲ့ ခင်ဘန်း၊ တောအုပ်တစ်ခုလောက်ပဲ ခြားတော့တာပါလား။ ကြားမှာ လျှိုချောက်ကြီးတစ်ခုကလည်း ခံနေသေးတော့ မနက်ဖြန်နေ့လယ်ခင်းလောက်ဆို ရောက်သွားနိုင်မယ် ငြေ''

''ဟုတ်ကဲ့ မြေပုံညွှန်းထဲကအတိုင်းဆိုရင်တော့ ခရီးတာက အဲဒီလောက် ကျန်နေသေးတယ်၊ ဒါပေမဲ့ တာကယ်တမ်းသွားရင် မနက်ပိုင်းလောက်ကို ရောက်နိုင်လောက်ပါတယ် . . .





ဟုတ်တယ်နော် လမ်းပြကြီး''

ဦးရဲထိကလည်း ကိုယ်ခင်းခဲ့သည့်ဇာတ် ကိုယ်ကိုယ်တိုင်နိဂုံးချုပ်ထိတိုင် ကပြရတော့မည်မို့ ငြေ၏အဆိုကို ခေါင်းညိတ်ထောက်ခံလိုက်ပါတော့သည်။ တော်သေးသည် ခရီးမထွက်ခင်စကားပြန်မောင်တင်က 'ရှင်မအောင်ဖြူသချိုင်း' သို့ ဆိုလိုက်သည်နှင့် ချက်ခနဲဆို ရိပ်စားမိလိုက်နိုင်ခဲ့သည်မို့ သွားရမည့်ခရီးတာကို ဆန့်ထုတ်လိုက်ကာ ဟိုကွေ့သည်ဝိုက်နှင့် အချိန်ဆွဲလိုက်နိုင်ခြင်းဖြစ်ပါ၏။

''ဟူး . . . ဒီအတိုင်းသာဆိုရင် ငါ့ရည်ရွယ်ချက်တွေတော့ ပျက်စီးကုန်ပါပြီ၊ အို . . . ငါ့ရဲ့တူဟော်မောင်တောင်မှ ရတနာတွေကို ရယူခွင့်ရှိပါလျက်နဲ့ စိတ်ဓာတ်ခိုင်ခိုင်နဲ့ မဖောက်မပြန် ကျင့်ကြံနေနိုင်ခဲ့သေးတာ၊ ငါလိုကြီးကောင်ကြီးမားတစ်ယောက်က လောဘတွေတက်ပြီး မကြံကောင်းမစည်ရာတွေကြံစည်စိတ်ကူးနေတာကိုက ဘယ်လောက်ရှက်စရာကောင်းနေပြီလဲ''

ဦးရဲထိမှာ ဖောက်ပြန်ခဲ့သော သူ၏စိတ်ကို မလုံမလဲဖြစ်ကာ ရှက်ရွံ့နေမိပါပြီ။ အချိန်မီ သတိတရားရခဲ့သော သူ့၏စိတ်ကိုပင် ပြန်၍ကျေးဇူးတင်နေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . . . တော်ပါသေးရဲ့၊ ငါ အခုလို လောဘတက်ပြီး သစ္စာဖောက်ဖို့ကြံစည်ခဲ့တာ ငါ့ရဲ့တူ ရင်မောင်များသိသွားခဲ့ရင် ဘယ်လောက်မျက်နှာပူစရာ ကောင်းလိုက်မလဲ၊ တော်ပြီ . . အခု ငါနဲ့အတူပါလာတဲ့ သစ္စာဖောက်လောက်ကောင်နဲ့ ဂျပန်စစ်သား တွေကိုပဲ အတတ်နိုင်ဆုံး ဒုက္ခပေးနှောင့်ယှက်ရမယ်၊ စိတ်ချ ရင်မောင်ရေ . . . ဟောဒီဂျပန်ကောင်တွေ တစ်ယောက်မှ ဖုန်း ဆိုးတောထဲကနေ အသက်ရှင်လျက်နဲ့ ထွက်မသွားစေရဘူးဟေ့"

ဦးရဲထိတစ်ယောက် အချိန်မီ သတိတရားရရှိသွားသည် နှင့် သူ၏ရင်ထဲမှလည်း မျိုးဖျက်သစ္စာဖောက်နှင့် ဖက်ဆစ်ဂျပန် တို့အား လက်စားချေသတ်ဖြတ်နိုင်ရန် ကြုံးဝါးဟစ်ကြွေးလိုက်ပါ တော့သည်။

ရင်မအောင်ဖြူ သင်္ချိုင်းဂူအပြင်မှာတော့ လပြည့်ည၏ ငွေလရောင်က ထိန်ထိန်သာလျက်ရှိနေဆဲပါ။ ညဥ့်လေရူး တစ် ချက်အသုတ်တွင် ကျောက်လိုဏ်ဂူ မြေတွင်းဝအနီးရှိ ချုံနွယ်





ရိုင်းကြီးများက ဟိုသည်ဝှေ့ယမ်းလျက်။ တရှိန်ရှိန်အော်မြည်ယမ်းခါ နေကြသည့် ချုံနွယ်ပင်များထံမှ လေတိုးသံလား မြွေတွန်သံလေ လား ခွဲခြား၍မရနိုင်သော အော်မြည်သံကြီးများက လပြည့်ညကို သက်ဝင်နိုးထလာစေတော့မည်ထင့်။

ဟုတ်သည်။ အစိမ်းရောင်အရွက်ဖားဖားရှိ သစ်ပင်ချုံ နွယ်များထက်တွင် နွယ်တက်နေသည့် အစိမ်းရောင်နွယ်ကြိုးလေး များက လရောင်အောက်တွင် တလူးလူးတလွန့်လွန့်နှင့် ဟိုသည် ဝှေ့ယမ်းနေကြသည်မှာ လက်ချောင်းများဆန့်တန်း၍ လှမ်းကိုင် ရန် ရှာဖွေနေကြသည်သို့။ ထိုနွယ်ကြိုးများတွင် မြွေစိမ်းကောင် များစွာ ရစ်ပတ်ဖွဲ့ခွေလျက် လပြည့်ည၏ ဘော်ငွေရည်ငွေစက် တို့ကို သောက်သုံးရန် ငံ့လင့်နေကြသည့်နှယ်ပါတည်း။

စင်စစ် ထိုနွယ်စိမ်းလေးများမှာ အမှန်တကယ်ပင် သံသေဒဇ မြွေစိမ်းကောင်လေးများ ဖြစ်ပါသည်။ တချို့ မြွေစိမ်း လေးများမှာ ချုံနွယ်များထက်တွင် အတွေးလိုက်ရှိနေကြပြီး တစ် ကောင်နှင့်တစ်ကောင် ရစ်ထွေးလိမ်ယှက်၍ ခေါင်းထောင်မာန် စောင်နေကြသည်မှာ မြင်ရသူတိုင်း အသည်းယားစဖွယ်ပါတည်း။ အသေအချာကြည့်လျှင် လူးလူးလွန့်လွန့်နှင့် မြွေစိမ်းကောင်များ ကြီးစိုးမင်းမူနေသည့် ချုံနွယ် သို့မဟုတ် မြွေချုံနွယ်ကြီးနှယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါတော့သည်။

လပြည့်ဝန်းကြီးက တစ်စတစ်စ ဂေါ်ရာတောင်ထက်တွင် မေးတင်နိုင်စပြုပါပြီ။ ထို့အတူ အရှေ့ဆီမှ ရောင်နီဦးကလည်း နံနက်အရုဏ်ဦးရောင်နီနှင့်အတူ မကြာမီ စတင်မွေးဖွားရန် အားယူနေရှာသည်ထင့်။ ထိုအချိန်တွင် ရှင်မအောင်ဖြူသင်္ချိုင်းဂူကြီးထဲတွင်လည်း ဆီမီးတိုင်အလင်းအားတို့က တဖြည်းဖြည်းမှေးမှိန်အားဖျော့လျက် ရှိပါချေပြီ။

ဦးဇာဂရနှင့် မအောင်ဖြူတို့မှာ ကလပ်ပေါ်မှ ကြေးပုရပိုက် နောက်ဆုံးတစ်ချပ်ကို ကူးယူနေကြပြီဖြစ်ပါ၏။ ယခုဆိုလျှင် ပညာဗလအမတ်ကြီး စီရင်ရေးသားခဲ့သည့် 'ဝိဇ္ဇာဓရဇီဝက' ပုရပိုက်ကျမ်းကြီးသည် မကြာမီ အောင်မြင်ပြည့်စုံစွာ ကူးယူပြီးစီးလုပြီဖြစ်သည်။ ထို့ကြောင့် ညောင်းညာနေသည့် ခန္ဓာကိုယ်ကို ဟိုသည်လှည့်လိုက်ရင်း ဦးဇာဂရမျက်လုံးအစုံက အမှတ်မထင် ရှင်မအောင်ဖြူခေါင်းတလားကြီးအတွင်းသို့ ရောက်ရှိသွားသည်။

"ဟင် ... ရှင် ... ရှင်မအောင်ဖြူဘီလူးမက တယ်ပြီးချောတာပါလား၊ ကြည့်စမ်းပါဦး ... ဒီလောက်နှစ်တွေကြာညောင်းခဲ့တာတောင် ရုပ်မပျက်ဘဲ ပကတိအိပ်မောကျနေတဲ့အတိုင်းပါပဲလား၊ အင်း ... ရတနာရွှေငွေတွေကလည်း ရှင်မ





အောင်ဖြူတစ်ကိုယ်လုံး ဖုံးအုပ်လုမတတ်ပဲဟော့၊ မျက်နှာလေးပဲ ကွက်ကွက်ကလေးကျန်ရစ်တယ်"

ဦးဇာဂရမှာ ရှင်မအောင်ဖြူရုပ်အလောင်းမှ မျက်လုံးများကို ခွာ၍မရတော့။ ကြည့်ရင်းကြည့်ရင်းမှ များပြားလှသော ရတနာပစ္စည်းများကြောင့် စိတ်တို့က ဖောက်ပြန်ပျက်စီးစပြုလာပါလေ၏။

"အင်း ... ဒီလက်ဝတ်ရတနာတွေကိုသာ ငါ့ရဲ့သမီးလေးတွေကို ဝတ်ဆင်ပေးလိုက်မယ်ဆိုရင် ..."

မသိစိတ်တို့၏ ဖောက်ပြန်ပျက်စီးမှု၊ လောဘတက်မှုတို့က ဦးဇာဂရ၏ ဖောက်ပြန်ပျက်စီးလုလု စိတ်အာရုံကို လွှမ်းမိုးသွားသောအချိန်မှာတော့ မည်သည့်အရပ်ကမှန်းမသိရဘဲ တဝေါဝေါတဝုန်းဝုန်းနှင့် မိုးသံလေသံများက ချောက်ချားဖွယ် အော်ဟစ်ဆူညံလာသည်ကို ထိတ်လန့်စွာ ကြားသိလိုက်ရပါချေပြီကော။

'ဝေါ .. ဝေါ .. ဝေါ .. ဝေါ'

'ဝုန်း .. ဖြုန်း .. ဒုံး .. ဂလုံး .. ကျိမ်း'

ထိုအချိန်တွင် မအောင်ဖြူက နောက်ဆုံးကြေးပုရပိုက်ချပ်မှ နောက်ဆုံးစာကြောင်းတစ်ကြောင်းကို အပြီးသတ်ကူးယူလိုက်ပြီး မူလကြေးပုရပိုက်ကို ကလပ်ပေါ်သို့ ပြန်တင်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးအား လှည့်ကြည့်လိုက်ရာ ...

"ဟင် ... ဖေဖေ ... ဖေဖေ ... ဘာဖြစ်နေတာလဲ"

ဟုတ်သည်။ သူမ၏ဖခင် မျက်လုံးများက လောဘမီး လျှံများ တလက်လက်နှင့် ရုတ်တရက် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်သွားသည်။ ဖခင်ကြီး၏ပြောင်းလဲသွားသောအခြေအနေ ကြောင့် မအောင်ဖြူ ထိတ်လန့်တကြား ဟစ်အော်လိုက်ပါသည်။

"အား ... ဖေဖေ ... ဖေဖေ ... ဟင် ... ခေါ်လို့ လည်းမရတော့ပါလား၊ အစ်ကိုရေ ... အစ်ကို ... ဒီ ... ဒီမှာ လုပ် ... လုပ်ပါဦး၊ ဖေဖေ့ကို ခေါ်လို့မရတော့ဘူး"

'ဝေါ ... ဝေါ .. ဝေါ .. ဝေါ .. ဖရော'

'ဟီး ဟီး ဟီး ဟီး .. ဟိုး ဟိုး ဟိုး .. ဟီး ဟီး'

'ဝေါ .. ဖရော .. ဂျိမ်း .. ဝုန်း'

တစ်ချိန်တည်းမှာပင် ရှင်မအောင်ဖြူသချိုင်းဂူကြီးမှာ တဝေါဝေါနှင့် လျှပ်ယမ်းအော်မြည်လာပြီး ဂူအပြင်ဘက်တွင် လည်း လေမုန်တိုင်းတိုက်ခတ်သံ၊ သစ်ကိုင်းသစ်ပင်ကြီးများ လဲပြိုကျသံများက တဝုန်းဝုန်းနှင့် ဆူညံစွာ ထွက်ပေါ်လာကြ ပါတော့သည်။

"ဟာ ... မအောင်ဖြူ ... မအောင်ဖြူ ... ကျောက်ဂူ





ကြီး လှုပ်ယမ်းလာပြီ၊ ပြိုကျတော့မယ်၊ ထွက် ... ထွက် ... မြန်မြန်ထွက်"

ရုတ်တရက်ချက်ချင်းကြီး ပြောင်းလဲသွားသည့် အခြေ အနေဆိုးကြောင့် ရှင်မအောင်ဖြူသချိုင်းဂူကြီးထဲတွင် ငေးကြောင် ကြောင်နှင့်ရပ်နေသူ မအောင်ဖြူကို ရှင်မောင် ဖွတ်အတင်း ဝင်ရောက်၍ ဆွဲခေါ်ရသည်။

"မအောင်ဖြူ ... ထွက် ... ထွက်၊ အောင်သူ ... ညီမလေး ... ဒီဘက်ကို မြန်မြန်လာ"

ကျောက်ဂူကြီးထဲမှာတော့ ဆီမီးတိုင်က ငြိမ်းသွားပြီဖြစ် သဖြင့် မှောင်အတိကျသွားပါချေပြီ။ ရှင်မောင်မှာ မအောင်ဖြူ တို့ ညီအစ်ကို ဖေးမတွဲခေါ်လျက် ကျောက်ဂူအပြင်သို့ ခေါ်ထုတ် လာခဲ့သည်။

'ဝေါ .. ဝေါ .. ဝုန်း .. ဝုန်း'

'ဟီး ဟီး ဟီး ဟီး"

ကျောက်ဂူထဲမှာတော့ မှောင်အတိကျလျက်၊ တဟီးဟီးနှင့် ငိုညည်းသံလိုလို အသံကြီးများက တဝုန်းဝုန်းနှင့် ပြိုကျနေသည့် အသံများကြားမှ မကောင်းဆိုးဝါးညည်းညူသံကြီးလို ထွက်ပေါ် လာပါ၏။ ရှင်မောင်တို့လူစု လက်မတင်ကလေးပင် ဖွတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်လာခဲ့ကြပါသည်။ ရှင်မအောင်ဖြူသချိုင်းဂူကြီးထဲမှ ရှင်မောင်တို့သုံးယောက် ပြေးထွက်လွတ်မြောက်လာသည်နှင့် ကျန်ရစ်ခဲ့သော သချိုင်းဂူကြီးမှာ တဝုန်းဝုန်းနှင့် ပြိုကျလျက်ရှိသည့် ကျောက်တုံးကျောက်ခဲများအောက်တွင် ပျက်စီးပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပါချေပြီတည်း။

''ဖေဖေ ... ဖေဖေရယ် ... ဖြစ်ရလေ ဖေဖေရယ်၊ ပြီးမြောက်အောင်မြင်ခါနီးမှ အခုလိုဖြစ်သွားရတယ်လို့ ... အဟင့် ဟင့်''

အားငယ်တုန်လှုပ်စွာ ကျန်ရစ်ခဲ့သည့် မအောင်ဖြူတို့ညီအစ်မနှစ်ယောက်၏ လက်ထဲမှာတော့ ဖခင်ဦးဇာဂရကိုယ်တိုင် အသက်နှင့်လဲ၍ ရယူလာနိုင်ခဲ့သည့် 'ဝိဇ္ဇာဓရဇီဝက' ပုရပိုက်ကျမ်းပေရွက်များအား ဆုပ်ကိုင်လျက် ...။

ရှင်မအောင်ဖြူ သချိုင်းဂူအပြင်မှာတော့ မကြာမီလင်းဖြာလာတော့မည့် အရုဏ်ဦးအလင်းဓာတ်က ကုန်ဆုံးလုလု အမှောင်ထုကြီးကို ထိုးဖောက်ဖြိုခွဲလျက် နေ့သစ်တစ်ခုကို မွေးဖွားနိုင်ရန် အားယူလျက်ရှိပါချေပြီတည်း။

စာစု (၂၄)

## ဖုန်းဆိုးကုန်းမှ နောက်ဆုံးနေ့များ

'ဝေါ ..ဝေါ ..ဝုန်း'

'ဝေါ ..ဖျော ..ဖရော ..ဝေါ'

ဖျတ်ခနဲ ငိုက်မြည်းသွားသည့် ဦးရဲထီမှာ ထူးထူးခြားခြား အော်မြည်သံကြီးများကြောင့် ရုတ်တရက် လန့်နိုးလာခဲ့သည်။

''ရော် ... ဒီအသံ ဘာသံပါလိမ့်၊ လေမုန်တိုင်းတိုက်တာများလား၊ တောတိုးသံလည်း မဟုတ်ပါဘူး၊ ကြည့်ရတာ တောင်ပြိုကျသံလိုလိုပဲ''

သူတို့စခန်းချသည့် အရှေ့ဘက်တောအုပ်ကြီးဆီမှ ကြားရသဖြင့် ဦးရဲထီ ထိတ်ခနဲရင်ခုန်သွားပါ၏။ ဟုတ်သည်။ အရုဏ်ကျင်းလုလုအချိန် ကြားလိုက်ရသည့် တောင်ပြိုကျသံကြီးများမှာ ရှင်မောင်တို့နေထိုင်ရာ ရှင်မအောင်ဖြူသချိုင်းဂူကြီးရှိရာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်မှ ဖြစ်သည်မို့ အမှောင်ကြီးထဲမှာပင် လှမ်းမျှော်ကြည့်လိုက်မိသည်။

"ဘုရား . . . ဘုရား . . . သေချာတယ်၊ ဒါ . . . ဒါ ရှင်မအောင်ဖြူသချိုင်းဂူဘက်ဆီကပဲ၊ ရင်မောင်တို့တစ်တွေ ကျောက်လိုဏ်ဂူထဲဝင်တာ ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး"

ထိုအခိုက် သူ့အနီးတွင် အိပ်ပျော်နေသည့် စကားပြန်မောင်တင်နှင့် ဩဩတို့ကလည်း မြေကြီးပါ တုန်ခါသွားသည့် တောင်ပြိုသံကြီးကြောင့် လန့်နိုးထလာကြသည်ထင့်။ ဟိုဟိုသည်သည် မျှော်ကြည့်နေသည့် ဦးရဲထီအား မေးမြန်းလိုက်သည်။

"တဝုန်းဝုန်းနဲ့ မြေကြီးတောင်တုန်သွားတယ်၊ ဘာသံကြီးတွေလဲ ဦးရဲထီ"

"အေး . . . ကျုပ်လည်း အသံကြီးတွေကြားလို့ လန့်နိုးလာတာ၊ ဟိုးဘက်တောအုပ်ထူထူဘက်ဆီကပဲ၊ ကြည့်ရတာ မင်းတို့သွားကြမယ့် ဟို မအောင်ဖြူသချိုင်းဂူကြီးဘက်က ထွက်လာတာထင်တယ်"

သုံးယောက်သား နေရာမှထကာ လှမ်းမျှော်ကြည့်လိုက်ကြသည်။ သူတို့ရောက်ရှိနေသောနေရာမှာ မုန်းဆိုးတောကြီး၏ မြင့်ကောင်းသောနေရာဖြစ်၍ အရုဏ်တက်ပြီဖြစ်သည့်တိုင် အ





လင်းရောင်ကို ကောင်းစွာမမြင်ရသေး။ မီးအရှိန်လျော့နေသည့် ထင်းမီးဖိုတွင် သစ်ကိုင်းခြောက်တို့ ထည့်လိုက်သဖြင့် ဝန်းကျင်တွင် လင်းလင်းကျင်းကျင်း ဖြစ်လာသည်။

ဦးရဲထီ ပြန်၍အိပ်စက်ခြင်းမပြုတော့ဘဲ ရေနွေးအိုးတစ်လုံး တည်လိုက်သည်။ တာဝန်ကျနေသည့် ဂျပန်ကင်းသမားနှစ်ယောက်တို့ မီးဖိုနားသို့ တိုးကပ်လာကြပါ၏။ မကြာမီ တောကြက်ဖတွန်သများနှင့်အတူ အရှေ့ဆီမှ အရုဏ်ဦးနေခြည်သည် ကုန်ဆုံးလုညဥ့်အမှောင်ကိုခွင်းကာ ထိုးဖောက်ဖြန့်ကျက်ကျလာပါတော့သည်။

ဂျပန်ဗိုလ်ကြီးယာမာရှိတာလည်း နိုးထလာပြီမို့ စကားပြန်မောင်တင်နှင့် အချီအချ စကားပြောနေကြပါ၏။ အရုဏ်ဦးက ကြားလိုက်ရသော တောင်ပြိုကျသံများအကြောင်းကို ပြောပြနေသည်ဟု ထင်ရသည်။ ဂျပန်စစ်ဗိုလ်ယာမာရှိတာနှင့် စကားပြန်မောင်တင်တို့ နေရာမှထလာကာ ဦးရဲထီရှိရာသို့ လျှောက်လာကြသည်။

"ဒီမှာဦးရဲထီ . . . အရုဏ်ဦးလောက်က ကြားရတဲ့ တောင်ပြိုသံကြီးဟာ ရှင်မအောင်ဖြူသချိုင်းဂူဘက်ဆီကဆိုတာ သေချာလားလို့ မာစတာကြီးက မေးနေတယ် ဦးရဲထီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ညဉ့်ကလည်းမှောင်နေတော့ သိပ်တော့ မသဲကွဲဘူး မာစတာ၊ ဒါပေမဲ့ ဖြစ်နိုင်ခြေရှိတာကတော့ အဲဒီရှင်မအောင်ဖြူသချိုင်းဘက်လောက်ကပဲ၊ ကျုပ်အတွေ့အကြုံအရတော့ ဒါဟာ မုန်တိုင်းတိုက်သံလည်း မဟုတ်ဘူး၊ တောချောက်တာနဲ့ တစ်ခုခုပြိုပျက်ပြီးကျတဲ့အသံတွေပဲ ဖြစ်ရမယ်"

"ဒီလိုဆို ဒီနေရာကနေ အဲဒီအသံတွေကြားရတဲ့ သချိုင်းဂူဘက်ကို သွားကြမယ်ဆိုရင် ဘယ်နှစ်နာရီလောက်ကြာနိုင်မလဲ ဦးရဲထိ"

"အင်း ...အနည်းဆုံး တောမရှင်းရဘူးဆိုရင်တော့ တစ်နာရီခွဲသာသာလောက်တော့ လျှောက်ရမယ်၊ သွားမယ်ဆိုရင်တော့ လင်းလင်းကျင်းကျင်းမှ သွားကြရင်ကောင်းမယ်၊ ဖုန်းဆိုးတောကြီးက အဆင်မသင့်ရင် တောမှောက်တတ်တယ် စကားပြန်ကြီးရေ"

ဤသို့ဖြင့် နောက်နာရီဝက်ခန့်အကြာတွင် ဦးရဲထိတို့လူစု ထိုနေရာမှ ထွက်ခွာ၍ 'ရှင်မအောင်ဖြူသချိုင်းဂူ' သို့ ခရီးဆက်လာကြပါတော့သည်။ အတော်ဝေးဝေးဆီမှ ကျားဟိန်းသံ၊ ချေ(ဂျီ)ဟောက်သံ၊ ဆတ်တစ်သံ၊ မျောက်အော်သံများနှင့်





တောကောင်ငယ်လေးများ၏ အော်ဟစ်သံလေးများက နေ့သစ်တစ်ခု၏ နံနက်ခင်းကို ကြိုဆိုနေကြသည့်နှယ်ပါတည်း။

တစ်နာရီကျော်ကျော်ခန့် တောတိုးလာခဲ့သော အချိန်မှာတော့ ဦးရဲထိ ချွေးတို့ပင် ဖိုရွှဲလာပါ၏။ ချုံရှင်းလမ်းထွင်၍ သွားလာနေရသဖြင့် ခရီးသိပ်မတွင်လှ။ သို့သော် တူတော်မောင်ရင်မောင်နှင့် ချိန်းဆိုထားသည့်အချိန်အတိုင်း ရှင်မအောင်ဖြူသချိုင်းဂူသို့ ရောက်ရှိနိုင်ရေး ဦးရဲထိ မှန်မှန်သာ တိုးဝင်လှုပ်ရှားနေပါလေ၏။

နေ့ရက်တို့က ရင့်ရော်လာပြီမို့ သစ်တောအုပ်ကြီးက ရှက်ကြွေတောကြီးသဖွယ် တည်ရှိနေပါ၏။ ဤသစ်တောအုပ်မှ ထွက်လျှင် လွင်ပြင်တစ်ခုကို ကျော်ဖြတ်ရဦးမည်ဖြစ်သည်။ ထိုလွင်ပြင်ကို ကျော်ဖြတ်ပြီးသည်နှင့် ခင်တန်းလျှိုတစ်ခုနှင့် ရှင်မအောင်ဖြူသချိုင်းဂူ (သို့မဟုတ်) မျှော်လင့်နေသော ရတနာသိုက်ကြီးရှိရာသို့ ရောက်ရှိလာကြပေတော့မည်။

သို့သော် ဂျပန်စစ်ဗိုလ်ယာမာရှီတာနှင့် စကားပြန်မောင်တင်တို့မှာ ကံကြမ္မာအလှည့်အပြောင်းကို မေ့လျော့နေကြရှာသည်ထင့်။ သူတို့အတွက် ကံကြမ္မာဆိုးများကို သယ်ဆောင်လာသည့် ကျွဲညီနောင်လေယာဉ်နှစ်စင်းက ယာမာရှိတာတို့ လွင်ပြင်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲသို့ ရောက်လာကြသည်နှင့် ဘွားခနဲ ကောင်းကင်မှ ပေါ်ထွက်လာကာ ဂျပန်စစ်သားများအား တိုက်ခိုက်ပါလေတော့သည်။

'ဝုန်း ..ဒက် ..ဒက် ..ဒက် ..ဂျိန်း ..အုံး'

'ခုရကား ...ရန်သူ ...ရန်သူတွေလာနေပြီ''

ဝေါခနဲ ကျယ်လောင်စွာထွက်ပေါ်လာသည့် ရန်သူ့လေယာဉ်ပျံနှစ်စီးကို တွေ့မြင်လိုက်ရချိန်သည် ယာမာရှိတာတို့ များစွာနောက်ကျသွားကြပါချေပြီကော။ ကွင်းပြင်ထီးထီးသို့ ဖြတ်ထွက်ကာမှ ရုတ်တရက်ရောက်ရှိလာကြသော ကျွဲညီနောင်ကြောင့် ယာမာရှိတာတို့ ကောင်းစွာအထိနာခဲ့ပါတော့သည်။

'ဂျိန်း ..ဝုန်း ..ဒက် ..ဒက် ..ဒက် ..ဒက်'

'ဝုန်း ..အုန်း'

ကျွဲညီနောင်လေယာဉ်နှစ်စီးပေါ်မှ ကြဲချလိုက်သောဗုံးများ၏ ပေါက်ကွဲသံနှင့် စက်သေနတ်သံတို့ကြောင့် ဖုန်းဆိုးတောကြီးတစ်ခုလုံး သိမ့်သိမ့်တုန်ခါလျက်။ ဝေဟင်နှင့် မြေပြင်တိုက်ပွဲက မမျှတ။ သည်ကြားထဲ ကျွဲညီနောင်လေယာဉ်နှစ်စင်း၏ အစွမ်းပြချက်များကလည်း ကြောက်ခမန်းလိလိပင်မဟုတ်ပါလေလား။ ယာမာရှိတာတို့ ရောက်ရှိနေသည့်နေရာက လွင်ပြင်ထီး





ထီး။ အကာအကွယ်ကင်းမဲ့သည့်နေရာ။ ထို့ကြောင့်လည်း ယာမာရှိတာနှင့် စကားပြန်မောင်တင်တို့ ကိုယ်လွတ်ရုန်းကာ သူတို့ရှေ့ခင်တန်းလျှိုကြီးထဲသို့ အသည်းအသန် ပုန်းခိုရန် ကြိုးစားကြပါတော့သည်။

ဖုန်းဆိုးတောကြီးတစ်ခုလုံးမှာတော့ တဝုန်းဝုန်း တဂျိမ်းဂျိမ်းမြည်ဟည်းကာ ကမ္ဘာပျက်နေသကဲ့သို့ ဖြစ်နေပါ၏။ အတန်ကြာတော့ ကျွဲညီနောင်နှစ်စင်း ဝေဟင်ထက်မှနေ၍ နှစ်ခေါက်သုံးခေါက် ပျံဝဲကြည့်ရှုကာ အရှေ့ဘက်ဆီသို့ ပျံသန်းထွက်ခွာသွားကြပါလေ၏။ ဖုန်းဆိုးကုန်းကြီးကမူ မီးခိုးလုံးကြီးများဝေ့ဝဲဖုံးလွှမ်းလျက် အကျည်းတန်စွာ ကျန်ရစ်ခဲ့ပါတော့သည်။

ယမ်းငွေ့မီးခိုးငွေ့များ ညစ်ထေးစွန်းထင်နေသည့် ဂျပန်စစ်ဗိုလ်ယာမာရှိတာနှင့် စကားပြန်မောင်တင်တို့မှာ ဒေါသမီးတောင်ပေါက်ကွဲလျက် ရှိပါချေပြီ။ ယာမာရှိတာအဖို့ မြွေပါလည်းဆုံး၊ သားလည်းဆုံးရသည့်အဖြစ်နှင့် တိုးနေပါ၏။ သူ၏ဂျပန်စစ်သားများလည်း အကုံးအရုံး သေကျေပျက်စီးခဲ့ရသည်။ သူကိုယ်တိုင်ပင် ကျွဲညီနောင်လက်မှ သေပြေးရှင်ပြေး ထွက်ပြေးခဲ့ရသည်မို့ မျက်နှာကြီးနီမြန်းလျက် အကြီးအကျယ် ဒေါသထွက်လျက်ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုရကား . . . ဘာဂဲရှိုး . . . ငတင်စံ ဘာကောင်းလဲ"

သူ၏ ဂျပန်စကားပြန်မောင်ဘင်ဂိုဘ် ဆဲဆိုကြိမ်းမောင်း လျက်ရှိစဉ် သူတို့နောက်မှ ကြားလိုက်ရသည့်အသံကြောင့် ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

"ဟင်း ဟင်း ဟင်း . . . သိပ်လည်းဒေါသမကြီးနဲ့လေ ယာမာရှိတာ၊ အချင်းချင်း သွေးကွဲနေရင် ရလဒ်အဖြေက မကောင်းတတ်ဘူးနော်"

"ဟင် . . . မင်း . . . မင်း . . . မင်း ဘယ်သူလဲ"

လက်ထဲမှ ပစ္စတိုသေနတ်ကြီးနှင့် သစ်ပင်နောက်ဘက်မှ ရုတ်တရက် လှုယောင်ပြကာထွက်လာသည့် ရင်မောင့်ကို ဖျတ်ခနဲ ထိုးချိန်လိုက်သည်။ ထိုစဉ်မှာပင် . . .

"မလှုပ်နဲ့ ဂျပန်စစ်ဗိုလ်ခုတ်၊ ဟောဒီငါ့လက်ထဲက မြား ဟာက နင့်ရဲ့ကျောကို ထုတ်ချင်းဖောက်ထွက်လိမ့်မယ်၊ မယုံရင် ငမ်းကြည့်လိုက်"

မုဆိုးကြီးဦးရဲထိက သူ၏ဒူးလေးကြီးနှင့် ယာမာရှိတာ နောက်ကျောသို့ တည့်မတ်စွာ ချိန်ရွယ်ထားလိုက်သည်။ ယာ တော့ ဂျပန်စကားပြန်မောင်တင်နှင့် ရင်မောင်တို့ မျက်နှာချင်း ဆိုင်မိခဲ့ကြပါချေပြီတည်း။





"ဟိုင်း . . . ဘယ်လိုလဲငတင်၊ မြွေသားဟင်းက စားလို့ မှ ကောင်းရဲ့လားကွ . . . ဟေ"

"ဟင် . . . မင်း . . . မင်း . . . မင်း မြွေဖမ်းသမား ရင်မောင်"

ရုတ်တရက် သူ၏ရှေ့သို့ သေမင်းတမန်နတ်ဆိုးတစ် ကောင်လို ရောက်ရှိလာသည့် ရင်မောင်ကိုကြည့်ကာ မောင်တင် ထိတ်ခနဲဖြစ်သွားသည်။ သို့သော် အပွဲပွဲနွှဲလာသည့် မြေခွေးတစ် ကောင်မို့ ရင်မောင့်ထံသို့ လက်ထဲမှသေနတ်နှင့် လက်တန်းယုံး ပစ်ချလိုက်သည်။

'ဒိုင်း'

"ဟိုင်း ယား"

'ဒုတ်'

"အား"

သို့သော် ရင်မောင်ကလည်း ကြိုတင်သိထားပြီးသဖြင့် လွှားခနဲခုန်ပျံရှောင်လိုက်ပြီး လက်ထဲမှဓားတုတ်နှင့် မောင်တင်၏ ခေါင်းကို ရိုက်ခွဲပစ်လိုက်သည်။ မောင်တင် အရှောင်မြန်သဖြင့် ဓားတုတ်က ပခုံးကိုသာ ရုပ်ထိသွားသည်။

တစ်ချိန်တည်းမှာပင် ဖျတ်ခနဲ နောက်သို့လှည့်ကာ ပစ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည့် ယာမာရှိတာမှာလည်း ဦးရဲထိပစ်လိုက်သည့် ဒူး လေးမြှားချက်ကို မရှောင်နိုင်တော့။

'ရွတ် ‥ ဒုတ်'

"အား …အင်း"

ပစ်ချက်ကပြင်းသလို ထိချက်ကလည်း ယာမာရှိတာ၏ နောက်ကျောမှ ရူးနစ်စိုက်ဝင်ကာ ရင်ဝသို့တိုင် ဖောက်ထွင်း၍ သွားသည်။ ယာမာရှိတာတစ်ယောက် လောကကြီးမှ ထာဝရ အနားယူအိပ်စက်သွားပါချေပြီတည်း။

တစ်ဖက်တွင်လည်း မျိုးဖျက်သစ္စာဖောက် စကားပြန် မောင်တင်နှင့် ရင်မောင်တို့နှစ်ဦး စိန်ခေါ်၍တိုက်ခိုက်နေကြသည်။ နောက်တစ်ကြိမ်ပစ်ခတ်ရန် ချိန်ရွယ်နေသည့် စကားပြန်မောင် တင်၏ သေနတ်ကိုင်လက်ကို ရင်မောင် ခွတုတ်နှင့် ရိုက်ချလိုက် သဖြင့် သေနတ်က လွင့်စဉ်ထွက်ကျသွားသည်။

'ဒုတ် ‥ ဖျောင်း'

'ထန်း'

"အား"

မောင်တင် လက်မောင်းတစ်ခုလုံး ထုံကျင်သွားသည်။ ထိုအချိန်တွင် သူ့ထံပြေးဝင်လာသည့် အရိပ်မည်းတစ်ခုက ရုတ်





တရက် တွေမြင်လိုက်ရသဖြင့် ကပျာကသီ ကိုယ်ကိုလှည့်ထွက် ကာ ဖမ်းယူဆွဲဖက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ်၍ ဖျတ်ခနဲ လည်မျိုကို ထောက်ထားလိုက် ပါ၏။

"ဟင် …ရင် လွှတ် …လွှတ် …ကျွန်မကိုလွှတ် စမ်း"

ရှစ်စပ်ကဂျင်ဂျင်လည်သည့် စကားပြန်မောင်တင်။ မြေ ခွေးတစ်ကောင်လို ကောက်ကျစ်သလောက် ကျားသစ်တစ် ကောင်လို သွက်လက်လျင်မြန်လှသော မောင်တင်တစ်ယောက် သားကောင်ဘဝမှ မုဆိုးဘဝသို့ လျင်မြန်စွာ ကူးပြောင်းသွားပါ လေ၏။ စင်စစ် မအောင်ဖြူမှာ ဓားမြှောင်တိုတစ်ချောင်းနှင့် အလစ်တွင် မောင်တင်အား ဝင်ရောက်ထိုးနှက်ခြင်းဖြစ်သည်။ သို့သော် ကျားစည်းလဲ စကားပြန်မောင်တင်ကို ယှဉ်၍မရမှန်း နောက်ကျမှ သိလိုက်ရပါလေ၏။

"အော်ဟော် …ဘယ်သူများလဲ မှတ်တယ် … မိတ်ဆွေဟောင်းကြီးပဲကိုး၊ မလှုပ်နဲ့နော်၊ နင့်လက်ထဲက ဓားမြှောင်ကို ချလိုက်၊ ဒီမှာတွေ့လား …နည်းနည်းလှုပ်တာနဲ့ နင့်လည်ပင်း ပြတ်ထွက်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ရင်မောင်မှာ ခွတုတ်ကြီးကိုင်လျက် ငူငူကြီးရပ်နေမိသည်။ မောင်တင့်အပေါ် နာကြည်းချက်များစွာနှင့် ကလဲ့စားချေလိုစိတ်ဖြင့် ဝင်ရောက်တိုက်ခိုက်သည့် မအောင်ဖြူကြောင့် အခြေအနေက ရှုပ်ထွေးသွားပါလေ၏။ သို့သော် မောင်တင်ခမျာ သစ်ပင်ကွယ်မှ ဒူးလေးနှင့်ချိန်ရွယ်နေသည့် ဦးရဲထိကို မမြင်မိလိုက်ပါ။

ရှစ်ခနဲ လေကိုတိုးဝှေ့ပြေးသွားသည့် လေတိုးသံတစ်ချက်နှင့်အတူ မြားတစ်စင်းက မောင်တင်၏ လွတ်နေသည့် ညာဘက်ပခုံးတည့်တည့်သို့ ရူးနစ်စိုက်ဝင်သွားသည်နှင့် . . .

'ဝှစ်'

'ဒုတ်'

''အင့်''

မအောင်ဖြူကလည်း လက်ထဲမှဓားမြှောင်နှင့် မောင်တင့်၏ခါးကြားသို့ တွတ်ထိုးထိုးကာ နောက်သို့ ဆောင့်တွန်းပစ်လိုက်သည်။

''ကဲဟယ် . . . ဒုတ်''

''ဟာ အ . . . အား''

အဖြစ်အပျက်က မယုံကြည်နိုင်ဖွယ်ရာပင်။ ဦးထိရဲ၏





ဒူးလေးမြားချက်ထိမှန်သဖြင့် ကိုယ်ဟန်ပျက်ယွင်းသွားသည့် မောင်တင်မှာ နောက်ထပ်မအောင်ဖြူ၏ ဓားချက်နှင့် တွန်းထုတ်လိုက်မှုကြောင့် သူ၏နောက်မှ ချုံနွယ်ပင်ကြီးပေါ်သို့ ခြေပစ်လက်ပစ် လွင့်စဉ်ကျသွားပါ၏။ သို့သော် . . .

မောင်တင် လွင့်စဉ်ကျသွားသည့် ချုံနွယ်များမှာ ချုံနွယ်များမဟုတ်ကြဘဲ သံသေဒဖမြွှေစိမ်းများ ပေါက်ဖွားရာ နွယ်မြွေစိမ်းများ ခေါင်းထောင်မာန်ဖီနေသည့် မြွေစိမ်းအုပ်ကြီးဖြစ်နေသည်ကို သွေးပျက်ဖွယ် မြင်တွေ့လိုက်ရပါချေပြီတည်း။

''ဟာ . . . အာ . . . အား . . . ကယ် . . . ကယ်ကြပါဦး၊ မြွေ . . . မြွေကြီးတွေ . . . မြွေကြီးတွေ ငါ့ကို ပတ် . . . ပတ်ကုန်ကြ . . . အ အား အား''

မြင်ကွင်းက သွေးပျက်ချောက်ချားဖွယ်ရာ မြင်ကွင်းဖြစ်ပါ၏။ မာန်ထောင်ခေါင်းထောင်ကာ လူးလွန့်နေကြသည့် အကောင်တစ်ရာကျော်ခန့်ရှိသည့် သံသေဒဖမြွေစိမ်းများကြားတွင် ဂျပန်စကားပြန် မျိုးဖျက်သစ္စာဖောက် မောင်တင်တစ်ယောက် ရန်းကန်အော်ဟစ်ရင်း အသက်ဝိညာဉ်ချုပ်ငြိမ်းသွားပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## စာ ၅ (၂၉)

# ဖုန်းဆိုးကုန်းသူ ရှင်မအောင်ဖြူ

ယခုတော့ ရှုပ်ထွေးပွေလိမ်နေသည့် ဖုန်းဆိုးကုန်းတောကြီးသည် သွေးညှိနှံ၊ ယမ်းနံ့များကြားမှ လူးလွန့်၍ ရုန်းထွက်လွတ်မြောက်လာခဲ့ပါချေပြီတည်း။ ဝိဇ္ဇာဓရပညာရပ်များ ကိန်းအောင်းမွှေ့လျော်ရာ၊ နက်နဲခက်ခဲသော ဂမ္ဘီရပညာရပ်များ သန္ဓေတည်ကိန်းအောင်းရာ ဖုန်းဆိုးကုန်းတောကြီးအတွင်းရှိ 'ရှင်မအောင်ဖြူသချိုင်းဂူ'ကြီးသည်လည်း မမြဲသော သင်္ခါရသဘောတရားအတိုင်း ယိုယွင်းပျက်စီးလျက် ပျောက်ကွယ်တိမ်မြုပ်သွားခဲ့ပါပြီ။ သို့သော် ...

ရှင်မအောင်ဖြူသချိုင်းဂူမှ ရှင်မအောင်ဖြူခေါင်းတလားထဲရှိ ရတနာပစ္စည်းများနှင့် ကျောက်ကလပ်ပေါ်မှ ဝိဇ္ဇာရေဗီဇက ဆေးကျမ်းကြေးပုရပိုက်မူရင်းများကမူ လောဘသားကောင်များ





ရန်မှ ကင်းဝေးစေရန် အဘယ်မည်သောအရပ်သို့ ပြောင်းရွှေ့သွားလေဦးမည် ဆိုသည်ကိုတော့ မည်သူမျှ မသိရှိနိုင်ကြပါချေပြီတည်း။

မည်သို့ပင်ဖြစ်စေ မြေဖမ်းသမားလေးရင်မောင်ကမူ တတိယမြောက် မအောင်ဖြူဆိုသည့် မိန်းမချောလေးနှင့် ဖုန်းဆိုးကုန်းတွင် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြရာမှ ပျော်ရွှင်ဖွယ် ချစ်သူနှစ်ဦးဘဝသို့ ကူးပြောင်းရောက်ရှိလာခဲ့ကြသည် မဟုတ်ပါလား။

"ဒီလိုဆို အစ်ကို့ရဲ့ချစ်သူလေးက ဖုန်းဆိုးကုန်းသူ မအောင်ဖြူပေါ့နော်"

ရင်မောင်မှာ ချစ်ရသူမအောင်ဖြူ၏ လက်ကလေးကို တယုတယတွဲယူလျက် မွှေးကြူရှိုက်နမ်းလိုက်ပါ၏။

"ဟုတ်ပါသတဲ့ရှင် ... ရာဇဝင်ထဲက ရှင်မအောင်ဖြူလို အချစ်ကြီးတဲ့၊ သစ္စာတရားကြီးမားလှတဲ့ ဖုန်းဆိုးကုန်းသူ မအောင်ဖြူပါတဲ့ရှင်ရယ်"

ချစ်သူနှစ်ဦး၏ ကြည်နူးရွှင်ပျရယ်မောသံလေးများက လပြည့်ည ညဥ့်လေပြည်ထဲတွင် စီးမျောလွင့်ပျံ့လျက်။ ရွှန်းမြဝင်းပလျက်ရှိသော လပြည့်ည၏ ငွေလဝန်းကြီးက လောကဓာတ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်ခွင်လုံးအား အေးမြသာယာသော အလင်းတာတ်များဖြင့် ကြဲပက်ထားသည်မှာ ဖုန်းဆိုးကုန်းတောတန်းတစ်ခွင် ငွေမင်ရည်များ သွန်းလောင်းပက်ဖျန်းထားသကဲ့သို့ ဆွတ်ပျံ့ကြည်နူးဖွယ် ရှိလှပါတော့သည်တကား။

ယောနိသောမနသိကာရ

သက်မင်းဂျူလိုင်

**စကားချပ်**

ရှင်မအောင်ဖြူသန့်ရှင်းဂူထဲမှ မအောင်ဖြူကိုယ်တိုင် ကူးယူရေးမှတ်ခဲ့သော "ဝိဇ္ဇာရေဇိဝက"ဆေးကျမ်းပုရပိုက်ကြီးကို သာယာဝတီမြို့နယ် ဖုန်းဆိုးကုန်းတောင်ထိပ်ရှိ လွမ်းစေတီတစ်ဆူတွင် ဌာပနာပြု၍ မြှုပ်နှံပူဇော်ခဲ့ကြောင်း အသိပေးအပ်ပါသည်။

(စာရေးသူ)

BURMESE CLASSIC .com

# ခနှစ်စဉ်ကြယ်စာပေ

မှ

အောက်ပါစာရေးဆရာများ၏ ဝတ္ထုများကို လစဉ် ဆက်တိုက် ထွက်ရှိပါတော့မည်။

(၁) စိတြအဂ္ဂ
(၂) အဂ္ဂဝဏ္ဏ
(၃) သက်မင်းဂျူလိုင်
(၄) ထူးအံ့ (မရဏာဖွား)
(၅) ထူးမြတ်ကြယ်
(၆) ဗျူး (ပန်းချီရုပ်ပြ)

ခ နှစ် စဉ် ကြယ် စာ ပေ
အမှတ် (၁၇၅-ဘီ)၊ (၃၁) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၄၄၀

www.burmeseclassic.com